# မိုမို (ဆေးတက္ကသိုလ်)

# မိုတွယ်ခွင့်



စာမူခွင့်ပြုချက်အမှတ် – ၄၈၃/ ၂၀၀၀(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၈၉/ ၂၀၀၀(၇)

၂၀၀၁ခု မတ်လ ၅၀၀-အုပ်၊ ၃၀/-

ပုံနှိပ်သူ – ဦးမြင့်သန်း (မြဲ – ၀၄၉၀၂)
စံပယ်အော့ဖ်စက်
၁၃၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်

ထုတ်ဝေသူ – ဦးမိုးကြည်(မေမြို့-မိုးကြည်)၊ မိုးကြည်စာပေ
၇၈၀၊ ဖျာပုံလမ်း-(၇)ရပ်ကွက်၊ မြောက်ဒဂုံ

ညိုညို(ဆေးတက္ကသိုလ်)

# မှိုတွယ်ခွင့်

ပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် တန်ခူးလလေသည်။ ပိတောက်နံ့သင်းသင်းကို ဆောင်ကြဉ်း၍ အိပ်ခန်းထဲသို့ ဝင်လာသည်။

ပျံ့ပျံ့မွှေးသော ပိတောက်နံ့ကြောင့် 'မေ' ချက်ခြင်းပင် ရွှင်ပျလန်းဆန်းသွားသည်။ ပိတောက်တွေ ပွင့်ပြန်ပြီပေါ့။ တန်ခူးလ၏ပိတောက်ဖူးကို 'မေ' ချစ်သည်။ ပိတောက်ပွင့်တို့ကို တမ်းတမ်းတတ ရှိတတ်သည်။

တစ်နှစ်တစ်ကြိမ် ပိတောက်ပွင့်ချိန်သည် မေ့အား ချစ်စိတ်ကူးလေးများကို ဖန်တီးတတ်သည်။ ထိုချစ်စိတ်ကူးလှလှလေးများသည် ပိတောက်ပွင့်ဝါဝါလေးများအသွင်နှင့် တန်ခူးလေနှင့်အတူ လွင့်မျောလိုက်ပါနေသည်ဟု မေ ခံစားရသည်။

ပွင့်ပြီးတော့ ကြွေ၊ ကြွေပြီးတော့ လွင့်ရရှာသည့် ပိတောက်ပွင့်ကလေးများကို နှမြောတသ သလိုလို၊ ကြေကွဲသလို ခံစားမှုများနှင့် တန်ခူးလေငွေ့နွေးနွေးကို ကြိုဆိုလိုက်၊ နှုတ်ဆက်လိုက်နှင့် စိတ်တွေပြားနေတတ်သည်။

ခက်သည်က မေချစ်သော ပိတောက်တို့သည် တစ်ဖက်ခြံထဲမှာရှိနေခြင်းပင်။ ယခင်နှစ်တွေတုန်းက 'မေ' တို့နှင့်အလွန်ရင်းနှီးသော ခြံပိုင်ရှင်များက ပိတောက်ပွင့်ချိန်တွင် ပိတောက်မြိုင်ခြံကြီးထဲ၌ မေ့ကို စိတ်တိုင်းကျ ပန်းခူးခွင့်ပေးထားခဲ့သည်။

ခြံပိုင်ရှင်ကြီးကြီးရွှေတို့ ပြောင်းသွားပေမယ့် ဘကြီးသော်ကို ခြံစောင့်ထားခဲ့သည်။ 'မေ' စိတ်တိုင်းကျ ပိတောက်မြိုင်ကို အချိန်မရွေးဝင်နိုင်ခဲ့သည်။ ပိတောက်ပွင့်ချိန်ဆိုလျှင် တစ်နေ့လုံးလိုလို ပိတောက်မြိုင်ခြံထဲမှာ အချိန်ကုန်တတ်သည်။

ရွှေဝါရောင် ပိတောက်ပွင့်လေးများကို တစိမ့်စိမ့်ကြည့်ရင်း ပိတောက်ပင်အောက်မှာ ကုလားထိုင်တစ်လုံးချကာ တစ်နေကုန်စာရေးတတ်သည်။

တစ်နှစ်မှတစ်ကြိမ် ပြန်လာတတ်သော ပိတောက် ထူးခြားသောဝိသေသက မေ့စိတ်ကိုစွဲဆောင်ထားသည်။ ပွင့်ပြီဆိုတော့လည်း တစ်ပင်လုံးဝင်းဝင်း



ါကာ ရွှေပွင့်တွေနှင့် ဖြန့်လွှမ်းလိုက်သလို ထင်ရသည်။ ပွင့်ပုံလှသလောက် ပွင့်သည့်ကာလက မကြာလှ ကြွေလွင့်ပြီဆိုတော့လည်း မည်သို့မျှဟန့်တား၍ မရနိုင်။

လွန်ခဲ့သော နှစ်လကစပြီး ခြံရှင်ပြောင်းသွားခဲ့သည်။ ခြံစောင့်လည်း ပြောင်းသွားခဲ့သည်။ အများအားဖြင့်တော့ ခြံတခါးကို သော့ခတ်ထားတာများသည်။

သည်လောက်လှသည့် ပိတောက်မြိုင်ခြံကြီး ၏ ပိုင်ရှင်သစ်ကို သိလိုစိတ်နှင့် စူးစမ်းခဲ့သည်။ တစ်ခါ တစ်ရံမှသာ ခြံကိုလာကြည့်တတ်သည့်အတွက် 'မေ' နှင့်မဆုံဖူးသေး။ သူ့ကိုလည်းမမြင်ဖူးသေး။ သို့ပေမယ့် သူ့အကြောင်းကိုတော့ ဒီပတ်ဝန်းကျင်မှာ အမျိုးမျိုး ကြားနေရသည်။

သူ့နာမည်က ဦးမြင့်မိုရ်တဲ့လေ ......

"ဒီခြံကြီးကို ဝယ်လိုက်တဲ့သူနဲ့တော့ မိတ်ဖွဲ့ သားဦးမှပဲ .... 'မေ'က ပိတောက်ပွင့်ချိန်ဆိုရင် အဲဒီခြံထဲကို မသွားဘဲမနေနိုင်ဘူး။ ပြီးတော့ အဲဒီခြံထဲမှာ တစ်နေ့လုံးစာရေးချင်တာ"

မေ ပြောလိုက်သည်နှင့် အဒေါ်အမျိုကြီး အန်တီရွှေက မှာမှာသာလဲ တားဆီးခဲ့သည်။

"မလုပ်လိုက်ပါနဲ့ မရွှေမေ ... ဦးမြင့်မိုရ်ဆိုတဲ့ သူကနာမည်ကြီး .... မိန်းမသိပ်ရှုပ်တာ ...."

မေက ခပ်ပေါ့ပေါ့ပင် ရယ်မောကာ ...

"ဒါလေးများ အန်တီစောရယ် .. အသက်သုံးဆယ်ကျော်ကျော်နဲ့ စီးပွားရေးအောင်မြင်နေတဲ့သူဆိုတော့ ရှပ်တာပွေတာတော့ရှိမှာပေါ့"

ဟု ပြန်ပြောလိုက်သည်။

ဦးမြင့်မိုရ်သည် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အောင်မြင်နေသူအဖြစ် သိထားခဲ့သည်။

"သူက မိန်းမလဲရခဲ့ဖူးတယ် ... 'ရတနာဦး'ကို သိမှာပေါ့ ...သမီးတို့လိုပဲ မဟာတန်းတက်နေတာ"

"သိတယ်လေ .. သူ့အဖေက(....)ဟော်တယ်ပိုင်ရှင်လေ..သိပ်ချမ်းသာတယ် ... ကျောင်းမှာတော့ လူသိများတယ်"

ရတနာဦးသည် မေတို့ထက်စော၍ မဟာဘွဲ့ရခဲ့သူ။သို့ပေမယ့် တက္ကသိုလ်မှာ ဆရာမလုပ်ပဲ စီးပွားရေးလုပ်ငန်းထဲ ဝင်သွားခဲ့သည်။ နိုင်ငံခြားကို မကြာခဏသွားတတ်သူ။

"အဲဒီ ရတနာဦးနဲ့ လက်ထပ်ခဲ့တာ ...ရတနာဦးက သိပ်ချမ်းသာတော့ လက်ထပ်တာပေါ့ ... ကလေးတစ်ယောက်ရပြီးမှ ကွာရှင်းပစ်တယ်တဲ့"

အန်တီစော စကားအဆုံးမှာတော့ သူမမြင်ဘူးသော ဦးမြင့်မိုရ်ဘက်က ရှေ့နေလိုက်မပေးလိုတော့ပေ။



"တကယ်ပဲလား အန်တီစောရယ်...ဆိုးလိုက်တာနော်"

အန်တီစောက မေမေနှင့်မတူ။ အပေါင်းအသင်းများသည်။ အပြင်ကိစ္စတွေကို တာဝန်ယူ၍ သွားလာလှုပ်ရှားသူမို့ သတင်းစုံသည်။

"နေဦး...ဒါတင်မကဘူး...တီဗွီကြော်ငြာမှာ ပါတဲ့ မော်ဒယ်အသစ်ကလေး 'မီးဇာ'နဲ့လဲ တွဲနေတာ...မီးဇာ ကြော်ငြာရိုက်တဲ့နေရာကို လိုက်လာတာတဲ့..ဗြူတီပါလာကိုလဲ လာကြိုသတဲ့"

အန်တီစော၏သတင်းက စုံလှသည်မို့ သူ့ကို မြင်ဖူးခင်ကပင် ရှုံချင်လောက်အောင် ကြားရသည်။ ကောင်းကွက်ကဖြင့် တစ်ချက်မှမရှိပါလား ပိတောက်သခင်ရယ်...

"ဟုတ်ကောဟုတ်ရဲ့လား အန်တီစောရယ်၊ သူတွေက အောင်မြင်နေတဲ့ လူတစ်ယောက်အကြောင်းဆို အတင်းအဖျင်းပြော အပုတ်ချတတ်တာပဲ မဟုတ်သား"

"သိပ်သေချာတယ်...ဟိုဘက်အိမ်က ဒေါ်မြခက်က ရတနာဦးတို့အိမ်နဲ့ရင်းနှီးတယ်...ဦးမြင့်မိုရ်အကြောင်း အတွင်းကျကျကိုသိတာ... ဒေါ်မြခက်သမီး 'ရွှေပါ'ကလည်း ရတနာဦးနဲ့ သူငယ်ချင်းတွေပဲ ..."

အန်တီစောရဲ့ သတင်းစကားကို နားထောင်ရင်း သူရင်မောနေမိသည်။

"ဒုက္ခပဲ ... ဒီနှစ်သကြိန်မှာတော့ ပိတောက်နှင့် အတူ မခံစားနိုင်တော့ဘူးပေါ့"

ရှုပ်ရှုပ်ယှက်ယှက် မပတ်သက်ချင်စမ်းပါနဲ့ အေ... ကိုယ်က နာမည်တစ်လုံးနဲ့နေတာ...နာမည်ပျက် မခံနိုင်ပါဘူး"

အကဲပါလွန်းသော အပျိုကြီးအဒေါ်ကို ပခုံး လေးတွန့်ပြလိုက်သည်။

"အန်တီစောနဲ့နေရင်တော့ အန်တီစောလိုပဲ အပျိုကြီးဖြစ်တော့မှာပဲ..."

ဟု မခံချင်အောင်စလိုက်တော့ အပျိုကြီးက မျက်ခုံး မျက်စောင်းထိုးကာ မဲ့ရွဲ့လိုက်ပြီး ...

"အပျိုကြီးဖြစ်ချင် ဖြစ်ပါစေအေ...အိမ်ထောင်ကျဖူးတဲ့ ယောကျ်ားတစ်ယောက်နဲ့တော့ ရှုပ်ရှုပ်ယှက် ယှက် မပတ်သက်ချင်စမ်းပါနဲ့အေ..."

ဟု ချက်ချင်းပြန်ပြောသည်။

"အို...အန်တီစောကလည်း...ဘယ်သူက ဒီလူ နဲ့ ပတ်သက်ချင်တယ်လို့ ပြောလို့လဲ ...အန်တီစော အဖြစ်သည်းနေတာကိုပြောတာ"

ခပ်ဆတ်ဆတ်လေး ပြန်ပြောပြီး နှုတ်ခမ်းစူ



ထားလိုက်သည်။

ခြံထဲသို့ဆင်းပြီး တစ်ဖက်ခြံနားသို့ တဖြည်း ဖြည်းတိုးကပ် လျှောက်သွားသည်။ ပိတောက်နံ့သင်း သော တန်ခူးလေက'မေ'ကို မြူးကြွလာစေသည်။

မြစိမ်းရောင်သစ်ရွက်များနှင့် ယှဉ်တွဲကာဖူးပွင့် နေသည့် ရွှေဝါရောင်ပိတောက် အပွင့်၊ အဆုတ်၊ အခိုင် များက 'မေ့' စိတ်ကို လှုပ်ရှားစေသည်။ ပိတောက်ပွင့် ကလေးတွေက ကြွေလွင့်ကာနှင့် မေ့ပါးပြင်ကို တို့ထိ သွားသည်။

တစ်ဖက်ခြံထဲသို့ တိုးဝင်နိုင်မည့် ခြံစည်းရိုး နေရာကိုရှာသည်။ ဟော .. တွေ့ပြီ .. ယခင်ကဆိုလျှင် ထိုနေရာမှ သံဆူးကြိုးကိုနှိမ့်ပြီး ငုံ့ဝင်မြဲဖြစ်သည်။

အန်တီစောပြော စကားတွေကြောင့် ယခင်က လို ငုံ့ဝင်မသွားပဲ တစ်ဖက်ခြံဆီသို့ လှမ်းကြည့်ကာ ရပ်တန့်နေမိသည်။ တစ်ခြံလုံးတိတ်ဆိတ်နေသည်။ ခြံပိုင်ရှင်ကို မဆိုထားနှင့်ခြံစောင့်ပင် ရှိဟန်မတူ။

သူထိုင်၍စာရေးနေကျ နေရာလေးကိုကြည့်ပြီး စိတ်ထဲက လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

"ဟား ... လှလိုက်တဲ့ပိတောက်တွေ .. မွှေး လိုက်တဲ့ ပိတောက်တွေ...ခူးချင်လိုက်တာ ..."

လိုက်လိုက်လှဲလှဲ ရေရွတ်လိုက်မိသည်။

"အို..ဘယ်သူမှမရှိပါဘူး... ပိတောက်ပန်းသွားခူးမယ်"

ယခင်နှစ်တွေက သူခူးနေကျ တံချူကိုလည်း ပိတောက်နားမှာ လှမ်းမြင်နေရသည်။ သူစိတ်မထိန်းနိုင်တော့ပဲ သံဆူးကြိုးကိုနှိမ့်လိုက်ပြီး ခေါင်းငုံ့ကာ တိုးဝင်လိုက်သည်။

"ဝုတ်...ဝုတ်...ဝုတ်"

ရုတ်တရက်ထွက်ပေါ်လာသော ခွေးဟောင်သံကြောင့် ကြောက်အားလန့်အားနှင့် တိုးဝင်လိုက်ရာ ချော်လဲပြီး သံဆူးကြိုးရှသွားသည်။ ဒဏ်ရာထက် ခွေးဟောင်သံကြောင့် ထွက်ပြေးရန် အားယူဆဲမှာပင်...

"ဘလက်ကီ..."

ဆိုသည့် ယောကျ်ားတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ လှည့်အကြည့်မှာ ခွေးနက်ကြီးတစ်ကောင်ကို သံကြိုးနှင့်ဆွဲထားပြီး သူ့ကိုငုံ့ကြည့်နေသည့် လူတစ်ယောက်ကို တွေ့ရသည်။

မေးစရာမလိုပဲ တစ်ချက်မြင်ရုံနှင့် ဦးမြင့်မိုရ်ဖြစ်မှန်း သိလိုက်သည်။

"ခြေထောက်ရှသွားပြီ ... သွေးတွေနဲ့"

ဟုဆိုတော့မှ သူ့ခြေထောက်က သံဆူးကြိုးရှထားသည့်နေရာမှ သွေးများစီးကျနေသည်ကို တွေ့



လိုက်ရသည်။

သူ့လက်မောင်းကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ပြီး အသာအယာတွဲ၍ ထူပေးလိုက်သည်။ ရုတ်တရက်မို့ 'မေ'တစ်ကိုယ်လုံး ထူပူသွားကာ ရင်တွေတဖျပ်ဖျပ် ခုန်လာသည်။

သူနှင့်မျက်နှာချင်းဆိုင်လိုက်ရ ချိန်မှာတော့ သူ့မျက်ဝန်းအစုံက မေ့စိတ်၊ မေ့အတွေးတွေအားလုံးကို လွှမ်းခြုံထားခြင်း ခံလိုက်ရသည်။ တည်ငြိမ်ရဲဝင့်သော မျက်ဝန်းများက နွေးနွေးထွေးထွေးရှိသည်။

သူစိမ်းမိန်းကလေးတစ်ယောက်ကို ပိုင်စိုးပိုင်နင်း တွဲထူမပေးလိုက်ရသည့်အတွက် ရှက်ရွံ့အားနာသွားဟန်မရှိ။ ပကတိ ဖြစ်ရိုးဖြစ်စဉ်ဟု သဘောထားကာ တည်ငြိမ်နေသည်။

"မောင်စိုးရေ ကုလားထိုင်တစ်လုံး ယူခဲ့ပါဟေ့"

တပည့်ဖြစ်သူကို လှမ်းပြောသည်။

"ဒီမှာ ထိုင်လိုက်ဦး ... မင်းအနာကို ရေဆေးပြီး ဆေးထည့်မှဖြစ်မယ်"

"အို..နေပါစေ..'မေ' ဟိုဘက်ခြံကပဲ၊ အိမ်ပြန်ပြီး ဆေးထည့်ပါ့မယ်"

'မေ'သတိဝင်လာကာ ပြန်ပြောလိုက်မိခြင်း

နှင့်အတူ အန်တီစော၏ မဲ့မဲ့ရွဲ့ရွဲ့မျက်နှာကို မြင်ယောင်လိုက်သည်။ အန်တီစောသာမြင်လိုက်လျှင် ဆွေ့ဆွေ့ခုန်သွားမည်။ အန်တီစော၏ ဒေါသအောက်မှာအသက်ပျောက်သွားနိုင်သည်။

သူ့တို့နှစ်ယောက်ပြောဆိုနေစဉ် မောင်စိုးက ခွေးကြီးကို ခေါ်သွားပြီး အိမ်နောက်ဘက်မှာ ကြိုးချည်ထားလိုက်သည်။

"တို့ အိမ်ထဲ ခဏလိုက်ခဲ့ပါဦး...'မင်း'ကို ဆေးထည့်ပေးမယ်...'မင်း'လျှောက်နိုင်ရဲ့လား ..."

သူ ခေါင်းညိတ်ပြလိုက်မိသည်။ လမ်းမလျှောက်နိုင်လျှင် ဦးမြင့်မိုရ်က တွဲခေါ်ဦးမည်။ အန်တီစောမြင်လျှင် ပြဿနာတက်တော့မည်။

ခြေထောက်ထော့နင်းထော့နင်းနှင့် လျှောက်လာရာတွင် သူကအားမှယုဉ်၍ လျှောက်လာသည်။ သူ၏မြင့်မားသောအရပ်နှင့် 'မေ'သည် ပုပုကွေးလေးဖြစ်သွားသည်ဟု ထင်မိသည်။

ညှော်ခန်းမှာထိုင်မိသည်နှင့် သူ့အနာကို ဆေးပေးပြီး ဆေးထည့်ပေးသည်။

"မင်းက ဘယ်သူလဲ..."

" 'မေ'ပါ...'မေသံစဉ်လှိုင်း' လို့လဲခေါ်တယ် နာမည်လေးကလှလိုက်တာ ...'မင်း'နာမည်ကို ကြားရ



တာနဲ့ ကိုယ့်နားထဲမှာ ချိုမြိန်သွားတယ်.. သာယာငြိမ့်ညောင်းတဲ့ ဂီတသံစဉ်လေးတစ်ခု မျောလွင့်လာသလိုပဲ"

မမျှော်လင့်သော စကားများကြောင့် မေ့စိတ်တို့ ညွတ်နူးလာသည်။ သူ့အပေါ် စိတ်ဝင်စားချင်လာသည်။

"တက္ကသိုလ်ကျောင်းသူပေါ့နော်"

မေ ခေါင်းညိတ်ပြလိုက်သည်။

"အတန်းက ..."

စပ်စုလိုက်တာဟု အပြစ်တင်ရန်မေ့လျော့ကာ သူမေးသမျှကို အဖြေပေးနေမိသည်။ မေ့မျက်နှာလေးကို တရှိုက်မက်မက်ကြည့်နေသော သူ့မျက်ဝန်းများအောက်မှာ တိတ်တခိုး ရင်ခုန်နေမိသည်။

"မဟာသိပ္ပံတက်နေတယ်"

"ဘာဘာသာရပ်လဲ ..."

"သချ်ာ..."

"ကိုယ်လဲ သချ်ာသမားပဲ အင်းလေ ...လောကကြီးမှာ သချ်ာနဲ့ကင်းတာမှ မရှိတာ ..."

မေ မျက်လုံးလေးဝိုင်းကြည့်လိုက်သည်။ အချစ်ကို သချ်ာနှင့်တွက်၍ ကျားကွက်ရွှေ့နေသော ယောကျ်ားတစ်ယောက်ကို မြင်ဖူးအောင်ကြည့်ထားလိုက်သည်။

"သချ်ာသမားဆိုတာနဲ့ ကြောက်သွားတာ

လား"

ပျော့ပျော့လေးပြုံးလိုက်ပြီး ခေါင်းခါယမ်းပြကာ

"မကြောက်ပါဘူး...မေလဲ သချ်ာသမားပဲဟာ..."

သူကျေနပ်စွာ ပြုံးလိုက်သည်။

"အလုပ်အကိုင်က"

"စာရေးဆရာမ"

"အို...မင်းလိုချာတိတ်က စာရေးဆရာလား"

"လုံးချင်းဝတ္ထုတွေ အများကြီးထုတ်ပြီးပြီ ... မဂ္ဂဇင်းတွေလဲရေးတယ်"

ဘာကြောင့်မှန်းမသိ သူ့ရှေ့မှာ 'မေသည်' ကြီးကြီးကျယ်ကျယ် ဖြစ်နေချင်သည်။ သေးဖွဲသိမ်ငယ်နေမှာကို စိုးမိသည့်အတွက် ဝင့်ဝင့်ကြွားကြွားလေးပြောလိုက်သည်။ သူ့မျက်လုံးတွေ တောက်ပလာသည်။

"နာမည်က"

"မေသံစဉ်လှိုင်း ပါပဲ..."

"ဒီနေ့ တို့ကံကောင်းတာပဲ ... 'မင်း' လိုစာရေးဆရာမနဲ့ တွေ့ခွင့်ရတာ..."

သူ့အပြောကြောင့် မေအားတက်လာရသည်။ သူ့အထင်ကြီးမှုကို ရယူပိုင်ဆိုင်ချင်စိတ်တွေ တဖွားဖွား



ဖြစ်ပေါ်နေသည်။ မမြင်ဖူးခင်က သူ့အကြောင်းတွေက စိတ်ဝင်စားဖွယ် ကောင်းသလိုလို ရှိခဲ့ရုံသာဖြစ်ပေမယ့် မြင်ဖူးသောအခါတွင်မူ သူ့ကို အမှန်တကယ်စိတ်ဝင်စားမိကြောင်း ရိုးသားစွာဝန်ခံမိပါသည်။

မြင့်မားသောအရပ်ကြောင့် ကြည့်၍ကောင်းသည်။ သူနှင့်တွဲလျှောက်သော မိန်းကလေးတော်တော်များများသည် သူ့ကို မော့ကြည့်ကာ၊ကြည့်ကာနှင့် လျှောက်ရမည်ပင်။ သူကငုံ့ကြည့်၍ ပြောရပေမည် ပေါ့။ အရပ်မြင့်သောချစ်သူနှင့် အတူလျှောက်ရမည့် မိန်းကလေးတစ်ယောက်အဖို့ ကြည်နူးစရာကောင်းမှာ ပဲဟု စာရေးဆရာပီပီ တွေတွေရာရာ စိတ်ကူးယဉ်မိ သည်။

သူ့အကြည့် သူ့အပြုံးတွေက ပို၍အသက်ဝင်လာသည်။ မျက်ဝန်းအစုံက ရွှန်းလဲ့တောက်ပလာသည်။ မယုံနိုင်သလိုလိုအံ့ဩသလိုလို အရိပ်လက္ခဏာတွေကို သူ့မျက်နှာပေါ်မှာ တွေ့လိုက်ရသည်။

"မင်းက တကယ်ပဲစာရေးဆရာနော် .. မယုံနိုင်စရာပဲ"

မေထင်သည့်အတိုင်းပင် သူ့စိတ်၌မယုံနိုင်အောင်ဖြစ်နေကြောင်း ဖွင့်ပြောခဲ့သည်။

"ရှင်မယုံဘူးလား"

ကြည်နူးနှစ်လိုဖွယ် ပြုံးလိုက်ပြီး ....

"ယုံပါတယ် .. 'မင်း'က ထက်မြက်တဲ့ပုံပဲ .. ဒါနဲ့ မင်းအသက်က ..."

"၂၅နှစ်" ဟုသူ့စကားမဆုံးခင်ဖြတ်၍ ခပ်ဝံ့ဝံ့လေး ပြန်ဖြေလိုက်သည်။

"မင်းကိုကြည့်ရတာ ကလေးလေးတစ်ယောက်လို နုနယ်သိမ်မွေ့တယ်.. ထက်ထက်မြက်မြက်လဲရှိတယ်... မိန်းမဆန်တဲ့ အလှမျိုးလဲရှိတယ်...မင်းရဲ့ ဇာတ်ဆောင်တွေဟာ 'မင်း'ရဲ့ ကိုယ်ပွားတွေပဲဖြစ်နိုင်တယ်"

သူ့စကားတွေက နားထဲသို့ ချိုမြိန်ညင်သာစွာ စိမ့်ဝင်စီးဆင်းသွားသည်။ ထိုစကားသံတို့က မေ နှလုံးသားကို တို့ထိလှုပ်ခတ်စေသည်မို့ ကြည်နူးစွာ ရင်ခုန်နေမိသည်။

ဇာတ်ဆောင်များစွာကို ရင်ခုန်စေပြီးလျှင် စာဖတ် သူတို့အား ရင်ခုန်ကြည်နူးမှုရသကို ဖန်တီးပေးခဲ့သော စာရေးဆရာမ 'မေသံစဉ်'၏ ရင်ခုန်ခြင်းကို ဦးမြင့်မိုရ်က ဖန်ဆင်းပေးလိုက်ခြင်းက အံ့သြစရာကောင်းသည်။

"ရှင်က 'မေ'ဝတ္ထုတွေကို ဖတ်ဖူးလို့လား"

"ဟင့်အင်း...မဖတ်ဖူးပါဘူး၊ နာမည်ကိုတောင် အခုမှကြားဖူးတာ"

တက်ကြွနေသော 'မေ' စိတ်အစဉ်တို့ ချက်



ချင်းရပ်တန့်သွားကာ အလွန်အမင်း စိတ်ဓာတ်ကျသွားရသည်။

"ကိုယ်ဘဝမှာ စိတ်ကူးယဉ်ဖို့အချိန်မရှိဘူး"

"သချာတွက်နေရလို့လား"

သူကရယ်မောလိုက်ပြီး ခေါင်းညိတ်သည်။

"မင်းက ကိုယ့်ထက်တော်ပါတယ် ... သချာနဲ့ အနုပညာကို ပေါင်းစပ်နိုင်လို့"

တဒင်္ဂမှာ စိတ်ပျက်သွားရခြင်းဝေဒနာသည် တိုတောင်းသော အချိန်အတွင်းမှာပင် ရပ်တန့်သွားခဲ့သည်။ သူနှင့်စကားပြောနေရခြင်းက ပျော်စရာကောင်းလှသည်။

"သချာဆိုတာ အမြဲအဖြေရှာနေရတာ .. စာရေးဆရာဆိုတာလဲ ဘဝရဲ့ပြဿနာတွေအတွက် အဖြေရှာပေးတဲ့သူပဲ၊ သဘောချင်းတူပါတယ်"

မေ့အနေနဲ့သူ့ရှေ့မှာ ရင့်ကျက်သောမိန်းမကြီးတစ်ယောက်ဖြစ်ချင်နေသည်မို့ ခပ်ရင့်ရင့်စကားတွေကို ရွေးပြောလိုက်သည်။

"မင်းက ချစ်ခြင်းဝေဒနာတွေကို ဖန်ဆင်းရတဲ့သူဆိုတော့ မင်းနှလုံးသားက နူးညံ့နေမှာပဲနော် ... အမြဲတမ်းလဲ နွေးထွေးနေမှာ ..."

မေ့မျက်နှာကို ရွှန်းရွှန်းလဲ့လဲ့ကြည့်ရင်း တွေး

တွေးဆဆပြောနေသည်မို့ မေ ရုက်သလိုလိုဖြစ်ကာ ခေါင်းငုံ့လိုက်ရသည်။

“မေ့နှလုံးသားက မနူးညံ့ပါဘူး ... ပြီးတော့ အေးစက်နိုင်ပါတယ်”

“သေချာရဲ့လား စာရေးဆရာမကြီးရဲ့ တစ်ခါတစ်လေ လူတွေဟာ ကိုယ်နှလုံးသားရဲ့အလိမ်အညာကို ခံရတတ်တယ်လေ”

“ဟုတ်ချင်လဲ ဟုတ်မှာပေါ့”

မပွင့်တစ်ပွင့်ပြုံးရင်း မေ ပြန်ပြောဖြစ်သည်။ ပိတောက်ပန်းတွေနှင့် သူ့ခြေထောက်ဒဏ်ရာကို မေ့လျော့နေမိသည်။

“စကားပြောကောင်းနေလိုက်တာ...မေ့ကို ပိတောက်ပန်းခူးပေးမယ် ... ပိတောက်ပန်းမခူးခင် တို့ ကိုယ်တိုင်ဖျော်တဲ့ ကော်ဖီတစ်ခွက်တော့ သောက်သွားပါဦး”

သူပြောနေသည်ကို မေ သဘောကျနေသည်မို့ ဘာတ ်ခုမှ မငြင်းဖြစ်ပါ။ သူ့ကော်ဖီရနံ့က မွှေးသင်းနေသည်။ ခပ်ကျကျနှင့် အချိုပေါ့ပေါ့ဖျော်ထားသည့် အတွက် မေ့အကြိုက်နှင့် ကိုက်ညီသည်။

တံချူကိုယူပြီး ပိတောက်ပန်းတွေကို ကိုယ်တိုင် ခူးပေးသည်။ မွှေးလွန်းကြိုင်လွန်းပြီး ရွှေပွင့်ရွှေခက်တွေ



လို ဝင်းဝါလှပသော ပိတောက်ခက်တို့ တပွေ့တပိုက်နှင့် ဆွေ့ဆွေ့ခုန်မျှ ပျော်နေမိသည်။ သူခြွေချသော ပိတောက်ခက်တွေက မေ့ကိုယ်ပေါ်မှာ ဝဲပျံကာကျကျလာသည်။

“မေ ပိတောက်ပန်းကိုချစ်လား”

“သိပ်ချစ်တယ် .. ပိတောက်ပွင့်ရင် သိပ်ပျော်တာပဲ ...ကွဲကွာနေတဲ့ ချစ်သူနဲ့ပြန်တွေ့ရတဲ့ ပျော်ရွှင်မှုမျိုးလို့ထင်တယ်”

မေ့ရင်ထဲမှာ အမြဲလိုလိုစွဲမြဲနေသည့် ပိတောက်နှင့် ပတ်သက်သည့် ခံစားမှုကိုပြောဖြစ်သည်။

“မေနဲ့ ယှဉ်ပြောလို့မရဘူး...မေက စာရေးဆရာမဆိုတော့ စကားတတ်တယ် .. တစ်ခုတော့ ပြောချင်တယ်... ပိတောက်နဲ့မေက သိပ်လိုက်တာပဲ ... မေဝတ်ထားတဲ့ အင်္ကျီအဆင်နဲ့ ပိတောက်ပွင့်တွေက ရောနေတာပဲ ... မေ ပါပိတောက်ပွင့်ကလေး ဖြစ်သွားတယ် ...”

သူပြောတော့မှ မေ့ကိုယ်မေသတိထားမိသည်။ အဝါနှင့် အညိုရောင်အပွင့်အခက်များ ရောယှက်ထားသည့် ကိုယ်ကပ်စကပ်လုံချည်နှင့် အင်္ကျီလက်ရှည်လေးကို ဝတ်ထားသည်။

တစ်ဖက်ခြံကို လှမ်းမြင်လိုက်သည်နှင့် အန်တီ

စော ကိုသတိရကာ ပခုံးလေးတွန့်လိုက်မိသည်။ မေ ပျောက်နေသည့်အတွက် အန်တီစောရှာဖွေတော့မည်။ သည်ဘက်ခြမ်းမှာ ရှိနေမှန်းသာသိလျှင် စိတ်ဆိုး၍ ဆူပွက်နေပေမည်။

"မေ ပြန်တော့မယ်"

"တို့လဲ သွားစရာရှိတာမေ့နေတယ် ... မေ့လို စာရေးဆရာမလေးတစ်ယောက်နဲ့ သိကျွမ်းခွင့်ရတဲ့ အတွက် ဂုဏ်ယူပါတယ် ... ဝမ်းသာပါတယ် ..."

သူ၏နှုတ်ဆက်အပြုံးက ရွှန်းရွှန်းလဲ့နေသည်။

"မေကလဲ မေ့ဝတ္ထုကို မဖတ်ဖူးတဲ့ ပရိတ်သတ်တစ်ယောက်နဲ့တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"

ဟု ခပ်ငေါ့ငေါ့လေး ပြန်ပြောလိုက်သည်။

"မေ့ ဝတ္ထုကို ဖတ်ဖြစ်အောင်ဖတ်ပါမယ် ... ပုဂ္ဂိုလ်ခင်လို့ တရားမင်မှာပါ"

"ကျေးဇူးတင်ပါတယ် ..."

ဟုပြောပြီး သံဆူးကြိုးကြားမှ ငုံ့ဝင်ရန်ပြင်သည်။

"အိမ်ရှေ့ပေါက်ကထွက်မယ်"

မေ မငြင်းတော့ပဲ လျှောက်လိုက်လာလိုက်သည်။



"အခုမှသတိရတယ် .. နမ မေးခိုင်ကာကွယ်ဆေးထိုးဖို့လို့မယ် ... ကျွန်တော် လိုက်ပြီးထိုးပေးမယ် ကျွန်တော် ကားထုတ်လိုက်မယ် ..."

"အို .. နေပါစေ၊ မေ့ဘာသာ သွားထိုးပါ့မယ်"

အန်တီစောမျက်နှာကို မြင်ယောင်လိုက်သည် ့် ပျာပျာသလဲ ငြင်းလိုက်ရသည်။

"သေသေချာချာ သွားထိုးနော် ... မမေ့နဲ့နော် အနာကိုလဲ ဆေးထည့်ဦး"

မေ ဖျော့ဖျော့လေးပြုံးရင်း ခေါင်းညိတ်လိုက်သည်။ မေတို့အိမ်ဘက်သို့ ခြေလှမ်းရွှေ့လျားလိုက်သည်။

"ဒီမှာ မေ ..မေ့နေလိုက်တာ ... ကျွန်တော်နာမည် မြင့်မိုရ်ပါ ... မေ နဲ့တွေ့ချင်ပါသေးတယ်"

"ဦးမြင့်မိုရ်ဆိုတာ မေ သိပြီးသားပါ... မေလဲ တွေ့ချင်ပါတယ် ... အနည်းဆုံးတော့ မေ့အတွက်ဇာတ်ဆောင်တစ်ယောက် ရနိုင်တာပေါ့"

ခပ်သွက်သွက်ကလေးပြောပြီး မေ ဆက်လျှောက်ခဲ့ရသည်။ အန်တီစောကို အိမ်ဝမှာအသင့်တွေ့ရသည်။ ပိတောက်ပန်းတွေကို မြင်သည်နှင့် အန်တီစော မျက်လုံးပြူးသွားသည်။

"ဟိုဘက်ခြံကို သွားပြန်ပြီးလား...ရှုပ်ရှုပ်ယှက်

ယှက် မလုပ်ပါနဲ့လို့ သေသေချာချာမှာထားရက်သားနဲ့"

အန်တီစောကို အမှန်အတိုင်းပြောလို့မဖြစ်ကြောင်း ရိပ်မိလိုက်သည်။ တဗျစ်တောက်တောက်နှင့် မည်တွန်တောက်တီး၍ ဆုံးတော့မည်မဟုတ်။ အန်တီစောသည် မေ့ကိုအလွန်ချစ်သည်နှင့်အမျှ စိုးရိမ်မှုကလည်း လွန်ကဲလှသည်။

"အန်တီစောကလည်း ခက်လိုက်တာ ... မဆီမဆိုင် အစိုးရိမ်လွန်နေတယ်၊ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗနဂိုရ်ကန္တာရမ ပေါင်ကျိုးတဲ့အတိုင်းပဲ... ဦးမြင့်မိုရ်ဇာတ်လမ်းနဲ့ မေက ဘာဆိုင်လို့လဲ ..."

"ဆိုင်မှာစိုးလို့ ပြောတာပေါ့ရှင် ... ဒီလိုလူမျိုးဆိုတာ လက်ရဲဇတ်ရဲနဲ့ မိန်းမအကြောသိနေတတ်တာ"

ဦးမြင့်မိုရ်၏ မကောင်းကြောင်းတွေကို စိတ်မသက်မသာနှင့်နားထောင်နေရသည်။ ဘာကြောင့်ကြားထဲက ဦးမြင့်မိုရ်အတွက် နာပေးနေရသလဲဆိုတာကို မတွေးတတ်တော့။

"လူတစ်ယောက်အကြောင်းကို အကြားနဲ့မဆုံးဖြတ်ပါနဲ့ အန်တီစောရယ်..."

မေ့စကားကို လက်မခံချင်ဟန်နှင့် အန်တီစောနှုတ်ခမ်းမဲ့လိုက်သည်။

"ညည်းတို့မိန်းကလေးတွေက ခက်တယ်...



လူကြီးတွေပြောရင် လက်မခံချင်ဘူး ..."

"အန်တီစော ဒေါ်ချဉ်းပဲ .. ပိတောက်ပွင့်တွေကို မြင်ရင် မနေနိုင်လို့ပိတောက်သွားခူးတာ .. ဟိုဘက်ခြံထဲမှာ ဘယ်သူမှ မရှိပါဘူး၊ မေအပြင်သွားပြီး မေးခိုင်ကာကွယ်ဆေး ထိုးလိုက်ဦးမယ် ..."

"အလို .. ဘာဖြစ်လို့ မေးခိုင်ကာကွယ်ဆေးထိုးရမှာလဲ"

"သံဆူးကြိုးနဲ့ ခြစ်လို့ပါ"

တူမချောအတွက် စိတ်မောသွားဟန်နှင့် ...

"ခက်လိုက်တာမေရယ် .. ကဲ .. မြန်မြန်သွားထိုးလိုက် ကားကို ဖြေးဖြေးလဲမောင်းသွားဦး"

မေ ကားမောင်းကြမ်းသည်ကို သိသူပီပီအပြင်သွားတိုင်းမှာလေ့ရှိသည်။ မေကလည်း မိန်းကလေးပေမယ့် ကားမောင်းကြမ်းတာတော့ အမှန်။ အစ်ကိုနှစ်ယောက်က အိမ်ထောင်ကျပြီး အဝေးမှာရောက်နေကြသည်မို့ သည်အိမ်မှာ ဖေဖေ၊မေမေ အန်တီစောနှင့် မေပဲရှိသည်။

ဖေဖေက အသက်ကြီးပြီးမို့ အပြင်ကိစ္စမှန်သမျှကို မေပဲလှုပ်ရှားဆောင်ရွက်ရသည်။ စိတ်မြန်လက်မြန်နှင့် အလျင်စလိုဆောင်ရွက်တတ်သော မေ့ကိုကြည့်ပြီး၊ အန်တီစော ရင်မောနေမိသည်။ တူမချောအတွက် အစိုး

ရိမ်လွန်ကာ နားငြီးလောက်အောင် ပြောဆိုရေရွက် ဆုံးမနေတတ်တာကလည်း သူ့အကျင့်လိုဖြစ်နေပြီ။

မေကတော့ တကြောင့်ကျကျနှင့် သူ့ကို စောင့်ကြည့်နေသည့် အန်တီစော နောက်ထပ်မပြောနိုင်မီမှာပင် ကားကို အရှိန်နှင့်မောင်းထွက်လာတော့သည်။ ကားမောင်းရင်း အမှတ်တရ ပိတောက်နေ့လေး အကြောင်းကိုတွေးရင်း ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိသည်။

× × × × ×



ညနေဆည်းဆာအချိန်မို့ အိပ်တန်းစွဲခိုနားရန် ဗျာများနေရှာသည်။ ငှက်ကလေးများကိုကြည့်ရင်း မေ အတွေး စိတ်ကူးဖြန့်ကျက်နေမိသည်။ ပိတောက်နံ့လေးတွေက ပျံ့ပျံ့သင်းနေဆဲပေမယ့် အချို့သော ရွှေပွင့်ကလေးများသည် လေတွင်မျောလွင့်စပြုနေပြီ။ မနက်ဖြန်ဆိုလျှင် ပိတောက်တွေကြွေတော့မည်။

စာရေးရန်စာပွဲမှာထိုင်ရင်း တစ်ဖက်ခြံကိုငေးကြည့်နေမိသည်။ ဦးမြင့်မိုရ် ခြံထဲသို့ဆင်းလာသည်။ ပြီးတော့ ကားပေါ်တတ်သွားပြီး ကားမောင်းထွက်သွားသည်။ တိုက်ကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ခဲ့လေပြီ။

ရေးလက်စဝတ္ထုကို ဆက်ရေးရင်း တစ်ဖက်ခြံကလည်း ဦးမြင်းမိုရ် ပြန်ရောက်မရောက်ဆိုသည့် အချက်ကို သတိထားကြည့်နေမိသည်။ ညနက်သည့်အထိ တစ်တိုက်လုံး မည်းမှောင်နေသည်။ သူ့ဆီသို့ ရောက်နေသော အတွေးတို့ ကိုဖြတ်ကာ ဝတ္ထုထဲ၌ နစ်မြုပ်ထားလိုက်သည်။

ညနှစ်နာရီထိုး၍ အိပ်ရာဝင်ရန်ပြင်ချိန်တွင် တစ်ဖက်ခြံကို လှမ်းကြည့်လိုက်သော်လည်း ဦးမြင်းမိုရ်၏ အရိပ်အရောင်ကို မတွေ့ရပါ။ အန်တီစောတို့၏ အရပ်ဒဏ္ဍာရီများထဲမှ လူးဆိုးဇာတ်ဆောင်ဖြစ်နေပြီ

လား မသိပါ။

အို...မဖြစ်နိုင်ပါဘူး ... သူဟာလူဆိုး တစ်ယောက် မဖြစ်နိုင်ပါဘူးလေ။

အိပ်မပျော်မီမှာပင် သူနှင့်ပတ်သက်သည့် ယုံကြည်ချက်ဖြင့် ဆုံးဖြတ်လိုက်သည်။ သူဟာ တည်ငြိမ်ရဲရင့်သူ၊ကူ ညီတတ်တဲ့သူပါပဲ။

ရွှေရည်ဆမ်းထားသော နံနက်ခင်း၏ နေခြည်အောက်တွင် ပိတောက်ပွင့်တို့ တလွင့်လွင့်ကြွေနေသည်။ ပြတင်းတံခါးကိုဖွင့်၍ ပိုးသားခန်းဆီးကို လှစ်လိုက်ပြီးနှင့် တစ်ဖက်ခြံကို လှမ်းကြည့်လိုက်သည်။ တစ်ခြံလုံးတိတ်ဆိတ် ငြိမ်သက်လျက် ဘာကြောင့်ရယ်လို့ အဖြေရှာမရပေမယ့် မျှော်လင့်ချက်ကလေး တစ်ခု ပျက်ပြယ်သွားသယောင် ခံစားလိုက်ရသည်။

သည်နေ့အဖို့တစ်နေ့လုံး စားရေးရဦးမည်။ ထုတ်ဝေသူနှင့် ချိန်းထားသည့် ရက်နီးနေပြီ။ ကျောင်းတက်ရ၊ စာကြည့်ရနှင့်မို့ ဝတ္ထုရေးချိန်သိပ်မရ။ ပညာရေးနှင့်ဘဝရေး နှစ်ခုစလုံးကို အောင်မြင်မှုရရန် ဆုပ်ကိုင်ထားသည့် မေ့အဖို့ ပင်ပန်းလှသည်။ အိပ်ရာဝင်ချိန်နောက်ကျပေမယ့် နံနက်ကျတော့လည်း စောစောထရသည်။

တီဗွီကြည့်ချိန်၊စာအုပ်ဖတ်ချိန်တွေလည်း



ထားရသေးသည်။ ထိုမျှလောက် အလုပ်များသည့်အထဲက အိမ်သားတွေ သွားလိုရာကို ကားမောင်းပို့သည့်တာဝန်ကိုလည်း ယူရသေးသည်။ သို့ပေမယ့် မေကအမြဲလှလှပပရှိနေတတ်သလို သွက်သွက်လက်လက် တက်တက်ကြွကြွလည်း ရှိနေတတ်သည်။

အန်တီစော ပြင်ဆင်ပေးသည့် အစားအသောက် တစ်ခုပြီးတစ်ခုကိုစားရင်း စာရေးနေသော်လည်း လက်မသွက်၊ သူ့အတွေးတွေ့က ပျံ့လွင့်နေတတ်သည်။

တစ်ကြိမ်မြင်ဖူးရုံနှင့် တဖက်သား၏စိတ်ကို လွှမ်းမိုး နိုင်စွမ်းရှိသည့် ဦးမြင်းမိုရ်၏အသွင် သူ၏အပြုံး၊ သူ၏ အကြည့်ကိုပြန်၍ မြင်ယောင်နေတတ်သည်။ မိန်းမသားတစ်ယောက်၏စိတ်ကို ထိုမျှတိမ်းညွတ်စေနိုင်စွမ်းရှိသော ယောကျ်ားတစ်ယောက်မှာတော့ အရှုပ် အထွေး အစွန်းအငြိ တွေရှိနေခြင်းသည် မဆန်းပါ။

တစ်နေ့ဝင်သွားပေမယ့် သူ့ရဲ့အရိပ်အယောင်ကို မမြင်ရ။ တစ်နေ့ပြီးတစ်နေ့ မျှော်လင့်နေမိသော်လည်း အချည်းအနှီးသာမို့ မျှော်လင့်ခြင်းတို့ကို လျှော့ဖြေပစ်လိုက် ရသည်။

× × × × ×

ကားမောင်းလာရင်း မေ့စိတ်တွေညစ်ညူး နေသည်။ ဖေဖေ့အတွက် ဆေးလိုက်ရှာရသည်။ မေမေ့ကို ဆေးခန်း ပို့ပြီးဆေးစစ်ဆေးမှု ခံယူစေရသည်။ အိမ်ရောက်တော့ အန်တီစောက ဈေးဝယ်ခိုင်းပြန် သည်။

သုံးလက်မလောက်ထူသည့် ငွေရောင်ဒေါက်ဖိနပ်ကြီးကိုစီးပြီး ညစ်ပတ်ပေရေနေသည့်ဈေးထဲမှာ ကြက်တွေ၊ ဝက်တွေ၊ ငါးတွေလိုက်ဝယ်ရသည့်အဖြစ်က မသက်သာ။ အိမ်မှာ မိဘတွေက အသက်ကြီးပြီးဆိုတော့ မေတစ်ယောက်တည်း ဦးဆောင်နေရသည်။

"မေမေတို့ အိမ်မှုကိစ္စတွေလုပ်ရင်း သမီးရဲ့အနုပညာတွေ ရေတိမ်နစ်တော့မှပဲ"

နှုတ်ခမ်းလေးရှုကာ ပွစိပွစိပြောမိပေမယ့် သူပဲထ လုပ်ရသည်ပင်။ တယ်လီဖုန်းဘေလ်၊မီတာခဆောင်သည့် ကိစ္စတွေကအစ သူပဲလုပ်ရသည်။ အလှူအတန်း၊မင်္ဂလာဆောင်ဆိုလျှင်လည်း လူကြီးတွေကိုလိုက်ပို့ရင်း သူပါဆင်နွှဲရသည်။

ရေးလက်စဝတ္ထုကိုပင် ဆက်မရေးပဲ ရပ်ထားခဲ့ရတာကြာပြီ။ ယနေ့တော့ မဖြစ်မနေအချိန်ယူပြီး ရေးရန်ကြိုး စားနေမိဆဲမှာပင် မိဇံထံမှ ဖုန်းလာပြန်သည်။

"ဆန်းဒေးကျရင် 'ပို'ရဲ့မွေးနေ့၊ကျုပ်ကို ဖိတ်စာပေးထားတယ်၊ရှင့်အတွက် ဖိတ်စာတစ်စောင်သပ်သပ်



ဆက်ဆက်လာခဲ့ဖို့မှာတယ်။ အဲဒီမှာ တို့သူငယ်ချင်းတွေဆုံရအောင်"

ဖုန်းထဲမှ မိဇံအသံက တက်ကြွနေသည်။ အချိန်မရှိသော မေ့အတွက်တော့ စိတ်ညစ်ညူးသွားရသည်။ ထုတ်ဝေသူနှင့်ရက်ချိန်းပေးထားသည့်ရက် အမီပြီး ရန်ရေးရမည်မို့ မွေးနေ့ပွဲသွားနေလျှင် တစ်နေ့ကုန်နိုင်သည်။ နောက်တစ်နေ့ အပြီးရေးရန်ဆိုလျှင် တစ်ညလုံးမအိပ်ဘဲ ရေးရပေတော့မည်။

"ကျုပ်မအားဘူး မိဇံ ... ကျုပ်ဝတ္ထုမပြီးလို့စိတ်ညစ်နေတာ"

ထုတ်ဝေသူကို ရက်ရွှေ့ခိုင်းလိုက်ပေါ့ ... ငယ်ငယ် ကတည်းက သူငယ်ချင်းတွေ မသွားလို့ဖြစ်မလား၊ ရှင်လို နာမည်ကျော်စာရေးဆရာမကြီးကို အတန်တန်မှာနေတာ ဖွဲ့တို့ အုပ်စုကလဲ ရှင့်ကို တွေ့ချင်နေတယ်..."

မိဇံကတော့ သူ့ဆန္ဒအတိုင်းဖြစ်အောင် မဖြစ်မနေ စည်းရုံးတတ်သည်။ သူသွားသမျှ ပွဲလမ်းတွေမှာလည်း 'မေ'ပါမှသွားချင်သည်။ဘယ်သွားသွား 'မေ'ကို နားပူနားဆာ လုပ်ကာ လာ ခေါ်တတ်သည်။

"ဒီတစ်ခါတော့ တောင်းပန်ပါရစေ ... ငါမအား လွန်းလို့ပါ"

" ဘယ်ဖြစ်မလဲရှင့် ... ဒီပွဲမှာက အနုပညာသမားတွေစုံတာ ရှင့်အတွက် ဝတ်ဝင်စားစရာတွေ အများကြီးတွေ့မှာ ဝတ္ထုရေးဖို့ ကုန်ကြမ်းတွေ အများကြီးထွက်လာမှာ"

မိဖ၏ စည်းရုံးမှုကောင်းပုံကို တွေးကာပြုံးလိုက်မိသည်။ 'ပိုး' ခေါ် 'ပိုးအိဖြူ'က နာမည်တက်ခါစ မော်ဒယ် တစ်ဦးဖြစ်သည် 'မေ' တို့နှင့် တစ်တန်းတည်းသားတွေ။ 'ပိုး' နှင့်မတွေ့တာကြာပြီမို့ တွေ့လည်းတွေ့ချင်သည်။ပြီးတော့ 'ဇွဲ' တို့ 'ဘို' တို့လို သူငယ်ချင်းအစုတ်အပြတ် ကလေးတွေလည်း ရှိသေးသည်။

" ဘယ်နဲ့လဲမိန်းမ...ရှင်သဘောတူပြီ မဟုတ်လား"

ငြင်း၍လည်းရတော့မည် မဟုတ်၍ စိတ်ညစ်ညစ်နှင့် လိုက်လျောရတော့သည်။ သူငယ်ချင်းတွေနှင့်ဆုံရမည် ဆိုတော့သွားလည်းသွားချင်သည်။

"ကောင်းပါပြီ ... သွားတာပေါ့ ... ကဲ .. ဒါပဲ မဟုတ်လား ကျုပ်မအားဘူးရှင့်"

"မပြီးသေးဘူးမိန်းမရေ၊ကျုပ်တို့ အဝတ်အစား ဝယ်ရဦးမှာ မနက်ဖြန် ဈေးသွားဖို့ရှင်လာခေါ်နော်၊ ရှင့်ရဲ့စီး တော်ယာဉ်နဲ့သွားမှ ဖြစ်မယ်"

မိဖစကားကြောင့် 'မေ' ပိုပြီး စိတ်ရှုပ်သွားရပြန်သည်။မိဖနှင့်'မေ'ဈေးဝယ်လျှင် တစ်နေကုန်သည်။ အိမ်ပြန်ရောက်တော့ ခြေထောက်တွေတောင့်ပြီး မောပန်းကာ အိပ်ပျော်သွားတတ်သည်မို့ အလုပ်ပျက်ပေါင်းများလှပြီ။

မိန်းမ ... တွေဝေမနေနဲ့၊ ညည်းက ကျုပ်ထက်ပို ပြီးလှလှပပ ဝတ်စားဖို့လိုတယ်ဆိုတာ သဘောပေါက်"

တစ်ဖက်ကစကားကို ပြန်မပြောမိ မေ့မှာရှိသည့် အဝတ်အစားတွေကို စဉ်းစားနေမိသည်။ သည်ပွဲနှင့် လိုက်သည့်အဝတ်သစ်မရှိသေး။ ဝယ်မှဖြစ်မည်။

"အေးပါ ... မနက်ဖြန်လာခဲ့မယ်"

သူ့ကို ကတိပေးပြီးပြီမို့ မနက်ဖြန် တစ်နေ့လုံး အချိန်ကုန်တော့မည်။သည်ညမအိပ်ဘဲ စာရေးရတော့မည်။ တစ်ညလုံး တယ်လီဖုန်းကို ဖြုတ်ထားရမည်။ သူငယ်ချင်းတွေနှင့် ဖုန်းပြောမိလျှင် အချိန်တွေအများကြီး ကုန်တတ်သည်။

ဝတ္ထုရေးရင်း တစ်ဖက်ခြံကြီးကို လှမ်းကြည့်နေမိသည်။ တစ်နေ့တည်းမှာပွင့်၍ နောက်တစ်နေ့မှာ လွင့်ကြွေ ကွယ်ပျောက်သွားသော ဝတာက်ပွင့်များနှင့်အတူ ဦးမြင်းမိုရ် သည်လည်းကွယ်ပျောက်နေခဲ့တာ ကြာပါပြီကော ...

သူနှင့်တစ်ကြိမ်တွေ့ပြီး မတွေ့ရတော့မှ ပို၍ သူ့အကြောင်းကို သိချင်နေမိသည်။ သိဖို့ဆိုတာက လည်း လမ်းစပျောက်နေပြီ။

အန်တီစောပြောသလို လူရုပ်လူပွေတစ်ယောက်လား၊ဒါမှမဟုတ် တည်ကြည်တဲ့သူ တစ်ယောက်လား၊ ဝတ္ထုရေးနေရင်း ထိုအမေးပုစ္ဆာက မကြာခဏ သူ့အတွေးထဲ သို့ဝင်လာတတ်သည်။ စာရေးခြင်းကိုရပ်ပြီး ခေတ္တမျှ ငြိမ်ငြိမ်လေးစဉ်း စားနေမိသည်။ စဉ်းစားလိုက်တိုင်း ပိတောက်ပွင့်သည့် နေ့က ဆုံစည်းမှုလေးသည် တမ်းတစရာပုံရိပ်ကလေး အသွင်နှင့် ပြန်လည်ထင်ဟပ်လာတတ်သည်။

အို ... သူဟာ ခင်တွယ်စရာကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ လူဆိုးမဖြစ်နိုင်ပါဘူးဟု ညာညာတာတာ ဆုံးဖြတ်မိတတ်သည်။

× × × × ×



မေတို့ရောက်သွားချိန်မှာ ပိုး ၏ မွေးနေ့ပွဲမှာ လူစုံနေသလောက်ရှိနေပြီ။ အနားကပ်မှ ပျာလောင်ခတ် အောင်လှုပ်ရှားပြီး အပြေးအလွှား လုပ်တတ်သည့် 'မေ' အကျင့်အတိုင်းအားလုံးထက် နောက်ကျစွာ ရောက်ရှိ လာသည်။

မေ့ကို စောင့်ရလွန်း၍ စိတ်မရှည်တော့သော မိဓံ မျက်နှာပုပ် နှုတ်ခမ်းစူနေပြီ"

"မသွားချင်လို့ဘဲ တော်တော့တယ် ... ဒီပုံနဲ့ ရှင်ကို မော်ဒယ်လို့ပဲ ထင်မှာသိလား"

အနက်ရောင်နှင့် ငွေရောင်ရောသော အပွင့် များခက်ထားသည့် ပိုးပျော့ပျော့ထူထူအသားကို လက် ရှည် အသားကပ် ဂါဝန်ရှည်လေးချုပ်ထားသည့် 'မေ' ကိုကြည့်ပြီး မိဓံပြောတော့ လှဲ့လှဲ့လေးပြုံးကာ ...

"ဒါက ကိုယ့်စတိုင်လ်ဘဲ ... မတတ်နိုင်ဘူး"

လည်တိုင်ကျော့ကျော့မှာ မဟူရာကျောက်ကြိုး အမည်းလေးကို ခပ်လျော့လျော့လေး ဆွဲထားသည်။ မဟူရာ ရောင်နှင့် ငွေရောင်တို့ရော၍ တဖျပ်ဖျပ်လက် နေသည်။

"ကျုပ်ကို အပြစ်တင်မနေနဲ့ ... မြန်မြန်လာ၊ နောက်ကျနေပြီး"

ဟု ဆိုကာ မိဓံလက်ကိုဆွဲပြီး ခန်းမထဲဝင်လာ

သည်။

"ဟယ် ... လှလိုက်တာမေရယ်၊ မေ့ကိုယ်လုံး လေးက ကျောရှင်းနေတာပဲ"

'မေ' တို့ကို ဆီးကြိုပြီး 'ပို' က လိုက်လိုက်လှဲလှဲ ပြောနေသည်။ ဆူညံရယ်မောပြောဆို နေကြသည့် ပရိသတ် တွေအားလုံး 'မေ' တို့ဝင်လာကတည်းက ငြိမ်သက်သွား သည်။လူအများစု၏ အကြည့်တွေက မေတို့နှစ်ယောက်ဆီ သို့ရောက်ကုန်သည်။

ခပ်ကျယ်ကျယ် ပြောလိုက်သည့် 'ပိုး'၏ စကား ကြောင့်လူတွေပို၍ ဝိုင်းကြည့်ကြသည်။ 'မေ' တို့နှင့် တစ်ကျောင်းတည်း တက်ခဲ့သော သူငယ်ချင်းတွေက နှုတ်ဆက်ကြသည်။

"နင်သိပ်လှတာပဲ မေ"

ဖွဲ့ခေါ် ဖွဲ့သူရနှင့် ဘိုဘိုမင်းတို့က ဝိုင်းပြောကြ သည်။

"ကျောင်းတုန်းကနဲ့ တခြားစီပဲ .... ကျောင်းမှာ တုန်းက နင်ကအလှမပြင်ဘူး၊ စာပဲကြိုးစားတာ"

အမြဲတမ်းမျက်နှာပြောင်နှင့် နေတတ်သော 'မေ' အသွင်နှင့်ယှဉ်ကာ 'ဖွဲ့'က ပြောလိုက်ခြင်းပင်။

"အခု တို့တွေအသက်ကြီးလာပြီဟ၊ လူ့ဆို တော့ ပန်းပန်ရသတဲ့"



မေကလည်း နောက်နောက်ပြောင်ပြောင် ပြန်ပြော လိုက်သည်။

"ငယ်ငယ်တုန်းကထက်တော့ ကြီးလာတာ ပေါ့၊ ဒါပေမယ့်တို့တွေ ငယ်ပါသေးတယ်၊ အိမ် ထောင်ရက်သားတောင် မကျသေးဘူး"

ဘို၏ အပြောကြောင့် အားလုံးဝိုင်းရယ်ကြ သည်။

"တို့က ချစ်သူတောင်မရှိသေးဘူး"

သိမ်သိမ်မွေ့မွေ့ လေးပြုံးပြီး 'မေ' ပြောတော့ မယုံဘူးဟု ဝိုင်းအော်ကြသည်။

"အချစ်ဖန်တီးရှင် စာရေးဆရာမကြီးမှာ ချစ်သူမရှိ ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

ငယ်သူငယ်ချင်း 'စိုးစိုး'နှင့် 'စုစု'က မေ့ပခုံးလေး ကို ဖက်ကာဝိုင်းပြောကြသည်။ သူတို့ သူငယ်ချင်း အုပ်စုအဖွဲ့ကျသွားပြီမို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်စ နေကြသည်။ ပြီတော့ တဟားဟား၊ တဝါးဝါး ရယ်နေကြ သည်။

"ပိုးက သိပ်လှတာပဲ၊ တီဗွီပေါ်မှာ ပိုးပုံ ပေါ်လာတိုင်း ဂုဏ်ယူနေရတာ"

သူတို့အနားမှာ လာထိုင်နေသည့် ပိုးကို တစိမ့် စိမ့်ကြည့်ပြီး မေချီးကျူးလိုက်သည်။ ပိုး အပြုံးက

ရွှန်းလဲ့တောက်ပသည်။

"တို့သူငယ်ချင်းတွေက စုံတယ်၊ စာရေ
ဆရာမ၊ မော်ဒယ်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေ
လုပ်ငန်းရှင် အဆိုတော်"

'ဘို'က တစ်ယောက်ချင်း ရေတွက်ပြနေသည်
ပြောရင်းဆိုရင်းပင် သူတို့နှင့်တစ်တန်းတည်းဖြစ်သေ
စတီရီ ယိုအဆိုတော် 'ချိုမိုင်' ဝင်လာသည်။ ငြေ
သည်တော်တို့၏ အကြည့်တွေ 'ချိုမိုင်' ဆီရောက်
သွားသည်။ စပို့ရှပ် အဖြူ၊ဂျင်းဘောင်းဘီလေးန
'ချိုမိုင်' အသွင်က ရိုးရိုးလေး နှင့်ကြည့်ကောင်းသည်
ကျောင်းတုန်းကလိုပင် သူ့မျက်နှာ လေးက နုနုနယ်န
ရှိနေဆဲ၊ဘွဲ့ရပြီးခါစအရွယ်တွေမို့ အသက် တွေ
လည်းငယ်ကြသေးသည်ပဲ။ လှိုင်းတွန့်ခပ်ပြေပြေ ဆံ
လေးတွေကို ခပ်ရှည်ရှည်ထားသည့်အတွက် ကပိုက
အသွင်နှင့်တစ်မျိုးဆွဲဆောင်မှုရှိသည်ဟု 'မေ' ေ
သည်။

"ဟေး ... မိုင်"

သူငယ်ချင်းတွေအားလုံး ဝိုင်းအော်ကြသည်
'ပိုး' က ချိုမိုင့်ကို ဆီးကြိုပြီး 'မေ' တို့ဝိုင်းသွားေ
ချပေးသည်။



"မေကို မတွေ့ရပေမယ့် မေ့ဝတ္ထုကို အလွမ်း
ပြေဖတ်ရပါတယ်"

'မေ' ဆီသို့ တန်းဝင်လာပြီး ချိုမိုင်ပြောသည်။

"နင့်လိုပါပဲ ... နင့်ကိုလွမ်းတိုင်း နင့်သီချင်းတွေ
ည်းပဲဖွင့်ပြီး နားထောင်နေတာ"

ချိုမိုင့် မျက်နှာပြုံးသွားသည်။

"ဟုတ်ရဲ့လားမေရယ်၊ ငါ့သီချင်းကို နား
ထောင်ဖို့ နင့်မှာ အချိန်ရှိလို့လား"

"ရှိတာပေါ့ ... ငါကဝတ္ထုရေးရင် ကက်ဆက်
မြဲ ဖွင့်ထားတာ ... နင့် သီချင်းခွေတွေ ငါ့စားပွဲပေါ်မှာ
ပုံလိုက်"

"ဒီနေ့အဖို့ စိတ်ချမ်းသာသွားပြီ"

ဟု ပြောကာ ချိုမိုင် မိဇံဘက်သို့လှည့်ပြီး ...

"နိုင်ငံခြားကို အိမ်ဦးနဲ့ကြမ်းပြင်လို သဘော
ားပြီး သွားနေတဲ့ အစ်မကြီးက ငြိမ်လှချည်လား ...
ယ်သူ့ကို စိတ်ကောက်နေတာလဲ"

ဟု မေးလိုက်သည်။ မိဇံတို့အဖေဖေက ကုမ္ပဏီ
ထောင်ထားသည်။ နိုင်ငံခြားနှင့် ဆက်သွယ်ရောင်း
ယ်သည့် ကိစ္စတွေအတွက် နိုင်ငံခြားသို့ မိဇံမကြာ
ာသွားရသည်။ မိဇံက အေးအေးဆေးဆေး နေတတ်

ပေမယ့် အလုပ်လျှင် ပတ်သက်လာလျှင် ချက်ချက် ချာချာရှိသည်။ ရဲရဲရင့်ရှိသည်။

တစ်ခါတစ်ရံ'မေ' ပင်မိဇံထံမှ နည်းယူအတုခိုးရသည်။

"ကျုပ်ကို စိတ်ကောက်နေတာ၊ ကျုပ်အလုပြင်တာကြာလို့တဲ့"

ရယ်ကျဲကျဲလုပ်ကာ မေပြောတော့ မိဇံမျက်စောင်းထိုးသည်။

"သူ့ကို ကျုပ်က မှင်တို့နဲ့တွေ့အောင် မနည်းချော့မော့လို့ ... ရွှန်းရွှန်းဝေနေတာပဲ ... အနုပညာသမားတွေပီပီ အလွမ်းသယ်နေလိုက်ကြတာ"

သဘောကောင်းပြီး အနှံ့အဟာခံသလောက် အပေါက်ဆိုးသည့် မိဇံ၏သဘာဝအတိုင်း ဘုတောနေသည်။ မိဇံပြောတော့မှ ဖွဲ့နှင့်ဘိုတို့အုပ်စုက လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

"မိဇံပြောတာမှန်တယ်"

ဟု တခဲနက်ထောက်ခံကြသည်။ ချိုမိုင်နှင့်မေတို့ အလွမ်းသယ်နေပုံကို အမြင်ကတ်ကတ်နှင့် ဝိုင်းပြောကြသည်။ အားလုံးကို မျက်စောင်းဖွ ဖွလေးထိုးပြီး 'မေ'က



"နင်တို့ကလဲ အူတိုလိုက်တာ၊ ယောကျ်ား ဟုတ်သလိုပဲ၊ ပိုလွမ်းပြရမှာပေါ့ဟဲ့၊ သူနဲ့ငါက ရန်ဖြစ်ဖက်ဟဲ့၊ ဘယ်တုန်းကမှ မတည့်ခဲ့တာ"

ဟု ပြန်ပြောလိုက်တော့ အားလုံးကျေနပ်သွားကြသည်။ ကျောင်းမှာတုန်းက မေနှင့်ချိုမိုင်က တစ်ယောက် ကိုတစ်ယောက် ကြည့်မရကြ၊ ချိုမိုင့်ကို ပျော့ပျော့ ကောင်မလေးဟု ဆိုကာ မေက အလေးသား။ မေ့ကိုလည်း ချိုမိုင်က ဘဝင်မြင့်မြင့် ခပ်စွာစွာ ကောင်မလေးအဖြစ် သတ်မှတ်ခဲ့သည်။

နေ့တိုင်းရန်ဖြစ်ရသည့်အတွက် ရန်ဖြစ်ရင်းနှင့် လိုလို ရင်းနှီးလာကြသည့် ထင်ပါရဲ့။ မေသည် ချိုမိုင့် ချင်းကလေးတွေကို နှစ်ခြိုက်ဂုဏ်ယူစွာနှင့် အားပေးခဲ့သည်။မေ့ဝတ္ထုတွေကိုလည်း ချိုမိုင်က တလေးစား အားပေးခဲ့သည်။

"နင်က ဘာဝတ္ထုတွေရေးတာလဲ မေ"

ဘိုက နောက်နောက်ပြောင်ပြောင်မဟုတ်ပဲ ကယ်မသိသည့် ဟန်နှင့်မေးလာသည်။

"ဒုက္ခပါပဲ ... ဒီနေရာမှာတော့ ချိုမိုင်နဲ့ကွာ သွားနဲရော"

"ငါ့အလုပ်က သဘော်သား၊ ပင်လယ်ထဲမှာ ကြည့်နေရတာ၊ နင့်ဝတ္ထုတွေကို ဘယ်ဖတ်ဖြစ်ပါ့

မလဲဟဲ့။ ဒါပေမယ့် နင်စာရေးဆရာမကြီးဖြစ်နေတဲ့ အကြောင်းသိရတော့ ပင်လယ်ထဲမှာ မျောနေရင်း တို့မှာ ပျော်လိုက်ရတာ"

ဘိုနှင့်ဖွဲ့က နိုင်ငံခြားသဘော်သားတွေမို့ ဆုံစည်းရန် ခက်ခဲသည်။ ကျောင်းမှာတုန်းက သူတို့ နှစ်ယောက်သည် မေနှင့်မိဖ၏ဒဏ်ကိုအခံရဆုံး ဖြစ်သည်။ သူတို့လေး ယောက်သည် အတူတတွဲတွဲ ရှိနေတတ်သည်။

ဘိုက ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. မပြောတတ်သလို ဖွဲ့ကလည်း စကားနည်းသည်။ သူငယ်ချင်းကို ချစ်သည့်စိတ်နှင့် ကြိုးစားပြီး ဖွဲ့.နွဲ့.ပြောလိုက်ပုံကို သဘော ကျကာ မေ အားရပါးရ ရယ်မောလိုက်သည်။

"ကောင်စုတ်တွေ၊ မုန်းစရာကောင်းလောက် အောင် စကားတတ်နေလိုက်တာ၊ ဘယ်ကတတ်လာ တာလဲ"

"ပြောရမယ်ဆိုရင် မေရယ်၊ သမုဒ္ဒရာကို မင် ရည်လုပ်ပြီးစာဖွဲ့.နေရတဲ့သူတွေက ကျုပ်တို့ သဘော် သားတွေပါ။ ပင်လယ်ပြင်ကြီးကိုကြည့်ပြီး လွမ်းချင် တွေအများကြီး ရေးဖြစ်ခဲ့တာ စိတ်ထဲမှာပြောတာ"

တည်တည်ငြိမ်ငြိမ်ဟန်နှင့် ဖွဲ့ ဝင်ပြောသည်။ ဖွဲ့နှင့်ဘိုတို့လို သဘော်သားဘဝကို မေနားလည်



ခံစားနိုင်ပါသည်။

"သိပြီ၊ နောက်တစ်ခါဝတ္ထုရေးရင် ငါ့ ဇာတ် လိုက် ကိုသဘော်သား လုပ်နိုင်းမယ်"

သူ့စကားအဆုံးမှာ အရာရာကို အမြဲတ်ထုတ် တတ်သော စာရေးဆရာမပီပီ မေထုတ်ပြောလိုက် သည်။

"ဟေး ... မျက်နှာမလိုက်နဲ့၊တို့လို အဆို တော်လေးတွေရဲ့ အချစ်ကိုလဲဖွဲ့.ဦးကွာ၊ပြီးတော့ မိဖတို့ လို စီးပွားရေး သမားတွေ အကြောင်းလဲရေးဦး ..."

ပိုးနှင့်စကားပြောနေရာမှ အားကျမခံ ချိုမိုင် လှမ်းပြောသည်။ မိဖက မျက်စောင်းတစ်ချက်လှမ်းထိုး ပြီး ရှုပွစုပွလုပ်ကာ ...

"မလုပ်နဲ့၊ သူရေးရင် ငါပျက်မှာ"

ဟု ပြန်ပြောတော့ အားလုံးဝိုင်းရယ်ကြသည်။

"အရုပ်ပုတဲ့အကြောင်း၊ စားပုတ်တဲ့အကြောင်း ရေးပစ်လိုက်စမ်း"

ဘို ၏ အစကို မိဖက မခံမရပ်နိုင်ဖြစ်ကာ ဘို ကျောကို လှမ်းထုလိုက်သည်။

"ငဘိုနော်...ငါ့ကိုမစနဲ့...နင့်အသည်း ဟက် တက်ကွဲခဲ့တဲ့အကြောင်းပြောလိုက်ရမလား"

ဘို မျက်နှာအပျက်ပျက်နှင့် လက်ဝါးကလေး

ကာပြသည်။ ကြေကွဲစရာကောင်းသော ဘိုအသည်းကွဲ ဇာတ်လမ်းကို မိဇံမှတစ်ဆင့် မေ ကြားဖူးသည်။ ဘို ကို အေးအေးဆေးဆေးကျမှ မေးမြန်းပြီး ဇာတ်လမ်း တစ်ပုဒ်ရအောင်ယူမည်ဟု မေ တွေးနေမိသည်။

"ငါ့ဇာတ်လမ်းကို နောက်မှပြောပြမယ်"

မေ့ဘက်သို့လှည့်၍ ဘိုပြောသည်။

"မိဇံပြောရင် ငါ့ဇာတ်လမ်းပျက်မှာ"

ဟုလည်းသွေ့ခြောက်တိုးတိတ်သည့် လေသံ နှင့်ပြောသည်။ သူ့ကိုကြောက် ၍ မျက်နှာပျက်နေသည့် ဘိုကိုကြည့်ပြီး မိဇံရယ်နေသည်။ ပိုး ကတော့ မော်ဒယ် အလှမယ်လေးပီသစွာ အရယ်အပြုံးလှပအောင် သတိ ထားသည်။ သူတို့အဖွဲ့ကတော့ သူများမွေးနေ့ပွဲမှာ စုဝေး၍ အော်ကြီးဟစ်ကျယ်ပြောဆို နောက်ပြောင် နေကြသည်။

ပိုး၏ မွေးနေ့ပွဲကို လာကြသည့် မော်ဒယ် လေးတွေကို ငေးကြည့်လိုက်ကြ၊ဝေဖန်လိုက်ကြနှင့် စကားတွေ ဖောင်ဖွဲ့ကာ ပျော်မဆုံးဖြစ်နေကြသည်။ အဆိုတော်နှင့် ရုပ်ရှင်မင်းသား၊မင်းသမီးတွေ တချို့ တလေရောက်လာကြသည်။ မေတို့အဖွဲ့က ကိုယ့် အုပ်စုနှင့်ကိုယ် ဝေးကွာနေသည့်သူငယ်ချင်းတွေ ပြန် ဆုံကြရသည့်အတွက် ကိုယ်အချင်း ချင်း စိတ်ဝင်စား



ကြသည်မို့ သိပ်ဂရုမထားမိ။

"ကြော်ငြာမင်းသမီး မီးဇာ ...တို့ထက် နောက် ကျတဲ့ သူရှိသေးတယ် မေရေ"

မိဇံလက်ကုတ်ပြီး ပြောလိုက်သည့်အတွက် မေ လှည့်ကြည့်လိုက်သည်။ ဝိုင်း၍ရယ်မောနေကြသော သူတို့ အဖွဲ့လည်း ခေတ္တမျှ ငြိမ်သက်သွားသည်။

လှပကျော့ရှင်းသော မော်ဒယ် 'မီးဇာ'နှင့် ကပ်လျက်ပါလာသူကို မြင်လိုက်ရတဲ့ မေ ရင်ခုန်ခြင်း တို့ ရပ်တန့်လုမတတ်ဖြစ်သွားသည်။ မီးဇာနှင့်အတူ တွဲ၍ လာသူက မေ တိတ်တခိုး မျှော်လင့်နေခဲ့သော ဦးမြင့်မိုရ် ဖြစ်နေသည်။

ဦးမြင့်မိုရ်သည် သုံးဆယ်ငါးဆယ်ဆိုသည့် အသက်ထက်ပို၍ ရင့်ကျက်သော အသွင်ကို ဆောင်နေ သည်။ ရင့်ကျက်သော်လည်း သူ့ပုံကတည် ငြိမ်ခြင်း စွမ်းအားအပြည့်နှင့် ချောမောနေသည်။ 'မီးဇာ' နှင့်သူ အတူတွဲ၍ပါလာခြင်းက ပရိသတ်ကိုပို၍ ငြိမ် သက် သွားစေ သည်ဟု မေ နားလည်လိုက်သည်။

မေနှင့်အကြည့်ချင်းဆုံသွားတော့ အံ့သြရိပ် ဖျတ်ခနဲပေါ်သွားပြီး ချက်ချင်းပင် ပုံမှန်အသွင်သို့ ကူးပြောင်းသွားသည်။ ပုံမှန်အတိုင်း ဆက်လျှောက်လာ ရာမှ မေ့အနားသို့ ဖြတ်အလျှောက်တွင် မေ့ကို နူးညံ့

စွာပြုံးပြသွားသည်။

ခံစားချက်ပြင်းထန်နေ၍လား၊ အံ့သြမှုလွန်ကဲနေ၍ လားမသိ မေ့မှာ သူ့အပြုံးကို တုံ့ပြန်နိုင်သည့် အင်အားမရှိပါ။ ခံပြင်းစိတ်၊ တုန်လှုပ်စိတ်ကို မြိုသိပ်ကာ မျက်နှာထားတည်တည်လေး ဖြစ်အောင်အတတ်နိုင် ဆုံးဖန်ဆင်းထားလိုက်ရသည်။

"ဦးမြင့်မိုရ် ... မီးဇာနဲ့ တွဲနေပြန်ပြီ"

ဆိုသည့် တီးတိုးစကားသံတွေကို မေတို့နှင့်ကပ်နေသော အနုပညာဝိုင်းမှ ကြားနေရသည်။ မီးဇာတို့စုံတွဲနေရာယူပြီးသည်အထိ မျက်နှာမလွှဲဘဲ မျက်နှာထားတည်တည် တင်းတင်းလေးဖြစ်နေသော မေ ကို မိဖ အကဲခတ်နေသည်။

"ရှင်က မီးဇာရဲ့လူနဲ့ သိနေပါလား ... သူက ရှင့်ကို ပြုံးပြသွားတယ်"

သူ့နားကိုကပ်ပြီး မိဖပြောသည်။ သည်တော့မှ သူ့မျက်နှာထားကို ပြင်ကာ ဘာမှမဖြစ်သလို ပြုံးလိုက်သည်။

"ကျုပ်အိမ်ဒေါ်ဘားကခြံကို ဝယ်လိုက်တဲ့သူလေ၊ ကျုပ် နဲ့တစ်ခါတွေ့ဖူးတယ်"

"သြော် ... ဟုတ်လား၊ကျုပ်ကိုတောင် မပြောဘူး"



"တစ်ခါပဲတွေ့ဖူးပြီး အခုမှထပ်တွေ့တာ"

"ရှင့်ကိုတော့ မှတ်မိသားပဲ၊ သူကတော့ ရှင့်အတွက် ကုန်ကြမ်းပဲ ဝတ္ထုရေးလို့သိပ်ကောင်းမှာ သူ့မှာ ဇာတ်လမ်း တွေအများကြီးပဲ"

ဒေါသရိပ်အနည်းငယ် လွှမ်းသည့်မျက်ဝန်းများဖြင့် မိဖကို ပြန်ကြည့်လိုက်မိသည်။ ဦးမြင့်မိုရ်အကြောင်းကို မိဖသိနေသည်အချက်က မေ့ကို မသက်မသာဖြစ်စေသည်။ မေသည် သူ့တွက်ဘာကြောင့် မခံချင်ဖြစ်နေရပါသလဲ။ သူ့စရိုက်မှန်ကို သိလိုက်ရသည့်အတွက် ဘာကြောင့်ကြေကွဲခံစားနေရပါသလဲ။ သချိုသမားပီပီ အဖြေကို အမြန်ရ လိုဇောနှင့်မောနေသည်။

"သူ့မှာ မိန်းမနဲ့ကလေးတစ်ယောက်ရှိတယ်၊ကွဲ သွားပြီလို့ ပြောကြတယ်။ မီးဇာနဲ့တွဲနေပြန်ပြီရုပ်တော့ ဖြောင့်တယ်နော်၊ ဆွဲဆောင်မှုအပြည့်ပဲ"

မိဖက တတွတ်တွတ်နှင့် ပြောနေသည်။ မိဖစကားသံတွေက သူ့နလုံးအိမ်ထဲသို့ ပုလောင်စွာစီးဝင်သွားသည်။

မေဘာမှ မတက်နိုင်တော့ပါလား ဦးမြင့်မိုရ်ရေ၊ ရှင့်ကိုအောင်မြင်သော လူရှုပ်လူပွေကြီးအဖြစ် လက်ခံလိုက်ရတော့မယ်လေ။

သူ့ဘက်သို့ လှည့်မကြည့်မိအောင် ကြိုးစား

ရှင်း သံပတ်ရပ်သွားသော အရုပ်ကလေးတစ်ရုပ်လို တိတ်ဆိတ်ငြိမ်သက်သွားသည်

"ငြိမ်လှချည်လားမေ ... စားရင်းသောက်ရင်း စကားပြောရအောင်"

မေ့ငြိမ်သက်ခြင်းကို ရိပ်မိသွားဟန်ရှိသော 'ဗွဲ' က ပြန်လည်အသက်ဝင်လာအောင် စကားစမေးလိုက်သည်။

"သူကုန်ကြမ်းရသွားလို့ ဓာတ်အိမ်ဖွဲ့နေတာ၊ မီးဓာ တို့စုံတွဲကိုလေ"

မိစံ ပြောတော့ အားလုံးခေါင်းညိတ်ကြသည်။

"ဝတ္ထုရေးလို့ကောင်းမှာပဲ၊ မီးဓာက တက်သစ် စ မော်ဒယ်လေး၊အရွယ်က ခပ်လှုပ်လှုပ်အရွယ် ဦးမြင့်မိုရ်က အတွေ့အကြုံရှိပြီးသား စီးပွားရေးသမား"

မော်ဒယ်အလှမယ် တစ်ဦးဖြစ်သော ပိုး ဝင်ပြော လိုက်ခြင်းပါ။ ပိုးကတော့ မော်ဒယ်အချင်းချင်းမို့ မီးဓာနှင့် ဦးမြင်းမိုရ်အကြောင်းကို ပို၍သိပေမည်။ ပိုးစကားကြောင့် မီးဓာတို့နှစ်ယောက်ကို စိတ်ဝင်စားလာကာ သူတို့အဖွဲ့သားတွေ လှည့်ကြည့်လှည့်ကြည့်လုပ်ကာ အကဲခတ်နေကြသည်။

"ဟော့ ... ဟော့ ... ရှင့်ဓာတ်လိုက်ကြီးက ရှင့်ကိုပဲကြည့်နေတယ်တော့ အံ့သြစရာပဲ"



ခပ်တိုးတိုးပြောလိုက်သော မိစံစကားကြောင့် တုန်တုန် ခိုက်ခိုက်ဖြစ်ကာ ဖျတ်ကနဲလှည့်အကြည့်တွင် သူ့မျက်ဝန်းများနှင့်အကြည့်ချင်းဆုံသည်။ ချက်ချင်းပင် စိတ်ကိုတင်း၍ မျက်နှာကို 'ဘို' တို့အုပ်စုဘက်သို့လှည့်ပစ်လိုက်သည်။ ပြီးတော့ နာကျင်မှုတိုင်းကို ဟန်ဆောင်မြို သိပ်ကာ မာနဖြင့်ဖုံးလွှမ်းတတ်သော မေ့စရိုက်အတိုင်း 'ဗွဲ'တို့အုပ်စုနှင့် ရယ်ရယ်မောမော စကားတွေဆက် ပြောနေလိုက်သည်။

ဗွဲတို့အုပ်စုက မေ့ကို အမျိုးမျိုးစကြနောက်ကြသည်ကို ကိုယ်လေးလှုပ်ယမ်းသွားသည့်အထိ ရယ်ပစ်လိုက်သည်။ စကားသံကိုလည်းမြှင့်ကာ ရယ်သံကိုသူ့ထံသို့ အရောက် လွှင့်ပျံ့သွားစေသည်။

မေ တစ်ယောက်သိပ်ပျော်နေသည်ဟု ဦးမြင်းမိုရ် ခံယူစေချင်သည်လေ။ ချိုမိုင်၏ သီချင်းကလေးတွေ အကြောင်းကို စိတ်ဝင်စားစွာ ဆွေးနွေးဟန်ကိုလည်း သူမြင်စေချင်သည်။ ခံစားမှုအတွက် အနည်းငယ်မျှ မညှိုးနွမ်းတတ်သော မာနမင်းသမီး မေအဖြစ် ဖန်ဆင်းလိုက်သည်လေ။

ဗွဲနှင့်ဘိုက အရင်ထွက်သွားပြီး အတော်ကြာမှ မေ နှစ်ယောက် ပိုးကိုနှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ပိုးက မေတို့နှင့် လာပြီး စကားတွေအကြာကြီး ပြောနေ

သည့်အတွက် ဆက်ထိုင်နေရသော်လည်း ဖြစ်နိုင်လျှင် သည်မွေးနေ့ပွဲမှာ အမြန်ဆုံးထွက်သွား ချင်သည်။

ကားသော့ကို ထိုးသွင်းပြီးစက်နှိုးသည်။စက်နှိုး၍မရ၊ မေနှင့်မိဖိတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အကြံရခက်နေသည်။

"ဆီရှိရဲ့လား"

"ဆီလဲရှိတယ်"

"ကားပျက်ပြီထင်တယ်"

စိတ်ပျက်လက်ပျက်နှင့် မိဖိဆိုသည်။

"သော့ကြောင်နေတာထင်တယ်၊ တစ်ခါမှ တော့မဖြစ်ဘူး"

ညည်းညည်းညူညူနှင့် 'မေ' ပြန်ပြောသည်။

" မိန်းကလေးဖြစ်ပြီး ကားမောင်းရတာ မကောင်းပါဘူး ကားစက်နှိုးမရရင်ပျာရော"

"မိန်းကလေးဖြစ်ပြီး ကားမောင်တော့ ပြဿနာမရှိပါဘူး မေ့ အတွက်ယောကျ်ားတွေရှိနေတာပဲ"

မေ့ စကားအဆုံးမှာ ထွက်ပေါ်လာသောအသံနှင့်အတူ ဦးမြင့်မိုရ်၏ တောက်ပသောအပြုံးကိုတွေ့ရသည်။ သူနှင့်ကပ်လျက် မီးဇာပါလာသည်။

"မေ ခဏဖယ်၊ကျွန်တော် နှိုးကြည့်မယ်"

သူ့စကားကို ငြင်းဆန်မနေတော့ဘဲ ဖယ်ပေး



လိုက်သည်။ကားစက်ကို သူနှိုးကြည့်နေသည်။ တစ်ချက်နှစ်ချက် နှိုးလိုက်ရုံနှင့်စက်နှိုးသွားသည်။ သူဖယ်ပေးတော့ ကားမောင်းသူနေရာမှာ 'မေ'ဝင်ထိုင်လိုက်သည်။

"သော့ကြောင်တာ" ဟု မေ ပြောတော့ မေ့ မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်ကာ

"သော့ကြောင်တာ မဟုတ်ဘူး ... လူကြောင်တာ"

ဟုပြန်ပြောသည်။

မေသည်ရှင်ပျူလန်းဆန်းစွာ ရယ်မောလိုက်ပြီး

"ဟုတ်တယ်၊လူကလဲခပ်ကြောင်ကြောင်ပဲ"

ဟု ပြန်ပြောလိုက်သည်။

"ကျေးဇူးပဲမေ"

သူနှုတ်ဆက်လက်ပြရင်း ဆိုတော့ကျေးဇူးစကားမပြောသည့်အတွက်ထောင်ငေါ့လိုက်သည် ဟု ယူဆမိသည်။

"ဆောရီးပဲ...ကျေးဇူးတင်တယ်၊ 'မေ' ပြောဖို့ မေ့သွား လို့ပါ"

"မဟုတ်ဘူး၊ကျွန်တော်ကမေ့ကို ကျေးဇူးတင်တာ။ 'မေ' နဲ့ပြန်တွေ့ရလို့ ကျွန်တော်ပျော်သွားတဲ့အတွက် မေ့ကို ကျေးဇူးတင်တယ်"

မေ့ကိုစိုက်ကြည့်နေသော သူ့အပြုံးဝေဆာနေဆဲမှာ မီးစာမျက်နှာလေး သုန်မှုန်နေသည်မို့ သူ့ကိုလက်ပြပြီး ကားကိုစက်ကုန်ဖွင့်ခဲ့ရသည်။

"ကားမောင်းကြမ်းလှချည်လား မေ၊ မေစိတ်ဆိုးနေလား၊ စိတ်လှုပ်ရှားနေတာလား"

သူ့အကြောင်းကို နောကျေအောင်သိနေသူ မိဇံက မေးတော့လည်း သူစိတ်လှုပ်ရှားနေရကြောင်းကို ဝန်မခံချင်။လှုသိမှာစိုးသည်။

"ငါက ဘာဖြစ်လို့ စိတ်လှုပ်ရှားရမှာလဲ၊ အခိပ္ပာယ်မရှိတာ"

ခပ်ဆတ်ဆတ်ကလေး ပြန်ပြောပြီး ကားအရှိန်ကို လျှော့မောင်းကာ သက်ပြင်းကို ပန်းလျှစ္စာချလိုက်မိသည်။

မိဇံကို လိုက်ပို့ပေးပြီး စိတ်ကိုဖြေလျော့ကာ ကားကို ခပ်ဖြည်းဖြည်းမောင်းလာသည်။ အိမ်နားရောက်ခါနီးမှ သတိပြုလိုက်မိသည်။ သူ့နောက်မှ ကားတစ်စီးလိုက်လာသည်။ ကားအရောင်ကို ကြည့်ရုံနှင့် ဦးမြင့်ပဲ့ရဲကားမှန်း သိလိုက်သည်။

တောက်တစ်ချက်ခေါက်ကာ နှုတ်ခမ်းကိုဖိကိုက်ထားလိုက်မိသည်။ ကားအရှိန်ကိုမြှင့်ကာ ခပ်မြန်မြန်မောင်းလာခဲ့သည်။ အိမ်ရောက်သည်နှင့်အခန်းထဲ



တန်းဝင်ခဲ့သည်။

ဦးမြင့်မိုရ်၏ အိမ်သည် မီးတွေနှင့်ဂိန်နေသည်။ အပေါ်ထပ်အိပ်ခန်းက မေ့အိပ်ခန်းနှင့် တည့်နေသည်။ တစ်ခန်းလုံးကို မီးတွေဖွင့်ပြီး ခန်းဆီးတွေမကာတံခါးဖွင့်ထားသည်။

မေက ပြတင်းတံခါးကို ဆောင့်ပိတ်ကာ မီးတွေမှိတ်ပစ်လိုက်သည်။ အိပ်ရာပေါ်တွင် ငြိမ်သက်စွာလဲလျောင်းရင်း ကိုယ်နှင့်မဆိုင်သော ယောကျ်ားတစ်ယောက်အတွက် နာကျင်ပန်းလျှစွာ ခံစားနေမိသည့် မိမိကိုယ်ကို မကျေမနပ် ဖြစ်နေမိသည်။

မေ့ ရဲ့မာနတွေဟာ ကျိုးပဲ့ပျက်စီးကုန်ပြီလား၊ ထိုညအဖို့ တစ်ဖက်အိမ်တွင် တစ်ညလုံးလင်းထိန်နေသော်လည်း မေ့အိမ်တွင်မူ တစ်ညလုံးမှောင်မည်းနေသည်။ အိပ်မပျော်တာချင်းတော့ တူလေမည်လားမသိ။

ထိုညက စာရေးဆရာမလေး 'မေသံစဉ်' တစ်ယောက်ဝတ္ထုမရေးနိုင်ပါ။ ကိုယ်တိုင် ဝတ္ထုဖြစ်သွားသောကြောင့် ဖြစ်ပါသည်။

× × × × ×

"စာရေးဆရာမ မေသံစဉ် ရှိပါသလား"

အိမ်ရှေ့တွင် ကားထိုးဆိုက်လာပြီး ကားမှန်ထဲမှ လှမ်းမေးလိုက်ခြင်းပါ။

ကြည်လင်သော အသံရှင်က နူးညံ့စွာပြုံးရင် မေးသည်။

"ဟုတ်ပါတယ်၊ ကျွန်မက မေသံစဉ်ပါ"

သူ့မျက်နှာပေါ်မှာ အံ့သြရိပ်ပြေးသွားပြီး...

"အို...ဟုတ်လား၊ ကျွန်တော်က မထင်ဘူး။ မေသံစဉ် ဟာငယ်ရွယ်တဲ့ စာရေးဆရာမလေး ဖြစ်လိ မယ်လို့တော့ ထင်ပါတယ်။ ဒါပေမယ့် ဒီလောက်င လိမ့်မယ်လို့တော့ မထင်ခဲ့ဘူး"

ယဉ်ကျေးဖော်ရွေသောအပြုံးနှင့် ကားပေါ် ဆင်းလာသည့် မျက်နှာနုနုလေးနှင့် ကိုလူချောသ နာမည်ကျော် ရုပ်ရှင်မင်းသား 'ဇင်ယော်' မှန်း သိလို သည်။

မေက ဦးဆောင်ပြီး ဧည့်ခန်းထဲသို့ ဝင်

သည်။

"မေသံစဉ် ရဲ့ဝတ္ထု 'အိပ်မက်ဦး' ကို ဗွီဒီယိုရိ ဖို့ဝယ်ချင်ပါတယ်"

မင်းသား၏အသံက နူးညံ့သိမ်မွေ့သ သူ့ရုပ်ရှင်တွေ၊ဗွီဒီယိုကားတွေကို ကြည့်စဉ်ကလ



သူ့အသံကို စွဲလန်းခဲ့ဖူးသည်။

"ဘယ်သူရိုက်မှာလဲ"

ပန်းဝေသီကိုပြည့်ဝပါ၊ကိုပြည့်ဝမအားလို့ ကျွန်တော် လာခဲ့တာပါ၊ ကျွန်တော်ရဲ့ ကုမ္ပဏီက ရိုက်မှာမို့ပါ"

ဖြည်းညင်းချိုသာစွာ ရှင်းပြနေသည်။

"ဘယ်သူ သရုပ်ဆောင်မှာလဲ"

"မော်ဒယ်မီးဇာနဲ့ ကျွန်တော်ပါ"

'မီးဇာ' ဆိုသည့် အသံကြားရုံနှင့် ရင်ထဲမှာ မီးတောက်ချင်လာသည်။ တစ်ဆက်တည်းမှာပင် မီးဇာနှင့် အတူတွဲလာသော ကိုယ်လူဆိုး၏ အသွင်ကို လည်း မြင်ယောင်လိုက်သည်။

"မေ့ရဲ့ဝတ္ထုကို မင်းသားဖတ်ပြီးပြီလား"

မင်းသားချောက ပြုံးလိုက်ပြီး သူ့အတက်ချိ ကေ့စ်ထဲမှ မေ့ဝတ္ထု 'အိမ်မက်ဦး' ကို ထုတ်ပြသည်။

သူ့ကို မေသဘောကျသွားသည်။

" မေ့ဝတ္ထုကို အကြိမ်ကြိမ်ဖတ်ပြီးပါပြီ၊ ကိုယ်တိုင်ခံစားပြီးမှ ဗွီဒီယိုရိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ"

အနုပညာလုပ်ငန်းတွင် တလေးတစားဆောင် ရွက်တတ်သော မင်းသားကို လေးစားမိသည်။

"မေ့ရဲ့ဇာတ်ဆောင် 'ဝေဇင်'က မင်းသားနဲ့

လိုက်ပါတယ်၊သရုပ်ဆောင်တာပီပြင်ဖို့ပဲ အရေးကြီးတယ်လေ"

မင်းသားက ကြီးကြီးကျယ်ကျယ်စကားတွေ ပြောနေသည့်သူ့အား မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီး ...

"ကျွန်တော်ကြိုးစားပါမယ် ဆရာမ"

"မေ့စကားက ကြီးကျယ်သွားလို့ ငေါ့တာလားဟင်"

မေ့ကို ဆရာမဟု ပြောင်းခေါ်လိုက်သည့်အတွက် သူ့ကိုယ်သူ ဆင်ခြင်လိုက်မိသည်။ စာရေးဆရာမဆိုပြီး သရုပ်ဆောင်မည့် သူ့အပေါ်ကြီးကျယ်ရာရောက်သွားသည် ထင်ပါရဲ့ ...

"မဟုတ်ပါဘူး၊ ဆရာမငယ်တော့ 'မေ' လို့ခေါ်လိုက်မိတယ်။ ဒါပေမယ့် ဆရာမက ရင့်ကျက်သူပဲ အနုပညာဖန်တီးရှင်ပဲ ဆရာမလို့ပဲ ခေါ်သင့်တာပေါ့၊ မငေါ့ရဲပါဘူး ဆရာမရယ်"

"ကျွန်တော် စာအုပ်ကလေးမှာ ဆရာမရဲ့ အမှတ်တရလက်မှတ်ကလေး ထိုးပေးပါလားဟင်"

သူယူလာသော အိပ်မက်ဦးဝတ္ထုစာအုပ်ကို ကမ်းပေးသည်။ စာရေးဆရာကို လေးလေးစားစားဆက်ဆံသည့် မင်းသားကို ကျေနပ်မိသည်။

"မေ ပေးထားတဲ့စာအုပ်မှ မဟုတ်တာ၊ မင်း



သားဘာသာဝယ်လာတဲ့ စာအုပ်ပဲ"

"ရပါတယ်၊ ဆရာမရဲ့လက်မှတ်ပါရင် ကျေနပ်ပြီ"

သူ့စာအုပ်ကိုယူပြီး မေ လက်မှတ်ထိုးပေးလိုက်သည်။ စာအုပ်ကိုပြန်ယူရင်း တစ်စုံတစ်ခုကိုပြောရန် ဉ်းစား နေဟန်ရှိသည်။

"ဆရာမကို တစ်ခုတောင်းဆိုပါရစေ"

သူ့အမူအရာကိုကြည့်ပြီး အရာရာတိုင်းမှာ အားနာ တတ်သောစိတ်ကို နားလည်လိုက်ရသည်။

"ဇာတ်ညွှန်းခွဲဖို့အတွက် ဆရာမတာဝန်ယူပေးနိုင်မလား"

ဇာတ်ညွှန်းတစ်ခါမှ မရေးခဲ့ဖူးတာအမှန်။ သို့ပေမယ့် မိမိဝတ္ထုကို မိမိဘာသာ ဇာတ်ညွှန်းရေးခြင်း ဖြင့် စာရေးဆရာ အလေးပေးလိုသော အပိုင်း၊ မှိန်လိုသောအပိုင်းတွေ ပိုပြီးတိကျလာမည်။ မင်းသားကို သည်း ကူညီချင်သည်။

"မင်းသားမှာ အခက်အခဲရှိရင်တော့ မေကူညီနိုင်ပါတယ်"

မင်းသားမျက်နှာပေါ်မှာ အပြုံးဖျော့ဖျော့လေး တ်ပြေးသွားသည်။

"ကျေးဇူးပဲ ဆရာမ၊ ဝတ္ထုဆရာက ပြဇာတ်

ညွှန်းရေးတော့ မူလဝတ္ထုရဲ့ အာဘော်ရသကို ပိုပြီး အလေးပေးနိုင်တာပေါ့"

မေ ခေါင်းကလေး ညင်သာစွာ ညိတ်ပြလိုက်သည်။

"သရုပ်ဆောင်တဲ့နေရာမှာလဲ ပီပြင်ဖို့လိုတယ်၊ ဇာတ်ဆောင်တွေရဲ့ စရိုက်ကိုလေ့လာပြီး ဇာတ်ဆောင်တွေရဲ့ ခံစားချက်ကို လိုက်ပြီးခံစားထားမှဖြစ်မှာ၊ ဒီကားကို ရိုက်နေချိန်မှာ ဇာတ်ဆောင် ဝေဇင်နေရာမှာဝင်ပြီး ခံစားနိုင်မှ ဖြစ်မယ်"

စိတ်ပါလက်ပါ ပြောနေသော 'မေ' မျက်နှာကို ရွှန်းလဲ့သော မျက်ဝန်းများနှင့် ငေးကြည့်ရင်း သေသေချာချာနားထောင် နေသည်။

"ဆရာမရဲ့ ဝတ္ထုကို ဖတ်ပြီးတော့ ကျွန်တော်ကိုယ် ကျွန်တော် ဝေဇင်ဖြစ်သွားတယ်၊ ကျွန်တော်ကိုယ်ကျွန်တော် ဝေဇင့်နေရာမှာ နေကြည့်တယ်၊ ခံစားကြည့်တယ်၊ ဝေဇင့်ရဲ့ အချစ်မျိုးကို ရင်ထဲမှာ မွေးကြည့်တယ်"

သူ့ဝတ္ထုကို ဂရုတစိုက် ခံစားဖတ်ရှုထားသည့် ပရိသတ်နှင့် တွေ့ရသည့်အတွက် 'မေ' ပျော်ရပါသည်။ အနုပညာဖန်တီးသူအနေနှင့် ပရိသတ်၏ ခံစားတုံ့ပြန်မှုကို မျှော်လင့်မြဲဖြစ်သည် မဟုတ်လား။



"ကျွန်တော် နားလည်လာတယ်၊ တကယ် ဘဝမှာ မရှိနိုင်တဲ့ အချစ်မျိုးကို အနုပညာရှင်တွေက ဖန်တီးပြနိုင်တယ်၊ဆရာမ ဖန်ဆင်းပြတဲ့ ဝေဇင်ရဲ့ အချစ်မျိုးက ဒီလောကမှာ မရှိနိုင်ဘူးလေ။ ဆယ်နှစ်ကျော် တစ်ယောက်ကိုတည်းပဲ စွဲချစ်နေတာလေ။ ဒါပေမယ့် မဖြစ်နိုင်တဲ့အချစ်ကို ကျွန်တော်ခံစားရတယ်၊ အဲဒီအချစ်ရဲ့ နူးညံ့မှု၊ နွေးထွေးမှုတွေကိုလည်း ခံစားရတယ်"

မင်းသား၏ လေးနက်သော ခံစားမှုစကားများကို သေသေချာချာ နားထောင်ရပြန်သည်။

"ဝေဇင့်လို အချစ်မျိုး ရှင့်မှာမရှိဘူးလား"

စကားကို ဖြတ်ပြီး မေ ဝင်မေးလိုက်တော့ သူ့အပြုံးပျက်ပြက်ကာ ခပ်တွေတွေလေးဖြစ်သွားသည်။ အတန်ကြာစဉ်းစားပြီးမှ ...

"ကျွန်တော့်မှာမရှိဘူး၊ ကျွန်တော့် ပတ်ဝန်းကျင်မှာလဲ မရှိပါဘူးလေ"

ရိုးသားစွာ ဝန်ခံလိုက်သော သူ့မျက်နှာက အပြစ်ကင်း စင်ရှင်းသန့်နေသည်။

"အချစ်ကို ရုပ်ရှင်ထဲမှာလို သရုပ်ဆောင်ကြည့်နေတာကိုး"

မေ့အမြင်ကို ပြောလိုက်တော့ သူခပ်ဖျော့ဖျော့

ပြုံးသည်။

"မင်းသားမှာ ဝေဖင့်လိုအချစ်မျိုးမရှိဘဲနဲ့ သရုပ်ဆောင်လို့ ဖြစ်ပါမလား၊ ဝေဖင့်လို အချစ်မျိုး မွေးဖို့လိုမယ်"

မင်းသား မျက်ခုံးပင့်တက်သွားသည်။

"ဒါဆိုရင် ဆရာမရဲ့ဝတ္ထုကို သရုပ်မဆောင်ခင် အချစ်တစ်ခုကို အရင်မွေးယူရဦးမှာပေါ့"

မေ သွက်လက်စွာ ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေါ့"

ခပ်ယဲ့ယဲ့လေးပြုံးပြီး ခေါင်းခါသည်။

သရုပ်ဆောင်ဖို့က လွယ်ပါတယ်၊ ဝေဖင့်လို အချစ်မျိုးမွေးဖို့မလွယ်ဘူး အချိန်ယူရမှာ ဆရာမ ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ဆိုရင် ကျွန်တော် ဆံပင်ဖြူသွားတဲ့ အချိန်ရောက်သွားနိုင်တယ်"

စိတ်မသက်မသာဟန်နှင့် ငေးငေးငိုင်ငိုင်လေး ဖြစ်သွားသည့်မင်းသားကိုကြည့်ပြီး မေဟက်ဟက် ပက်ပက် ရယ်မောလိုက်သည်။ သူက မေ့ကိုအားနာစွာ ကြည့်ပြီး . . .

"ကျွန်တော်ကလိမ်မပြောတတ်ဘူး၊ အမှန်အတိုင်းပြောတာ"

မင်းသားကဆရာရှေ့ရောက်နေသည့် တပည့်



လေးတစ်ယောက်လို ရိုးသားစွာဝန်ခံနေသည်။

"ကျွန်တော်မေးရင် စိတ်ဆိုးမှာလား"

"ဟင့်အင်း . . . မဆိုးပါဘူး"

စကားပလ္လင်ခံပြီးမှ မေးမည့်မေးခွန်းမို့ 'မေ' စိတ် ဝင်စားမိသည်။

"မေ့မှာရော ဝေဖင့်လို အချစ်မျိုးရှိသလား"

မေ ပန်းလျစွာသက်ပြင်းလေးခိုး ရှိုက်လိုက်ရသည်။စာရေးဆရာမလူတက်ကြီးအဖြစ် နေရာယူလိုက်ကာမှမင်းသား၏ပြန်လည်ထိုးနှက်ခြင်းကို ခံလိုက်ရလေပြီ။

"မေကဖန်းတီးရင် . . . ကိုယ့်စိတ်ကူးထဲမှာ ရှိသလို ဖန်းတီးနိုင်တယ်။ မင်းသားက မေ့ရဲ့ဖန်တီးမှုကို ဘအောင်သရုပ်ဆောင်ရမှာ မေ့မှာဝေဖင့်လိုအချစ်မျိုး ရှိစရာမလိုပါဘူး။စာရေးဆရာဆိုတာ အချစ်သစ် လောက ကို ဖန်ဆင်းပေးတာ"

တည်တည်ငြိမ်ငြိမ် မျက်နှာထားနှင့် ပြန်ပြော လိုက်သည်။

"ကျွန်တော်ကြားဖူးတယ်၊ တချို့စာရေးဆရာ တွေဟာ ဝတ္ထုတစ်ပုဒ်ရေးတိုင်း အချစ်ဇာတ်လမ်းတစ်ခု ဖန်တီးယူကြတယ် ကိုယ့်တိုင်တွေ့ကြုံခံစားပြီးမှ ဝတ္ထုရေး တယ်လို့ပြောကြတယ်. . .ဆရာမရောဒီ

အတိုင်းပဲလား"

ဒေါသကြောင့်သူ့ကို စူးစူးရဲရဲပြန်ကြည့်လိုက်သည်။

"ရှင်မှားနေပြီ၊ စာရေးဆရာဆိုတာ သူ့အတွေ့အကြုံ၊ သူ့ခံစားမှုကိုလဲ ရေးတယ်။ သူ့အတွေ့ အကြုံ အနည်းအကျဉ်းကိုတခြားလူတွေရဲ့ အတွေ့အကြုံတွေနဲ့ပေါင်း စိတ်ကူးဆိုတဲ့ရေနဲ့ရောပြီး တင်ပြကြတာ"

ဒေါသထွက်လာလျှင် မျက်နှာအမူအရာပါ ပြောင်း ရှုံ့တည်တည်တင်းတင်းဖြစ်သွားတတ်ခြင်းက မေ့ စရိုက်ပင်။ 'မေ' စိတ်ဆိုးသွားပြီအထင်နှင့် မင်းသား အားနာသွားဟန်ပြသည်။

" ဆရာမဖန်တီးထားတဲ့ အချစ်မျိုးဟာ တကယ့် လောကမှာ ရှိမရှိကို ဆရာမကိုယ်တိုင် ကွင်းဆင်းလေ့လာကြည့်ဖို့တော့ အကြံပေးချင်ပါတယ်။

" ရှာဖွေမှာပါ၊ ကြိုးစားမှာပါ အချစ်ဆိုတာ ကလဲ ကြိုးစားစရာ မလိုဘဲ အလိုလိုရှာဖွေတွေ့ရှိလာမှာပါ"

မေ့ဘက်က အလျှော့ပေးပြီး ဝန်ခံလိုက်တော့မှ မင်းသားခမျာသက်တောင့်သက်သာဖြစ်ကာ ပြုံးပြုံးရွှင် ရွှင် ဖြစ်လာသည်။

"ကျွန်တော်ကလဲ ဝေဇင့်လိုအချစ်မျိုးကို မွေး



ကြည့်မှာပါ။ အဲဒီအချစ်မျိုးက မြတ်နိုးစရာကောင်းတယ်လေ အဲဒီလိုအချစ်မျိုးကို ကိုးကွယ်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကိုတော့ ဝေဇင့်အဖြစ် သရုပ်ဆောင်ခွင့်ပြုပါနော်၊ အားလုံးစီစဉ်ပြီးသားဖြစ် နေလို့ပါ"

သူ့အပြောကိုသဘောကျကာ မေရယ်ပစ်လိုက်သည်။

"ရပါတယ်မင်းသား ... မင်းသားက အပြင်မှာတော့ အရိုးခံပဲ ... သရုပ်မဆောင်မထားဘူး"

"ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ့ရဲ့ရင်လည်း ကျေးဇူးတင်ရမှာပါပဲ ... အနုပညာသည် အချင်းချင်း အကြံပြုတာကို လက်ခံရမှာပေါ့"

သည့်နောက်ပိုင်းမှာတော့ မင်းသားက မေ့ကို စာမူခငွေထုတ်ပေးပြီး စာချုပ်မှာလက်မှတ်ထိုးကြသည်။

"ဇာတ်ညွှန်းအတွက် မေ့ကို အားကိုးပါရစေနော် "

မေ ခေါင်းညိတ်ပြလိုက်သည်။

"ဒါရိုက်တာအတွက်လဲ အားကိုးပါရစေ၊ ဆရာမအားရင်ရိုက်ကွင်းကိုလာပြီး ကျွန်တော်သရုပ်ဆောင်တာကို ပြင်ပေးပါနော် "

လောကွက်သဘောမဟုတ်ဘဲ လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေသည်။

" မေ လာခဲ့ပါမယ် . . . မေလဲစိတ်ဝင်စားပါတယ်၊ ပန်းဝေသီကိုပြည့်ဝနဲ့လဲ ခင်ပါတယ်"

မင်းသားပြန်သွားပြီးနောက် မင်းသား၏နူးညံ့နယ်သောအံသွင်၊ အပြစ်ကင်းစင်သော ဟန်ကလေးများကို ပြန်တွေးနေမိသည်။

× × × × ×



" ညီမလား . . . အစ်ကိုပါ "

ဖုန်းထဲမှအသံနှင့် အသုံးအနှုန်းကို ကြားလိုက်ရုံနှင့် ပန်းဝေသီကိုပြည့်ဝမှန်း သိလိုက်သည်။

" ဟုတ်ကဲ့ . . . မေပါ "

မိတ်ဆွေဖြစ်ခဲ့ကြသော်လည်း ကမ္ဘာမြေ တစ်နေရာမှာ ပုန်းလျှိုးပျောက်ကွယ်သွားသူ အဖြစ်'မေ' သတ်မှတ် ထားခဲ့သည်။

ဘယ်လိုလုပ်လိုက်တာလည်း မေရယ် . . 'မေက တို့မင်းသားကို လက်ချာတွေအများကြီးပေးပြီး ပညာပြလိုက်တာကိုး။ မင်းသားခမျာ စိတ်ဓာတ်ကျနေလို့ မနည်းအားပေးနေရတယ်။

ကိုပြည့်ဝကရယ်ရယ်မောမောနှင့် ပြောနေသည်။မေ့စကားတွေက မင်းသားကို သည်မျှအထိ လေးနက် သွားစေသလားကွယ်။

" သူက ကြိုးစားတဲ့မင်းသားမို့ သရုပ်ဆောင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေ့အမြင်ကို ရှင်းပြလိုက်တာပါ။ . . . မေ မှားသွားလို့လား "

"မမှားပါဘူး . . . မေ့ကို မင်းသားက ချီးကျူးနေတာ။ ဝေဇင့်နေရာမှာ သရုပ်ဆောင်ရင် မပီပြင်မှာ အရမ်းစိုးရိမ်နေတယ်။ သူအရမ်းကြိုးစားမှာ သေချာတယ်၊ မင်းသားက အနုပညာမာနရှိတယ်"

သည်တော့မှ မေစိတ်သက်သာသွားသည်။ လူတတ်ကြီးလုပ်လိုက်မိသည့်အတွက် တဖက်လူကို ဒုက္ခပေးရာ ရောက်သွားရသည့်အဖြစ်ကိုတော့ အားနာမိပါသည်။

“ကန်တော့ပွဲပေးတဲ့နေ့ကျရင် လာခဲ့ပါလား . . . မင်းသားက ဖိတ်ခိုင်းနေတယ်”

သူ စိမ်းသော အသိုက်အဝန်းထဲကို မသွားချင်သည့်အတွက် မေငြင်းလိုက်ပါသည်။

“ကိုယ့်ဝတ္ထုကန်တော့ပွဲပေးတာပါ၊ လာခဲ့ပါ ညီမရယ် . . . ညီမအတွက် ဇာတ်လမ်းတွေ ရမှာပါ”

“အရင်ဝတ္ထုတွေ ရိုက်တုန်းကလဲ ဘယ်သူမှ မဖိတ်ပါဘူး မေလဲမသွားချင်ပါဘူး”

ဆန္ဒမရှိလျှင် ဆွဲဆောင်၍မရတတ်သော ‘မေ’ စရိုက်ကိုသိထားသူမို့ ကိုပြည့်ဝလက်လျှော့သွားသည်။

ကန်တော့ပွဲနေ့မတိုင်မီ မင်းသားရောက်လာသည်။ သူ့ဇာတ်ကား ကန်တော့ပွဲပေးသည့် အခမ်းအနားသို့တက်ရောက်ရန် ဖိတ်စာလာပို့ခြင်းပင်။

အနက်ရောင်ဂျာကင်၊ ဘောင်းဘီဖြူလေးနှင့် သူ့အသွင်က ကြည့်၍ကောင်းသည်။ နဖူးပေါ် ဆံပင်တွေဝဲကျကာ ကပိုကယိုအသွင်က ရိုက်ကွင်းအပေါ်ကလာခဲ့ဟန်ရှိသည်။



“ဆရာမနဲ့တွေ့ချင်လို့ အချိန်လုပြီးလာခဲ့တာ၊ ရိုက်ကွင်းက ကိစ္စမပြတ်သေးဘူး”

မိတ်ကပ် မပြယ့်တပြယ်နှင့် မင်းသားဆန်နေသော သူ့အသွင်ကိုကြည့်ကာ မေပြုံးချင်ရယ်ချင်ဖြစ်နေသည်။

“ဆောရီးပဲ၊ မင်းသားပုံနဲ့လာခဲ့တာ ရယ်စရာကြီးများဖြစ်နေသလား”

မလုံမလဲဟန်နဲ့ မေ့ကိုမေးတော့ အားနာသွားရသည်။ နာမည်ကျော်မင်းသားဆိုသည့် ဟန်အနည်းငယ်မျှမရှိဘဲ ပကတိရိုးသားနိပ်ချစွာ နေတတ်ခြင်းက ချစ်စရာကောင်းနေသည်။ အရာရာတိုင်းမှာ ကိုယ့်အတွက်မကြည့်ဘဲ သူများအတွက်ပဲတွေးကာ အဖက်ဖက်က အားနာနေတတ်သည်။

“ရပါတယ်”

ကဗျာကယာဖြေပြီး မျက်နှာကို မပြုံးမိအောင် တည်တည်လေးနေလိုက်ရသည်။

“ဖိတ်စာကို ကိုယ်တိုင်လာပေးတာ ကျေးဇူးတင် ပါတယ်။ မေ စာမေးပွဲနီးနေလို့ပါ၊ မေ အမ်အက်စီ တက်နေပါတယ်။

စာမေးပွဲနီးနေချိန်မှာ အပြင်အာရုံမများချင်တာလဲပါသည်။ မေ့လို ကျောင်းတစ်ဖက်နှင့် ဝတ္ထု

ရေးရသူတို့၏ ဘဝကမသက်သာလှ။ မေယုထား သည့် ဘာသာသင်္ချာနှင့် အနုပညာကလည်း နီးစပ်လှသည် မဟုတ်။

'အိပ်မက်ဦး'မှာ သရုပ်ဆောင်မည့် မီးဇာပါနေသည်ဆိုတော့ မီးဇာ၏ ကိုယ်ရံတော်ဖြစ်သော ဦးမြင့်မိုရ် နှင့် တွေ့မှာသေချာသည်။ မေ အရှောင်ချင်ဆုံးက သူပဲ ဖြစ်သည်။ တစ်ကြိမ်တွေ့ဖူးရုံနှင့် သူနှင့်ပတ်သက်သည့် စိတ်ဒဏ်ရာတွေ အများကြီးရခဲ့သည်။

မာနမင်းသမီး မေသံစဉ်၏ မာနတွေ ကျိုးကြေပျက်စီးခဲ့ရသည်ကို တွေးလိုက်တိုင်း တစိမ့်စိမ့် ကြေကွဲရသည်။ သို့ပေမယ့် သူ့မှာတော့ အပြစ်မရှိပါ။ မေကသာ ချစ်စိတ်ကူးထွေပြားလွှင့်ပါးကာ စိတ်ကစား ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မေ့ကို သူကအပြစ်ပြုခဲ့ခြင်း မဟုတ်ပေမယ့် ကိုယ့်စိတ်ကိုယ်မနိုင်သော မေကသာ သူ့ကို တဖက်သက်မုန်းတီးနေခဲ့ခြင်းပါ။ သည်အတွက် မီးဇာကိုမြင်လျှင် မေ့စိတ်တွေမီးတောက်ချင်နေပါသည်။အကြောင်းများစွာကြောင့် မင်းသားကို အားနာစွာနှင့် ငြင်းပယ်ခဲ့ရပါသည်။

မေ့ငြင်းပယ်စကားကြောင့် သိသိသာသာ မျက်နှာ ညိုးခဲ့ပေမယ့် ယဉ်ကျေးစွာ ဆက်ဆံခဲ့ပါသည်။



"ဆရာမ မအားဘူးဆိုတာ နားလည်ပါတယ်၊ ကျွန်တော်က လာစေချင်လို့ပါ၊ စာမေးပွဲပြီးရင်တော့ ကျွန်တော်တို့ ရိုက်ကွင်းကို လာခဲ့ပါဦး၊ ဒါမှမဟုတ် ရိုက်ပြီးသား ဆရာမကို ပြချင်ပါတယ်"

သူ၏အရိုးခံစရိုက်နှင့် ယဉ်ကျေးသိမ့်မွေ့သော စရိုက်ကို စိတ်ထဲမှ ကျိတ်ပြီး အတုယူမိသည်နှင့်အမျှ မြတ်နိုးလေးစားမိပါသည်။

"ကျွန်တော်လည်း Physics နဲ့ကျောင်းပြီးခဲ့တာပါ"

သူ့အမူအရာအပြောအဆိုကို ကြည့်ကတည်းက ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်လိမ့်မည်ဟု မှန်းဆပြီးဖြစ်သည်။

" Physics နဲ့မင်းသားနဲ့တခြားစီလို့ မေထင်တာ ပဲနော်"

"မထင်ပါဘူး။သင်္ချာနဲ့စာရေးဆရာလဲ တခြားစီပါပဲ၊ ရှင်နဲ့ကျွန်မရဲ့ဘဝက နှစ်မျိုးပေါင်းမှ တစ်ဘဝဖြစ်တာချင်းတူပါတယ်"

မေ့ စကားအဆုံးမှာ သူ့မျက်နှာရွှင်ရွှင်ပြပြ ဖြစ်လာပြန်သည်။ သူ့အပြုအမူ အပြောအဆိုတိုင်းမှာ မေက သူ့ကိုတစ်ခုခုထင်မှာကို တွေးပြီး စိုးရိမ်နေတတ်သည်။ မေက သူ့အပေါ်လွှမ်းမိုးမှု များနေလေ

သလား . . .။

" ဆရာမ . . . ကျွန်တော့်ကို ကူညီမှာလား"

နှုတ်ဆက်ထွက်ခွာခါနီးတွင် သူထပ်မေး[illegible]
သည်။ သူ့မျက်ဝန်းများက ညို့မျက်ဝန်းများမဟုတ်
မောင်ငယ်တစ်ယောက်၏ အားကိုးတွယ်တာခြင်း မျက်
ဝန်းများအဖြစ် စာရေးဆရာပီပီသရုပ်ခွဲ ကြည့်မိသည်

" ကူညီမှာပါ၊ စားမေးပွဲပြီးရင် လာခဲ့ပါမယ်"

" ကတိနော် ဆရာမ "

ဟုကလေးဆန်စွာ ပြောခဲ့သေးသည်။ သူပြ[illegible]
သွားသော်လည်း ရိုးသားအပြစ်ကင်းစင်သော သ[illegible]
အသွင်က မေ့အတွေးရိပ်တွင် ထင်ကျန်ခဲ့သည်မို့ မ[illegible]
သားရယ်ဟု ဖွဖွလေး ဆိုညည်းလိုက်မိသည်။

× × × × ×



မင်းသား၏ သရုပ်ဆောင်ချက်တွေထဲမှာ မေ
အာရုံစူးစိုက်ထားလိုက်သည်။ မင်းသား၏ သရုပ်
ဆောင်မှုအမူအရာတွေက တမင်ဟန်လုပ်ထားသည်နှင့်
ဘု။ အပြင်ဘက်တွင် အမှန်ဖြစ်နေသကဲ့သို့ ထင်ရ
သည်။ ဒိဋ္ဌဓမ္မ လူ့လောကမှာ ပြုမူလှုပ်ရှားနေသည့်
လူ့အမူအရာအတိုင်း ရိုးရိုးနှင့်ပီပြင်အောင် သရုပ်
ဆောင်နိုင်သည်။

နောက်တစ်ခန်းကတော့ အရာရာမှာ အနစ်နာ
ခံ စွန့်လွှတ်၍ ချစ်ခဲ့ရသော သူတစ်ယောက်၏
ခါကြည်းကြေကွဲရခန်းဖြစ်သည်။ မေတ္တာတရားကို
နားမလည်နိုင် သည့် ချစ်သူအတွက်ကရုဏာဒေါသနှင့်
နာကျင်ခံစားရပုံ ကို သရုပ်ဆောင်သည်။

" မင်းသားပုံက ကျော့မော့လွန်းနေတယ်၊
စိတ်သောကရောက်တဲ့အခန်းဆိုတော့ ကပိုကယိုနဲ့ပို
လိုက်မယ်"

တစ်ခန်းရိုက်ပြီးတိုင်း မေ့အနားသို့ ချဉ်း
ကပ်လာပြီး သူ့သရုပ်ဆောင်ချက်အပေါ် မေ့သဘော
ထားကို မေးတက်သည်။ 'မေ' ဝေဖန်ပြသမျှကို လေး
လေးစားစား နှင့် နာယူတတ်သည်။

မေပြောသည့်အတိုင်း အဆင်အပြင်ကို ပြုပြင်
သည်။ သရုပ်ဆောင်ခန်းတွင် မင်းသား ဒေါသများ

သည့်ဟု မေထင်သည်။ ချစ်သူ 'ရင်ခတ်'ကို ခေါ်လိုက်သံက ကရုဏာဒေါသဖြင့် နာကျင်ဟန်ထက် ဒေါသဖြင့် မာကျောခက်ထန်နေဟန်က ပိုများနေ သည်

"ဒေါသများနေတယ် . . . မင်းသား ပြန်စံစားကြည့်စမ်း ကိုယ့်မေတ္တာကို နားမလည်နိုင်တဲ့ ချစ်သူအတွက် နာကျင်ကြေကွဲနေရတာ၊ နာကျင်မှုကြောင့် ပျော့ညံ့မှုပါရမယ်၊ ကရုဏာဒေါသ သဘောနည်းနည်းပါရမယ်၊ မဟုတ်ဘူးလား"

ခပ်တွေတွေလေးအာရုံစိုက်၍ နားထောင်နေရာမှ တဖြည်းဖြည်းပြုံးလာသည်။ကလေး ငယ်တင်ယောက်လို ကြည်ကြည်နူးနူး ပြုံးလိုက်ခြင်းပါ။

"ဟုတ်လိုက်တာ၊ ဆရာမက သိပ်အားကိုးတယ် . . . ဒီတစ်ကွက်မှာ ကရုဏာနဲ့ နာကျင်မှုကို မပြနိုင်ဘဲ ကျူးအော်လိုက်တဲ့အသံကြီးက သရုပ်မမှန်ဘူး။ ကျေးဇူးပဲ ဆရာမ ပြန်ရိုက်မယ်"

ကလေးဆန်သော်လည်း ရင့်ကျက်မှုလည်းရှိသော မင်းသားကို လေးစားလာခဲ့ရသည်။

"မီးဇာကိုရော ဆရာမ ဘယ်လိုမြင်သလဲဟင်"

မော်ဒယ်လှလှလေး မီးဇာကလည်း မေ့ကိုမေးလာသည်။ မီးဇာ အမူအရာက အားနည်းမှုတွေ ရှိနေသေးသည်။ အမှန်အတိုင်း ဝေဖန်ရလျှင် သူလက်ခံနိုင်



ပါ့ မလား။

" ဒီဇာတ်လမ်းမှာ ရင်ဖတ်က ဘဝသမား၊ မီးဇာက အလှသမား ဖြစ်နေတယ်။ အလှက သဘာဝကို လွှမ်းနေတော့ ရင်ခတ်ရဲ့ဘဝဟာ ဇာတ်မနာတဲ့ အတွက် ပရိတ်သတ်ရဲ့ ကရုဏာစိတ်ကိုရဖို့ အားနည်းတာပေါ့"

ပြောမိပြီဆိုလျှင် အဆင်ခြင်မရှိတော့ဘဲ အမြင်အတိုင်း ပြောတတ်သည့်မေ့ကို လမ်းဖွင့်ပေးလိုက်မိသည်မှာ မှားလေခြင်းဟု မီးဇာခံစားသွားပုံ ပေါ်သည်။ ချက်ချင်းပင် မျက်နှာလေး အိုသွားပြီး သူ့မင်းသားကို လှမ်းကြည့်သည်။

" ဟုတ်တယ်၊ မီးဇာအဝတ်အစားတွေ လျှော့ရမယ်၊ မီးဇာရဲ့ အဝတ်အစားအပြင်အဆင်တွေက ရင်ခတ်ရဲ့ ဘဝနဲ့မလိုက်ဘူး၊ ဇာတ်ရုပ်မပီပြင်တော့ဘူး"

မင်းသားက ဝင်ထောက်ခံလိုက်တော့ မီးဇာမျက်နှာလည်း ငိုတော့မယောင်အသွင်ပြောင်းကာ မျက်ရည်တွေ ဝဲလာသည်။

" ဟင့်အင်း . . .ဟင့်အင်း မီးဇာက မော်ဒယ်မင်းသမီး လှလှပပမှ ဖြစ်မှာပေါ့၊ ရိုးရိုးစင်းစင်း အဝတ်အစားကြီး မဝတ်ချင်ပါဘူး"

မီးဇာသည် မင်းသား၏လက်မောင်းကို

ဖက်တွယ် လှုပ်ရမ်းကာ ပူပူဆာဆာပြောနေသည်။

"မီးဇာကလည်းကွယ် . . . ဘယ်လို့ဝတ်ဝတ် မီးဇာလှပြီးသားပဲဟာ၊ သဘာဝကျဖို့က အရေးကြီးတယ်"

မီးဇာပခုံးလေးကို ပုတ်ပြီးချော့မော့နှစ်သိမ့်နေသည်။

"မီးဇာရဲ့ ကိုယ်လုံးအလှကို ပေါ်စေတဲ့ အဝတ်မျိုးတော့ ဝတ်မှာပဲ"

"သဘာဝမကျရင် မီးဇာဘယ်လိုလုပ်ပြီး အောင်မြင်နိုင်မှာလဲ"

မင်းသားနှင့် မီးဇာတို့ တပူပူ တကျီကျီနှင့်ပြောနေသည်ကို ကြည့်ပြီးမေပြုံးချင်လာသည်။ မင်းသားခမျာ မိမိကိုယ်ပိုင်သော်လည်း မီးဇာကိုတော့မပိုင်။

"ဟုတ်သားပဲ မောင်ဇင်ယော်ရယ် . . .သမီးက မော်ဒယ်မင်းသမီးလေ၊ လှလှပပဖြစ်ဖို့ လိုတာပေါ့"

အနုပညာကို နားမလည်သော မင်းသမီးအမေက ဝင်ပြောတော့ မင်းသားမလှုပ်။

"မော်ဒယ်မင်းသမီးကို ပုံပန်းမကျတဲ့ အဝတ်အစားတွေနဲ့ ရိုက်လို့ဘယ်ဖြစ်မလဲကွဲ"

သူ့သဘာဝအတိုင်းသည်းခံတတ် သည့်မင်းသား စိတ်မရှည်တော့ဟန်နှင့် မီးဇာအမေကို ဒေါသ



မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

"ဒါဆိုရင်လည်း မော်ဒယ်ပဲလုပ်တော့၊ ကျွန်တော် ကစေတနာနဲ့ မင်းသမီးတင်ရိုက်တာ၊ မော်ဒယ်မင်းသမီး ဆိုတဲ့ နာမည်က ဒီကားထွက်မှဖြစ်လာမှာ"

ခပ်ပြတ်ပြတ်ပြောပြီး ရိုက်ကွင်းဆီသို့လှည့်ထွက်သွားသည်။

"ဆရာမ . . . အစ်ကိုစိတ်ဆိုးသွားပြီ၊ အစ်ကိုက စိတ်ဆိုးခဲတယ်။ သူစိတ်ဆိုးရင်တော့ မလွယ်ဘူး။ မီးဇာစိတ်ညစ်တယ်"

မေ့အနားကပ်ပြီး မူမူနွဲ့နွဲ့လေး ပြောလာပြန်သည်။ မီးဇာသည် ငယ်ရွယ်နုနယ်လွန်းနှင့်အမျှ လှလည်း လှပါသည်။ အမူအရာများပေမယ့် ရိုးသားပုံခြင်းကတော့ မင်းသားနှင့်တူသည့်အတွက် လိုက်ဖက်သည်ဟု ထင်မိသည်။

သူနှင့်လိုက်ဖက်မှုမရှိသော ဦးမြင့်မိုရ်နှင့်ဘာကြောင့်တွဲနေရပါလိမ့်။

"မီးဇာက လှပြီးသားပဲ . . . သဘာဝကျရင် ပိုပြီးနာမည်တက်မှာပေါ့"

မေက အလိုက်သင့် ပြန်ပြောလိုက်သည်။ မီးဇာအမေကြီးကတော့ မေ့ကိုမကျေနပ်သည့်ဟန်နှင့်

ကြည့်နေသည်။

"ဒါတွေက ဒါရိုက်တာ သဘောပါအေ့ . . . မောင်ပြည့်ဝမှ ဘာမှမပြောတာ"

" အစ်ကိုပြည့်ဝကလည်းပြောပါတယ်။ သမီးက မသိချင်ယောင်ဆောင်နေတာ"

မီးဇာနှင့် သူ့အမေ အပြန်အလှန်ပြောနေပုံကို စိတ်မဆိုးနိုင်သည့်အပြင် ရယ်မောချင်စိတ်ပင် ဖြစ်လာရသည်။

မိမိကိုယ်ကို နေရာတကာမှာ လူတတ်ကြီးဟု ထင်မိသော မေတစ်ယောက် အမှားကိုနားလည်စ ပြုလာသည်။ သူ့လောကနှင့် သူ့သဘာဝအတိုင်း အဆင်ပြေနေသည်ကို သူဝေဖန်ကောင်း၍ ပျက်ရလေပြီ။

မင်းသားနှင့်ကိုပြည့်ဝတို့ အပြင်ဘက်သို့ ခဏထွက်သွားကြသည်။ သည်နေ့အဖို့ သူ့အကွက်တွေပြီးပြီမို့ မီးဇာပစ္စည်းတွေ သိမ်းပြီး အသင့်ဖြစ်နေသည်။ မေလည်း စိတ်ပျက်လက်ပျက်နှင့် ထပြန်ခဲ့သည်။

မိမိကိုယ်မိမိ အသက်အရွယ်ကြီးရင့်ပြီး အရာရာကိုတတ်သိနားလည်နေသည်ဟု စိတ်ကြီးဝင်ခဲ့မိခြင်းအပေါ် 'မေ'နောင်တရနေမိသည်။ မိမိနှင့်မရင်းနှီးသော



အသိုက်အဝန်းထဲသို့ မဆင်မခြင်တိုးဝင်ကာ ထင်ရာမြင်ရာကို အဖြောင့်အတိုင်း ပြောတတ်သည့် စရိုက်ကိုလည်းပြင်ရဦးမည်။

မင်းသားကိုဆရာကြီးလုပ်မိသည့် အမှားအတွက် ကြေကွဲစွာနှင့် နောက်ဆုတ်ပြီးပြန်ရန် ကားဆီသို့ လျှောက်လာခဲ့သည်။

ကားပေါ်မှ ဆင်းလာသည့် သူ့ကိုရုတ်တရက်တွေ့လိုက်ရသည်။ သူဆိုသည့် ဦးမြင့်မိုရ်။ သူ့အသွင်သူ့အမူအရာက အရေးတကြီးနိုင်လှသည်။ သို့ပေမယ့် မေ့ကိုတော့ လိုက်လှဲစွာပြုံးပြသည်။

"မီးဇာ ရှိတယ်"

မေပြောတော့ သူပြုံးပြီး ခေါင်းညိတ်သည်။

"ဟုတ်တယ် . . . သူ့ကို လာခေါ်တာ"

ဟု ခပ်မြန်မြန်ပြောပြီး ဆက်လျှောက်သွားသည်။ ပြီးမှ နောက်သို့ ပြန်လှည့်ကာ

"မေ ဘာလာလုပ်တာလဲ ဟင်"

ဟု မေးသည်။

"မေ့ ဝတ္ထုကို ဗွီဒီယိုရိုက်တာ . . . အဲဒါလာကြည့်တာ"

"အို . . . ဒီလိုဆို ဇင်ယော်ရိုက်တာ မေ့ဝတ္ထုပေါ့နော်"

မေ ခေါင်းညိတ်ပြလိုက်သည်။

" မေ့ ဝတ္ထုတွေ အများကြီး တို့ဖတ်ပြီးသွားပြီ . . . ယုံရဲ့လား"

မေမဲ့ပြုံးလေး ပြုံးလိုက်မိသည်။ မေ့စိတ်ကို လွှမ်းခြုံစိုးမိုးရန် အားယူနေသည့် သူ့အကြည့်များကို ရှောင်ကာ . . .

" ရှင့်မှာ ဒီလောက်အားတဲ့အချိန်ရှိလို့လား"

" ရှိတယ် . . . မေ့အတွက်ဆိုရင် တို့မှာ အချိန်တွေရှိပါတယ်"

မေ ဟက်ကနဲ ရယ်ဟန်ပြုလိုက်တော့ သူ့ မျက်နှာပျက်သွားသည်။

" ရှိတယ်ဆိုရင်လဲ ကျေးဇူးပဲ . . ."

သူ့စကားဆက်မပြောနိုင်မီ စကားကိုအတင်း ဖြတ်ပစ်လိုက်သည်။

" မေနဲ့တွေ့ချင်သေးတယ်"

" ရပါတယ် . . . ရှုံ့ကြယ် မြေခတဲ့နေ့ပေါ့" ဟု ခပ်ပေါ့ပေါ့ပြောကာ ကားစက်နိုး၍ ထွက်လာခဲ့ သည်။

လောကကြီးမှာ မေ မသိတာတွေအများ ကြီးရှိ သေးတယ်။ မေ . . .ကိုယ့်ကိုယ် ကို ဘဝအတွေ့ အကြုံရင့်ကျက်နေတဲ့ စားရေးဆရာမကြီးလို့ စိတ်



ကြီးဝင် ဘဝင်မြင့်ပြီး နေရာတကာမှာ ဆရာလုပ် မနေနဲ့မေ . . .

ကားမောင်းရင်း စိတ်ထဲက ကိုယ့်ကိုယ်ကို အားပေးနေမိသည်။ စိတ်လေလေနှင့် အိမ်မပြန်သေးပဲ မိဖံအလုပ်တိုက်သို့ ကားမောင်းလာခဲ့သည်။ မိဖံဖျော် ပေးသည့် လိမ္မော်ရည်အေးအေးကို သောက်ရင်းယနေ့ ဖြစ်ပျက်ခဲ့သမျှကို ပြောပြလိုက်သည်။

မေ့အဖြစ်ကိုသဘောကျပြီး မိဖံအားပါးတရ ရယ်မောလိုက်သည်။

" ရှင့်အသက်ကိုလဲ ကြည့်ပါဦးမေရယ် . . . ရှင့်အသက်က နှစ်ဆယ်ငါးနှစ်ပဲရှိသေးတာ . . . ရှင့် ကိုရှင့် အသက်လေးဆယ်ကျော် ဇရာမစာရေးဆရာမ ကြီး စပိုင်ဖမ်းပြီး နေရာတကာ ဆရာလုပ်နေလိုက် တာ"

သူ့ကို လှောင်သရော်နေသည့် မိဖံကိုမခံချင် ဖြစ်ကာ လှမ်းထုပစ်လိုက်သည်။

" သူကများမင်းသားကို ဒါရိုက်တာသွားလုပ် သတဲ့ . . . ဟား . . ဟား . . တကယ်ရယ်ရတယ်၊ ဒါမျိုးကျ ကျုပ်ကိုမခေါ်ဘူး . . . တစ်ကိုယ်တည်း ကြွတော်မူတယ် . . ."

" ရှင်က အ ာမှ မဟုတ်တာ"

" ရှင့်အတွက်ဆိုရင် အချိန်ရှိပါတယ် . . . "

မီးဇာနှင့် မင်းသားတို့ပြဿနာကို နှစ်ယောက်သား ဆွေးနွေးရင်း မိစံကတွင်တွင်ရယ်နေသည်။ ဦးမြင့်မိုရ်၏ စကားကိုသတိရကာ မေယုံယုံလေးပြုံးလိုက်မိသည်။

" တစ်ယောက်ထဲ ဘာပြုံးတာလဲမမ . . . "

" မဟုတ်ပါဘူး . . . ရှင်ပြောတဲ့စကားမျိုး မကြာ သေးခင်က လူတစ်ယောက်ကပြောခဲ့လို့ပါ. . "

မေ့အကြောင်းဆိုလျှင် အမြဲတမ်းစိတ်ဝင်စားသူပီပီ မိစံမျက်လုံးတွေက အရောင်တောက်လာသည်။

" ဘယ်သူလဲဟင် . . . ပြောစမ်းပါ . . . "

" ဦးမြင့်မိုရ် . . . "

" ရှင်နဲ့ဘယ်မှာ တွေ့တာလဲ . . . "

" ရိုက်ကွင်းမှာ . . . "

" အဲ . . . အခုမှသတိရတယ်၊ ပြောရအုံးမယ်၊ ရှင့်ဦးမြင့်မိုရ်ကို အင်းလျားမှာ မီးဇာနဲ့ အတူ တွေ့ခဲ့တယ် . . . မီးဇာကြော်ငြာရိုက်နေတာကို လိုက်လာတာဖြစ်မှာပေါ့ . . . "

မိစံစကားတွေကြောင့် မေ့ရင်ထဲမှာ တင်းကျပ်လာ သလိုလိုမို့ ထပြန်ရဖြစ်သည်။

" ပြန်တော့မလိုလား . . . နေပါဦး . . . "



" ကျုပ်စိတ်ညစ်လို့ ရှင်ဆီလာတာ . . . ရှင့်ဦးမြင့်မိုရ်အကြောင်း နားထောင်ဖို့လာတာမဟုတ်ဘူး . . . ပြန်မယ် . . . "

ဦးမြင့်မိုရ်အကြောင်းပြောလိုက်သည့်နှင့် ချက်ချင်းထပြန်သည့် မေ့ကိုမိစံနားမလည်နိုင်ရှာ။ မိစံကလည်း တော်ရုံနှင့် အလျှော့ပေးတတ်သူ မဟုတ်သည့်အတွက် မရမကမေးပြန်သည်။

"ဦးမြင့်မိုရ်အကြောင်းပြောတာနဲ့ ရှင်ကချက်ချင်းထပြန်တော့တာပဲ . . . ရှင်နဲ့ဘယ် လိုပတ်သတ်လို့လဲ"

ဟက်ဟက်ပက်ပက် ရယ်မောဟန်ပြုလိုက်ပြီး

" သူက ကျုပ်ရဲ့အိမ်နီးချင်းလေ . . . "

ဟု ပြန်ဖြေလိုက်ရသည်။

" ဒါနဲ့များမိန်းမက နာနေလိုက်ရတာ . . . "

ဟုပွစိပွစိပြောပြီး မိစံကသူ့လက်ကို အတင်းဆွဲထားသည်။ မေလည်းချော်လဲရောထိုင်လုပ်ကာ မိစံအိပ်ရာပေါ်မှာ လှဲရင်း စိတ်ကိုအနားပေးလိုက်ရသည်။

× × × × ×

" မေ . . . ရေဖုန်းလာတယ် "

နေ့လည်ကကြုံတွေ့ခဲ့ သမျှကို ဇွတ်မေ့ ဖျောက်ကာ ဝတ္ထုရေးမည်ဟု စဉ်းစားနေဆဲမှာပင် ဖုန်းလာပြန်သည်။ ဖွဲတို့အုပ်စုဆိုလျှင် ဖုန်းပြောမ လျှင်မပြီးနိုင်တော့။ သူတို့ရည်စားရလျှင်လည်း မေ့ကို တိုင်တည်၍ မဆုံးတော့သလို ချစ်သူနှင့်အဆင်မပြေ လျှင်လည်း ရင်ဖွင့် ကြသည်။ စာရေးဆရာမကြီးမေကို ဆရာတင်ကာ အားကိုးတကြီး အကြံတောင်းကြ သည်မို့ နာရီပေါင်းများ စွာကြာအောင် ဖုန်းပြော သည်။

ဖုန်းပြောလျှင် နာရီနှင့်ချီ၍ကြာတတ်သောမေ့ ကို မေမေနှင့် အန်တီစောကကြည့်မရ။ အချိန်ဖြုန်း လွန်းသည် ဟုအပြစ်တင်ကြသည်။ မေကတော့ အချိန်ပိုမရှိသည့် ကြားမှပင် သူငယ်ချင်းတွေ၏ ချစ် ပြဿနာကို စိတ်ရှည်လက်ရှည် ဖြေရှင်းပေးတတ် သည်။

" ဘယ်သူလဲလို့ မေးပေးပါအန်တီစော "

ဖွဲတို့ဆိုလျှင်တော့ သူ့အဖို့အိပ်နေပြီးဟုမည် မနက်ကျမှ အေးအေးဆေးဆေးပြန်ဆက်ယူမည်။

" ကိုပြည့်ဝ တဲ့ "

နေ့လည်ကအကြောင်းတွေပဲ ဖြစ်မည်ဟု တွက်



လိုက်ပြီး ဖုန်းကိုင်လိုက်သည်။

" ဘယ်လို လုပ်လိုက်တာလဲ ညီမရေ . . .မင်းသား နဲ့မီးဇာ ပြဿနာဖြစ်နေပြီ . . . မင်းသားက မီးဇာနဲ့ ဆက်မရိုက်တော့ဘူးတဲ့လေ၊ ရိုက်ပြီးသားတွေ နဲ့မြောစရာ . . . "

" မေမှားသွားတယ် . . . မေကအမှန်အတိုင်း ပြောလိုက်မိတာ . . . "

ကိုပြည့်ဝက တဟားဟားရယ်နေသည်။

" မင်းသမီးနာမည်ကိုက မီးဇာတဲ့ . . .စာရေး ဆရာမ မီးတောက်နဲ့တွေ့သွားတာကိုး . . . "

" မေက မီးတောက် ဟုတ်လား . . . အစ်ကို နာမည်ပေးတာလား . . . "

" ဟုတ်တယ် "

" မေ့ အပြုအမူတွေဟာ ဒီလောက်တောင် ဆိုးနေ သလား အစ်ကိုရယ်၊ မေစိတ်ညစ်လိုက်တာ . . .လာမိတာ မှားပါတယ် . . . "

" မေ စိတ်ညစ်နေလို့မပြီးသေးဘူး . . . မင်းသား ကို ဖြောင်းဖျပေးလိုက်ပါ . . . မင်းသားက မေ့စကားဆိုင်ရင်နားထောင်တယ်၊ အစကပြန်ရိုက်ဖို့ဆို တာ မလွယ်ဘူး . . . "

ဘုန်းကြီးအမူရှာပတ်ပြန်ပြီပေါ့။ အန်တီစော

သာ သိလျှင် ဆွမ်းခံရင်းငှက်သင့်ဟု ပြောမည့်ထင်သည်။

" မေနဲ့မင်းသားက အခုမှသိတာ . .မရင်းနှီးဘူး . . . ပြီးတော့ ဒီကိစ္စမှာ မေဆက်မပါချင်တော့ဘူး . ."

အမှန်လည်း မေစိတ်ပျက်နေပါပြီ။ လူတတ်ကြီးမေ မဖြစ်ချင်တော့ပါ။

" မပါလို့မဖြစ်ဘူးမေ . . . မင်းသားကမေ့စကားကိုပဲနားထောင်မှာ၊ သူက မေ့ကိုသိပ်လေးစားတယ် . ."

"အို.. မဟုတ်တာတွေမပြောပါနဲ့ အစ်ကိုရယ် ငရဲကြီးနေပါမယ် . ."

" တကယ်ပြောတာပါ . . သူကမေ့အကြောင်းကို တဖွဖွပြောနေတာ . . မီးဓာရဲ့ ကိစ္စကို နည်းနည်းညှိပးလိုက်ပါမေရယ်"

ကိုပြည့်ဝက ထပ်တလဲလဲတောင်းပန်နေတော့ မေကကတိပေးလိုက်ရပြန်သည်။ ဟွန်း . . မုန်းစရာကောင်းလှိုက်တာ . . မဆီမဆိုင်ဝင်ပါမိလို့ မီးတောင်ဖြစ်ရတယ်လေ . . .

× × ×



ကျောင်းဘက်သို့သွားရန် အသင့်ပြင်ဆင်ပြီးချိန် မှာမင်းသားထံမှ ဖုန်းလာသည်။

" ဓာတ်ညွှန်းထဲမှာ မေးစရာလေးတွေရှိလို့ပါလာခဲ့မယ်နော်"

" မေကျောင်းဘက်သွားတော့မှာ"

" ဒါဆိုရင် ဆရာမတို့ကျောင်းကိုလိုက်ခဲ့မယ်၊ ဆရာမဘယ်မှာရှိမလဲ . ."

" မေ သိပ္ပံဌာနအောက်က စောင့်မယ် . ."

" ကျွန်တော် ချက်ချင်းလာခဲ့မယ် . ."

" မိတ်ကပ်တွေလိမ်းမလာနဲ့ဦးနော် . .လူတွေဝိုင်းကြည့်ရင် ရှက်စရာကြီး . ."

ဖုန်းထဲမှ သူ့ရယ်သံကိုကြားရသည်။

" ပြီးတော့လူတွေထဲမှာ ဆရာမလို့မခေါ်နဲ့နော်၊ အူကြောင်ကြောင်နိုင်တယ် . . ."

" ကျွန်တော့်ကိုလည်း လူရှေ့မှာမင်းသားလို့မခေါ်နဲ့နော် . . ဆရာမခေါ်သံကြားမှလူတွေဝိုင်းကြည့်မှာ . ."

"ကောင်းပါပြီ . . ."

မေသည် ယနေ့ဝတ်စားထားသည့် အဝတ်အစားကို ကြည့်ပြီးကျေနပ်မိသည်။ အမြဲတမ်း စပို့ရှပ်၊ ဘလောက်အကျီပုံဆန်းတွေကို အသားကပ်ဝတ်လေ့ရှိ

ရာမှ ယနေ့တော့ ထူးထူးခြားခြား မြန်မာဆန်ဆန်ဝတ်ထားဖြစ်သည်။

" ရှင့်အသက်ကိုလည်းကြည့်ပါအုံးမေ့ရယ်..ရှင့် အသက်က နှစ်ဆယ့်ငါးနှစ်ပဲရှိသေးတာ"

ဆိုသည့် မိစံ၏ စကားကိုထပ်တလဲလဲကြားယောင်မိသည်မို့ ကြီးရင့်လို စိတ်တွေကိန်းအောင်းနေသည်။ သည်အတွက်လူကြီးပုံ ပေါက်အောင် ရွေးဝတ်လာခြင်း ဖြစ်သည်။ပါတိတ်အနီရဲရဲကို ခါးတင်လက်ရှည်၊ စကပ် ထဘီလေးနှင့် မေ့အသွင်က ယခင်ကထက်ရင့်ကျက်သည့်အသွင်ကိုဆောင်နေသည်။

ကျောင်းကိစ္စတွေဆောင်ရွက်ပြီးသည်နှင့် သိပ္ပံမဟာဌာနရှေ့နားမှာကားရပ်ပြီး စောင့်နေလိုက်သည်။

ကားထဲမှာဆင်းလာသည့် သူ့အသွင်ကမင်းသားနှင့် လုံးဝမတူ၊ ကျောင်းသားလေးတစ်ယောက် ပမာကပိုကရိဆန်လှသည်။ရှပ်အကျီအပြာ ဖျော့ဖျော့အကွက်စပ်စိပ်လက်ရှည်နှင့် ပိုးတွဲ ပုဆိုးအပြာရင့်ကို ဝတ်ထားသည်။

ဂုတ်ကိုထောက်စပြုနေသောဆံပင်ရှည်လေးနှင့် သူ့ အသွင်ကလူငယ်ပုံမျိုးဆောင်ကာ ကြည့်ကောင်းသည်။ နဖူးပေါ်တွင် ကပိုကယိုဝဲကျနေသည့် ဆံပင်များကသူ့ မျက်နှာကို နုနယ်သွားစေသည်။



" မေ . . ကျွန်တော်တို့ဘယ်သွားကြမလဲ . ."

ကလေးဆန်သောအပြုံးနှင့် သူ့အသွင်ကရွှင်ပြ လန်းဆန်းနေသည်။

" ဘယ်သွားလို့ရမှာလဲ ရှင်က မင်းသားဖြစ်နေတော့ လူတွေအုံလာမှာပေါ့. . ."

မေ မလိုက်လိုသည့်သဘောကိုသိရ၍ မျက်နှာညိုးသွားသည် ချက်ချင်းပင်ပြန်၍ မေ့ကို ကလေးတစ်ယောက်လိုစောဒက တက်လိုက်သည်။

" မေပြောတဲ့အတိုင်းမိတ်ကပ်ဖျက်လာတယ်. ဒီမှာကြည့်လေ. . သဘာဝအတိုင်းပဲ . . မင်းသားနဲ့မှမတူ တာ. . ဘယ်သူသိမှာလဲ. . ."

မေ့ကို တစိမ့်စိမ့်ကြည့်ကာ မေ့ထံမှခွင့်ပြုမိန့်အရေးတကြီးစောင့်စားနေသည့်သူ့အသွင်က သရုပ်ဆောင်တစ်ယောက်နှင့်အတူ။ ပကတိအရိုးခံ လူငယ်လေးတစ်ယောက်၏ ဟန်အသွင်မျိုးဖြစ်သည်။ ကလေးဆန်စွာ ဆိုးဆိုးချင်နေသည့် ပုံမျိုးမို့ သူ့ကို မေအားနာရသည်။

" မိတ်ကပ်မလိမ်းပေမယ့် မင်းသားဟာမင်းသားပဲ . .လူတိုင်းကမှတ်မိတယ်. . ."

" ဒါတော့ဘယ်တတ်နိုင်မလဲမေရယ် . . ."

" တို့ကိုပါ ရုပ်ရှင်မင်းသမီးထင်ပြီး လိုက်ကြည့်

ကြမှာ. ."

" ကြည့်ပါစေမေ. ."

" ဟာ. .တို့ရှက်တာပေါ့ . . ."

သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ဟိုဟိုဒီ သွားလာနေသည့် ကျောင်းသား ကျောင်းသူတွေက ငေးကြည့်နေပြန်သည်။

" အောင်မြင်မှုနဲ့အတူ လွတ်လပ်ခြင်းပေ ပျောက်ဆုံးသွားတာပဲ. . ကြည့်စမ်း . . သူများတွေ လွတ်လွတ်လပ်လပ် လျှောက်သွားနေချင်တယ်. . ."

သူ့ဘာသာသူပြောသလိုနှင့် ညည်းနေသည် သူ့ကိုမေက ကရုဏာသက်မိသည့်အတွက် ကားထဲ ထွက်ကာ သူနှင့်အတူတူ အင်းဝကင်တင်းသို့ လျှော လာခဲ့သည်။

" ကျောင်းသားဘဝပျော်ခဲ့ရတာလေးတွေ သတိရတယ်. . ဆရာမ . . အဲလေ. . 'မေ' ကတော ကျောင်းသူဘဝနဲ့ မဝေးကွာသေးဘူးနော်. . ကုံကော တောမှာ ပျော်လို့ရသေးတယ်နော်. . ."

" မေလဲအလုပ်တဖက်နဲ့ ဆိုတော့ လွတ်လွ လပ်လပ်ပျော်ခွင့်မရပါဘူး. . . ကျောင်းနဲ့တော့ မဝေ ဘူးပေါ့. . ."

ကုံကော်တောကိုဖြတ်သန်းလာသည့် ဥယျ



ချိုချိုကိုကြေးရတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးပြုံးလိုက်ကြသည်။

"နွေဟာပူပေမယ့် လှလိုက်တာနော် . . ကုံကော်တွေပွင့်နေလိုက်တာ. . ကြည့်ပါဦး စိန်ပန်း ဝါတွေ . . ."

မြကျွန်းသာ၏ အလှကိုနစ်မျောခံစားရင်း ကျောင်းသားဘဝကိုပြန်လည် တမ်းတနေသည်။ ကလေးတစ်ယောက်လို မြင်မြင်သမျှကို တဖွဖွပြောနေ သည်။

" တကယ်တော့မေနဲ့ ကျွန်တော်က ဘဝသမား တွေပဲ. . . သူများတွေလိုကျောင်းနေချိန်မှာ လွတ်လွတ် လပ်လပ်ပျော်ခွင့်မရဘူး၊ ကျွန်တော်လည်း ကျောင်းသား ဘဝထဲက အောင်မြင်မှုနောက်ကို လိုက်နေခဲ့ရတာ. . သူငယ်ချင်းတွေက အကူအညီပေးနိုင်လွန်းလို့ ကျွန် တော်ဘွဲ့ရခဲ့တာ. . ."

" မေလဲ ဒီလိုပါပဲ . ."

မင်းသားနှင့်အတူ တွဲသွားရမှာရှက်နေမိသည့် အဖြစ်ကို သတိမေ့သွားသည်။ သူ့တို့နှစ်ယောက်သည် ပတ်ဝန်းကျင်လောကကို မေ့လျော့ကာ ကုံကော်တော ၏အလှမှာ ခံစားမိန်းမူးကာ စကားတွေ ဖောင်ဖွဲ့မိခဲ့ ကြသည်။

" ကျောင်းဝင်းထဲက ကင်တင်းလေးမှာ မင်းသားစားနိုင်ပါ့မလား..."

မေ့အမေးက သူ့ကိုအံ့သြသွားစေသည်။

"ဘာဖြစ်လို့လဲမေ...အရင်တုန်းက ဒီမှာပဲ အမြဲစားတာ၊ အခုလဲ ဒီမှာပဲစားမယ်..."

သူတို့နှစ်ယောက်တွဲပြီး အင်းဝကင်တင်းအတွင်း ဝင်လာစဉ်မှာပင် စားသောက်ဆိုင်ထဲမှလူတွေက ဝိုင်းကြည့်နေသည်ကို သတိထားမိသည်။ မိန်းကလေးအုပ်စုက အချင်းချင်းလက်တို့ပြောပြီး လိုက်ကြည့်နေကြသည်။

မင်းသားကတော့ ပတ်ဝန်းကျင်ကို ရိပ်မိဟန်မပေါ်။ မေနှင့်စကားတွေ ပြောမဆုံးအောင်ရှိနေသည်။ သူတို့နှစ်ယောက် မြီးရှည်ဆိုင်မှာ ဝင်ထိုင်မိကြသည်။

မေနှင့်တိုင်ပင်စရာရှိသည့် ဇာတ်ညွှန်းကိုထုတ်ပြီး ဆွေးနွေးနေကြသည်။ သူ့ကိုမှတ်မိပြီး လိုက်ကြည့်နေသည့် ဆိုင်အတွင်းမှပရိသတ်ကို သတိထားမိဟန်မတူ။

မကြာခင် မိန်းကလေးတစ်စုကလာပြီး မိတ်ဖွဲ့ကြသည်။ သတ္တဗေဒဖြင့် ဂုဏ်ထူးတန်းတက်နေသည့် ကျောင်းသူလေးတွေ။

"ကိုဇင်ယော်ကားတွေ နည်းနည်းအထွက်ကျဲတယ်နော်"



"မကြာခင် ဆက်တိုက်ထွက်လာတော့မှာပါ"

"ဒါရိုက်တာလုပ်ဖို့ ရည်ရွယ်ချက်ရှိလားဟင်"

"ရည်ရွယ်ချက်တော့ ရှိပါတယ်၊ လောလောဆယ်တော့ ဗွီဒီယိုထုတ်လုပ်ရေးလုပ်ငန်း စလုပ်နေပါတယ်"

"အဲဒီ ထုတ်လုပ်ရေးက ဘာကားရိုက်နေပါသလဲ"

"ပွဲဦးထွက်အနေနဲ့ အိပ်မက်ဦးပါ၊ စာရေးဆရာမ မေသံစဉ်ရဲ့ဝတ္ထုပါ။ တစ်ခါတည်းမိတ်ဆက်ပေးရဦးမယ် စာရေးဆရာမ မေသံစဉ်ပါ"

မင်းသား၏ မိတ်ဆက်ပေးမှုအဆုံးမှာ...

မိန်းကလေးတစ်အုပ်၏ အကြည့်တွေအားလုံး [illegible]ဆီသို့ ရွေ့ပြောင်းလာကြသည်။ အားလုံး ရှင်ရှင်သန်းလန်း ဖြစ်သွားကြသည်။

"ဒီနေ့ ကံကောင်းတာပဲ၊ ကိုဇင်ယော်နဲ့လည်း တွေ့ရတယ် ကျွန်မတို့ကြိုက်တဲ့ စာရေးဆရာမ မေသံစဉ်နဲ့လဲ တွေ့ရတယ် ပျော်စရာကြီး"

တခြားစားပွဲမှ ကျောင်းသူတွေပါ ဝိုင်းစုလာသည်။

"ဆရာမဝတ္ထုတွေ အမြဲဖတ်တယ်၊ သိပ်ကြိုက်

တာပဲ"

မေကတော့ ပြုံးရုံမှလွဲ၍ ပြန်မပြောဖြစ်။

"ဆရာမဝတ္ထုတွေထဲက ဇာတ်ဆောင်မိန်းကလေးတွေက ဆရာမနဲ့သိပ်တူတာပဲ၊ ဆရာမကို မြင်လိုက်ရတော့ ဆရာမဝတ္ထုထဲက မိန်းကလေးလို့ ခံစားရတယ်။ 'မာယာမိုးတိမ်' ဝတ္ထုထဲက 'မီး'က ဆရာမလားဟင်"

မေအဖြေရခက်သွားသည်။ သူ့ဝတ္ထုတွေထဲက ဇာတ်ဆောင်တွေက သူနဲ့တူနေသတဲ့လေ၊ သူ့ဇာတ်ဆောင်တွေကို မေနှင့်တူအောင် တမင်ဖန်တီးခဲ့ခြင်းတော့ မဟုတ်ပါ။ အလိုလို တူသွားခြင်းပဲ ဖြစ်ပါလိမ့်မည်။

"မီးဟာ မေမဟုတ်ပါဘူး၊ မေက မီးကို ဖန်တီးခဲ့တာဆိုတော့ မေနဲ့တစိတ်တဒေသတော့ တူချင်တူမှာပါ"

ကျောင်းသူလေးတွေက မေ့အဖြေကို ကျေနပ်လက်ခံသွားကြသည်။

"ဆရာမဇာတ်ဆောင် မိန်းကလေးတွေက မာနကြီးတယ်၊ လှတယ်၊ ဒါပေမယ့် တစ်နေရာရာမှာတော့ အချစ်ကြောင့် ပျော့ညံ့သွားတတ်တယ်နော်။ အဲဒါ ဆရာမနဲ့တူတာလားဟင်"



ပရိသတ်၏အမေးက မှန်လွန်းနေသည့်အတွက် မဟုတ်ပါဘူးဟု မငြင်းသာ။ မိမိဝတ္ထုအပေါ် အလေးအနက်ထားကာ ခံစားကြည့်နေသည့် ပရိသတ်ကိုလေးစားရမည်။

"ဒီလိုပါပဲ...ဘယ်လောက်မာနကြီးတဲ့ မိန်းကလေးပဲဖြစ်ဖြစ် အချစ်နဲ့ပတ်သက်ရင်တော့ အားနည်းပျော့ညံ့တတ်တာဟာ လူ့သဘာဝပါပဲ။ မေလဲ လူထဲက မိန်းကလေးတစ်ယောက်ပါပဲ။ မေ့ဇာတ်ဆောင်တွေကိုလဲ လူထဲက မိန်းကလေးနဲ့တူအောင် ကြိုးစားထားပါတယ်"

မေပြောသမျှကို မင်းသားက စိတ်ဝင်စားစွာနားထောင်နေသည်။

"ဆရာမဝတ္ထုထဲက ဇာတ်လိုက်မင်းသားတွေက ကိုဇင်ယော်နဲ့ တူမယ်ထင်တယ်"

စာဖတ်သူတစ်ယောက်၏ အမြင်ကို မင်းသားကသဘောကျစွာနှင့် ထောက်ခံလိုက်သည်။

"ဟုတ်မှာပဲ၊ ကျွန်တော်လဲ ဒီလိုပဲထင်တယ် မေ့ဝတ္ထုတွေကို ခံစားလို့ရတယ်။ ဒါကြောင့် အိပ်မက်ဦးကို ရိုက်ဖြစ်တာပါ"

"ဆရာမရဲ့ ဝတ္ထုထဲက ယောကျ်ားတွေက ကြင်နာတတ်တယ်၊ ခံစားချက်များတယ်၊ ချစ်သူကို အလျှော့

ပေးရတာများတယ်"

ပရိသတ်ထဲက မိန်းကလေးတစ်ဦးက ထင်မြင်ချက်ပေးပြန်သည်။

"ဟုတ်တယ်၊ မေ့ဓာတ်ဆောင် ယောက်ျားလေးတွေနဲ့ပတ်သက်ရင် ကျွန်တော်လဲ ဒီအတိုင်းမြင်ပါတယ်"

ပင်းသားနှင့် စာဖတ်ပရိသတ်သည် မေ့ဝတ္ထုထဲက ဓာတ်ဆောင်များအကြောင်းကို အားပါးတရဆွေးနွေးနေကြသည်ကို မေကပြုံး၍ နားထောင်နေမိသည်။

"ကိုဇင်ယော် သရုပ်ဆောင်တာက အပြင်မှာအတိုင်းပဲ ဟန်မများဘူး၊ အဲဒါကိုကြိုက်တယ်"

မင်းသား၏ ပရိသတ်တစ်ဦး၏အမြင်။

"ကျွန်တော်ကလဲ မင်းသားဖြစ်နေပေမယ့် မင်းသားနဲ့မတူအောင် နေချင်ပါတယ်။ အလှထက် လူ့ငယ်သဘာဝအတိုင်းဝတ်စားပြီး သရုပ်ဆောင်ရတာကို ပိုသဘောကျတယ်။ ဒါတောင်'မေ'က ကျောင်းထဲမှာသူ့ကိုလာတွေ့ရင် မိတ်ကပ်မလိမ်းရဘူးလို့ မှာနေသေးတယ်"

ကလေးဆန်သော သူ့အပြောကြောင့် အားလုံးဝိုင်းရယ်ကြသည်။



"ဒါဆို ဆရာမက ကိုဇင်ယော့်အပေါ် အတော်လွှမ်းမိုးနိုင်တာပေါ့နော်"

ဟု မိန်းကလေးတစ်ဦးက ဝင်ထောက်တော့ မေက ကပျာကယာ မဟုတ်ပါဘူးဟု ဖြေလိုက်သည်။ သူကလည်း ဟုတ်တယ်ဟု အလျင်စလိုပြန်ဖြေတော့ သူ့ပရိသတ်တွေ ဝိုင်းရယ်ကြသည်။

"အမှတ်တရ ဓာတ်ပုံလေးတစ်ပုံရိုက်မယ်နော်"

ဟုဆိုကာ မိန်းကလေးတစ်စုက ဖျတ်ခနဲ ဓာ ံပုံရိုက်လိုက်သည်။ ဓာတ်ပုံအရိုက်ခံလိုက်ရသည့်အတွက် မေ့စိတ်ထဲမှာ တစ်စုံတစ်ခုကို ကြောင့်ကြသလို ခံစားလိုက်ရသည်။ စိုးရိမ်စိတ် ဖြစ်မိပေမယ့် အားနာသည့်အတွက် ငြိမ်နေလိုက်ရသည်။

"အမှတ်တရ အော်တိုရေးပေးနော်...ဓာတ်ပုံပေးနော်"

မင်းသားကို ဝိုင်းတောင်းကြတော့ သူ့အိတ်ထဲမှာအသင့်ပါလာသည့် ဓာတ်ပုံတွေကိုပေးသည်။ အမှတ်တရ လက်မှတ်ထိုးပေးသည်။ အချို့ကိုတော့ အော်တိုစာအုပ်ထဲမှာ ရေးပေးလိုက်၊ လက်မှတ်ထိုးပေးလိုက်နှင့် မင်းသားတစ်ယောက်နှင့် လိုက်လျောညီထွေ ပြုမူဆက်ဆံနေသည်။

မေ့ကိုလည်း အော်တိုရေးခိုင်းသည့်အ ာက်

မင်းသားလိုပင် ရေးပေးရသည်။

"စာရေးဆရာမနဲ့ မင်းသားကိုဇင်ယော်ကို တစ်ချိန်တည်းမှာ ဆုံတွေ့ခွင့်ရလိုက်တဲ့အတွက် အရမ်းဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်"ဟု တစ်ယောက်တစ်ပေါက် ပြောကြသည်။

"ကျွန်တော်တို့ ကိစ္စလေးရှိလို့ ခွင့်ပြုပါဦး"

ပရိသတ်ကျေနပ်အောင် ပြောဆိုပြီးတော့ မေ့လက်ကိုလှမ်းဆွဲကာ ထပြန်ခဲ့သည်။ သည်အချိန်မှာ ဖျတ်ခနဲမီးရောင်လက်သွားသလို ထင်လိုက်ရသည်။ ဟိုငတိမလေး ဓာတ်ပုံရိုက်ယူလိုက်ပြန်ပြီလားမသိ။

"မေမပြောလား မင်းသားပါရင် သွားလို့မကောင်းပါဘူးဆိုတာ။ မင်းသားက မေ့လက်ကိုဆွဲခေါ်လိုက်တဲ့အချိန်မှာ ဓာတ်ပုံများ ရိုက်လိုက်သလားလို့"

"မဟုတ်ပါဘူး...မေ့စိတ်ကထင်နေလို့ပါ။ ကျောင်းထဲကို ဓာတ်ပုံရိုက်ဖို့လာရင်းနဲ့ကြုံလို့ တို့ကိုပါ ရိုက်သွားတာပါ"

မင်းသားကတော့ မေ့လို လှုပ်လှုပ်ရှားရှားမရှိ။ သူကမင်းသားဆိုတော့ ပရိသတ်အတွေ့အကြုံရှိပြီးသားမို့ အရေထူနေပြီ။ ပရိသတ်နှင့် ဆက်ဆံတတ်နေပြီ။

"ဆောရီးပဲမေ....ကျွန်တော့်ကြောင့် မေစိတ်အနှောင့်အယှက် ဖြစ်သွားပြီ"



မေနှင့်အတူ ယှဉ်တွဲလျှောက်လာရင်း သူတတွတ်တွတ်ပြောနေသည်။ မေ့စိတ်က စောနေသည်မို့ မေ့ခြေလှမ်းတွေက သူ့ထက်မြန်နေသည်။

"ကျွန်တော်တို့ ဆွေးနွေးလို့မပြီးသေးဘူး၊ မြို့ထဲတစ်နေရာရာမှာ ဆွေးနွေးကြတာပေါ့နော်"

"မင်းသားနောက်ကို လူတွေလိုက်နေဦးမှာ၊ ဒီလိုလုပ် မေတို့အိမ်ပဲလိုက်ခဲ့။ အိမ်ကျမှ တစ်ခုခုစားမကောင်းဘူးလား"

မေ့အဆိုပြုချက်ကို သဘောတူလိုက်လျှောလိုက်သည်။ မေ့ကားနောက်မှ သူ့ကားက လိုက်ပါလာသည်။

အိမ်ရောက်တော့ အန်တီစောလက်ရာနန်းကြီးသုတ်နှင့် အရင်ဆုံးမင်းသားကို ကျွေးမွေးဧည့်ခံသည်။

"ဒီနေ့ကတော့ ထူးခြားတဲ့နေ့ပဲလေ၊ မေနဲ့ ကျွန်တော် ပရိသတ်နဲ့အတူတူတွေ့ရတာလေ။ ဒါပေမယ့် မေ့ကိုတော့ အားနာပါတယ်"

စားရင်းသောက်ရင်းနှင့် သူပြောသည်။ ပရိသတ်နှင့်တွေ့ခဲ့ရသည့် အဖြစ်အပျက်ကို မေမေနှင့်အန်တီစောကို ပြောပြနေသည်။ သူ့အပြောတွင် မေမေနှင့်အန်တီစောတို့ မျောပါပြီး ကျေနပ်နေကြသည်။

"မေတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်လိုက်တာက တော့ စိတ်ထဲမှာ ထင့်နေတယ်"

"စိတ်မပူပါနဲ့မေ...အမှတ်တရရိုက်သွားတာ ပါ"

စားသောက်ပြီးသည်နှင့် ဓာတ်ညွှန်းကိုစွက် နှစ်ယောက်သား ဆွေးနွေးကြသည်။ ဓာတ်ညွှန်းအ သူသရုပ်ဆောင်ရမည့် အကွက်တွေနှင့် အနေအထားက 'မေ'က ရှင်းပြသည်။

"ဒါရိုက်တာက ရှင့်ကိုရှင်းပြမှာပါ၊ ဒါရိုက်တာ ပြောတဲ့အတိုင်းလုပ်ပေါ့"

"ဒါရိုက်တာ့ သဘောအတိုင်း သရုပ်ဆောင်မှာ ပါ၊ ဓာတ်ဆောင်ကို ဖန်တီးတဲ့စာရေးဆရာမနဲ့ ဆွေး နွေးကြည့်တာပါ၊ သဏ္ဍာန်လုပ်သရုပ်တူအောင်ပေါ့"

ရွှန်းလဲ့သော သူ့မျက်ဝန်းအကြည့်တွေက မေ ဆီမှာသာ တရစ်ဝဲဝဲရှိနေသည်။

"မီးဓာနဲ့ အဆင်ပြေရဲ့လား"

မသိဟန်ပြု၍ မေမေးသည်။

"စိတ်တော့မကောင်းဘူး၊ ကျွန်တော် မင်းသမီး ပြောင်းပစ်မယ်၊ မီးဓာရဲ့စိတ်ဓာတ်ကို မကြိုက်ဘူး၊ အခု အချိန်ကတည်းက ပြောသမျှကို နားမထောင်ဘူး"

"မဟုတ်သေးဘူး မင်းသား၊ စိတ်ကိုလျှော့



လိုက်ပါ၊ မီးဓာပြောတာလဲ မှန်ပါတယ်။ သူက မော် ဒယ်တစ်ယောက်ဆိုတော့ အလှမက်မှာပေါ့။ မီးဓာလို မော်ဒယ်မင်းသမီးလေးဆိုတော့ ပရိသတ်ကလဲ လှလှ ပပဘဲ မျှော်လင့်မှာပါ၊ သူ့စိတ်တိုင်းကျပဲ ရိုက်ပေးလိုက် ပါနော်၊ မေတောင်းပန်ပါတယ်"

"ကျွန်တော် ဆုံးဖြတ်ပြီးပြီမေ၊ သူကကျွန်တော့် စေတနာကို နားမလည်ဘူး၊ သူ့ဒီအဆင့်အထိရောက် လာအောင် ကျွန်တော်တို့က လက်တွဲခေါ်ခဲ့တာပါ"

အမြဲတမ်းခပ်ပျော့ပျော့နှင့် ကလေးဆန်ဆန် နေတတ်သူဟု ထင်ရပေမယ့် တစ်ခါတစ်ရံတွင် ခေါင်း မာတတ်သောသူပေပဲ။ သူ့ကို မေမည်သို့ ဖျောင်းဖျရ ပါမည်လဲ။

"သူအောင်မြင်ခဲ့တာ ကျွန်တော့်ကြောင့်ပါ၊ မီးဓာက အဖေမရှိဘူး မောင်နှမတွေရှိတယ်၊ သူက အကြီးဆုံး ပစ္စည်းဥစ္စာမပြည့်စုံဘူး။ ကျွန်တော်ထောက် ထားရမယ့် လူတစ်ယောက်ကြောင့် ကူညီခဲ့တာ၊ အခု တော့ သူက ကျွန်တော့်ကို ခါးခါးသီးသီးဆက်ဆံတယ် အထူးသဖြင့် သူ့အမေပေါ့"

မီးဓာ၏လှပသော မျက်နှာလေးနှင့် အလှမာန အရိပ်တို့ကို မြင်ယောင်လာသည်။ မီးဓာအမေကြီး၏ မာမခန့်ပြောစကားများကိုလည်း ကြားယောင်လာ

သည်။ မီးဇာ၏ဘဝကိုတော့ စာနာမိသည်။

"မော်ဒယ်တစ်ယောက် ဖြစ်လာဖို့ဆိုတာ မလွယ်ဘူး၊ မီးဇာကြိုးစားခဲ့ရသလို တို့အပိုင်းကလဲ ကူညီခဲ့ရတယ်၊ အောင်မြင်လာတော့ ရိုင်းလာတယ်"

"မေတစ်ခုတောင်းပန်ပါရစေ မင်းသား၊ အနုပညာနယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီနိုင်မှ တော်ရာကျတာ၊ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်စိတ်နဲ့ နားလည်နိုင်ဖို့လိုတယ်၊ ဆက်သည်းခံပေးပါလို့ မေတောင်းပန်ပါရစေ"

သည်တစ်ကြိမ်မှာတော့ သူ့အဖြေကို မေအားကိုးတကြီးနှင့် ငံ့လင့်နေမိသည်။ မီးဇာအပေါ်ကို မကျေလည်နိုင်သည့်စိတ်ကို တင်းနေသော မျက်နှာထားက ဖော်ပြနေသည်။ အမြဲလိုလို နူးနူးညံ့ညံ့ပြုံးနေလေ့ရှိပြီး မာန်မာနကိုတွေ့ရခဲပါလျက် သည်တစ်ကြိမ်မှာတော့ မာန်မာနအရိပ်တွေလွှမ်းနေသည်။

"ကျွန်တော်တို့လောကအကြောင်းကို မေမသိပါဘူး၊ သူမော်ဒယ်မဖြစ်ခင်က အမူအရာကို မေမမြင်ဖူးခဲ့ဘူး အခုအမူအရာကိုတော့ မေမြင်ပြီ မဟုတ်လား။ ကြော်ငြာတွေရိုက်ရအောင် ကျွန်တော်လက်တွဲခေါ်ခဲ့တာ"

'မီးဇာ'ကို ကြော်ငြာပရိသတ်က သိလာခဲ့သည်



မှာ မကြာသေး။ ဗွီဒီယိုလောကနှင့် ကြော်ငြာလောကတွင် အောင်မြင်နေသည့် မင်းသားဇင်ယော်နှင့်တွဲရိုက်ရာမှ ကြော်ငြာမင်းသမီး အလှမယ်လေးအဖြစ် လူသိများလာခဲ့သည်။

ကြော်ငြာတွေ ဆက်တိုက်ရိုက်လာရသည်။ မင်းသားဇင်ယော်သရုပ်ဆောင်ရသည့် ကြော်ငြာတိုင်းတွင် မီးဇာပါလာခဲ့သည်။ ဗွီဒီယိုဇာတ်လမ်းတွင် သရုပ်ဆောင်ခွင့်ရတာက အိပ်မက်ဦးတစ်ကားတည်းဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် အိပ်မက်ဦးမှ ဇာတ်ဆောင်စရိုက်နှင့် မီးဇာသည် မလိုက်ဖက်လှ။ သည်အချက်ကို မေအစကတည်းက သိခဲ့သည်။ ဒါရိုက်တာ ဘက်လိုက်၍ ရွေးချယ်ခဲ့လေသလား၊ မင်းသားကပဲ ဘက်လိုက်၍ ရွေးချယ်ခဲ့လေသလားမသိဟု 'မေ'တွေးခဲ့သည်။ ကိုယ်နှင့်မဆိုင်သည့် ကိစ္စမို့ ဖွင့်မမေးခဲ့။

"အိပ်မက်ဦး"ကို ကျွန်တော်သိပ်ကြိုက်လို့ ကျွန်တော့်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ပထမဆုံးကားအဖြစ် ရွေးချယ်ခဲ့တယ်။ အဲဒီ့ဝတ္ထုထဲက ဇာတ်ဆောင်နေရာမှ ကျွန်တော်အပီအပြင် သရုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်၊ ပီပြင်အောင်သရုပ်ဆောင်နိုင်အောင် လည်း

ကြိုးစားခဲ့တယ်"

မင်းသားက သူ့စကားကိုဖြတ်လိုက်ပြီး မေ့ကို စိုက်ကြည့်နေသည်။ အိပ်မက်ဦးနှင့် ပတ်သက်သ... သူ့ခံစားမှုကို မေ မသိမှာကို စိုးရိမ်နေမှန်း အကဲခတ်နိုင် လိုက်သည်။

"အိပ်မက်ဦးနဲ့ဇာတ်ဆောင် ဝေဇင်ရဲ့စရိုက်က ဝေဇင့်ကိုဖန်တီးခဲ့တဲ့ စာရေးဆရာမဟာ နားအလည် ဆုံးဖြစ်မယ်လို့ ယူဆခဲ့တယ်။ မေဖြစ်စေချင်တဲ့ ဝေဇ ရဲ့ပုံပေါ်လာအောင် မေနဲ့တိုင်ပင်တယ် သရုပ်ဆော ကွက်တွေကို မေ့ကိုခေါ်ပြတယ်၊ မေ့အကြံပေးချက်က ခံယူတယ်၊ ပြင်စရာရှိပြင်တယ်၊ ဒါကို အောက်ကျတယ် လို့ မထင်ဘူး၊ အနုပညာသမားရဲ့စိတ်ဓာတ်လို့ ခံယ ထားတယ်"

ရှည်ရှည်ဝေးဝေးရှင်းပြရင်း မေ့ကိုလည်း မကြာခဏ အကဲခတ်နေသည်။

"မီးဇာနဲ့ဝတ္ထုထဲက ရင်ခတ်ရဲ့စရိုက် မလို မှန်းသိတယ်၊ သူ့ဘဝလေးတောက်ပလာစေချင် စေတနာနဲ့ မြှင့်တင်ပေးတာ စေတနာကို နားမလည တော့ ရင်နာတယ်။ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ ရင်ခတ်နဲ့လိုက်တဲ့ မင်းသမီးနဲ့ ပြန်ရိုက်မယ်"

ဒေါသနှင့်မာနပေါင်းစပ်ကာ မင်းသားမျက်



လေး ထန်နေသည်။ ဒေါသမျက်ဝန်းတွေက တဖျတ် ဖျတ်တောက်နေသည်။

"မေတောင်းပန်ပါတယ်၊ ဘာကြောင့်လဲဆိုတာ အကြောင်းမပြပါရစေနဲ့၊ မေပြောတာကိုလက်ခံပါ မီးဇာ နဲ့ပဲဆက်ရိုက်ပါ"

မင်းသားအကြံအိုက်လာဟန်နှင့် သက်ပြင်း တစ်ချက်ရှိုက်လိုက်သည်။

"ဒီကိစ္စဟာ မေနဲ့မပတ်သက်ပါဘူး၊ မေ ဝင်မပါပါနဲ့"

မေစိတ်တိုသွားသည့်အတွက် မျက်နှာချက် ချင်းတင်းသွားသည်ကို မင်းသားရိပ်မိသွားသည်။

"စိတ်မဆိုးပါနဲ့မေ"

လေသံပျော့ပျော့၊ မျက်နှာလေးငယ်ငယ်နှင့် တောင်းပန်သည်။

"ဒီကိစ္စမှာ မေမပါရဘူးလား ပြော"

မေခပ်ဆတ်ဆတ်လေး မေးလိုက်သည်။

"မေကလဲ စိတ်မဆိုးနဲ့လေ...မေနဲ့မှမဆိုင်တာ"

တောင်းပန်တိုးလျှိုးသော မျက်ဝန်းများကို မြင် တွေ့ရပေမယ့် လိုက်လျောမှုမရှိသည့်အတွက် မကျေ နပ်နိုင်။

"မေနားလည်ပါပြီ၊ မေနဲ့ဆိုင်တယ်ထင်လို့

ရင်းနှီးတဲ့အနေနဲ့ ဝင်ပြောမိတာ မေမှားသွားတယ်၊ မေ့ကိုခွင့်လွှတ်ပါ"

စိတ်ကိုထိန်းပြီး အတတ်နိုင်ဆုံး ပြေပြစ်ညင်သာအောင် ပြောလိုက်ပေမယ့် သူတို့နှစ်ယောက်ကြားရှိ [illegible]င်မှုအားလုံးကို ဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်ကြောင်း သိလိုက်ပုံရသည်။ မင်းသားမျက်နှာပျက်သွားကာ ခက်လိုက်တာမေရယ်ဟု ညည်းသည်။ မေ့မျက်နှာကို လိုက်ကြည့်နေပေမယ့် မေခေါင်းငုံ့ထားလိုက်သည်။ သူတို့နှစ်ယောက်ကြားထဲတွင် ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားခြင်းက ကြီးစိုးသွားသည်။

သက်ပြင်းချသံဖွဖွကို ကြားလိုက်ရပြီးနောက်

"ကျွန်တော်အရှုံးပေးပါတယ်မေ၊ မေ့သဘောအတိုင်း ဖြစ်ရပါစေမယ်"

သူ့ကို မေမော့ကြည့်လိုက်တော့ မချိပြုံးလေးပြုံးကာ အနူးအညွတ်တောင်းပန်သည့် အမူအရာလုပ်ပြသည်။

"မေ့အကျိုးအတွက်ပြောတာ မဟုတ်ဘူး၊ ငွေကုန်ကြေးကျများမယ်၊ အနုပညာသမားအချင်းချင်း ရန်သူဖြစ်မယ်၊ လုပ်ငန်းကြန့်ကြာမယ်"

"နားလည်ပါပြီ ဆရာမရယ်၊ ဆရာမညွှန်ကြားတဲ့အတိုင်း လိုက်နာပါ့မယ်"



မေက သူ့ကိုဖျတ်ခနဲ မျက်စောင်းထိုးလိုက်ပြီး...

"မငေါ့ပါနဲ့ လက်ခံတာကို ကျေးဇူးတင်ပါတယ်"

မီးဇာနှင့်ပတ်သက်သည့် မေ့ပယောဂကင်းစင်သွားပြီမို့ စိတ်ပေါ့ပါးသွားမိသည်။ အနုပညာလောကသားတို့၏ သဘာဝ၊ မာနတို့ကို သိလိုက်ရသည့်အတွက် မေ့အဖို့အကျိုးရှိမှာ သေချာသည်။

ကားဆီသို့အသွားမှာ မေလိုက်ပို့ရာတွင် မေ့ကိုငုံ့ကြည့်ပြီး

"ကျွန်တော့်ကို ပစ်မထားနဲ့နော်ဆရာမ..... ကျွန်တော့်ကို အကြံပေးပါဦး ကားရိုက်တဲ့နေရာလဲ လာကြည့်ဦးနော်"

ဟု တပူပူတဆာဆာနှင့် ပြောနေတော့ မေပြုံးချင်ရယ်ချင်ဖြစ်လာကာ မျက်လုံးလေးတစ်ချက် ဝင့်ကြည့်လိုက်သည်။ ကလေးငယ်တစ်ယောက်လို အပြောင်းအလဲမြန်သူပီပီ မေက လိုက်လျောသည်နှင့် ရွှင်ရွှင်ပျပျဖြစ်သွားပြန်သည်။

သူ့အကြောင်းကို သိစပြုနေပြီမို့ မေက သူမခံနိုင်အောင် ရယ်ရယ်မောမောနှင့် ပြန်ပြောလိုက်သည်။

"မေ့ကို သိပ်အားကိုးချင်ယောင် ဆောင်မနေပါ

နဲ့မင်းသားရယ်"

မေ့စကားအဆုံးမှာ ပျာပျာသလဲဖြစ်ကာ...

"အားကိုးချင်ယောင် မဆောင်ပါဘူး၊ တကယ် အားကိုးချင်တာပါမေ"

ဟုပြောရင်း မေ့မျက်နှာကို ငုံ့ကြည့်လိုက်သော သူ့မျက်ဝန်းအစုံ နွေးနွေးထွေးထွေးရှိလှသည်။

"အဲဒါ မေယုံပါ"

မေ့မျက်နှာပေါ်မှ သူ့အကြည့်ကို မခွာသေးဘဲ စူးနစ်စွာငေးစိုက်ကြည့်ကာ မေ့တုံ့ပြန်မှုကို စောင့်နေသည်။

"မေယုံချင်ပါတယ်"

နှဲ့လျတိုးတိတ်စွာ မေပြန်ပြောလိုက်တော့ ရွှန်းလက်သော အပြုံးပန်းများ ပွင့်လန်းသွားသည်။

"မေနဲ့တွေ့ချင်သေးတယ်"

ကားစက်နိှုးပြီးတော့ မထွက်ခွာမီ မေ့ကိုခပ်တိုးတိုးလှမ်းပြောသည်။ တဒင်္ဂအတွင်းမှာ မေနှင့်တွေ့ချင်တယ်ဟုပြောပြီး ပျောက်ကွယ်သွားတတ်သော ဦးမြင့်မိုရ်ကို သတိရလိုက်သည်။

သူနှင့်ဦးမြင့်မိုရ်ပြောပုံချင်းက ထပ်တူပါပဲလား၊ သူတို့နှစ်ယောက် ပြောပုံချင်းတူလိုက်တာ။

× × ×



"ကျုပ်ကိုမခေါ်ဘဲ လူတတ်ကြီးလုပ်ပြီး သွားလိုက်လာလိုက်နဲ့ အခုတော့ဒုက္ခဖြစ်ပြီ မဟုတ်လား"

မိဇံက မေ့ကိုမကျေမနပ်နှင့် အပြစ်တင်နေသည်။ အရေးတကြီးကိစ္စရှိ၍ အမြန်လာရန် မိဇံခေါ်သည့်အတွက် မေကမန်းကတမ်း ထွက်ခဲ့ရသည်။ ရောက်သည်နှင့် မိဇံက ဆီး၍ပြောတော့သည်။

"ဒီလထုတ် မဂ္ဂဇင်းထဲမှာ မေနဲ့မင်းသားရဲ့ပုံပါလာလိမ့်မယ်၊ မင်းသားက မေ့လက်ကိုဆွဲထားတဲ့ပုံရှင့်၊ နာမည်ကျော် ရုပ်ရှင်မင်းသားဇင်ယော်နဲ့ လူငယ်ကြိုက် စာရေးဆရာမလေး မေသံစဉ်တဲ့"

မိဇံစကားက မေ့အတွက် သည်းထိတ်ရင်ဖိုဖြစ်စေသည်။

"အို...ဘယ်လိုဖြစ်တာလဲ၊ ဟုတ်ရဲ့လားမိဇံရယ်"

"ကျုပ်ကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့တာ၊ ဓာတ်ပုံကိုလဲ တွေ့ခဲ့တယ်"

"ဘယ်စာအုပ်တိုက်မှာလဲ"

"နေခြည်ဦးစာအုပ်တိုက်မှာ"

"အဲဒါ ဘယ်လိုလုပ်ရမလဲမိဇံ"

"မင်းသားဇင်ယော်နဲ့ စာရေးဆရာမ မေသံစဉ်တို့ကို တတွဲတွဲတွေ့နေရတဲ့အကြောင်း၊ မင်းသား

ဇင်ယော်က မေသံစဉ်ရဲ့ဝတ္ထုထဲက ဇာတ်ဆောင်ဖြ
ချင်နေတဲ့အကြောင်း မေသံစဉ်ရဲ့ ဇာတ်ဆောင်ဘဝ
နေ မေသံစဉ်ရဲ့ချစ်သူအဖြစ် မျှော်လင့်နေပုံရတဲ့
အကြောင်းတွေပေါ့ဟယ်၊ ခြုံကြည့်ရင်တော့ ရှင်တို့နှ
ယောက် ချစ်သူတွေဖြစ်လာဖို့ မျှော်လင့်တဲ့အကြောင်း
တွေပေါ့"

မိဇံပြောသမျှ စကားလုံးတိုင်းက မေ့ရင်က
ထိခိုက်လှုပ်ရှားစေသည်။

"ဘုရား..ဘုရား...ဘာတွေဖြစ်ကုန်တာလဲ"

နားမလည်နိုင်စွာနှင့် မေအံ့သြတုန်လှုပ်စွာ
ရွတ်လိုက်သည်။

"ရုပ်ရှင်လောကသား စုပါစတားတွေနဲ့ သွား
ပြီတာကိုး ရုပ်ရှင်ဆို ရင်ရှုပ်တယ်ရှင့်၊ ကိုယ့်ဘာသ
ကိုယ် စာရေးနေတာ အကောင်းသားနဲ့ ဒါရိုက်တာ
လို၊ ဇာတ်ညွှန်းရေးဆရာလိုလို ဝင်လုပ်လိုက်တေ
ပြဿနာ တက်တာပေါ့"

သည်ပြဿနာကို ဖြေရှင်းရန် မေအပြင်
အထန်ကြိုးစားနေသည်။ ဦးနှောက်ကို အပြင်းအထ
အလုပ်ပေးနေမိသည်။

"နေပါဦး . . . ရှင်က ဒီမင်းသားနဲ့တွဲ
တက္ကသိုလ်ထဲကိုမှ သွားရသလား၊ ရှင်တို့ ဘာသွား



လုပ်ကြတာလဲ ဟင်"

မေနှင့်ပတ်သက်လျှင် ဆက်ဆက်ထိမခံနိုင်သူ
ပီပီ မိဇံက အရေးတကြီးမေးနေသည်။ မေနှင့်မိဇံက
တကျက်ကျက်ရန်ဖြစ်ပေမယ့် အရေးကြုံရင် လိုက်လိုက်
လှဲလှဲ ကူညီတတ်သည်။

"မေကျောင်းသွားတာ၊ သူကဇာတ်ညွှန်းကိစ္စ
ပြောစရာရှိလို့ လိုက်လာတာ၊ ကျောင်းသူပရိသတ်တွေ
နဲ့တွေ့တယ် အဲဒါအကွက်ပဲ"

"ကျောင်းထဲမှာမှ ဘာဖြစ်လို့ချိန်းရတာလဲ"

"မေကျောင်းသွားခါနီးမှာ သူက အရေးတကြီး
ဖုန်းဆက်တာ၊ ကျုပ်လဲ အချိန်မရလို့ လက်ခံလိုက်တာ"

"ကျုပ်ကို လှမ်းခေါ်လိုက်ပါလား"

မေ့ကိစ္စတိုင်းမှာ သူမပါဝင်ရလျှင် အိပ်မပျော်
တတ်သူပီပီ မိဇံမကျေမနပ်ဖြစ်နေသည်။

"အချိန်မရလို့ပါဆို ရှင်ပါတော့ ဘာထူးမှာလဲ၊
ရှင့်ဇာတ်ပုံပါ ရောပါလာဦးမှာ၊ ဒီတော့မှ ရှင်ဗွေ့ဗွေ့
ခုန်နေမှာ"

"မိန်းမ...ဟွန်း...သူ့ကိုယ်သူ လောက
အကြောင်း နားလည်နှံ့စပ်တဲ့ စာရေးဆရာမကြီးဆိုပြီး
စိတ်ကြီးဝင်၊ ဘဝင်မြင့်နေလိုက်တာ အခုတော့ထိပြီ ပေါ့၊
မင်းသားကလဲ ခပ်ချွဲချွဲဆိုတော့"

စပ်ဖြဲဖြဲအမူအရာနှင့် မေမခံချင်အောင်စနေသော မိဇံကျောကို တဘုံးဘုံးထုပစ်လိုက်သည်။

"တော်စမ်းပါမိဇံ...သူများစိတ်ညစ်ရတဲ့အထဲမှာ"

"သူ့မင်းသားကိုထိတော့ မခံနိုင်ဘူးမဟုတ်လား"

မိဇံကအစမရပ်သေး။ မိဇံစလေ မေဒေါသထွက်လေ ငိုချင်ရယ်ချင်ဖြစ်လာလေပင်။

"ကျုပ်မင်းသား မဟုတ်ပါဘူးရှင်၊ ရှင်ပြောသလို ခပ်ချွဲချွဲလဲမဟုတ်ပါဘူး၊ ကလေးဆန်ဆန်နေတတ်တာပါ"

သူ့စကားအဆုံးမှာ လက်ခုပ်လက်ဝါးတီး၍ မိဇံရယ်လိုက်သည်။

"ကျုပ်ပြောတော့ မကြိုက်ဘူး၊ ဒါပေမယ့် ရှင့်နှလုံးသားထဲမှာ မင်းသားက နေရာယူထားတာတော့ အမှန်ပဲ"

မိဇံက သူ့ဝါသနာအတိုင်း အတင်းအနိုင်ယူ၍ ပြောနေသေးသည်။

"တော်ပါတော့မိဇံရယ်၊ အခုပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ပြောပါဦး"

"အဲ...အဲ...ခဏနေဦး ကျုပ်သတိရပြီ၊ ရှင်က



မင်းသားကို စိုးမိုးလွှမ်းနေသတဲ့၊ ကျောင်းထဲကို မိတ်ကပ်လိမ်းမလာနဲ့ဆိုလို့ လိမ်းမလာရဲဘူးဆိုတာလည်းပါတယ်"

သေလိုက်ပါဟုဆိုကာ ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိတော့သည်။ ကျောင်းသူမိန်းကလေးတွေ ရှေ့မှာ မေက မိတ်ကပ်လိမ်းမလာနဲ့ဆို၍ လိမ်းမလာရကြောင်းကို ကိုယ်တော်ချောက လျှာရှည်ပြီး ပြောခဲ့သည်ပဲ။

"ကျုပ်က သူ့ကို ဖုန်းထဲကပြောတာ၊ အဲဒါကို မိတ်ဆက်တဲ့ ကျောင်းသူလေးတွေရှေ့မှာ သူကပြောလိုက်တာ"

မိဇံက မေမခံချင်အောင် အော်အော်ပြီးရယ်နေသည်။

"ရှင့်အသက်က ၂၅နှစ် စာရေးဆရာမ အငယ်စားလေး၊ ဒါပေမယ့် ရှင်က လောကကြီးအကြောင်းကို အလွန်တတ်သိနားလည်နေတဲ့ စာရေးဆရာမကြီး စတိုင်လ် ဖမ်းထားတယ်။ မင်းသားကိုတောင် သွားဆရာလုပ်လိုက်သေးတယ်၊ ရယ်စရာတကယ်ကောင်းတယ်"

မိဇံအမူအရာကိုကြည့်ပြီး စိတ်တိုမိပေမယ့် မိဇံလိုသူငယ်ချင်းကောင်းတစ်ယောက်ကို ကသန်ကဆန်လုပ်၍မဖြစ်။ ယခုကိစ္စမှာလည်း သူ့ဆီကအကြံဉာဏ်

တောင်းရဦးမည်။ အကူအညီယူရဦးမည်။

"ကျုပ်တောင်းပန်ပါတယ် မိဇံရယ်၊ အခုကျုပ်ကိစ္စကို ကူညီပါဦး၊ ကျုပ်ဘာလုပ်ရမလဲဆိုတာ..."

မိဇံနှင့်ပြိုင်ပြောမနေတော့ဘဲ အလျှော့ပေးလိုက်ရသည်။

"မဂ္ဂဇင်းတိုက်ကို လိုက်ရမှာပေါ့၊ အယ်ဒီတာနဲ့တွေ့ပြီး ပြောရမှာပေါ့။ ဒီသတင်းကို မထည့်ဖို့လေ"

မိဇံအကြံပြုချက်ကို ငြိမ်သက်စွာ နားထောင်နေရသည်။

"ဖေဖေနဲ့မေမေကတော့ မဂ္ဂဇင်းထဲပါလာရင် သိပ်စိတ်ဆိုးကြမှာ"

"ရှင့်အန်တီစောက ပွဲကြမ်းတော့မှာ"

"ရှင်မဂ္ဂဇင်းတိုက် လိပ်စာသိလား"

မိဇံကပြုံးလိုက်ပြီး မေ့ပခုံးလေးကို ပုတ်ကာ...

"ချာတိတ်ရယ်၊ ငယ်ပါသေးတယ် စာရေးဆရာမကြီးဆိုပြီး သိပ်စိတ်ကြီးမဝင်ပါနဲ့၊ မဂ္ဂဇင်းစာအုပ်မှာ ကြည့်လိုက်လျှင် လိပ်စာတွေ့မှာပေါ့၊ အယ်ဒီတာနာမည်လဲ တွေ့မှာပေါ့"

စာအုပ်စင်ပေါ်က မဂ္ဂဇင်းတစ်အုပ်ကို ယူလာပြီး လှန်လှောရှာဖွေပြီး မိဇံကူးယူလိုက်သည်။

"ကဲ...လာသွားမယ်၊ ကားကိုကျုပ်မောင်းရ



လား၊ ရှင်မောင်းမလား၊ ရှင်စိတ်လှုပ်ရှားနေတယ် ကျုပ်မောင်းခဲ့မယ်"

စိတ်ညစ်၍ တွေဝေနေသော မေ့ထံမှအဖြေကို စောင့်ဘဲ မိဇံကားဝင်မောင်းသည်။ မိဇံဦးဆောင်မှုအောက်မှာ မေငြိမ်သက်စွာ လိုက်လာခဲ့မိသည်။

(.....)မဂ္ဂဇင်းတိုက်ရှေ့ကို ကားထိုးရပ်လိုက်သည်။ လောကကြီးအကြောင်းကို ကောင်းကောင်းနားလည်ရှာကြောင်း မိမိကိုယ်ကို ဝန်ခံလိုက်မိသည်။ ဂ္ဂဇင်းတိုက်ရှေ့သို့ ကားဆိုက်သည့်တိုင် မလှုပ်ရှားမိသေး။

"စာရေးဆရာမကြီးရေ၊ စတင်လှုပ်ရှားတော့ ပါ"

မချိုမချဉ်မျက်နှာထားနှင့် မိဇံပြောတော့ စိတ်ထဲကဒေါသဖြစ်မိပေမယ့် သည်းခံကာ ငြိမ်ငြိမ်လေး င်းလာသည်။

မေနှင့်မိဇံအလုပ်တိုက်ထဲ ဝင်သွားသည်နှင့် အားလုံး၏မျက်ဝန်းတို့က သူတို့နှစ်ယောက်ဆီသို့ ရောက်လာသည်။ အားလုံးက ဝိုင်းကြည့်နေပြီဆိုတော့ သည်း 'မေ'သည် ရှိုးတိုးရှန့်တန့်မဖြစ်အောင် စိတ်ကို တီးလိုက်သည်။

မေ့ပင်ကိုယ်ဟန်အတိုင်း ခပ်ရဲရဲအသွင်အမူသို့

ပြောင်းပြီး ခေါင်းကလေးကို ခပ်မော့မော့ထားကာ မျက်နှာထားတည်တည်နှင့် လျှောက်လှမ်းခဲ့သည်။ မိဇ်က လည်း အတွေ့အကြုံရင့်ကျက်သော အလုပ်ခွင်က မိန်းကလေးတစ်ယောက်ဟန်နှင့် တည်တည်ငြိမ်ငြိ လျှောက်လာသည်။

"အယ်ဒီတာ ဦးတတိုင်းမွေးနဲ့တွေ့ချင်လို့ပါ"

မိဇ်က ရှေးဦးစွာပြောလိုက်သည်။

"ခဏစောင့်ပါ၊ ဧည့်သည်ရှိနေလို့ပါ ထိုင်ပါ"

စိတ်မရှည်နိုင်သည့် အမူအရာနှင့် မေနှင်းမိ တို့ ဝင်ထိုင်လိုက်သည်။ အချိန်တွေ တရွေ့ရွေ့ကြာသွာ သည့်အထိ ဧည့်သည်ကထွက်မလာ။

မေရာမိဇ်ပါ မျက်နှာလေးတွေ တဖြည်းဖြည် စူပုတ်ပုတ်ဖြစ်လာကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ရှုံ့မဲ့ပြကြသည်။

"ရှင်တို့ဧည့်သည် မထွက်သေးဘူးလား"

လက်ထောက်အယ်ဒီတာဟု ယူဆရသူကို မေ လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့ မထွက်သေးပါဘူးခင်ဗျာ"

မိဇ်က ရှုံ့မဲ့ပြီးဗိုက်နှိပ်ပြသည်။

"ဗိုက်ဆာတယ်၊ တစ်ခုခုသွားစားရအောင်"

မိဇ်အဆိုပြုချက်ကို 'မေ'လိုက်လျောလို



သည်။ မေလည်း ဗိုက်ဆာနေပြီ။

"ဟွန်း...ဘယ်လိုလူတွေလဲ မသိဘူး၊ ကြာ လိုက်တာ"

ဧည့်သည်ထွက်လာသည်ကို မြင်နိုင်ရန် မဂ္ဂဇင်း တိုက်တည့်တည့်ရှိ ရှမ်းခေါက်ဆွဲဆိုင်မှာ ဝင်ထိုင်လိုက် သည်။

"ဘယ်လိုဧည့်သည်မျိုးမို့ ဒီလောက်အကြာကြီး လက်ခံစကားပြောနေရတာလဲ...တောက်"

မကျေမနပ်နှင့် မေရေရွတ်လိုက်သည်။ သို့ပေ မယ့် သူတို့နှစ်ယောက်စလုံး ဗိုက်ဆာလွန်းသည် အတွက် စကားအများကြီးမပြောနိုင်။ ရှမ်းခေါက်ဆွဲ ကိုသာ သဲကြီးမဲကြီး ဖိစားနေမိသည်။ စားသောက်ပြီး သည့်အထိ ဧည့်သည်က ထွက်မလာသေး။

လေးလက်မခန့်ထူသည့် ဒေါက်ဖိနပ်ကြီးကို ဆောင့်နင်းပြီး ထွက်လာကြသည်။ လက်ထောက် အယ်ဒီတာနှင့် သူ့အဖွဲ့သားတွေက မေတို့နှစ်ယောက် ကို ရိပ်ကြည့်ရိပ်ကြည့်လုပ်ကာ ပြုံးစိစိဖြစ်နေကြသည်။

"ဧည့်သည်ရှိသေးလား"

"ဟုတ်ကဲ့...ရှိနေပါသေးတယ်၊ စာမူပို့ချင်လို့ လားခင်ဗျာ၊ စာမူကိစ္စဆိုရင် ကျွန်တော်နဲ့ဖြစ်ပါတယ်"

အားတုံ့အားနာ အမူအရာနှင့် လက်ထောက်

အယ်ဒီတာက ပြန်ပြောသည်။

"မဟုတ်ဘူးရှင့်၊ ကျွန်မတို့က ရှင်တို့ အယ်
တာကြီးနဲ့တွေ့မှ ဖြစ်မှာမို့လို့ပါ"

မေပြန်ပြောလိုက်ပြီး မိဇဘက်သို့လှည့်ကာ

"ကျုပ်ကို့နှစ်ယောက် စောင့်ကြည့်နေတ
ထွက်မှ ထွက်မလာသေးဘဲဟာ"

"အနောက်ပေါက်ကများ ထွက်သွားသလ
လို့ မေးကြည့်မိတာပါ ဆရာမရဲ့"

ဟု မိဇက ခပ်ရွတ်ရွတ်ပြန်ပြောသည်။ စိတ်
နေသောမေက အနာပေါ်တုတ်ကျဖြစ်ကာ မျက်စေ
လှစ်ခနဲ ထိုးလိုက်သည်။

"ဘယ်လိုဧည့်သည်မျိုးလဲမသိဘူး၊ ခုအ
မပြန်သေးဘူး"

မကျေမနပ်နှင့် ဧည့်သည်ကို မဆီမဆ
အပြစ်ဖွဲ့မိပြန်သည်။ ပြီးတော့ ဂဏှာမငြိမ်ဘဲ ထ
လိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက် ဖြစ်နေသည်

"ရှင်ပူလာပြီ...အအေးသွားသောက်မယ်"

ဟုဆိုကာ မိဇလက်ကိုဆွဲမ၍ ထစေပြန်သည်
သူတို့နှစ်ယောက် အအေးဆိုင်မှာ အကြာကြီးထိုင်ပြီး
လာသည့်အထိ ဧည့်သည်၏အရိပ်အရောင်ကို
မတွေ့သေး။



"ဘယ်လိုဧည့်သည်မျိုးလဲဆိုတာ သိချင်လိုက်
တာ"

"သိချင်ရင် ဝင်ကြည့်လိုက်လေ"

ရယ်ကျဲကျဲနှင့် မိဇနေပြန်တော့ ပိုပြီးစိတ်တို
လာသည်။

"မကြည့်ရဲဘူးများထင်လား"

မိဇကိုပြန်ပက်လိုက်ပြီး လက်ထောက် အယ်ဒီ
တာ စားပွဲနားသို့ လျှောက်သွားသည်။ အယ်ဒီတာလေး
က သူ့အား အားတုံ့အားနာနှင့် ပြုံးပြသည်။

"ဧည့်သည်က ဘယ်သူလဲဟင်... ယောက်ျား
လား၊ မိန်းမလား"

မမြိုသိပ်နိုင်ဘဲ မေဖွင့်မေးလိုက်သည်။

"ဘယ်သူမှန်းတော့ မသိပါဘူး၊ ဆရာနဲ့
အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်ပုံရတယ်။ သူတို့
နှစ်ယောက် ကိစ္စတစ်ခုကို ဆွေးနွေးနေကြတာပါ၊
မကျေလည်သေးလို့ပါ"

အယ်ဒီတာလေးက ရည်ရည်မွန်မွန် ပြန်ဖြေ
သည်။

"သူတို့ကိစ္စက ပြီးနိုင်မယ့်ပုံမပေါ်ဘူး၊ ကျွန်မ
တို့နဲ့အရင်တွေ့ခွင့်ပေးလိုက်ရင် ပြီးရော"

မေတို့ကို အထူးအားတုံ့အားနာဖြစ်ပေမယ့်

အထဲသို့ဝင်ပြောပေးလိုဟန်မရှိပေ။

"အစ်မတို့ကိစ္စက အရေးကြီးလို့လားဟင်"

"အရေးကြီးလို့ပါ"

ခေတ္တမျှ တွေဝေတုံ့ဆိုင်းနေပြန်သည်။

"ကျွန်မတို့က တွေ့ချင်တဲ့အကြောင်း ဝင်ပြေ ပေးလို့ မရဘူးလား"

"ဆရာ့ဧည့်သည်ကလည်း အရေးကြီး ကိစ္စလို့ ပြောတာပဲ၊ သူတို့ချင်း အချေအတင် ငြင်း ကြတာ တံခါးပိတ်ထားတယ်"

"တံခါးခေါက်ကြည့်ပါလား ကျွန်မတို့ အ တကြီးတွေ့ချင်လို့ စောင့်နေတဲ့အကြောင်း ပြောပေး လား၊ ကျွန်မတို့ကို တဆိတ်ကူညီပါရှင်"

မေက ချိုသာပျော့ပျောင်းစွာနှင့် တောင်း လိုက်သည်။

"အစ်မတို့က ဘယ်သူတွေလဲ၊ ဘယ်သူ ပြောပေးရမလဲ"

"စာရေးဆရာမ မေသံစဉ်လို့ပြောပါ"

မေ့နာမည်ကို ကြားလိုက်သည်နှင့် အယ်ဒီ လေး မျက်လုံးပြူးသွားသည်။

"ဟို...ဟို...မေသံစဉ်ရဲ့သတင်းနဲ့ ပတ်သက် ပြောချင်တာလား"



ထိုသူက ကြိုတင်သိနေခြင်းကို အံ့ဩရသည်။

"အထဲက ဧည့်သည်ကလဲ အဲဒီကိစ္စအတွက်ပဲ လာတာ၊ အဲဒီကိစ္စဆွေးနွေးတာ မပြေလည်သေး ဘူးထင်တယ်၊ သူတို့ချင်းကတော့ သိပ်ရင်းနှီးပါတယ်"

သည်တစ်ကြိမ်မှာတော့ မေ့မျက်လုံးဝိုင်းသွားရ သည်။ အံ့ဩစရာပါလား။ သည်သတင်းကိစ္စအတွက် လာယ်သူက သူ့ထက်အရင်ရောက်နေပါလိမ့်၊ မင်းသားပဲ လား၊ မင်းသားနှင့်ပတ်သက်နေသူပဲလား။

"သူကဘယ်သူလဲ"

"ကျွန်တော်မသိဘူး"

"ကျေးဇူးပြုပြီး ရှင်တို့အယ်ဒီတာကြီးကို မေသံ စဉ်စောင့်နေတဲ့အကြောင်း ပြောပေးပါနော်"

သူထွက်သွားပြီး မကြာမီ အယ်ဒီတာလေး ပြန် ရောက်လာသည်။

"ဘာတဲ့လဲဟင် ဝင်လို့ရပြီလား"

မေဆီးမေးတော့ ဒီကပဲစောင့်ရန် ပြန်ပြော သည်။ ထိုအခိုက် အယ်ဒီတာအခန်းထဲမှ လူတစ် ယောက် ကမန်းကတန်းထွက်လာသည်။ ထိုသူ အထွက် မှာ အယ်ဒီတာ့အခန်းထဲဝင်ရန် မိဖကို မျက်ရိပ်ပြ၍ ထလိုက်တွင် သူ့ရှေ့သို့ ရောက်လာသော ဦးမြင့်မိုရ် နှင့် တွေ့လိုက်ရသည်။

"ညွှန့်သည်ဆိုတာ ရှင်ကိုး"

သူ ခေါင်းညိတ်သည်။

"ရှင့်ကြောင့် ကျွန်မတို့စောင့်ရတာ ကြာလှပြီ ကျွန်မအရေးကြီးလို့ သွားတွေ့လိုက်ဦးမယ်"

မေလှည့်အထွက်မှာ မေ့လက်ကို ကမန်းကတန်း လှမ်းဆွဲထားလိုက်သည်။

"သူနဲ့တွေ့စရာမလိုတော့ဘူးမေ၊ ကျွန်တော် အားလုံးရှင်းပြီးသွားပြီ မေပြန်တော့"

သူ့အပြောကြောင့် အံ့သြလွန်းမက အံ့သြ သည်။ သည်ကိစ္စမှာ သူက မည်သည့်အတွက် ပါဝင် ပတ် သက်လာရပြန်တာလဲ...

မယုံကြည်နိုင်လွန်းဟန်နှင့် မေ မျက်မှောင် လေးကုတ်ကာ စဉ်းစားနေသည်။

"နေပါဦး၊ မေ့ကိစ္စကို ရှင်သိလို့လား"

သူက မေ့ကို ပြုံးရိပ်ငွေ့ငွေ့မျက်ဝန်းများဖြင့် ကြည့်နေသည်။

"သိတယ်လေ ဇင်ယော်နဲ့မေ့ရဲ့ သတင်း မဟုတ်လား"

သူ့ပင်ကိုယ်ဟန်အတိုင်း ခပ်အေးအေးပင် ပြန် ဖြေသည်။

"ရှင့်ကို ဘယ်သူက ရှင်းခိုင်းလို့လဲ၊ ရှင်ဘာ



တွေ ရှင်းခဲ့သလဲဟင်"

"ဇင်ယော်က အကူအညီတောင်းလို့ ပြီးတော့ မေ့ အတွက်ဆောင်ရွက်ပေးချင်လို့ မေတို့နှစ်ယောက်ရဲ့ သတင်းကို ဓာတ်ပုံရိုက်ထားတဲ့ ဂေ ်င်းသမလေးဆီက ရခဲ့တယ်။ ဓာတ်ပုံလဲ ရခဲ့ကြတယ။ အဲဒီသတင်းကို မထည့်ဖို့ အကြာကြီးတောင်းပန်ခဲ့ရတာ ါတောင် ကျွန် တော့်သူငယ်ချင်း အရင်းအချာပါ"

သူ့ကို မဖော်ပြတတ်အောင် ကျေးဇူးတင်ခြင်း၊ အံ့သြခြင်းတို့နှင့် ခပ်ငေးငေးကြည့်နေမိသည်။ သူ့ကို မုန်း တီးခဲ့သည့်စိတ်တို့ ပြယ်လွင့်မှေးမှိန်ချင်လာသည်။

"စာနယ်ဇင်းလုပ်ငန်းဆိုတာ သူ့ထက်ငါ သတင်းထူးအောင် ကြိုးစားကြရတာဆိုတော့ ဘယ်လို မှ အလျှော့မပေးချင်ဘူး။ နောက်ဆုံးကျမှ ဓာတ်ပုံနဲ့ ဓာတ်ပြားတွေ ကျွန်တော့်ကိုပေးတယ်။ ကျွန်တော်က အားလုံးသူ့ရှေ့မှာ မီးရှို့ပစ်ခဲ့တယ်"

မေ့ကို ငုံ့ကြည့်လိုက်သော သူ့အကြည့် သူ့ အပြုံးများက မေ့ရင်ကို နွေးထွေးလုံခြုံစေသည်။ သူ့ အပေါ် ယုံကြည်ခြင်းတို့ ဖြစ်ထွန်းလာစေသည်။

"ရှင့်ကို မင်းသားက အကူအညီတောင်းခဲ့ တာပေါ့နော်"

"ဟုတ်တယ်မေ၊ သူက အကူအညီတောင်းလို့

သူ့အတွက်ဆောင်ရွက်ပေးတာ မဟုတ်ဘူး၊ သူက မင်းသားပဲ ဒီသတင်းပါလာရင် ပိုတောင်နာမည်ကြီးဦးမယ်၊ မေက မင်းသမီးမဟုတ်ဘူး စာရေးဆရာမ၊ တကယ့်ဖြစ်ရပ်လည်းမဟုတ်ဘူး၊ မေ့ကို နာမည်မပျက်စေချင်တဲ့အတွက် ကျွန်တော်ကူညီတာ"

ကားရပ်ထားသည့်နေရာအထိ မေနှင့်အတူ ယှဉ်တွဲပြီး လျှောက်လိုက်လာသည်။

"ဒီအယ်ဒီတာကြီးနဲ့ စကားပြောရတာ မလွယ်ဘူး၊ မေသာဝင်တွေ့ရင် နောက်ထပ်သတင်းတစ်ပုဒ်ပါလာမှာ သေချာတယ်။ ဒါကြောင့် ကျွန်တော်ချက်ချင်းထွက်လာတာ"

မေတို့နှစ်ယောက် ကားထဲဝင်ထိုင်မိသည့်အထိ သူ့ကို ကျေးဇူးတင်စကား မပြောဖြစ်သေး။ အံ့သြခြင်းတို့က မေ့စိတ်တစ်ခုလုံးကို လွှမ်းခြုံထားသည်။

မေက သူ့ကို တမ်းတမျှော်လင့်မိပါလျက် သူက မေနှင့်အဝေးဆုံးနေရာမှာသာ ရှိနေခဲ့သည်။ သို့ပေမယ့် မေမျှော်လင့်မထားသည့် အတိုင်းအတာအထိ မေ့ကို အလေးထားစိတ်က အံ့သြစရာ ကောင်းလောက်အောင် သူ့မှာရှိနေခဲ့သည်။ ရှင့်ကို မေဘယ်လိုနားလည်ရမှာလဲ ဦးမြင့်မိုရ်ရယ် မေနားမလည်နိုင်တော့ပါလားရှင်။



သူနှင့်တွေ့လိုက်ရသည့် အကြိမ်တိုင်းသည် မေ့အတွက် အလိုအပ်ဆုံးအချိန်များ ဖြစ်နေတတ်သည်။ မေ့အပေါ် ထာဝစဉ်အလေးထားနေသည်ဟု နက်ရှိုင်း ခဲ့မြဲစွာ ခံစားလောက်အောင် မြတ်နိုးတွယ်တာမှုတွေ သို ပြနေခဲ့သည်။ ဒါပေမယ့် တကယ်တော့ သူသိမ်း မဖြစ်စေချင်သလို မေ့အနားမှာ ရှိမနေခဲ့ပေ။

အဝေးဆုံး...မေနှင့်အဝေးဆုံးနေရာမှာပဲ ည် အမြဲရှိနေခဲ့သည်လေ။ က်

"ကျွန်မတို့နှင့် တစ်ခုခုလိုက်စားပါလားဟု လို စကားပြောရတာပေါ့" ရင်

အတွေးတို့ဖြင့် လွင့်မျောကာ တွေတွေငိုင်ငိုင် ကိ ကလေးဖြစ်နေသော မေ့အစား မိဇကာ ဝင်ပြောလိုက်သည်။ သည်တော့မှ မေသတိတရ ရှိလာခဲ့သည်။

"ဟုတ်တယ်၊ မေတို့နဲ့လိုက်ပြီး တစ်ခုခုစားပါလား ဦးမြင့်မိုရ်၊ ဦးမြင့်မိုရ်ကို မေကျေးဇူးတင်ပါတယ်"

"မဖြစ်ဘူးမေ၊ ကျွန်တော့မှာ ကိစ္စတွေရှိသေးတယ်၊ မေ့အတွက်ကူညီချင်လို့ အချိန်လုပြီးလာခဲ့တာ၊ ကျွန်တော်က မေ့ကို ကျေးဇူးတင်ပါတယ်"

မေတို့၏လှိုက်လှဲစွာ ဖိတ်ခေါ်မှုကို ဦးမြင်းမိုရ် အနေနှင့် လိုက်လျောလိမ့်မည်ဟု မျှော်လင့်ထားရာမှ ငြင်းပယ်လိုက်ခြင်းအတွက် ခံပြင်းစိတ်နှင့် မေ့မျက်နှာ

လေး ညှိုးသွားသည်။ ပျော့ပျောင်းသိမ်မွေ့စွာရှိနေရာ
၁ အနည်းငယ် တင်းမာသယောင်ရှိသည်။

ဦး၊ "ရှင် ငေါ့ပြောပြန်ပြီလား"

တက "မဟုတ်ရပါဘူး၊ ကျွန်တော်က မေ့ကို ကူညီ
စေချင်လိုက်တိုင်း ကျွန်တော်ပျော်ရတဲ့အတွက် မေ့ကို
းတင်တာပါ"

ယှဉ်၊ သူ့စကားသံတွေက မေ့နှလုံးအိမ်ဆီသို့ ငြိမ့်
ငင်းစွာ စီးဆင်းမျောပါသွားသည်။ နွေးထွေးခြင်း
မလွှ၊တူ ပျော်ရွှင်ခြင်းခံစားမှုတို့ဖြင့် မေ့ရင်ခုန်လှုပ်ရှား
တစ်၊သည်။ သူနှင့်တွေ့လျှင် မေအမြဲရင်ခုန်နေမိတာ
ချက်။

သို့ပေမယ့် သူနှင့်မတွေ့ရသည့် အေးစက်စက်
ဟင်းလင်းပြင်ကာလများကို ဖြတ်သန်းရဖန်များ၍ မေ
လည်း အေးစက်ချင်ဟန်ဆောင်ခဲ့ရသည်။ သူနှင့်ပတ်
သက်လျှင် သူစိမ်းဆန်သောခံစားမှုကို အားတင်းပြီး
မွေးထားခဲ့ရသည်။ ထိုအားတင်းထားသော အေးစက်
စက်ခံစားမှုတို့သည် သူနှင့်တွေ့လိုက်သည်နှင့်တပြိုက်
နက် ချက်ချင်းပင် နွေးထွေးသွားတတ်သည်။ အလွန်
နူးညံ့သိမ်မွေ့စွာ ရင်ကိုရိုက်ခတ်လာသည်။

ခြသေ့်မင်းရှေ့ရောက်နေသော ယုန်သူငယ်
လေးတစ်ကောင်၏ ကြောက်ရွံ့တုန်လှုပ်မှုကဲ့သို့ တုန်ရီ



လိုက်မောသော ခံစားမှုတို့ဖြင့် ပမ်းလျနေသယောင်
လည်းရှိသည်။

မပွင့်တပွင့်လေးပြုံး၍ မျက်လွှာပင့်အကြည့်မှာ
သူ၏စူးနစ်သောအကြည့်နှင့် ဆုံစည်းရသည်။ သူ့
အကြည့် သူ့အပြုံးက မေ့တစ်ကိုယ်လုံးကို စိုးမိုးလွှမ်း
ခြုံထားလိုက်သည်။

သိဂ်္ဂါရ ရသဖြင့် ကြည်နူးလိုက်ဖို့လိုက်ရသည်
ဖြစ်ခြင်း။ သို့ပေမယ့် အဆိုပါခံစားမှုသည် လျှပ်ပြက်
သလို တဒင်္ဂအတွင်းမှာ ပျောက်ပြယ်သွားမည်ကို အလို
လိုသိနေသည်။ ဖြစ်နိုင်လျှင် သူနှင့်ဆုံတွေ့ရသည့် ရင်
ခုန်ခြင်းကာလများကို ကြာရှည်အောင် ဆွဲထားလိုက်
ချင်သလိုလို။

"ကျွန်တော်သွားတော့မယ်မေ၊ မေအားလုံး
စိတ်ချပါ မေ့ကိစ္စတွေအားလုံး ပြီးသွားပါပြီ"

"ကျေးဇူးပါပဲ ဦးမြင့်မိုရ်"

"ကျေးဇူးပဲမေ မေနဲ့တွေ့ချင်ပါသေးတယ်"

မေ မျှော်လင့်ထားသည့်အတိုင်းပင် သူ့ကိုနှုတ်
ဆက်ရတိုင်း ပြောလေ့ရှိသည့်စကားကို ကြားလိုက်ရပြန်
သည်။ ယုံကြည်မှုအားနည်းသော မိန်ဖျော့ဖျော့အပြုံး
နှင့် မေခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ သူမထွက်
ခွာမီ မေကဦးစွာ ကားကိုခပ်ဖြည်းဖြည်းမောင်း၍ ထွက်

လာခဲ့သည်။

"ကျုပ်တော့ ဝက်ဘာထဲရောက်သွားသလိုပဲ၊ ချာချာလည်သွားတယ်၊ ရှင့်ဓာတ်လမ်းတွေက ရှုပ်နေတာပဲ"

ကားစထွက်သည်နှင့် မိဖံစကားစသည်။ မေ့အဖြစ်အပျက်တွေတိုင်းမှာ ပါဝင်၍ ဆရာကြီးလုပ်လေ့ရှိသော မိဖံပင် နားလည်နိုင်စွမ်းမရှိတော့ပေ။

"ရှင်နဲ့ဇင်ယော်ရဲ့သတင်းကို ဦးမြင့်မိုရ်က ဘာဖြစ်လို့ အသည်းအသန် ပါဝင်လှုပ်ရှားရတာလဲ"

နက်နက်နဲနဲတွေးရင်း မိဖံအမေးထုတ်သည်။ ဦးမြင်းမိုရ်အကြောင်းကို တွေးတောနစ်မျောနေရာမှ အသိဝင်လာကာ ပင်ကိုယ်ဟန်အတိုင်း ခပ်ပေါ့ပေါ့ပြုံးလိုက်သည်။

"ရှင်းနေတာပဲ မင်းသားက အကူအညီတောင်းလို့လေ"

မေ့စကားအဆုံးမှာ မိဖံမျက်စောင်းထိုးလိုက်သည်။

"ဇင်ယော့်ကြောင့် ဒီလောက်ပြဿနာရှုပ်တာတောင် ရှင်က သူ့ကို စိတ်မပျက်နိုင်သေးဘူး၊ မင်းသားတဲ့လေ ရှင့်အသုံးအနှုန်းထဲမှာ မြတ်နိုးတွယ်တာစိတ်တွေပေါ်နေတယ်"



ကားမောင်းနေရာမှ ခေါင်းကလေးခါယမ်းပြီး မေရယ်သည်။

"မင်းသားမို့ မင်းသားခေါ်တာပဲ၊ မြတ်နိုးတွယ်တာသတဲ့၊ ရယ်စရာကောင်းလိုက်တာ အတွေးမခေါင်စမ်းပါနဲ့မိန်းမရဲ့"

"ကဲ...ထားပါတော့ ဦးမြင့်မိုရ်ပြောတဲ့ စကားတွေထဲမှာလည်း လျှို့ဝှက်နက်နဲမှုတွေ ပါနေတယ်"

လူကဲခတ်ကောင်းလွန်းသည်နှင့်အမျှ သူငယ်ချင်းနှင့်ပတ်သက်လာလျှင် အသေးစိတ်၊ စိတ်ဝင်စားတတ်သော မိဖံကို သဘောကျသွားသည်။

"မိန်းမ သိပ်လည်နေပါလား"

မိဖံ ဟက်ခနဲရယ်လိုက်သည်။

"ဒါပေါ့...စာရေးဆရာမကြီးရဲ့ သူငယ်ချင်းဆိုတော့ ကိုယ့်ကိုယ်ကို လည်လည်ပတ်ပတ်ရှိတယ်လို့ ထင်မိတာပဲ၊ ဦးမြင့်မိုရ်က ရှင့်ကို စိတ်ဝင်စားနေတာ သေချာတယ်"

မိဖံလိုဘေးလူကပါ သည်ကဲ့သို့မြင်လာပြီဆိုတော့ မေရင်ထဲမှာ လှိုက်ဖိုသွားသည်။ မိဖံထင်သလို ဟုတ်နိုင်ပါ့မလား...

"သူနဲ့တွေ့တိုင်း ပြောတဲ့စကားတိုင်းမှာ အဓိပ္ပာယ်တွေပါနေတာ တွေ့ရတယ်"

"ဘာအစီမံပွာယ်တွေ ပါနေလို့လဲ"

စိတ်လှုပ်ရှားမှုကို ဟန်ဆောင်ဖုံးဖိကာ ခပ်ပေ ပေါ့သဘောထားဟန်နှင့် မေးလိုက်သည်။

"ကျူပ်လိုစီးပွားရေးသမားတောင် ရိပ်မိရင် ရှ လိုခံစားမှုသမားက မရိပ်မိပဲနေပါ့မလား။ ရှင်ဟ ဆောင်နေတာ အင်းလေ မင်းသားနဲ့ပေါင်းပြီး ရှ လည်းသရုပ်ဆောင်ကောင်းဖြစ်နေပြီ"

သည်တစ်ကြိမ်မှာတော့ မိဇံ အပြောက သဘောကျပြီး မေ ဟက်ဟက်ပက်ပက် ရယ်ပစ်လို သည်။ မိဇံကို မျက်စောင်းထိုးလိုက်ပြီး...

"မိန်းမ စကားတွေတတ်နေလိုက်တာ ရှင့် ဘယ်သူက သင်ပေးလိုက်တာလဲ"

ဟု ပြန်မေးလိုက်သည်။

"စာရေးဆရာမကြီးရဲ့ သူငယ်ချင်းဖြစ်နေ တော့ စကားမတတ်ပဲနေမလား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ရှိပါစေတော့"

ရယ်ရယ်မောမောနှင့် အလျှော့ပေးလိုက်သည်

"အခုတော့ ရှင်သိပ်ပျော်နေတယ်မဟုတ်လာ မနက်ကဖြင့် သေတော့မတတ်ပဲ"

စကားများလွန်းသည့် ချစ်သူငယ်ချင်း မိဇံ ကြည့်ပြီး ရယ်ပြီးရင်းရယ်ချင်ရင်း ဖြစ်နေမိသည်။



"ဒါသဘာဝပဲ ဘာဆန်းလို့လဲ"

"ဆန်းသလား မဆန်းဘူးလားဆိုတာ ပိတ် ကားပေါ်မှာ စောင့်ကြည့်ရမှာပဲ၊ ရှင့်ကိုတော့ သတိပေး ရဦးမယ်၊ ဦးမြင့်မိုရ်မှာ မိန်းမရှိတာ ကွာရှင်းပြီးပြီလို့ တော့ ကြားရတယ်။ ကလေးတစ်ယောက်ရှိတယ်၊ ပြီး တော့ မီးဇာနဲ့တွဲနေတယ်၊ အဲဒီအချက်တွေကို ရှင့် အတွေးထဲမှာ ရှင့်နှလုံးသားထဲမှာ ရှိနေရမယ်"

မိဇံက လိုက်လိုက်လှဲလှဲ လေးလေးနက်နက် ပြောနေသည်။ မိဇံနှင့်မေက ငယ်ငယ်ကတည်းက တစ် တန်းတည်း သူငယ်ချင်းတွေပီပီ သံယောဇဉ်ကြီးကြ သည်။ အလုပ်ခွင်လောကထဲသို့ အရင်ဝင်ရောက်ခဲ့သူ မိဇံက မေ့ထက်လူတွေအကြောင်းကို နားလည်သည်။

တကယ်တော့ မေက ကလေးဆန်သည်။ အရိုးခံအတိုင်း တွေးတတ်မြင်တတ်သည်။ သို့ပေမယ့် မေက မာနကြီးသည်။ မိမိကိုယ်ကိုယုံကြည်မှု အပြည့် အဝရှိသည်မို့ နေရာတိုင်းမှာ စွန့်စားချင်သည်။ အကြောက်အရွံ့မရှိ ရဲရဲဝံ့ဝံ့ရင်ဆိုင်တတ်သည်။

မေ့အတွက် မိဇံကအမြဲတမ်း တွေးပူတတ် သည်။ ချောမောလှပသည်နှင့်အမျှ အောင်မြင်ကျော် ကြားမှုရှိသော မေ့အပါးမှာရှိနေသည့် အန္တရာယ်တွေကို တွေးပူတတ်သူမို့ ဇ ွတ်တွတ် တဖွဖွနှင့် နား ြီး

လောက်အောင် ပြောနေတတ်သည်။

"မေ့လိုအပြစ်ကင်းစင်ကဲ့ မိန်းကလေးတင ယောက်နဲ့ ဦးမြင့်မိုရ်လို အတွေ့အကြုံရင့်တဲ့ ယောက်ျား တစ်ယောက်ကို မနီးစပ်သင့်ဘူး။ အတွေ့အကြုံရင့် တယ်ဆိုတာ ခံသာအောင်ပြောတာ မိန်းမရှုပ်တဲ့ ယောက်ျားလို့ ဆိုချင်တာ မေမခံချင်မှာစိုးလို့"

သူ့အကြောင်းကို မကောင်းကြားလိုက်ရတိုင်း မေ့စိတ်တွေ ဆောက်တည်ရာမရအောင် လှုပ်ရှားယိမ်း ခါတတ်သည်။ မိဇံသည် ပါးနပ်လိမ္မာလွန်းပါဘိ။ မေ့ အကြောင်းကို အားလုံးသိနေခဲ့သည်။

"မေက ဘာဖြစ်လို့မခံနိုင်ရမှာလဲ၊ သူ့ အကြောင်းကို လူတိုင်းပြောနေတာပဲ"

ဣန္ဒြေမပျက်အောင် ဖုံးဖိ၍ပြောလိုက်ရသည်၊

"မေ့အနေနဲ့ သူ့ကို ချစ်လူဆိုးတစ်ယောက်လို့ လက်ခံလား"

လွယ်လွယ်ကူကူ အဖြေမပေးချင်သည် အတွက် ရင်ထဲမှာပမ်းလျလာသည်။

"ပြောလေ"

"မေကိုယ်တိုင် သေသေချာချာမသိဘဲနဲ့ မယုံ ချင်သေးဘူး"

"ဟား...ရယ်ရတယ် ကိုယ်တိုင်သိရအောင် မေ



ကစွန့်စားချင်လို့လား"

"မဆိုလိုပါဘူး"

"အချစ်ဆိုတာ မစွန့်စားရဘူးမေရဲ့ ဘဝပျက် သွားမှာ"

မိဇံပြောသည့်အထိ မေ့စိတ်ထဲမှာ ပြင်းပြင်း ပြပြ မခံစားရသလို ကြောက်ရွံ့စိတ်လည်းမရှိခဲ့ပေ။ စွန့် စားသင့်သည်ဟုလည်း မယူဆပါ။

"မေ မစွန့်စားပါဘူး၊ စွန့်စားခဲ့ရင်လည်း ဘဝ မပျက်နိုင်ပါဘူး၊ မေပဲ တခြားသူမှမဟုတ်တာ"

မာနစိတ်လေးနှင့် ခေါင်းကလေးကို ခပ်မော့ မော့ထားကာ ပြန်ပြောလိုက်သည်။

"အကောင်းဆုံးကတော့ ခုအချိန်မှာ မေ့အိမ်က အခန်းထဲမှာကုတ်ပြီး စာရေးနေသင့်တယ်၊ အပြင်မ ထွက်သင့်ဘူး"

မေ ခစ်ခနဲရယ်လိုက်သည်။

"မိဇံက အန်တီစောကျနေတာပဲ၊ ရှင်အသက် ကြီးလာရင် အန်တီစောလို နားငြီးတဲ့အဖွားကြီး ဖြစ်လာ မှာပဲ၊ ကျုပ်က အခန်းထဲမှာအောင်းနေပြီး ဘယ်လိုစာ ရေးရမှာလဲ၊ စာရေးဆရာမကို အခန်းထဲအောင်းခိုင်း တာ ရှင်ပဲရှိတယ်"

မေက သူ့ကိုအကောင်းမမြင်သည့်အတွက် မိဇံမောလည်းမော၊ စိတ်လည်းတိုလာကာ နှုတ်ခမ်းစူ၊

မျက်နှာပုပ်ထားသည်။

"ရှင့်ပတ်ဝန်းကျင်က ရှုပ်ထွေးလွန်းလို့ပေါ့ ရ တာ ရှင်ကိုယ်တိုင် ဓာတ်လိုက်ဖြစ်သွားမှာစိုးလို့ ပြော ရတာ"

"ကျေးဇူးတင်ပါတယ်"

"မေနော် ရှင့်လူကြီးကို တွေ့သလို ကျုပ်ကို လာမတွေ့နဲ့ နောက်တစ်ခါ မဂ္ဂဇင်းထဲပါလာရင် ကျုပ် ကိုလာမခေါ်နဲ့"

မိဇ်တကယ် စိတ်ဆိုးသွားပြီမို့ မေအလျှော့ပေး လိုက်ရသည်။

"စိတ်မကောက်ပါနဲ့ယောင်းမရယ်၊ ယောင်းမ ပြောတဲ့အတိုင်း လိုက်နာပါ့မယ်၊ အခန်းထဲမှာတော့ အောင်းမနေပါရစေနဲ့၊ ယောင်းမစိတ်မချရင် ရှင့်မောင် ကို ဘောဒီဂတ်ထည့်လိုက်ပေါ့"

"ငါ့မောင်က နိုင်ငံခြားရောက်နေတာကိုး၊ မဟုတ်ရင် အခုချက်ချင်း ယောင်းမတော်ပစ်လိုက်မယ် သိလား"

ပြောရင်းနှင့် မိဇ်မျက်နှာစူပုတ်ပုတ်မှ တဖြည်း ဖြည်းပြုံးလာသည်။ သူငယ်ချင်းနှစ်ယောက် တစ် ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။

× × ×



စာရေးစားပွဲ၌ ထိုင်ရုံရှိသေးသည် ဖုန်းမြည်လာ သည်။ စာဖတ်သူတို့ချစ်သည့် စာရေးဆရာမတစ်ဦး ယောက်ဘဝတွင် ပရိသတ်နှင့်ဆက်ဆံရေးသည် ပြေ ပြစ်ဖို့လိုသည့်အတွက် ဖုန်းနှင့်မိတ်ဆက်လာသူတိုင်းကို စိတ်ရှည်ရှည်ထား၍ လက်ခံစကားပြောရသည်။

သည်နေ့တစ်နေ့လုံး မိတ်ဆက်သည့် ဖုန်း တွေအလာများသည်။ ပြီးတော့ အိမ်အတွက်လိုအပ် သည်တို့ကိုဝယ်ရန် ဈေးပြေးရသေးသည်။ အန်တီစော က စိတ်အေးလက်အေး ဈေးဝယ်တတ်သူမို့ မေ့ အတွက်အချိန်ကုန်လှသည်။ သူ့နောက်တကောက် ကောက်လိုက်ရ၍ ခြေထောက်တွေ တောင့်နေသည်။ ဖေဖေ့အတွက် လိုအပ်သည့်ဆေးတွေကို နေရာအနှံ့ လိုက်ရှာရသည့်အတွက် ကားမောင်းရသည့်မိုင်နှုန်းက လည်း မနည်းလှ။

အိမ်ပြန်ရောက်သည်နှင့် စိတ်ရောကိုယ်ပါ မောပန်းနေပြီ။ လိမ္မော်ရည်အေးအေးတစ်ခွက်ကို အမြန် သောက်ပြီး အိပ်ရာထဲလှဲနေလိုက်ရသည်။ အမော ပန်းပြေမှ စာရေးစားပွဲတွင် စထိုင်မိခဲ့ခြင်းပင်။

ကျောင်းစာ၊ ဝတ္ထုရေးခြင်းနှင့် အိမ်မှုကိစ္စများ ကြားတွင် လူးလွန့်လှုပ်ရှားနေရသူမို့ ဖုန်းသံကြားလျှင် စိတ်လန့်ရသည်။ ငယ်အကျင့်ကလည်း သူငယ်ချင်း

တွေနှင့် ဖုန်းပြောမိလျှင် မဆုံးနိုင်တော့။

ဖွဲလား၊ ဘိုလား၊ ချိုမိုင်လား၊ ဖွဲနှင့်ဘို၏ လယ်ပြင်ပေါ်က ခံစားချက်တွေပဲလား။ ချိုမိုင်၏ လေလှိုင်းထဲက ချစ်တေးကဗျာတစ်ပုဒ်အကြောင်း တစ်ခုခုတော့ ဖြစ်မှာသေချာသည်။ သူတို့၏အ အမုန်းတွေကို မေ့အား ကူးစက်ခံစားစေချင် စေတနာနှင့် အသေးစိတ်နာရီပေါင်းများစွာ ဖုန်း ပြောတတ်သည်။

တစ်ခါတစ်ခါတော့လည်း အိမ်အရောက် ခေါ်၍ စားသောက်ဆိုင်ကောင်းကောင်းတစ်ခုမှာ ခုခုကျွေး၍ တစိမ့်စိမ့်ပြောတတ်ကြသည်။

"နင်က စာရေးဆရာမကြီးမို့ အားကိုးတာ ဟယ်၊ အကြံကောင်းဉာဏ်ကောင်းလေးပါဦး"

လို့လည်း တောင်းဆိုကြသည်။

တစ်ခါတစ်ခါတော့ အလုပ်တွေပိနေလျှင် စိတ်မရှည်ချင်တော့။

"နင်တို့မြန်မြန်အိမ်ထောင်ကျပြီး ကလေး အ ဖြစ်ကုန်မှအေးမှာ"

စိတ်တိုလာတိုင်း မေမကြာခဏ ပြော သည်။

"ငါမြန်မြန်အိမ်ထောင်ကျအောင် နင်ကူညီ



ကွာမျှပါလား"

ဖွဲဆိုသည့် သူငယ်ချင်းကောင်းက ရိသဲ့သဲ့ပြော ချင် မေဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်ရသည်။

"တော်တော့ ငယ်သူငယ် အချင်းချင်း၊ ည်းစားစကားမပြောကောင်းဘူး နင်ရဲ့ကြီးလိမ့်မယ်"

ဟုဆိုတော့လည်း တဟဲဟဲနှင့် ယ်နေတတ် ည်။

"သူငယ်ချင်းတော်ရတာ ဘာမှလဲအကျိုးမရှိ း မှားပါတယ်"

အောင့်သက်သက်နှင့် ညည်းညူတတ်သည်။

"ငါအချိန်မရှိဘူးဖွဲ နင့်အစ်မကြီးမိဖကို အကူ ညီတောင်း"

သူတို့နှစ်ယောက်လုံး မိဖ၏နှုတ်ကိုတော့ ကြောက်ကြသည်။

"အစ်မကြီး 'ဖ' ကိုတော့ ကြောက်ပါတယ်"

သည်စကားနှင့် နိဂုံးချုပ်တတ်သည်။

ဖုန်းကိုမကိုင်ဘဲ နေလိုက်သည့်အတွက် ဖုန်း ရပ်သွားတော့မှ သက်ပြင်းချနိုင်သည်။ စာတစ် ကြောင်းချရေးရုံရှိသေးသည်။ ဖုန်းမြည်လာပြန်သည်။ တ်ပင်ပန်းစွာနှင့် ဖုန်းကိုင်လိုက်ရသည်။

"ဇင်ယော်ပါ"

"ဩော်...မင်းသားလား"

"မေ့အသံက အားပျော့လိုက်တာ၊ ကျွန်ုမ
ဖုန်းက အနှောင့်အယှက်ဖြစ်နေသလားဟင်"

"မေ အလုပ်များနေလို့ပါ"

လိမ္မာပါးနပ်စွာ တုံ့ပြန်လိုက်ရသည်။

"ကျွန်တော်ထင်ပါတယ်၊ အလုပ်တွေက
ဖုန်းတွေကလာနဲ့ မေစိတ်ညစ်နေတယ်မဟုတ်လား"

"ရှင်တော်သားပဲ"

ဖုန်းထဲမှ မင်းသားရယ်သံကို ကြားရသည်

"ကျွန်တော် တောင်ကြီးကဆက်နေတာ၊
ရိုက်ရင်းမေ့ကိုသတိရလို့ ဆက်လိုက်တာ၊ ဇာတ်ဝင်
တွေရိုက်ရင်း မေဆိုရင် ကျွန်တော့်အမူအရာကို ဘယ
ဝေဖန်မလဲလို့ တွေးနေတာ"

"မေ မဝေဖန်ရဲပါဘူး"

မင်းသားထံမှ ဖုန်းလာသည်ဆိုကတည
မဂ္ဂဇင်းတွင်ပါမည့် သတင်းနှင့်ပတ်သက်လိမ့်မည
မျှော်လင့်ခဲ့သည်။ ထိုသတင်းအတွက် မေ့ကိုအ
ကြောင်းနှင့် အယ်ဒီတာနှင့်ဖြေရှင်းရန် ဦးမြင်းမို
စေခိုင်းခဲ့ပြီးဖြစ်ကြောင်း ပြောလိမ့်မည်ဟု ထင်ခဲ့သ

"အခုရိုက်နေတဲ့ကားကို မေ့စိတ်ကြိုက်
အောင် ကြိုးစားနေပါတယ်၊ အခွေကိုကြည့်ပြီးရင်



ဖန်ပေးနော်"

'အိပ်မက်ဦး' မပြီးခင် 'မြတ်နိုးသူ'ဆိုသည့်
မေ့ဝတ္ထုကို ဆက်တိုက်ရိုက်ခဲ့သည်။ မေ့ဝတ္ထုနှစ်ပုဒ်ကို
တပြိုင်တည်းရိုက်နေသည့် မင်းသား၏စိတ်ကို နား
မလည်နိုင်ပါ။ မေကတော့ အိပ်မ က်လာမည့်
ရက်ကိုပဲ စိတ်စောနေခဲ့သည်။

'အိပ်မက်ဦး' ရိုက်၍မပြီးခင်မှာပင် မင်းသား
နှင့်မီးဇာလည်း အဆင်ပြေသွားခဲ့သည်။ နောက်တစ်
ကားကိုလည်း မီးဇာနှင့်ပင် တွဲရိုက်ဖြစ်ခဲ့သည်။

"မြတ်နိုးသူမှာ သရုပ်ဆောင်ရတာ အဆင်ပြေ
ရဲ့လား"

"အဆင်ပြေပါတယ် 'မြတ်နိုး'ရဲ့တွေဝေတတ်
တဲ့စရိုက်၊ အားနည်းပျော့ညံ့တဲ့စရိုက်တွေကို သရုပ်
ဆောင်ရတာ အားရတယ်။ အချစ်ကို ကိုးကွယ်တာနှင့်
အမျှ တွေဝေမှု၊ ပျော့ညံ့မှုတွေရှိနေတဲ့ လူငယ်တစ်
ယောက်ရဲ့စရိုက်ကို သရုပ်မှန်အောင် အားထုတ်ထားပါ
တယ်"

မေ့ဝတ္ထုထဲက ဇာတ်ဆောင်တွေကို မင်းသား
သဲသဲမဲမဲသဘောကျနေသည်။ သူ့သရုပ်ဆောင်ချက်
တွေအကြောင်းပြောရာ၌ တက်ကြွနေသည်။

"မေ့ဝတ္ထုတွေကို ဆက်တိုက်ရိုက်သွားမှာ၊ အခု

'ချစ်သူ့လက်ဆောင်'ကို ဖတ်နေတယ်။ မြတ်နိုးသူ ပြီးရင် ဆက်ရိုက်မယ်"

မမျှော်လင့်ထားသည့်စကားတွေကို မကြားရသေး။ သူပြောချင်သည့် အကြောင်းတွေကိုသာ ဖိပြောနေသည်။

"မေ ခွင့်ပြုမှာလား"

"ချစ်သူ့လက်ဆောင်"ထဲက ဝေယံရဲ့စရိုက်က မင်းသားနဲ့လိုက်ဖက်ရဲ့လား၊ သူ့စရိုက်ကို မင်းသားခံစားလို့ရသလား...သည်ဇာတ်လမ်းကို ပရိသတ်ကြိုက်ပါ့မလား၊ အဲဒီအချက်တွေကို စဉ်းစားဦးလေ..."

မိမိဝတ္ထုကို ဗွီဒီယိုရိုက်မည်ဆိုပေမယ့် ရိုက်ကူးမည့်သူအတွက် အကျိုးရှိမရှိ၊ သရုပ်ဆောင်တွေနဲ့ လိုက်ဖက်မှုရှိမရှိကို မေအလေးထားသည်။ မင်းသားကတော့ သူ့ဝတ္ထုတွေအပေါ် စိတ်ထားထက်သန်နေသည်။

"ကျွန်တော်ဖတ်နေတယ်၊ ခံစားကြည့်နေတယ် ဝေယံနေရာမှာ အပီအပြင်သရုပ်ဆောင်နိုင်မှာပါ၊ မေက ကျွန်တော့်ကို မေ့ဇာတ်ဆောင်အဖြစ် သရုပ်မဆောင်စေချင်လို့လားဟင်"

ကလေးဆန်ဆန် ခပ်နွဲ့နွဲ့လေသံသို့ ပြောင်းသွားသည့်အတွက် မေပြုံးရသေးသည်။

"မဟုတ်ပါဘူး၊ မေ့ဝတ္ထုကို ရွေးတဲ့အတွက်



ကျေးဇူးတင်ပါတယ်"

"ဟာ...မေ့စကားက သူစိမ်းဆန်လိုက်တာ၊ ကျေးဇူးတင်တယ်တဲ့"

ဖုန်းထဲမှနေ၍ နားပူနားဆာ လုပ်တော့မည်ကို ကြိုသိလိုက်သည်။

"သူစိမ်းမဆန်ပါဘူး၊ ပုံမှန်ပါပဲ"

"ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်းနှီးမှုဟာ ပုံမှန်ပဲလားမေရယ်၊ ပုံမှန်ထက်မပိုနိုင်တော့ဘူးလားဗျာ"

သည်တစ်ခါတော့ စိတ်မောစွာနှင့် မေရယ်လိုက်သည်။

"မင်းသားဆန်ဆန် ချွဲပြမနေနဲ့ကွာ၊ မေ မအားဘူး"

"ကြည့်...မေ့အပြောက အမောမပြေပါလားဗျာ၊ ကျွန်တော်ကတော့ မအားတဲ့ကြားထဲက မေ့အတွက် အချိန်ပေးနေရတာ"

သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားပြန်သည်။

"မေ့ရဲ့ဇာတ်လိုက်အဖြစ် အမြဲသရုပ်ဆောင်နေရတာပျော်တယ်၊ မေ့ရဲ့ဇာတ်လိုက်တွေဟာ မေ့ရဲ့အချစ်ကို ခံစားရတယ်မဟုတ်ဘူးလား၊ ကျွန်တော်လေ မေ့ရဲ့ဇာတ်လိုက်ဖြစ်ချင်တယ်"

မေ့ရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ မင်းသား အနေနှင့် အကွက်ပေါ်လာတိုင်း သည်စကားကိုသုံး တတ်သည်။ မေ့ဝတ္ထုတွေကို ဆက်တိုက်ရှပ်ရှင်ရိုက်ဦး မယ်တဲ့လေ၊ သူ့စကားတွေက ညွတ်နူးချင်စရာကောင်း ပါဘိ၊ အို...မင်းသားဆိုတာ မင်းသားပါပဲလေ၊ သဏ္ဍာန် လုပ် သရုပ်ဆောင်တတ်တဲ့ အကျင့်စွဲနေပြီထင်ပါရဲ့။

"မေ့ဝတ္ထုတွေဖတ်၊ အမူအရာတွေကျင့်၊ ဇာတ် ဆောင်တွေနေရာမှာ ဝင်ခံစားကြည့်၊ ပြီးတော့ မေ့ဝတ္ထု ထဲက ဇာတ်ဆောင်ဖြစ်သွားရော၊ မေ့ ဇာတ်ဆောင်တွေ အဖြစ်နဲ့ ကြည်နူးလိုက်၊ ရင်ခုန်လိုက်၊ နာကြည်းလိုက်နဲ့ ကြေကွဲလိုက်နဲ့ ခံစားမှုသတ္တဝါဖြစ်သွားတော့တာပဲ"

"မင်းသားရယ်"

တိုးတိုးဖွဖွလေး မေ ရေရွတ်လိုက်သည်။

"မေ့ဝတ္ထုတွေထဲက မာနကြီးသလိုလိုနဲ့ ပျော့ ညံ့သွားတတ်တဲ့ ဇာတ်ဆောင်မိန်းကလေးကို ရှာဖွေ ကြည့်နေမိတယ်၊ တကယ်တော့ မေ့ဇာတ်ဆောင်မိန်း ကလေးတွေဟာ မေနဲ့ပဲတူတယ်၊ မေလို့ပဲ ကျွန်တော် ခံစားရတယ်"

"မေ မဟုတ်ပါဘူး မင်းသားရယ်"

"မေပါဗျာ၊ မေမှတကယ့်မေပါ၊ သူတို့ရဲ့အပြုံး တွေက မေ့ အပြုံး၊ သူတို့ရဲ့အချစ်တွေက မေ့ အချစ်



တွေပဲ"

သူ့အသံက ခပ်ပျော့ပျော့နှင့် နူးနူးညံ့ညံ့ရှိနေ သည်။ ဖုန်းပြောရင်း ခပ်ယဲ့ယဲ့ပြုံးနေမည့် အသွင်ကို မှန်းဆနိုင်သည်။

"မင်းသား အတွေးလွန်နေပြီ၊ စာရေးဆရာရဲ့ အကြောင်းကို မင်းသားမသိပါဘူး၊ မင်းသားက စာရေး ဆရာဖန်တီးထားတဲ့ ဇာတ်လမ်းနဲ့ဇာတ်ဆောင်တွေကို တူအောင် သရုပ်ဆောင်တဲ့သူ၊ မေက ဇာတ်ကောင်တွေ ကို စိတ်ကူးနဲ့ဖန်တီးတဲ့သူ၊ မတူဘူးလေ"

"ဟုတ်ပါတယ်ဗျာ၊ ကွာတော့ကွာတာပေါ့၊ မေကတန်ခိုးရှင်...ဖန်တီးရှင်၊ ကျွန်တော်က သရုပ် ဆောင်..."

"ဒီလို မထေ့ပါနဲ့ မင်းသားရယ်"

"စာရေးဆရာရဲ့ မာယာကိုတော့ သိနိုင်စွမ်း မရှိပါဘူး"

"စာရေးဆရာရဲ့ ပရိယာယ်ပါ...မာယာမဟုတ် ပါဘူး"

သူ ခပ်သဲ့သဲ့ရယ်မောနေသည်။

"ဆောရီးမေ...ကျွန်တော်မှားသွားတယ်"

စကားတွေ ရှည်ရှည်ဝေးဝေးပြောနေပေမယ့် မေသိချင်သော အကြောင်းမပါသေး။ မဂ္ဂဇင်းမှာထည့်

ရန် ကြိုးစားခဲ့သည့်သတင်းနှင့် ပတ်သက်၍ မေ့ကို တောင်းပန်သင့်သော်လည်း ဘာတစ်ခုမှ မပြောသေး။

"မေနဲ့မင်းသားရဲ့ သတင်းကို မဂ္ဂဇင်းထဲမှာ ထည့်ဖို့ကြိုးစားလို့ စိတ်ညစ်သွားတာပဲ၊ ဦးမြင်းမိုရ်ကူညီလို့သာ အဆင်ပြေခဲ့တာ"

"ဦးမြင်းမိုရ်..."

သူ့ရေရွတ်လိုက်သံကို ဖုန်းထဲမှာ ကြားနေရသည်။

"ဘာသတင်းလဲမေ...ဘယ်မဂ္ဂဇင်းထဲမှာပါတာလဲ"

သည်တစ်ကြိမ်မှာတော့ မေ အံ့သြရတော့သည်။ မင်းသားအနေနှင့် မဂ္ဂဇင်းသတင်းကိစ္စကို လုံးဝ သိမထားခဲ့ပါလား။

"ရှင် လုံးဝမသိဘူးလား"

"မသိဘူးလေ၊ ကျွန်တော်နယ်ထွက်နေတာကြာပြီ"

"ဒါဆို နားထောင်"

ဖြစ်ပျက်ပုံအလုံးစုံကို မေရှင်းပြလိုက်သည်။ မင်းသား၏သက်ပြင်းချသံကို ကြားရသည်။

"တော်သေးတာပေါ့ မေရယ်၊ ကျွန်တော့်အတွက် အရေးမကြီးပေမယ့် မေ့အတွက်က အရေးကြီး



တယ်၊ ကျွန်တော်တောင်းပန်ပါတယ် မေ၊ ပြန်လာရင်လည်း မေကျေနပ်အောင် တောင်းပန်ပါဦးမယ်"

မေ့စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေသည်။ ဦးမြင့်မိုရ်ပြောတော့ ဇင်ယော်ကနိုင်း၍ ဖြေရှင်းပေးရသည်တဲ့။ မင်းသားကပြောတော့လည်း သူလုံးဝမသိရသေးပါတဲ့....။

"ဦးမြင့်မိုရ်ကပြောတော့ မင်းသားက အကူအညီတောင်းလို့ အယ်ဒီတာကို သွားတွေ့ရတာဆို"

စိတ်ထဲမှာ ရှင်းသွားအောင် မေးလိုက်မိသည်။

"အို...သူဒီလိုပဲ ပြောသလား"

"ဟုတ်တယ်"

"ဒီသတင်းကို မကြားရတာအမှန်ပဲ၊ ဒီတော့ ဦးမြင့်မိုရ်ကိုလည်း အကူအညီမတောင်းခဲ့ပါဘူး"

ဦးမြင့်မိုရ်သည် မင်းသားနှင့် မည်သို့ပတ်သက်နေပါသလဲ...။ ဘာကြောင့် အရေးတယူ ဆောင်ရွက်ပေးခဲ့ရပါသလဲ။

ထိုနေ့က ဦးမြင့်မိုရ်ပြောခဲ့သည့် စကားသံတွေကို ပြန်၍ကြားယောင်မိလိုက်သည်။

"သူ အကူအညီတောင်းလို့ သူ့အတွက် ဆောင်ရွက်ပေးတာမဟုတ်ဘူး၊ သူက မင်းသားပဲ ဒီသတင်းပါလာရင် ပိုတောင် နာမည်ကြီးဦးမယ်၊ မေက မင်းသမီး

မဟုတ်ဘူး၊ စာရေးဆရာမ၊ တကယ့်ဖြစ်ရပ် လဲမဟုတ်ဘူး၊ မေ့ကို နာမည်မပျက်စေချင်တဲ့အတွက် ကျွန်တော်ကူညီတာ...”

မင်းသားက အကူအညီတောင်း၍ ဆိုသောစကားကို ကြည့်ကောင်အောင် ထည့်ပြောခဲ့ခြင်းဖြစ်ကြောင်း သူ့စကားတွေကို ပြန်တွေးရင်း နားလည်လိုက်ရသည်။

“ဦးမြင့်မိုရ်နဲ့ ရင်းနှီးသလားဟင်”

“ကျွန်တော့်အစ်ကိုပါ၊ သူက စီးပွားရေးသမား၊ ချမ်းသာတယ်...အောင်မြင်တယ်...”

“အို...အံ့သြစရာပဲ၊ မေက သူနဲ့လဲသိတယ်...မင်းသားနဲ့လဲခင်တယ်...ဒါပေမယ့် ညီအစ်ကိုမှန်းမသိခဲ့ဘူးလေ”

“စကားမစပ်မိလို့ပါ၊ သူက နိုင်ငံခြား မကြာခဏသွားတတ်တယ်”

“ဘာဖြစ်လို့လဲဟင်”

“အင်း...ဟိုမှာ သူ့မိန်းမနဲ့ ကလေးရှိနေတယ်လေ”

သိပြီးသားကိစ္စဖြစ်ပေမယ့် သူ့အချစ်ရိုင်းရာစဝင်ကို တစ်ဦးတစ်ယောက်ထံမှ ထပ်ကြားလိုက်ရတိုင်း စိတ်မသက်မသာဖြစ်ရသည်။ နာကျင်ကြေကွဲခြင်းနှင့်



ဝမ်းနည်းအားငယ်ခြင်းတို့ ပေါင်းဖွဲ့ထားသည့် တွယ်ရာမဲ့ဝေဒနာအတွက် အဖြေရှာမရနိုင်တော့ပါ။

“ကွာရှင်းပြီးပြီဆို”

ကြေကွဲသံ တိုးတိုးတိတ်တိတ်ဖြင့် ပြန်ပြောလိုက်သည်။

“ဟုတ်တော့ ဟုတ်တယ်”

“သူက မေ့ကို မိတ်ဆွေအနေနဲ့ ကူညီလိုက်တာပါနော်”

မင်းသားရယ်သံ သဲ့သဲ့ကို ကြားလိုက်ရသည်။

“ဟား...မေတော့ ကိုကြီးရဲ့မှိုင်းမိနေပြန်ပြီထင်တယ်၊ ကိုကြီးက ကူညီတတ်ပါတယ်၊ အထူးသဖြင့် မေ့လို ငယ်ရွယ်လှပတဲ့ မိန်းကလေးတွေကိုပေါ့လေ”

သူ့စကားလုံးတွေက သံရေပူပမာ လောင်မြိုက်ဆင်းသွားသည်။ သူ့သတင်းဆိုးတွေက မေ့နှလုံးသားကို ဘာကြောင့်များ နာကျင်ကြေကွဲစေပါသလဲ၊ မေသိနိုင်တော့ပါ။

“မေ မအားဘူး၊ မေစာရေးတော့မယ်”

တစ်ဖက်မှ စကားသံကို မစောင့်တော့ပဲ ဖုန်းချလိုက်တော့သည်။

စာကြည့် ပွဲမှာထိုင်ရင်း တစ်ဖက် ကို လှမ်းကြည့်လိုက်တော့ ဘာစ်ခြလုံးမည်းမှောင်နေ ”

အမှောင်ထဲကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်ရင်း နာကျင်မှု ဝေဒနာတို့ ဖိစီးမွန်းကျပ်လာသည်။

ထိုအခိုက် ကားမီးအလင်းရောင်တန်းနှင့်အတူ ကားတစ်စီး ခြံဝမှာထိုးစိုက်လာသည်။ ကားမီးရောင်က အမှောင်ကို ဖြိုခွင်းလိုက်သည်နှင့် ခြံကြီးသည် သက်ဝင် လှုပ်ရှားလာသည်။ ချက်ချင်းပင် မီးရောင်တို့ လင်းလာ သည်။

ကားထဲမှဆင်းလာသည့် ဦးမြင့်မိုရ်ကို တွေ့ လိုက်ရသည်။ မကြာမီပင် သူ့အခန်းမီးတို့ လင်းလာ သည်။ မေသည် အခန်းမီးကိုပိတ်ကာ အောက်ထပ်သို့ ဆင်းလာသည်။ အောက်ထပ်မှာ စာရေးရပေတော့မည် ဝတ္ထုထဲမှာ စိတ်ကိုဇွတ်အတင်း နှစ်မြှုပ်ထားလိုက်သည်။

× × × × ×



"မေရေ...သမီး...မြန်မြန်တက်ခဲ့ပါဦး"

အရေးတကြီးခေါ်လိုက်သော မေမေ့အသံ ကြောင့် ဖေဖေနှင့်မေမေ၏ အိပ်ခန်းဝဆီသို့ အပြေး သွားလိုက်သည်။

"သမီးဖေဖေ ဗိုက်အောင့်လို့"

ဖေဖေ့ဗိုက်အောင့်သည့် ဝေဒနာက ပြင်းထန် သည်။

"မေမေဆေးတိုက်ပြီးပြီ...မသက်သာဘူး"

မကြာခဏ ဖေဖေဗိုက်အောင့်တတ်ပေမယ့် ယခုတလော မဖြစ်တာကြာပြီ။ ဖေဖေ့အခြေအနေကို ကြည့်ပြီး ဆေးရုံပို့မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဆေးရုံပို့မှဖြစ်မယ်...ကားထုတ်တော့ သမီး"

မေမေ အရေးတကြီးပြောလာသည်။ ဖေဖေ က အစကတည်းက အစာအိမ်သမား၊ လိုအပ်လျှင် ခွဲစိတ်ကုသရမည်ဟု ဆရာဝန်က ပြောထားခဲ့သည်။ ခွဲစိတ် ရန်ကြောက်သူပီပီ ဆေးနှင့်ထိန်းကာ ဇွတ်ပေးနေ ခဲ့ခြင်း။

ကားဂိုဒေါင်ဆီသို့ အပြေးသွား၍ ကားကိုစက် နှိုးသည်။ ကားစက်နှိုး၍မရသောအခါ မေ ထိတ်လန့် သွားရသည်။

ခြံစောင့်အဘိုးကြီး၏ အကူအညီနှင့် ကားကို

ဂိုဒေါင်အပြင်ဘက်သို့ တွန်းထုတ်ပြီး စက်နှိုးကြည့်သည်။

"ဖေဖေ့ကို ကားပေါ်အရင်တင်ထားပါ၊ တွန်းပြီးနှိုးကြည့်မယ်၊ စက်နှိုးလို့ရတာနဲ့ထွက်မယ်"

လူနာကို ကားပေါ်သို့တွဲတင်ကြသည်။ တစ်အိမ်လုံး မီးတွေထိန်ထိန်လင်းကာ ဆူဆူညံညံဖြစ်နေသည်။ တစ်ဖက်ခြံမှာမူ မှောင်မှောင်မဲမဲနှင့် တိတ်ဆိတ်ငြိမ်သက်နေဆဲပင်။

ဖေဖေ့ကို ကားပေါ်တင်ပြီး တွန်းနှိုးကြည့်သည်။ လီဗာကို ခပ်ပြင်းပြင်းနင်းပြီး နှိုးသော်လည်း မရ။ မေ ဇောချွေးတွေပြန်လာသည်။ ဖေဖေ့အတွက် စိုးရိမ်စိတ်ကြောင့် ငယ်ထိပ်မြွေပေါက်ဖြစ်နေသည်။

"ဘိုဆီဖုန်းဆက်မှဖြစ်မယ်၊ သူ့ကားနဲ့ အမြန်လာခိုင်းရမယ်"

ဘိုဆီသို့ဆက်ပေမယ့် ဖုန်းကိုင်မည့်သူမရှိ။ တောက်...ဒုက္ခပါပဲ၊ ခရီးထွက်သွားလေသလား...။

ဖွဲ့ဖုန်းနံပါတ်ကို လှည့်ပြန်သည်။ တစ်ဖက်ဖုန်း၏ တုံ့ပြန်မှုကိုမရ။ ဖုန်းပျက်နေပြန်ပြီ။ မိစံအိမ်ကို ဖုန်းဆက်၍လည်း အကြောင်းမထူး၊ မိစံခရီးထွက်သွားသည်။ နေ့လည်က သူ့ကိုဖုန်းနှင့်လှမ်း၍ နှုတ်ဆက်သွားသည်ပဲ။ မေ စိတ်ပူလွန်း၍ တခြားသူငယ်ချင်း



တွေ၏ ဖုန်းနံပါတ်တွေကို စဉ်းစား၍မရ။

ခြံထဲသို့ ပြေးထွက်လာပြီး ကားပေါ်တက်ထိုင်သည်။

"ဦးကြီးတွန်းပါဦး...မေနှိုးကြည့်ဦးမယ်"

စက်က တစ်ချက်တစ်ချက် နိုးချင်သလိုဖြစ် ပြီး ပြန်ရပ်သွားတတ်သည်။ ရုတ်တရက် တစ်ဖက်ခြံမှ မီးတွေထိန်လင်းလာသည်။ မကြာမီ ခွေးဟောင်သံနှင့်အတူ မေတို့ခြံစည်းရိုးနားသို့ ကပ်လာသော ယောကျ်ားတစ်ယောက်၏ ပုံရိပ်ကိုမြင်ရသည်။

မေ ချက်ချင်းပင် ထခုန်မတတ် ဝမ်းမြောက်သွားသည်။ သူ...သူဟာ ဦးမြင့်မိုရ်ပဲ ဖြစ်မည်ပေါ့။ ခြံစည်းရိုးနားသို့ အပြေးကလေးသွားလိုက်မိသည်။

"ဘာဖြစ်လို့လဲ မေ၊ မေတို့အိမ်ဘက်က အသံတွေကြားနေလို့ ဆင်းလာတာ၊ ဘာအကူအညီ ပေးရမလဲဟင်"

အပြင်က ပြန်လာသည့်အဝတ်အစားအတိုင်း ဖြစ်နေသည်။ သူ့ပုံက တရေးမှ အိပ်ဖြစ်ခဲ့သေးဟန် မတူ။

"ဖေဖေဗိုက်အောင့်လို့၊ ဆေးရုံတင်မှဖြစ်မှာ၊ ကားစက်နှိုးလို့မရဘူး"

"အို...ဒါဆို ကိုယ့်ကားထုတ်ခဲ့မယ်"

သူပြန်ထွက်သွားပြီး ချက်ချင်းပင် ကားနှင့်

အတူ မေတို့ခြံဝသို့ ရောက်လာသည်။ နာလွန်း၍ သ
လစ်ချင်သလိုဖြစ်နေသော ဖေဖေ့ကိုမ၍ သူ့ကားပေါ်
ပြောင်းတင်ရဦးမည်။ တုန်တုန် ချိချိဖြစ်နေ
ခြံစောင့်ဘကြီးကို လှမ်းခေါ်ရပြန်သည်။

"ဘကြီး...ဖေဖေ့ကို ပွေ့ပြီး ကားပြောင်းပေး
ဦး၊ မေတို့ မိုင်းမပါ့မယ်"

ထိုအချိန်မှာ ဦးမြင့်မိုရ်ကားထဲက ဆင်းလာ
အခြေအနေကိုမြင်သည်နှင့် မေ့ကိုတွန်းဖယ်ကာ ဖေ
ကိုပွေ့ယူပြီး သူ့ကားပေါ်သို့ ပြောင်းတင်ပေးသည
စိတ်တုန်လှုပ်နေချိန်မှာ မောင်းနေကျမဟုတ်သော
ကားသစ်ကြီးကို မောင်းရန် စိတ်မရဲသလိုလိုဖြစ်
သည်။

"မေက မေ့ဖေဖေ့ကိုပွေ့ပြီး ကားနောက်ခန်း
လိုက်ခဲ့၊ အန်တီက ရှေ့ခန်းမှာထိုင်ပါ၊ ကျွန်တော်မော
ပို့မယ်"

သူ့အစီအစဉ်အတိုင်း လျင်မြန်စွာ လိုက်နာ
သည်။ ဆေးရုံရှေ့ကို ကားထိုးရပ်လိုက်ပြီး သူ့အ
ဦးအောင်ဆင်းသွားသည်။

"မေ ခဏစောင့်၊ ကျွန်တော် ဆေးရုံအလ
သမား သွားရှာလိုက်ဦးမယ်"

မကြာခင်အတောအတွင်းမှာပင် ဆေးရုံအလ



သမားနှင့် လူနာတင်ဘီးတပ်ကုလားထိုင် ရောက်လာ
ပြီး ဖေဖေ့ကို ပွေ့တင်ကြသည်။

ဆရာဝန်အခန်းတွင်းသို့ အမြန်ဝင်နိုင်ရန် သူ
တစ်ယောက်တည်း ဟိုဒီပြေးလွှားကာ စီစဉ်ဆောင်ရွက်
နေသည်ကို မေ ထိုင်ကြည့်နေလိုက်ရသည်။ ဆေးရုံ
ရောက်တော့မှ ဆေးရုံလောက၏ အခက်အခဲကို မေ
နားလည်လိုက်ရပြန်သည်။

"လူနာကို ချက်ချင်းခွဲစိတ်ကုသရမယ်၊ အစာ
အိမ်ပေါက်သွားတာ"

"အို"

မေမေ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။
အစိုးရိမ်လွန်ပြီး ရင်တွေခုန်၊ ဒူးတွေတုန်နေသည်။
မေ့မျက်နှာလေးကို ရိပ်ခနဲကြည့်လိုက်ပြီး...

"စိတ်မပူပါနဲ့မေ၊ အချိန်မီမှာပါ၊ ကိုယ်အားလုံး
လိုက်လုပ်ပေးမယ်"

လိုက်လှဲနွေးထွေးစွာ မေ့ကို အားပေးသည်။
လက်ကို မေမေဆုပ်ကိုင်ပြီး အကူအညီပေးပါရန်
တောင်းခံသည်။

"အန်တီစိတ်အေးအေးထားပါ၊ ကျွန်တော်ရှိပါ
တယ်"

ဖေဖေ့အတွက် လိုအပ်သည့်ဆေးတွေကို

အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် ခေါက်ြ ခေါက်ပြန် ပြေးလွှားဆောင်ရွက်နေသည်။ ဖေ အတွက် ဘုရားစာတွေရွက်ရင်း မေမေ့ကို အားပေး ရသည်။

ဖေဖေ့အတွက် စိတ်မချနိုင်သည်မို့ သူ့နော သို့ မေ တကောက်ကောက်လိုက်မိသည်။ ဆရာ ပြောသမျှကို နားထောင်ပြီး အရေးတကြီးလိုအပ်ချ တို့ကို သူဦးဆောင်မှုအတိုင်း လိုက်ဆောင်ရွက်ရသည်

သူ့ခြေလှမ်းတွေက မြန်လွန်းသည့်အတွက် မ လိုက်၍မမှီချင်၊ မမှီ့တမှီနှင့်ပင် သူ့နောက်က လိုက် မိသည်။

"ကျွန်တော့်ကို အမှီလိုက်နိုင်ရဲ့လား မေ၊ ပင်ပန်းပါတယ်၊ မလိုက်ခဲ့နဲ့...ကျွန်တော်အားလုံး လို လုပ်ပေးပါ့မယ်"

မကြာခဏ မေ့ကိုလှည့်ကြည့်ပြီး ပြောတ သည်။ ဖေဖေ့အတွက်မို့ အရာရာတိုင်းမှာ မေပါ ဆောင်ရွက်ချင်သည်။ သူစိမ်းတစ်ယောက် ဆောင်ရွ ပေးနေခြင်းကို ထိုင်ကြည့်မနေနိုင်။

ဖေဖေ ခွဲစိတ်ခန်းထဲရောက်သွားချိန်မှာ မေ အန်တီစောနှင့်မေတို့ အခန်းပြင်မှ ဘုရားစာ တတွတ်တွတ်ရွက်ရင်း စောင့်နေကြသည်။ သူလည်



မောပန်းဟန်နှင့် တန်းလျားတစ်ခုတွင် ဝင်ထိုင်သည်။

"အန်တီတို့နှစ်ယောက် အိမ်ပြန်ပြီး နားလိုက် ပါလားဟင်၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"နေပါစေကွယ်၊ အန်တီတို့လည်း ခွဲစိတ်ပြီးတဲ့ အချိန်ထိ စောင့်ချင်ပါတယ်၊ လူနာ[illegible]ချရမှ ပြန်မယ်"

"အိမ်ပြန်ပြီး တရေးလောက်[illegible] လိုက်ပါလား မေ၊ ကိုယ်ပြန်ပို့ပေးမယ်"

ကုလားထိုင်၌ နွမ်းနွမ်းလျလျလေး ထိုင်နေ သော မေ့ကို ပြောပြန်သည်။

"မေ မပြန်ပါဘူး၊ ဖေဖေပြန်ထွက်လာတဲ့အထိ စောင့်ချင်တယ်"

"မေနဲ့အန်တီတို့ အနွေးထည်လဲမပါဘူး၊ ပြန် ယူပေးရမလား၊ မိုးအေးတယ်"

မငြင်းပေမယ့် သူလက်မခံ။ မေမေ့ကို ပြော ၍မရသည့်အတွက် သူနှင့်အတူတူ အန်တီစောကို ပြန် ထည့်လိုက်ရသည်။

သူပြန်လာတော့ မေနှင့်မေမေ့အတွက် အနွေး ထည်တွေ ယူလာသည်။

"မေတို့အတွက် ကော်ဖီယူလာတယ်၊ သောက် လိုက်ဦးမေ..."

ဓာတ်ဘူးထဲမှ ငှဲ့ထည့်လိုက်သော ကော်ဖီနံ့က

မွှေးသင်းနေသည်။ သို့သော် စိတ်မောရလွန်း၍ သောက်ချင်စိတ်မရှိ။

မေမေနှင့်မေ့ကို တစ်ခွက်စီ ကမ်းပေးနေသည်။

"အန်တီ မသောက်ချင်ပါဘူးကွယ်၊ သောက်လို့လဲရမှာမဟုတ်ဘူး"

"သောက်လိုက်ပါ အန်တီ၊ နည်းနည်းနွေးသွားအောင်ပါ"

ဖေဖေ့စိတ်ဖြင့် ဘာတစ်ခုမျှ စားလိုသောက်လိုစိတ်မရှိသော်လည်း သူ့ကိုအားနာ၍ မေမေ ကော်ဖီခွက်ကို လှမ်းယူလိုက်ရသည်။

"သောက်လိုက်မေ...ဒါမှ မေလန်းသွားမယ်"

ဖျော့ဖျော့လေးပြုံး၍ သူ့ကော်ဖီခွက်ကိုလှမ်းယူသည်။

"အန်တီစော ဖျော်ပေးလိုက်တာလားဟင်"

"အန်တီစော စိတ်တွေချောက်ချားနေတာ၊ သူ့ကိုအိပ်ဆေးတိုက်ပြီး အိပ်ခိုင်းခဲ့ရတယ်၊ ကျွန်တော့်အိမ်မှာ ဖျော်ယူလာတာပါ"

"ဩော်...ရှင်က အိမ်မှာနေလို့လား"

"အိမ်မှာ မနေပေမယ့် အိမ်သုံးပစ္စည်းတွေတော့ ရှိပါတယ်"

သူတို့သုံးယောက်စလုံး စကားဆက်မပြောကြ



တော့ပဲ လူနာအတွက်သာ မျှော်လင့်စိတ်မောနေကြသည်။

တိတ်ဆိတ်သောညတွင် ဖေဖေအသက်ကို ယူနေရနိုက် ကာလများသည် စိတ်အားငယ်စရာ ကောင်းလှသည်။ မေ့အနားမှာ သူသာရှိမနေဘူးဆို လျှင် မေ ဘယ်လောက်အားငယ်ရမလဲဆိုတာ မတွေး တော့ပါ။ တကယ်တော့ သူဟာ မေ့အတွက်အင်အား များ ဖြစ်နေလေလျော့သလား...

"အားလုံးခွဲစိတ်ပြီးသွားပါပြီ၊ လူနာအခြေ အနေ ကောင်းပါတယ်"

ငေးငေးငိုင်ငိုင်ထိုင်နေရာမှ မေ ရုတ်တရက် လိုက်သည်။ ဝမ်းသာလိုက်ရသည်ဖြစ်ခြင်း...

မေမေ့ကိုကြည့်လိုက်တော့ မျက်ရည်တွေ ကျနေသည်ကို တွေ့လိုက်ရသည်။ ဝမ်းသာခြင်းနှင့် တူ မေလည်း မျက်ရည်တွေဝဲလာသည်။

"အားလုံးပြန်နားနိုင်ပါတယ်....မနက်ကျမှ ပါ"

ဆရာဝန်ကပြောသည့်တိုင် မေ စိတ်မချနိုင် း။ ဖြစ်နိုင်လျှင် ဆေးရုံမှာပဲ ထိုင်စောင့်နေချင်သည်။

"မေမေ့ကို ပြန်ပို့ပေးပါလားဟင်...မေ ဒီမှာပဲ င့်နေမယ်"

"မေ သိပ်ပင်ပန်းနေပြီ၊ နားဖို့လိုတယ်၊ အ… အကြောင်းရှိရင်ဆက်ဖို့ မေ့အိမ်က ဖုန်းနံပါတ်ပေးထ… ခဲ့မယ်"

မေ့ကို စိုက်ကြည့်နေသည်။ အကြင်နာမျ… ဝန်းများက ရင်ကိုနွေးထွေးစေသည်။

"မေက ဆရာဝန်မှ မဟုတ်တာ၊ စောင့်နေ… လဲ မထူးဘူး၊ ဒီဝဒ်မှာတာဝန်ကျတဲ့ လက်ထော… ဆရာဝန်ကို မှာထားပေးမယ်၊ သူက ကိုယ့်သူငယ်ချ… ပဲ"

"ကျေးဇူးပါပဲ"

မေ အပါးမှထွက်ခွာပြီး ဆရာဝန်ကို သွား… သည်။ မေမေ့လက်ကို ကိုင်တွယ်ဆုပ်ကိုင်လိုက်တေ… ရေခဲလို အေးစက်နေသည်။

"မေမေ့လက်တွေ အေးနေလိုက်တာ"

"သမီးလက်တွေလဲ အေးစက်လို့"

ဖေဖေ့အတွက် စိတ်ပူရလွန်း၍ သားအမိ… ယောက်စလုံး စိတ်ရောလူပါ ပင်ပန်းခဲ့ကြရသည်… နာရီကိုကြည့်လိုက်တော့ သုံးနာရီခွဲတော့မည်။ စိ… အနည်းငယ်သက်သာရာရသွားပြီမို့ ခေတ်ဖူးထဲ… ကော်ဖီတစ်ခွက်ကို ငုံ့သောက်လိုက်သည်။

ကော်ဖီရနံ့က မွှေးသင်းနေသည်နှင့်အမျှ အ…



သာကလည်း ထူးကဲလှပါသည်။ သည်အချိန်မှာ မေ့ အနားသို့ သူပြန်ရောက်လာပြီး ပြုံးကြည့်နေသည်။

"ကော်ဖီက သိပ်ကောင်းတာပဲ၊ ဘယ်သူဖျော်တာလဲဟင်"

"ကျွန်တော်ဖျော်တာ"

မေ ဖျတ်ခနဲ ပြုံးလိုက်သည်။

"အို…ရှင်က တော်သားပဲ"

"အဲဒီလို မေ ထင်သလား"

မေ ခေါင်းညိတ်သည်။

"မေမေ မဆုံးခင်က မေမေ့အကြိုက် ကော်ဖီ ဖျော်ပေးနေကျ၊ မေမေဆုံးသွားတော့ ကော်ဖီမဖျော်ဖြစ်တာ ကြာပြီ၊ တပည့်လေးဖျော်ပေးတဲ့ ကော်ဖီပဲ သောက်နေခဲ့တာ"

ပြုံးရိပ်ပြေပြေလေးသန်းနေသည့် မေ့မျက်နှာကို ဖျတ်ခနဲအကဲခတ်လိုက်သည်။

"မေ့အတွက်မို့ ကိုယ်တိုင်ဖျော်ခဲ့တာ"

ဟု ဆက်ပြောသည်။ သူ့စကားက ကော်ဖီ အရသာကဲ့သို့ပင် မွှေးသင်းနွေးထွေးစွာ နှလုံးအိမ်သို့ စီးဆင်းသွားသည်။

"ပြန်စို့ မေ၊ ကိုယ်အားလုံးမှာထားပြီးပါပြီ၊ မနက်ကျရင် အစောကြီးလိုက်ပို့ပေးမယ်"

ကြင်နာတတ်သည့် သူတစ်ယောက် အနားမှာ ရှိနေခြင်း၏ နွေးထွေးချမ်းမြေ့မှုရသကို ခံစားလိုက်ရသည်။ မေမေ့ကို ဖေးမလက်တွဲ၍ သူ့နောက်မှလိုက်လာခဲ့သည်။

"မေ အိပ်လိုက်တော့နော်၊ သိပ်ပင်ပန်းနေပြီ"

မေ့မျက်နှာကို ငုံ့ကြည့်နေသော ကြင်နာခြင်းမျက်ဝန်းများကို မော့်ကြည့်ရင်း ရင်တွေတဖျပ်ဖျပ်ခုန်နေသည်။ သူ့ကို မေ နားလည်ခြင်းနှင့် နားမလည်နိုင်ခြင်းတို့ အားပြိုင်ကာ စိတ်မောနေသည်။ သူဟာ ဘယ်လိုလူလဲကွယ်၊ သူ့အကြင်နာ မျက်ဝန်းများအောက်မှာ ရင်ခုန်နေပေမယ့် စိုးရွံ့ကြောက်ရွံ့မှုကလည်း ကပ် လျက်လိုက်ပါနေသည်။

သူဟာ ရုတ်တရက် ပျောက်ကွယ်သွားဦးမှာလား၊ ဘယ်အခါ ပြန်ပေါ်လာဦးမှာလဲ၊ သူ့ရဲ့ အချစ်သမိုင်းကြောင်း မလှမပတွေကို ဘယ်အချိန်မှာထပ်ကြားပြီး နာကျင်ရဦးမှာလဲ...

မေ့အတွက် သူဟာ ရေလိုအေးမြစေသူလား၊ မီးလိုလောင်မြိုက်စေသူလား...

"မေ့ကို အနားယူဖို့ ပြောနေတာ ကြားရဲ့လား ဟင်"

နူးညံ့စွာပြုံးပြီး ခပ်တိုးတိုးမေးသည်။



"ကိုယ့်ကို မေသံသယရှိနေတာလား၊ ကြောက်နေတာလား၊ မေ တစ်ခုခုတွေးနေတယ် မဟုတ်လား"

မေ့ ခံစားချက်ကို သူနားလည်လွန်းလှချည်လား၊ မေ့နှလုံးသားနဲ့သူဟာ သည်လောက်အထိ နီးကပ်နေလျက်နဲ့ မေ့ဆီက ဘာဖြစ်လို့ ခဏခဏထွက်ပြေးသွားရတာတဲ့လဲ...

"ပြောလေ မေ.."

"မနက်ဖြန် ရှင့်ကို တွေ့ရဦးမှာလား ဟင်"

"ကျွန်တော့်ကို မေ မယုံဘူး၊ မေကြောက်နေတယ်၊ မနက်ဖြန်ရှိနေမှာပါ၊ မေ့ကို ဆေးရုံလိုက်ပို့မယ်လေ"

"သဘက်ခါရော"

သူ ပြုံးလိုက်သည်။

"ရှိနေမှာပါ မေ၊ နောက်ဆိုရင် မေ့အနားမှာ အမြဲရှိနေမှာပါ"

မေ့ရင်တွေ ဖျတ်ခနဲခုန်သွားသည်။ မေ ကြားချင်သောစကားကို သူ့ထံမှ ကြားလိုက်ရသည်။

"မေ အားငယ်နေသလား၊ အားမငယ်နဲ့မေ၊ မေ့အတွက် ကိုယ်အမြဲရှိနေပါတယ်"

"ကျေးဇူးပဲ"

တိုးတိတ်ညင်သာစွာ ပြန်ပြောလိုက်မိသည်။

အရုဏ်ဦး၏ မှိန်ဖျော့ဖျော့အလင်းရောင်ကို မြင်ရသည်။ ည၏အကြွင်းအကျန် ကြယ်ပွင့်လေးများသည် အားငယ်စွာနှင့် မိုးကောင်းကင်အလယ်၌ မှိတ်တုတ်မှိတ်တုတ်နှင့် အားငယ်စွာ တည်ရှိနေဆဲ။ ကြယ်ကလေးများလိုပင် ကြောက်ရွံ့အားငယ်စွာ သူနှင့်ခွဲခွာခဲ့ရသည်။

× × × × ×



ညက အဖြစ်အပျက်တို့ကို တစိမ့်စိမ့်တွေးရင်း မေ အိပ်မပျော်နိုင်ခဲ့။ ကံကောင်းထောက်မ၍ ခွဲစိတ်ကုသမှု အောင်မြင်သွားသည်။ အကယ်၍များ အချိန်မီ ခွဲစိတ်ကုသမှုကို မခံယူနိုင်ခဲ့လျှင် ဖေဖေ့အသက် ဆုံးရှုံးရလိမ့်မည်။

သေမင်း၏ ချောက်ကမ္ဘားစွန်းကို ဖြတ်သန်းခဲ့ရသော ဖေဖေ့အဖြစ်က သည်းထိတ်ရင်ဖိုစရာပါလား၊ သည်အဖြစ်အပျက်ကြီးကို ရင်ဆိုင်စဉ်မှာ သူအနားမှာ ရှိနေ၍ ဖေးမလက်တွဲခဲ့သော ဦးမြင့်မိုရ်ကို ကျေးဇူးတင်ရပြန်သည်။

သူဟာ မေ့ရဲ့လိုအပ်ချက်တိုင်းကို ဖြည့်ဆည်းပေးနေတဲ့ သူပါလား။ ဒါပေမယ့် မေ့အနားမှာ ထာဝရ ရှိနေနိုင်မယ့်သူ မဟုတ်၊ တွေးလိုက်မိတိုင်း သက်ပြင်းချခဲ့မိသည်။

မေအိပ်ပျော်သွားသည်။ အချိန်က ငါးနာရီထိုးတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး ပြန်နိုးလာတော့ နံနက်ခင်း၏ နေရောင်ဖြည်ဖျော့ဖျော့က မေ့အခန်းပြတင်းကိုကျော်၍ တစ်ခန်းလုံးကို ဖြန့်ကျက်သွားလေပြီ...

မေ ကပျာကယာ လူးလဲထလိုက်သည်။ နာရီကိုကြည့်လိုက်တော့ ၇ နာရီခွဲနေပြီ။ အန်တီစောနှင့်

မေမေတော့ နိုးပြီလား၊ ဘာကြောင့်များ လာမနိုးကြ
လိမ့်...

အောက်ထပ်မှာတော့ အန်တီစောဟ ဆေးရုံ
ယူစရာပစ္စည်းတွေကို အသင့်ပြင်ထားပြီး ဖြစ်နေသည်

"ခြံထဲမှာ မောင်မြင့်မိုရ် စောင့်နေတယ်"

"အို...အားနာစရာကြီး အိမ်ထဲမှာ ဝင်ထိုင်
ပါလား အန်တီစောရယ်"

"ပြောပါတယ်၊ သူက အပြင်ကပဲ စောင့်မ
တဲ့"

"တော် တော်ကြာပြီလား"

"ခြောက်နာရီခွဲလောက်ကတည်းက စောင့်
တာ"

"ဒုက္ခပါပဲ၊ မေက အခုမှအိပ်ရာနိုးတာ၊ ဘ
မပြင်ရသေးဘူး"

ရေချိုးခန်းဆီသို့ အပြေးအလွှားသွား
အမြန်ဆုံးမျက်နှာသစ်၊ ရေချိုးလိုက်ရသည်။ မျက်
အချိန်ယူပြီး ခြယ်သရန်မလိုပါ။ တူးဝေးကရင် ပ
ခပ်ဖွဖွလေးရိုက်လိုက်ပြီး မိတ်ကပ်ရောင် နှုတ်ခမ်း
ဆေးကို ဆိုးလိုက်သည်။ ပန်းနုရောင်ပြေပြေ သ
သော မျက်နှာနှင့် မိတ်ကပ်ရောင် နှုတ်ခမ်းနီသည်
ဖက်သွားလေပြီ။



ဆံပင်ရှည်ရှည်လေးတွေကို ခပ်မြန်မြန်ဖီးချ
လိုက်ရုံနှင့် အလှပြင်ခြင်းကိစ္စပြီးစီးသွားသည်။ အဝတ်
တန်းမှာ အသင့်ချိတ်ထားသည့် နီညိုရောင်စပို့ရှပ်လက်
ရှည်လေးကိုဝတ်ပြီး စကတ်ထဘီ နီညိုရောင်လေးကို
ရွေးလိုက်သည်။

ကားထဲမှာ ထိုင်စောင့်နေရာမှ မေ့ကို ရွှန်းရွှန်း
လက်လက်အပြုံးဖြင့် ဆီးကြိုလိုက်သည်။

"အားနာစရာကြီး၊ ဘာဖြစ်လို့ အစောကြီး လာ
စောင့်နေရတာလဲ၊ မေအိပ်ပျော်သွားတယ်"

"ညက မေအိပ်မပျော်ဘူးလား"

မေ ခေါင်းညိတ်လိုက်သည်။

"ရှင်လာစောင့်တာ မစောလွန်းဘူးလား"

မေ့ကို စိုက်ကြည့်ပြီး...

"စောတယ်၊ ကျွန်တော့်ကိုမတွေ့ရင် မေ စိတ်ပူ
နေမှာစိုးလို့"

သူ သည်မျှပြောရုံနှင့် မေနားလည်လိုက်ပါပြီ။
အရိပ်အရောင်ပြပြီး မကြာခဏ ပျောက်သွားတတ် သည့်
အတွက် သူ ပျောက်သွားမည်ကို စိုးရိမ်ခဲ့သော
မေ့ခံစားမှုကို အလေးထားခဲ့ခြင်းပင်။

"မေ အားနာသွားပြီ"

"အားနာမနေနဲ့မေ၊ လူနာနိုးလာရင် အိမ်သား

တွေကို တွေ့ချင်နေမှာ"

သူ့နံဘေးမှာ ဝင်ထိုင်လိုက်ရသည်။

"ညက မေ ဘာတွေ ေးစားနေလဲ"

တိတ်ဆိတ်ခြင်းကို သူက စတင်ဖြိုခွဲလို သည်။

"ဖေဖေ့အဖြစ်အပျက်ကို ပြန်တွေးပြီး ကြောက် နေတာ၊ မနေ့ညက ရှင်သာမရှိရင် မတွေးဝံ့အောင် ထူးထူးခြားခြားရှင်ကလဲ ရောက်နေတယ်နော်"

"ကျွန်တော်ရောက်လာတော့ မေ့ အခန်းမီး ပိတ်ထားတယ်၊ မေ့အခန်း မီးပိတ်ထားတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျွန်တော်အိပ်မပျော်ဘူး၊ မကြာခင် မေ တို့တစ်အိမ်လုံး မီးတွေလင်းလာပြီး ဆူဆူညံညံအသံ တွေ ကြားရတော့တာပဲ၊ ကျွန်တော်လဲ အိပ်ရာထဲက ထပြီး အောက်ထပ်ကိုဆင်းပြီး နားစွင့်နေခဲ့တာ"

သူပြန်ရောက်လာသည့် အချိန်တွေမှာတော့ မေ့ကိုအလေးထားမှု ရှိနေခဲ့သည်ပဲ။

"ရှင့်အခန်း အမြဲတမ်း မီးပိတ်ထားတာကို မြင် ရတိုင်း မေ့စိတ်ထဲမှာလဲ တစ်မျိုးကြီးပဲ"

သူ့မျက်နှာမှာ ဖျတ်ခနဲ ပြုံးရိပ်ကလေး ဖြတ် သွားသည်။

"မေ ဒီလိုပဲ ခံစားရသလား"



"ဟုတ်တယ်"

သူ့အဖြေကို မေ ငံ့လင့်နေပေမယ့် အတန်ကြာ မှ တိတ်ဆိတ်နေသည်။

"ကျွန်တော်ကလဲ ဒီမှာ အမြဲမနေနိုင်ဘူး၊ ကျွန် တော့်ဘဝနဲ့ကျွန်တော်။ ကျွန်တော့်ဒုက္ခနဲ့ ကျွန်တော် ပေါ့လေ"

ဟု ညည်းညည်းညူညူ ဆိုသည်။

"ဒါပေမယ့် မေ အခက်အခဲကြုံတိုင်း ကူညီနိုင် တဲ့အတွက် ကျွန်တော်ကျေနပ်ပါတယ်"

ရင်ခုန်လှုပ်ရှားစွာနဲ့ သူ့ကို ပြုံးကြည့်ရင်း–

"ရှင်နဲ့တွေ့ဖို့အတွက် မေက အခက်အခဲတွေ နဲ့ ကြုံပေးရမလို ဖြစ်နေပြီပေါ့နော်"

ကားမောင်းနေရာမှ မေ့ဘက်သို့ စောင်းကာ ကြည့်လိုက်သည်။ သူ့မျက်ဝန်းအစုံက အမြဲလိုလို နွေး ထွေးနူးညံ့နေသည်။

"မေ့ကို နာကျင်စေချင်တဲ့ ဆန္ဒမျိုး ကျွန်တော့် မှာ မရှိပါဘူး၊ မေနဲ့မဆုံစည်းရရင် နေပါစေ၊ မေ့မှာ အခက်အခဲမရှိစေချင်ပါဘူး"

တိုးတိတ်ညင်သာသော သူ့စကားသံများက နှလုံးအိမ်ဆီသို့ ညင်ညင်သာသာ စီးဆင်းသွား သည်။

"ရှင် မနက်ဖြန် သွားစရာရှိလို့လား"

သူပျောက်သွားမည်ကို စိုးရိမ်စိတ်ဖြင့် မေ လိုက်မိသည်။

"မရှိပါဘူး"

မေ မကျေနပ်စွာ ပြုံးလိုက်သည်။

"သဘာက်ခါရော"

"ဟင့်အင်း မရှိဘူး၊ ဘာလဲ၊ ကျွန်တော်ပျော သွားမှာကို မေ စိုးရိမ်နေသလား"

မေ ခေါင်းညိတ်သည်။

"မေသာပျော်မယ်ဆိုရင် မေ့အနားမှာ အမြဲ နေချင်ပါတယ်"

"မေက ပျော်ပါတယ်၊ ရှင်ကသာ အမြဲမရှိ တော့"

"ကျွန်တော့်ဘက်က အားနည်းချက်ပါပဲ"

သူ့ဘက်က အာမခံချက် မပေးနိုင်ခြင်းအတွ အားမငိ ားမရ ဖြစ်ရသည်။ မေရယ်...ဘာကြေ များ လိုချင်ဆန္ဒတွေ များနေရတာတဲ့လဲ၊ သူနဲ့ သက်ပ ‌မျှော်လင့်ချက်တွေကို ထားချင်နေရတာတဲ့ သူ့ဘဝ က ဇနီးမယား သမီးသားနဲ့ အနှောင်အဖွဲ့များ ဘဝလေ...

ဖေဖေ့အသွင်က အားနည်းနေသော်လည်း



းမ်စရာမရှိတော့သည့် အခြေအနေမို့ စိတ်သက်သာရ သည်။ ဖေဖေ့အတွက် လိုအပ်သည့်ဆေးတွေကို ဆေး ဆိုင်အနှံ့ လိုက်ဝယ်ကြရသည်။ သူ့ဒ၁ပြုဆရာမငှားရန် ှာဖွေကြရသည်။ မေသည် သူ့နှ ၁၀ ပြေးလိုက် ဘက်လိုက်နှင့် မမောနိုင်မပန်းနိုင် လှုပ်ရှားခဲ့ရသည်။

မေ့အတွက် ပင်ပန်းကြီးစွာ ကူညီရသည့် အတွက် သူ့မှာ အထူးပင်ပန်းဟန်မရှိ။ အမြဲလိုလို ငြိမ်း ငြိမ်းချမ်းချမ်းရှိနေသည်။ ဖေဖေ့အတွက် အစိုးရိမ်လွန် ကဲကာ သောကတွေ ဒေါသတွေပွားနေတတ်သည့် မေ့ ကိုပင် နှစ်သိမ့်ဖြောင်းဖြတတ်သည်။ သူဟာ မိန်းမ တစ်ယောက်ရဲ့ဘဝကို ဦးဆောင်နိုင်စွမ်းရှိတဲ့ယောကျ်ား တစ်ယောက်ပါပဲ။ ဒါကြောင့်များ သူဟာ မိန်းမတွေနဲ့ ပ်တွေငြိတွယ်ခဲ့ရလေသလား။

"မေ တစ်ယောက်တည်းဆိုရင် သိပ်အားငယ်မိ ာပဲ၊ ရှင့်ကို မေသိပ်ကျေးဇူးတင်တယ်"

သူနှင့်မေ အတူသွားလာလှုပ်ရှားရင်း မေ ကြာခဏ ဖွင့်ဟဝန်ခံမိသည်။

"မေဟာ အရွယ်နဲ့မလိုက်အောင် သတ္တိရှိတဲ့ မိန်းကလေးပါ၊ တစ်အိမ်လုံးကို မေတစ်ယောက်တည်း ဦးဆောင်နေတာ မဟုတ်လား၊ မေ့ အစ်ကိုတွေက တာ ဝန်မယူဘူးလား"

"မေ့ကိုယ်မေ သတ္တိရှိတယ်လို့ ထင်ခဲ့တာပဲ ရှင်နဲ့တွေ့တော့မှ မေဟာ အားငယ်တတ်တဲ့သူ၊ မှီခို တတ်တဲ့သူ ဖြစ်နေပြီ"

မေ့စကားအဆုံးမှာ သူ့အပြုံးပြေလျော့ပြီး တွေ တွေငိုင်ငိုင်ဖြစ်သွားသည်။

"ကျွန်တော့်ကြောင့် မေ့ရဲ့ သတ္တိအင်အားတွေ လျော့နည်းသွားရတယ်ပေါ့"

သူ စိတ်ထိခိုက်သွားပုံရသည့်အတွက် မေ ဟု ဟူ ပျာသလဲဖြေရှင်းရသည်။

"မှီခိုချင်တဲ့စိတ်ဟာ မိန်းကလေးတိုင်းရဲ့ သဘာဝစိတ်ပဲလေ၊ မှီတွယ်ခွင့်မရလို့သာ သတ္တိရှိချင် ယောင်ဆောင်ခဲ့ရတာ၊ ရှင်နဲ့တွေ့တော့ မှီတွယ်ချင်တဲ့ စိတ်ပြန်ပေါ်လာတယ်။ မေ့ အစ်ကိုနှစ်ယောက်ဟာ အဝေး မှာ သူတို့မိသားစုကိစ္စတွေထဲမှာ နစ်မွန်းနေကြတာ မေ့အပေါ်ပဲ အားလုံးကို ပုံချထားကြတာ"

အရွယ်နှင့်မလိုက်အောင် မိသားစု တာဝန် ထမ်းဆောင်နေရသော မေ့ကို ကြင်နာစွာငေးကြည့် နေတတ်သည်။ သူ၏ အကြင်နာမျက်ဝန်းများသည် မေတစ်ဦးတည်းအတွက်သာ ဖြစ်မည်ဆိုလျှင် ဆို သည့်အတွေးကို မဝံ့မရဲ တွေးဖြစ်အောင်တွေးလိုက်မိ သေးသည်။



"ကိုကိုတို့ကိုတော့ အကြောင်းကြားရမှာပါ"

"ဒါပေါ့၊ သူတို့မှာလဲ တာဝန်ရှိတာပဲ၊ သူတို့ လိုက်လာရင် မေ အားရှိသွားတာပေါ့"

သူ့ကို မျက်လွှာလေးပင့်ပြီးကြည့်လိုက်ပြီး...

"မေ့အတွက်တော့ ရှင်ရှိနေရင် လုံလောက်ပါ ပြီ၊ ဒါပေမယ့် ရှင်က မေ့ဘဝရဲ့ ဖိုးလနတ်သား မဟုတ် လား"

ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြ ဘယ် ဖိုးလနတ်သား ဆိုသည့် ငယ်စဉ်က ဆိုခဲ့ရသည့် ကဗျာလေးကို အမှတ်တရရှိလာသည်။ သူဟာလည်း မေ့ကို အငိုတိတ်ရုံလောက် အရိပ်အရောင်ပြလာပြီး ပျောက်ကွယ်သွားတတ်သည့် ဖိုးလနတ်သားပါပဲလေ။

"မေရယ်"

တိုးတိုးလေး ဆိုညည်းလိုက်သည်။

"မေ့ကို အငိုတိတ်ရုံလေး အရိပ်အရောင်ပြပြီး လှည့်စားတတ်တဲ့ ဖိုးလနတ်သား ဖြစ်နေပြီပေါ့နော်၊ ကျွန်တော့်အနေအထားက ဒီလောက်ပဲ ဆိုးသလား မေ ရယ်"

ညည်းညည်းညူညူနှင့် သူရေရွတ်နေသည်။ ရင်ထဲက လျှို့ဝှက်ချက်တွေကို မဖုံးနိုင်မဖိနိုင် ဖော် လိုက်မိပြီးမှ ရှက်ရွံ့စွာနှင့် မေ မျက်လွှာချကာ မသိဟန်

ဆောင်နေလိုက်သည်။

"မေ့ဘဝအတွက် တဒင်္ဂမဟုတ်ပဲ ထာဝရ အလင်းရိပ်တွေ အေးရိပ်တွေ ပေးချင်ပါတယ် မေ"

မျှော်လင့်မထားသော သူ့စကားတွေကြောင့် ရင်ခုန်နှုန်းတွေ မြန်လာပြီးမှ မျက်နှာမထားတတ်တော့။ သူ့ဘက်က အလေးအနက်ပြောလာပြီဆိုတော့လည်း မေ့ဘက်က အဆင်သင့်ရှိပါရဲ့လား၊ အဆင်သင့်မရှိပါ။ အရိပ်မည်း စွန်းထင်းနေသည့် သူ့ဘဝအရှုပ်အထွေးထဲသို့ တိုးဝင်ရဲသည့် သတ္တိအင်အားတွေ မေ့မှာမရှိသေးပါ။

"သိပ်အလေးအနက်ထား မစဉ်းစားပါနဲ့၊ ရှင့်ရဲ့အကူအညီတွေရတော့ မေအားရှိတာပေါ့၊ မရရှိတဲ့အခါကျတော့လဲ ဖြစ်ပါတယ်။ အရင်ကလဲ ဒီအိမ်ရဲ့ ပြဿနာတွေကို မေတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းခဲ့တာပဲ"

ခပ်ပေါ့ပေါ့ဟန်ပြုကာ မေရယ်နေလိုက်သည်။ နက်ရှိုင်းသော ခံစားမှုအတွေးများ သူ့မျက်နှာပေါ်မှ ပျက်ပြယ်သွားကာ မေနှင့်အတူရောၡ ရယ်ရယ်မောမော ဖြစ်လာသည်။

"မသိပါဘူးဗျာ၊ ကျွန်တော်မရှိရင် မေမဖြစ်ဘူးလားလို့"



"ရှိရင်တော့ ကောင်းတာပေါ့၊ မရှိရင်လည်း ဖြစ်ပါတယ်"

သူတို့နှစ်ယောက်ရင်ထဲရှိ ပွင့်ထွက်လုဆဲဆဲ ချစ်မေတ္တာတွေကို ဖုံးဖိသည့်အနေနှင့် ပေါ့ပေါ့ပါးပါး စကားတွေကို ရွှေးပြောလိုက်ကြသည်။

"ဒါဆို ကျွန်တော်လဲ ဖိုးလနတ်သားဘဝနဲ့ပဲ ဆက်နေလိုက်တော့မယ်"

စလင်းဘက်ထဲက ဘီးကလေးကို ထုတ်ဖြီးရင်း မေရယ်နေလိုက်သည်။

ဆေးရုံမှာ ဖေဖေနေရသည့်တစ်ပတ်အတွင်း မေနှင့်သူတတွဲတွဲမခွဲဘဲ ရှိနေတတ်သည်။ နံနက်အစောကြီးထပြီး ဆေးရုံသို့သွားရန် အသင့်ဖြစ်နေတတ်သည်။ ညနေပိုင်းအတွက်လည်း သွားရမည့်အချိန်ထက်စော၍ အဆင်သင့်ဖြစ်နေတတ်သည်။

တစ်ခါတစ်ရံ မေမေလိုက်သည်။ တစ်ခါတစ်ရံတော့ အန်တီစော လိုက်သည်။ တစ်ခါတစ်ရံမှာတော့ မေတို့နှစ်ယောက်တည်း သွားဖြစ်သည်။ မေမေနှင့် အန်တီစော၏ မျက်လုံးတွေက သူတို့နှစ်ယောက်၏ လှုပ်ရှားမှုအရာတိုင်းကို မပြတ်စောင့်ကြည့်နေတတ်သည်။

မေ့အနေနှင့် အနေအထိုင် ကျဉ်းကြပ်သည်နှင့်အမျှ သူ့ကိုလည်းအားနာရသည်။ အန်တီစောနှင့် မေမေ့

သဘောထားကိုပါ ပါးနပ်လိမ္မာသူတစ်ယောက် အနေနှင့် သူလည်းရိပ်မိမည်ပင်။ သို့ပေမယ့် ဘာမှမဖြစ်သလို ဆက်ဆံနေထိုင်နိုင်ခဲ့သည်။

အန်တီစောတို့ မနှစ်မြို့စရာအကြောင်းက လည်းရှိသည်။ သည်ရက်အတောအတွင်းမှာ မေ့အသွင်၊ မေ့ဟန်တွေက အထူးရွှင်ပြလန်းဆန်းနေသည်။တက်ကြွ ပျော်ရွှင်နေသည်။

နေရောင်အောက်က ပဒုမ္မာကြာပွင့်လေးလို လန်းဆန်းတောက်ပနေခဲ့သည်ပဲ။ ပြီးတော့ မေသိပ်လှ ချင်နေသည်။ ပြီးတော့ မေသိပ်ဝီရိယကောင်းနေသည်။ ဆေးရုံသွားရန်မနက် ငါးနာရီလောက်ကတည်းကထ၍ အလှပြင်သည်။ ဆေးရုံသို့ ယူသွားရမည့်ပစ္စည်းတွေကို ထည့်ရာမှာလည်း တက်တက်ကြွကြွရှိနေတတ်သည်။ အပျံသင်စ လိပ်ပြာလေးတစ်ကောင်လို မြူးကြွလွန်းလှ သည်ဟု အန်တီစောကမြင်ဟန်ရှိနေသည်။

တဖက်ခြံက ပုဂ္ဂိုလ်ကလည်း မနက်မိုးမလင်း မီကတည်းက ခြံထဲမှာ ဟန်တပြပြဖြစ်နေတတ်သည်။ ခြောက်နာရီခွဲလောက်ဆိုလျှင် အသင့်ဖြစ်နေပြီး သူတို့ နှစ်ယောက်အတူရှိနေသည့် အခါတိုင်း သူ့မျက်နှာက ရွှင်ပျလန်းဆန်းလွန်းလှပါဘိ။

အန်တီစောအနေနှင့် တူမချောအတွက်



အသည်းထိတ်ရင်ဖိုလှပြီဖြစ်သော်လည်း သူ့ကျေးဇူးရှိ နေသည့်အတွက် ရှက်ရှက်ရယ်ပြောမထွက်။ -

"ကျော်ကျော်နဲ့မော်မော်ကတော့ လိုက်လာဖို့ ကောင်းပြီ၊ မောင်မြင့်မိုရ်လည်း အားနာစရာကောင်းနေ ပြီ၊ နောက်ပြီးတော့ကြာရင်လဲ မကောင်းဘူးလေ၊ ဟို လူမှာလဲ သားမယားနဲ့ဆိုလား"

အန်တီစောပြောစကားကြောင့် မေ့ရင်ထဲမှာ ဆတ်ကနဲတုန်သွားသည်။ အမှန်တရားမှန်ပါလျက်နှင့် ဘာကြောင့်များ ဆတ်ဆတ်ထိမခံနိုင် ဖြစ်နေရပါလိမ့်။

"နီးစပ်ပါများရင် လူ့စိတ်ဆိုတာ မပြောနိုင်ဘူး၊ သူ့ပုံကြည့်ရတာ မိန်းမကျမ်းကျေနေပုံပဲ၊ တို့စာရေး ဆရာမလေးတောင် ညှတ်ကွင်းမိချင်နေပြီ"

လူကြီးတွေဟာ သည်လိုပဲလား၊ လူကြီးဖြစ် လာလျှင် အတ္တကိုယ်ကျိုးပဲ ကြည့်တတ်ကြသလား၊ အကူအညီလိုခိုက်မှာ ပျူပျူငှာငှာရှိသလောက် အကူ အညီမလိုအပ်တော့သည့်အချိန်မှာ ပြောင်းလဲသွားတတ် ပါလား ဦးမြင့်မိုရ်ဘက်ကတွေးပြီး ရင်နာနေမိသည်။

"အန်တီစောစကားတွေက တကိုယ်ကောင်း ဆန်လိုက်တာ သူက စေတနာနဲ့ကူညီတာပါ၊ သူများ ကြားသွားရင် မကောင်းပါဘူး"

ဆေးရုံအတွက်လိုအပ်သည့် အစားအစာနှင့်

ပန္နည်းတွေထည့်ထားသော ခြင်းကလေးကိုဆွဲ၍ ကြော့ကြော့လေးထွက်လာသောမေသည် မေမေ့ကိုပြောနေသည့် အန်တီစောစကားများနှင့် ရင်ဆိုင်လိုက်ရသည်။ နံနက်ခင်း၏ ပျော်ရွှင်ရိပ်ကလေးများ ကွယ်ပျောက်သွားသည်။

"ကျေးဇူးကို အသိအမှတ်ပြုပါတယ်။ ဒါပေမယ့်ဒီကျေးဇူးအတွက်နဲ့ ကိုယ့်တူမလေးကိုတော့ မယားရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့တော့ မရှုပ်ထွေးစေချင်ဘူး"

"ကွာရှင်းပြီးသားပါ"

"ပြောကြတာပဲ၊ သားသမီးရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ အမြဲရှုပ်ထွေးနေမှာပဲ၊ ပြီးတော့ မိန်းမနဲ့လဲ သတင်းထွက်နေတယ်"

"တော်ပါတော့ အန်တီစောရယ်၊ မေက ကလေးလေးမဟုတ်ပါဘူး၊ မေက လောကအကြောင်းကို ကောင်းကောင်းသိတဲ့ စာရေးဆရာမပါ"

အန်တီစော နှုတ်ခမ်းမဲ့လိုက်သည်။

"ကလေးမဟုတ်လို့ စိတ်ပူရတာပေါ့ရှင့်၊ စာရေးဆရာလဲ ဘာသားနဲ့ထုထားလို့လဲ"

မဲ့ကာရွဲ့ကာနှင့် ကျယ်ကျယ်လောင်လောင် ပြောလိုက်သည်ကို စိတ်မသက်မသာနှင့် ကြားနေရ



သည်။ အိမ်ဝသို့လှည့်အထွက်မှာ တံခါးဝတွင်ရပ်နေသည့် သူ့အသွင်ကို တွေ့လိုက်ရသည်မို့ မေ အလွန်အမင်း ထိတ်လန့်သွားသည်။

အန်တီစော၏ ကျယ်ကျယ်လောင်လောင် စကားများကို သူကြားသွားပြီပေါ့။ သူ့မျက်နှာ အတန်ငယ်ညှိုးနေပေမယ့် မေ့ကိုတော့ ပကတိအပြုံးဖြင့် တုံ့ပြန်သည်။

"အန်တီစောပြောတဲ့ စကားတွေကို ကြားသလားဟင်"

ကားပေါ်ရောက်မှ မလုံမလဲဖြစ်ရသူမို့ ဖွင့်မေးလိုက်သည်။

"ကြားတယ်"

သူက ခပ်အေးအေးပင် ပြန်ဖြေသည်။ မေ အလန့်တကြား သူ့ကိုပြန်ကြည့်လိုက်သည်။

"ရှင် စိတ်ဆိုးမှာပဲနော်"

သူက ခပ်ဖျော့ဖျော့ပြုံးပြီး ခေါင်းခါပြသည်။

"အမှန်တရားတွေပဲ၊ စိတ်ဆိုးစရာမှမဟုတ်တာ ကိုယ်သာ အန်တီစောဆိုရင်လဲ ဒီအတိုင်းပြောမိမှာပဲ"

မေ သူ့ကို အလွန်အမင်း အားနာမိသည်နှင့် အမျှ သူ့စိတ်ကိုလည်း နားလည်နိုင်စွမ်းမရှိတော့ပါ။ နားမလည်နိုင်သည့် ဂျက်ဝန်းများနှင့် သူ့ကိုကြည့်နေမိ

တော့ မေ့ပခုံးလေးကိုပုတ်ကာ...

"ယုံပါမေရယ်၊ ကျွန်တော်သာ စိတ်ဆိုးရင် မေ့အနားမှာ ရှိနေပါဦးမလား"

စိတ်ပန်းလျှစွာနှင့် သက်ပြင်းဖွဖွလေး ချလိုက်မိသည်။

"စိတ်ထိခိုက်မှာပေါ့နော်"

"ဒီလိုပါပဲ၊ ကိုယ်ဘဝကို ကိုယ်မေ့ထားလိုက်တာ ပြန်သတိရသွားစေရုံပါပဲ၊ ကိုယ်ဟာ အိမ်ထောင်ကျခဲ့ဖူးတဲ့သူ မိန်းမနဲ့ပတ်သက်လို့ နာမည်ဆိုးရှိခဲ့သူ အဖြစ် ပြန်သတိရစေတာပါပဲ"

တည်တည်ငြိမ်ငြိမ်နှင့် ပြောနေပေမယ့် သူ့ရင်ထဲမှာ နာကျင်မှုပြင်းပြကြောင်း မေသိလိုက်ပါသည်။ သူ့ကို နှစ်သိမ့်စရာစကားကို အရေးတကြီးရှာနေမိသည်။

"မေကော ကိုယ့်ကိုမကြောက်ဘူးလား"

"မကြောက်ပါဘူး"

မေချက်ချင်း ပြန်ဖြေလိုက်သည်။ တွေဝေမှုန်မှိုင်းနေသော အကြည့်များကြားမှ အပြုံးရိပ်တစ်ချက် လင်းလက်သွားသည်။

"အန်တီစောပြောသလို မေ့စိတ်တွေ ကျွန်တော့်ကို တိမ်းညွတ်သွားရင် ဘယ်နဲ့လုပ်မလဲ၊ အဲဒါကို



မကြောက်ဘူးလား"

သူ့မေးခွန်းတွေကို မေ့အနေနှင့် လွယ်လွယ်ကူကူဖြေနေရပေမယ့် ရင်ထဲမှာတော့ တင်းကြပ်ရှုပ်ထွေးနေပါသည်။ ရင်ခုန်လှုပ်ရှားမှုတွေကိုလည်း ဖုံးဖိထားရသည်။

"ဟင့်အင်း မကြောက်ပါဘူး၊ အဲဒီလိုလဲ ဖြစ်ချင်မှဖြစ်မှာပါ"

"ဖြစ်ချင်လဲဖြစ်နိုင်တာပေါ့၊ ဖြစ်လာရင် မေဘယ်လို ဆုံးဖြတ်မလဲ"

သူ့မေးခွန်းအတွက် မေ့မှာ အဖြေအဆင်သင့် မရှိပါ။ မေ့စိတ်က တိမ်းညွတ်နေပေမယ့် စိတ်အလိုအတိုင်း မေလိုက်လျောရဲသည့်သတ္တိ ရှိပါ့မလား။ ရှိနိုင်ရန် မလွယ်ပါ။

တစ်ခုပဲသေချာသည်။ သူ့ကို မေမကြောက်ပါ။ မေ့ဘဝ ပျက်စီးညှိုးနွမ်းအောင် ပြုရက်လိမ့်မည် မဟုတ်ဟု မေယုံကြည်မိပါသည်။

"ရှင်ကော ဘယ်လိုဆုံးဖြတ်မလဲ၊ မေ့ကို တိမ်းညွတ်နေပြီဆိုရင် ရှင်ဘာလုပ်မလဲ"

မမျှော်လင့်သော မေ့မေးခွန်းကြောင့် သူ တွေဝေတုံ့ဆိုင်းသွားသည်။ သူ့ကို စူးစူးရဲ ကြည့်ပြီး သူ့နှလုံးသားကို [illegible] ဖောက်ကာ အဖြေကိုရှာနေမိ

သည်။ သူ့ဘာကြောင့် ချက်ချင်း အဖြေမပေးနိုင်ရတာ တဲ့လဲ...

"အဲဒီလိုဖြစ်ခဲ့ရင်တော့ မေ့ဘဝအတွက် အကောင်းဆုံးဖြစ်မယ့်လမ်းကို ရွေးမယ်၊ ကျွန်တော့် ဆန္ဒကို ဦးစားမပေးဘူး ဒါ တိကျပြတ်သားတဲ့အဖြေပဲ"

သူ့စကားတွေက မေ့ရင်ကို သိမ့်သိမ့်တုန်သွားစေသည်။ သူ့အပေါ်ယုံကြည်ခြင်းကို ဆထက်ထမ်းပိုးတိုးခဲ့ရသည်။

မေ့ကားကို သူပြင်ပေးနေသည်။ ကားစက်နှိုးရသည့်အထိ ပြင်ပြီးတော့ မေ့ကိုခေါ်ပြီး မောင်းစေသည်။

"ကားကောင်းသွားပြီမေ၊ ပြီးတော့ မေ့အစ်ကိုတွေလဲ လိုက်လာကြတော့မယ်"

သူ့ဆိုလိုချက်ကို မေနားလည်လိုက်ပါပြီ။ မေ့ကားကို သူစပြင်ကတည်းက ဖြစ်လာမည့်အခြေအနေကို မေရိပ်မိနေပါပြီ။

"ရှင်ပြန်တော့မယ်ပေါ့၊ ဟုတ်လား"

မချိပြုံးပြုံးရင်း သူခေါင်းညိတ်သည်။

"ဘယ်ကိုပြန်မှာလဲ"

"တစ်နေရာရာကိုပေါ့"



သူ့အဖြေက မေ့ကို ထိခိုက်နာကျင်စေသည်။

"ဟုတ်မှာပေါ့လေ ရှင့်မှာအချစ်တွေအများကြီး ရှိတော့ ရွေးချယ်စရာနေရာတွေ များမှာပေါ့"

နာနာကျင်ကျင်နှင့် ပြန်ပြောတော့ သူရယ်ပစ်လိုက်သည်။

"ကိုယ့်ရဲ့ထွေပြားလွင့်ပါးနေတဲ့ ခံစားချက်တွေ ရပ်တည်ဖို့ တစ်နေရာရာကို ရှာဖွေသွားရမှာပါ။ ကိုယ့်ခံစားချက်ကို မေနားလည်မှာမဟုတ်ဘူး။ တစ်နေ့နေ့မှာတော့ မေနားလည်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကိုယ်နဲ့ပတ်သက်တိုင်း မေ့မှာနာကျင်ရတဲ့အတွက် ကိုယ်စိတ်မကောင်းပါဘူး၊ ကိုယ့်မှာက နာမည်ဆိုးတွေ ရှိနေခဲ့တယ်လေ"

"ရှင်ဟာ တကယ်ပဲချစ်လူဆိုးလားဟင်"

မေ့ရင်ထဲတွင် ထာဝစဉ်ထိခိုက်နာကျင်နေရသော ဆူးအတွက် အဖြေကို တိတိလင်းလင်း တောင်းလိုက်မိသည်။

"ကျွန်တော့်ကို မေ ဘယ်လိုထင်သလဲ၊ ချစ်လူဆိုးလို့ထင်သလား"

မေ အဖြေရခက်သွားပြန်သည်။ သူနှင့်တွေ့ရခိုက်မှာ မေ့အနေနှင့် အပြည့်အဝယုံကြည်မှုတွေ ရှိနေတာအမှန်။ သူနှင့်ဝေးကွာသွားချိန်မှာတော့ ကြားစကား

တွေ အများစကားတွေကြားမှာ ချာချာလည်ပြီး ကြည်ခြင်းတို့ ပျက်ပြယ်သွားရပြန်သည်။

"မေ...မေ မထင်ပါဘူး"

ကြိုးစားအားယူပြီး ပြောလိုက်ရသည်မို့ အနည်းငယ် ထစ်ငေါ့သွားသည်။

"မေ့ရဲ့ယုံကြည်ခြင်းတစ်ခုထဲနဲ့ ပတ်ဝန်းကျင်ရဲ့ လှိုင်းဂယက်ထဲက ရုန်းမထွက်နိုင်ဘူးမေ၊ မေ့ကျွန်တော်သနားတယ်၊ အရာရာတိုင်းမှာ မေ့အတွက် ကျွန်တော်စဉ်းစားတယ်၊ အဲဒါ မေယုံပါ"

လိုက်လှဲကြေကွဲသံဖြင့် ဖြည်းဖြည်းညင်သာ ပြောတော့ မေ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ မေ့ရင်ထဲမှာ ကြေကြေကွဲကွဲ ခံစားလိုက်ရသည်။ မေ့နှလုံးသားကို ယိမ်းခါသွားအောင် ရိုက်ခတ်နိုင်သော ယောကျ်ားတစ်ယောက်၏အချစ်ကို ပြပါဆိုလျှင် အချစ်ဟု မေဝန်ခံရပါတော့မည်။

နောက်တစ်နေ့နံနက်မှာတော့ နံနက်ခင်း နေခြည်နုနုကလည်း မေ့ကိုရွှင်ပြစေခြင်းငှာ မတတ်နိုင်တော့၊ မေသည် နွမ်းလျခွေနွမ်းစွာနှင့် အိပ်ရာမှထ ဆေးရုံသွားရန် ပြင်ဆင်နေခဲ့သည်။ မေ့မျက်နှာ မလန်းဆန်းသလို မေ့ခြေလှမ်းတွေက မသွက်လက် မေ့လှုပ်ရှားမှုတိုင်းကို ရိပ်မိနေသော အန်တီစော က



မည်သို့အပြစ်တင်ဝေဖန်နေမည်မသိ။ မတတ်နိုင်။ သူတို့အလိုဆန္ဒအတိုင်း ဖြစ်သွားသည့်အတွက် တော့ ကျေနပ်ပါလိမ့်မည်။

ကားပေါ်သို့မတက်မီ တစ်ဖက်ခြံကို ဆွေးဆွေးမြေ့မြေ့ လှမ်းကြည့်လိုက်သည်။ သူ့အရိပ်တွေ ကွယ်ပျောက်နေသော ခြံကြီးသည် သုသာန်တစ်စပြင်လို တိတ်ဆိတ်သွေ့ခြောက်နေသည်။ သူနှင့်အတူရှိစဉ်က အပျော်ရိပ်၊ အပြုံးရိပ်လေးတွေကို တမ်းတမ်းတတ ဖြစ်မိသည်။

စိတ်ထိခိုက်နွမ်းလျစွာနှင့် သူပြင်ပေးခဲ့သော ကားထဲသို့ ဝင်ထိုင်လိုက်ရသည်။ သူသုံးလေ့ရှိသည့် ရေမွှေးနံ့ပျံ့ပျံ့က ကားထဲမှာ စွဲကျန်ရစ်နေဆဲ။

× × × × ×

မေ့အစ်ကိုနှစ်ယောက် ရောက်လာသည့်အတွက် ဖေဖေ အတော်အားတက်သွားသည်။ မေမေ နှင့်အန်တီစောတို့လည်း အပြ းတွဝေဆာနေကြသည် တစ်အိမ်လုံး ဆူဆူညံညံနှင့် စည်စည်ကားကားဖြ သည်။

ကိုကိုကျော်နှင့်ကိုကိုမော်တို့ ရောက်လာပြီး ဖေဖေလည်း ဆေးရုံကဆင်းရသည်။

"မောင်နှမတွေဆုံတုန်း မေ့မွေးနေ့ပွဲကျင်းပ အောင်"

မေမေ့အကြံပြုချက်အတိုင်း သူငယ်ချင်းတေ ကိုဖိတ်ပြီး မွေးနေ့ပွဲကျင်းပရန် စီစဉ်သည်။ ဖိတ်စာတေ ရိုက်ပြီး ဖိတ်စာပေါ်မှာ သူငယ်ချင်းနာမည်တွေကို ရေ နေမိသည်။ သူ့ကိုကော မေ ဖိတ်ရမှာလား...

"မောင်မြင့်မိုရ်ကိုလည်း ဖိတ်ဦးနော်"

မေမေသတိပေးသည်။ မေ့ရဲ့အမှတ်တရမွေး နေ့ပွဲမှာ သူပါဝင်စေချင်တာတော့အမှန်။ မေ့ရဲ့မွေးနေ မှာ မေ့အနားမှာ သူ့ကိုရှိနေစေချင်ပါသည်။

"တစ်ခုတော့ရှိတယ်၊ ကိုကိုကျော်နဲ့ကိုကိုမေ တို့ရှေ့မှာတော့ သိပ်ပြီးရင်းရင်းနှီးနှီး မဆက်ဆံစေခ ဘူး။ အစ်ကိုတွေကမြင်ပြီး စိတ်မချမ်းမသာ ဖြစ်နေ မယ်"



အန်တီစော၏ နောက်ဆက်တွဲစကားကြောင့် ဒေါသဖြင့် မေ့မျက်နှာလေး တင်းမာသွားသည်။

"မေ့အစ်ကိုတွေက သူတို့ ားမယားကလွဲလို့ ဘယ်သူ့အတွက်မှ စိုးရိမ်တာမဟု ဘူး။ မေဆိုတဲ့ ညီမတစ်ယောက်ရှိတယ် ဆိုတာတောင် မေ့နေကြတာ၊ အပိုတွေပြောမနေပါနဲ့ အန်တီစော၊ သူတို့မှာ မေ့ အကြောင်းစဉ်းစားဖို့ အချိန်မပေးနိုင်ကြပါဘူး"

မေစိတ်ဆိုးမှန်းသိတော့ အန်တီစော ချော့သံ ပျော့သွားသည်။

"မေ့အတွက် စိတ်ပူလို့ပြောတာပါကွယ်၊ ဒီလူ က ကူညီတတ်ပေမယ့် မိန်းမကိစ္စ ခပ်ရှုပ်ရှုပ်မဟုတ် လား"

မေ့ရင်ထဲမှာ စူးနစ်အောင် နာကျင်သွားသည်။ သူနှင့်ပတ်သက်၍ မကြားချင်ဆုံးသော စကားတွေကို ကြားရပြန်ပြီ။ သည်ပွဲသို့ သူလာလျှင် အန်တီစောမှ အစပြု၍ တစ်အိမ်လုံး၏မျက်လုံးတွေကို သူနှင့်မေ ခိတ်လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်ကြဦးမည်။ ကဲ့ရဲ့ ဝေဖန်ကြဦးမည်။ ပြီးတော့မိဇံကလည်း သည် အကြောင်းပဲ ပြောဦးမည်။ သူနှင့်မပတ်သက်ရန် ဆုံးမ သြဝါဒ ပေးကြဦးမည်။

မေသာမက သူပါစိတ်ကျဉ်းကြပ်မှုကို ခံရပေ

ဦးမည်။ လူတွေအားလုံးက သူ့ကို မုန်းတီးရွံ့ချသည့် မျက်ဝန်းများနှင့် ဝိုင်းကြည့်ခြင်းဒဏ်ကို မခံစားစေချင်ပါ။

"အန်တီစော စိတ်မပူပါနဲ့၊ သူ့ကို မေမဖိတ်ပါဘူး"

"ဖိတ်သင့်ပါတယ် သမီးရယ်၊ မေမေတို့အားလုံးကို အကူအညီအများကြီး ပေးခဲ့တာပဲ၊ သမီးအန်တီစောက စိတ်ပူတတ်လို့ပါကွယ်"

မေမေဝင်ပြောပေမယ့် လောကဝန်းကျင်၏ သဘောကို ကောင်းစွာနားလည်ထားပြီမို့ သူ့ကိုမဖိတ်ရန် ဆုံးဖြတ်လိုက်သည်။

"နေပါစေမေမေ မဖိတ်ပါဘူး၊ သူလဲ လာချင်မှာမဟုတ်ပါဘူး"

မေယတိပြတ်ပြောလိုက်ပြီး နာကျင်မှုကြောင့် နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်မိသည်။ ပြော၍သာ ပြောရသည်။ မေက ဖိတ်ချင်သည်ထားဦး သူရှိနေမည့် နေရာကို မေမသိ။

တောင်ကြီးမှ ပြန်ရောက်ရောက်ချင်း ဖုန်းဆက်လာသော မင်းသားကိုတော့ ဖိတ်စာတစ်စောင် ပေးလိုက်သည်။

"မေ့မွေးနေ့မှာ ကျွန်တော်သီချင်းဆိုပေးမှာ



းပ်"

"နေပါစေ၊ ကျေးဇူးပဲ"

"ဟာဗျာ မေကစိမ်းတယ်"

သူ့ပင်ကိုယ်ဟန် အတိုင်း က လေးဆန်ဆန်နှင့် ပ်နွဲ့နွဲ့လေးပြောသည်။

မေ့မွေးနေ့ပွဲအတွက် သူငယ်ချင်းတွေက တက် ြွနေကြသည်။ တစ်အိမ်သားလုံးကလည်း စိတ်ဝင် ားကြသည်။ မေတို့အိမ်ခြံဝင်းထဲမှာ ကျင်းပမှာမို့ အား ုံးပျော်ကြသည်။

မွေးနေ့ပွဲအတွက် စိတ်မပါဆုံးသူမှာ မေပဲဖြစ် သည်။ အလုပ်ပြင်နေရင်းပင် မေ့ကိုယ်မေ စိတ်တိုင်းမကျ ဖြစ်လာသည်။ သူ့ကိုပဲ မေသတိရနေသည်။ သူ့အပြုံး ူ့အကြည့်၊ သူ့အပြောကိုပဲ မေမြင်ချင်ကြားချင်နေ သည်။ သူ မပါဝင်သောလောကသည် မေ့ဘဝ မည်သို့ ဆက်လက် ရှင်သန်နိုင်ပါ့မလဲ။

သူ့ကို မေ့ပစ်နိုင်အောင် ကြိုးစားနေသည့်ကြား ပင် သူ မပါဝင်သောဘဝတွင် သူ့အလှသည် မှေးမှိန် နေသည်။ မှေးမှိန်သောအရောင်အသွေးကို မေ တမင် ွေးသည်။

နှုတ်ခမ်းနီ ဖြူဖျော့ဖျော့၊ ပန်းနုရောင်ပြေပြေ လေးကို ရွေးသည်။ မိတ်ကပ်ကိုလည်း ပါးပါးလူး၍

ပန်းနုရောင်မှိန်ပြေပြေလေး ဖြစ်စေသည်။

မီးခိုးရောင်တွင် ငွေရောင်အပွင့်အခက်လေးတွေ နွယ်တက်နေသည့် အင်္ကျီနှင့်လုံချည်ကို ရွေးသည်။ ပုလဲလည်ဆွဲတစ်ကုံးကိုဆင်သည်။ တစ်ကိုယ်လုံးသည် ဖြူဖျော့မှေးမှိန်ပြီး လူမမာရုပ်ပေါက်နေသည်ဟု အန်တီစောကဝေဖန်သည်။

မေကတော့ ပျော်ရွှင်မှုတို့ မှေးမှိန်နေသော ခံစားချက်အတိုင်း ပြင်ဆင်ဝတ်စားခဲ့ခြင်းပင်။ မွေးနေ့ပွဲလာသူတွေကတော့ တောက်တောက်ပပရှိကြသည်နှင့် အမျှ ရွှင်ရွှင်လန်းလန်းလည်း ရှိကြသည်။

မပျော်ပဲ နေပါမည်လား။ အပျော်လွန်တတ်သည့် မေ့သူငယ်ချင်းအပေါင်းအသင်းများပဲ ဖြစ်သည်လေ။

အဖြူရောင် ခုံမြင့်ဖိနပ်အထူကြီးနှင့် မိဇံသည် အဖြူရောင်ဝတ်စုံနှင့် လိပ်ပြာအဖြူလေးတစ်ကောင်လို ဟိုဒီပြေးလွှားလှုပ်ရှားနေသည်။ မော်ဒယ်ဂဲလ်'ပိုး'၏ ကိုယ်ဟန်ကြွကြွလေးနှင့် လှုပ်ရှားဟန်က ရင်ခုန်ကြည်နူးစရာကောင်းသည်။ စိုးစိုးနှင့်စုစုတို့က ကျောင်းဆရာမတွေပီပီ ယဉ်ယဉ်လေးဝတ်ဆင်၍ ဖွဲတို့အုပ်စု နှင့် စကားတွေဖောင်ဖွဲ့နေကြသည်။

ချိုမိုင်၏စကားသံက မွေးနေ့ပွဲကို လွှမ်းထား



သည်။ တောက်ပလင်းလက်နေသူများကြားတွင် မေ၏ မှိန်ဖျော့ဖျော့အလှက ထူးခြားသွားသည်။ ရဲရဲနီသော နှုတ်ခမ်းနီများကြားတွင် ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းရောင်လေးက ဆန်းသစ်နေသည်။

"မေ့ရဲ့အလှက ထူးခြားလိုက်တာ၊ မှိန်မှိန်ဖျော့ဖျော့လေးနဲ့လှတာ"

စတီရီယိုအဆိုတော် ချိုမိုင်က ကျောင်းနေဖက်သူငယ်ချင်းကို စေ့စေ့ကြည့်၍ ဝေဖန်သည်။ အားလုံးက အထူးအဆန်းအဖြစ် မေ့ကို ဝိုင်းကြည့်ကြသည်။ အရင်ကဆိုလျှင် မေသည် ခေတ်ဆန်ဆန်နှင့် ပေါ်ပေါ်လွင်လွင် ပြင်ဆင်လေ့ရှိခဲ့သည်။

ယခုတော့ ကြေကွဲခြင်းနိမိတ်ပုံအဖြစ် မှိန်ဖျော့ဖျော့ပြင်လာခဲ့ခြင်းက မေ့အတွက် အလှတစ်မျိုးအဖြစ် ပေါ်လွင်လာခဲ့ပြန်သည်။

"ဟော...မင်းသားဇင်ယော်လာပြီ"

စိုးစိုးနှင့်စုစုထံမှ ထွက်လာသောအသံကြောင့် အားလုံး၏အာရုံက ခြံဂိတ်ဆီသို့ ရောက်ကုန်သည်။

သူ့ပင်ကိုယ်ဟန်အတိုင်း လဲသာချာကင်အနက် ဘောင်းဘီဖြူနှင့် မင်းသားကိုတွေ့ရသည်။ မင်းသားကို ဆီးကြိုနှုတ်ဆက်နေဆဲမှာပင် မင်းသားနောက်မှ လျှောက်လာသော သူ့ကိုတွေ့လိုက်ရသည်။

သူ့ပင်ကိုယ်ဟန်အတိုင်း မေ့ကိုပြုံးကြည့်နေသည်။

"ဖိတ်စာမပေးပဲ ယောမိတဲ့အတွက် ခွင့်လွှတ်ပါ မေ"

မေ ပြော၍မထွက်အောင် သားနားသွားရ သည်။

"ဇင်ယော့်ဆီက ဖိတ်စာတွေ့လို့လာခဲ့တာ"

"ဟို...ဟို မေဖိတ်စာပေးမလို့ပါပဲ၊ ရှင် ရှင်"

"ကျွန်တော်ရှိမယ့်နေရာကို မသိလို့မဟုတ်လား"

မေ ခေါင်းညိတ်ပြလိုက်ရသည်။

"ကျွန်တော့်ဖိတ်စာကိုတွေ့ပြီး အတင်းလိုက်လာတော့တာပဲ၊ ကိုကြီးနဲ့မေ့ကို မိတ်ဆက်ပေးစရာမလိုပါဘူးနော်"

မင်းသားက သူ့ပင်ကိုယ်ဟန်အတိုင်း သွက်သွက်မြူးမြူးလေးပြောသည်။

"မေ့မွေးနေ့မှာ ကျွန်တော်သီချင်းဆိုပေးမှာနော်"

"ကျေးဇူးပဲ မင်းသား"

"မေက သိပ်လှတာပဲ၊ မိုးကောင်းကင်မှာ အလယ်မှာ တရွှေ့ရွှေ့လွင့်မျောနေတဲ့ မီးခိုပြာရောင် တိမ်တိုက်ကလေးနဲ့တူတယ်၊ မေ့ဝတ္ထုတွေကြောင့် ကျွန်တော် ဘယ်လိုခံစားရတယ်ဆိုတာ ပြောပြရဦးမယ်၊ မေ



အချိန်ပေးနိုင်ပါတယ်နော်"

မေ့အနားကိုတိုးကပ်ပြီး စကားတွေ လှိုင်လှိုင်ကြီးပြောနေသည်။ သူကတော့ ဓမနှင့်မလှမ်းမကမ်း အနေအထားနှင့် လျှောက်လာပြီး နှုတ်ဆိတ်နေသည်။ ခဲနှင့်စိုးစိုးတို့စားပွဲမှာ သူတို့နှစ်ယောက်ထိုင်မိကြပြီး ကြာခင်ပင် မင်းသားသည် အားလုံးနှင့်အဖွဲ့ကျသွားသည်။

မင်းသားတို့ဓလေ့အတိုင်း အော်တိုရေးခြင်းသုပ်ငန်း စတင်တော့သည်။ မေ့သူငယ်ချင်း မိန်းကလေးတွေ၏ကြားမှာ မင်းသားရေပန်းစားသွားသည်။ မင်းသားက မေ့အတွက် သီချင်းတစ်ပုဒ်ဆိုပေးသည်။ ပြီးတော့ ချိုမိုင်၊ ပြီးတော့ ပိုး။ မွေးနေ့ပွဲ၏ပျော်ဖြေမှုကမြိုင်ဆိုင်လှသည်။

သီချင်းတေးသွားနှင့်အတူ စည်းချက်လိုက်ကြ၊ ပိုက်ဆိုကြနှင့် အားလုံးလိုလို ပျော်နေကြသည်။ မေနှင့်စကားမပြောပဲ ခပ်တည်တည်လုပ်နေသည့် သူ့သွက် မေဘဝင်မကျနိုင်။

"ရှင်ရော မေ့အတွက် မွေးနေ့လက်ဆောင် သီချင်းတစ်ပုဒ်လောက် ဆိုပေးပါလား"

"ရင်ထဲမှာ အမြဲဆိုနေပါတယ်မေ"

သူ့ဆီသို့ မေ့မျက်စောင်းလေး ဝဲသွားသည်။

"မွေးနေ့ရှင်က သီချင်းတစ်ပုဒ်ပြန်ဆိုပေးပါ"

အားလုံးက ဝိုင်းတောင်းဆိုပေမယ့် မေ ဖွတ်ငြင်းနေမိသည်။ သည်ညအဖို့ မင်းသားက စကားတွေဖောင်ဖွဲ့လောက်အောင် ပြောနေပေမယ့် မေ့ဘက်က စိတ်ပါလက်ပါ ပြန်မပြောနိုင်ခဲ့။

သူငယ်ချင်းတွေနှင့် အလိုက်သင့်စကားပြောနေရပေမယ့် အသက်မဝင်။ မဖိတ်ပဲနှင့် ရောက်လာခဲ့သော ဧည့်သည်အပေါ် အားနာစိတ်၊ အန်တီစော မေမေတို့၏ မျက်လုံးများအောက်မှာ သူနှင့်အတူရှိနေရသည့်အတွက်ကြောင့် စိတ်ကျဉ်းကြပ်မှုဝေဒနာကို ပင်ပန်းကြီးစွာ ခံစားနေရသည်။

သူနှင့်ဆုံတွေ့ရခိုက်မှာ ပြောစရာစကားတွေအများကြီးရှိနေပေမယ့် ပြောခွင့်မရသည့်အတွက် စိတ်မောရခြင်းများလည်းပါသည်။

မမျှော်လင့်ပဲ သူ့ကိုတွေ့လိုက်ရသည့်အတွက်တော့ ပျော်ရွှင်ရတာတော့အမှန်။

"မဖိတ်ပဲနဲ့ ဘာလို့လာရတာလဲဟင်"

မိဖတို့အလစ်မှာ ကပ်ပြီးမေးလိုက်သည်။

"မေ့ကိုတွေ့ချင်လို့"

သူ့အဖြေက မေ့ရင်ကို နွေးခနဲဖြစ်သွားစေသည်။



"မေ့ဘဝက တကယ်ကိုမြတ်နိုးစရာကောင်းတယ်၊ တောက်ပတယ်၊ ကျော်ကြားတယ်၊ အပြစ်ကင်းတယ်၊ တို့ဘဝက မေနဲ့တခြားစီ အရိပ်မည်းတွေနဲ့"

သီချင်းဆိုပွဲကို အာရုံစိုက်နေခိုက်မှာ သူက ခပ်တိုးတိုးလေးပြောနေသည်။

"မေ့အစ်ကိုတွေက မေ့ကို စောင့်ကြည့်နေမှာနော်"

"ဟုတ်မှာပေါ့"

သူ့သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ရှင့်အကြောင်းကို အခုထက်ပိုပြီး မေသိချင်တယ်"

"ဝတ္ထုရေးမလို့လား"

မေ ပြုံးနေလိုက်သည်။

"ဝတ္ထုထက်ပိုပြီး လေးနက်ပါတယ်"

"တစ်နေ့ကျတော့ မေသိရမှာပါ၊ ကျွန်တော့်အကြောင်းတွေကို မေကြားနေရတာပဲ မဟုတ်လား"

"မဟုတ်ဘူး၊ သူများပြောတာတွေကို မေမယုံချင်ဘူး၊ ရှင်ပြောတာကိုပဲ မေကြားချင်တာ"

ယဲ့ယဲ့မျှပြုံးပြီး ဖြည်းလေးစွာ ခေါင်းညိတ်သည်။

"မေကြားရ ဆေမယ် အခုတော့မဖြစ်ဘူး၊ အား

လုံးက ကိုယ်တို့ကို အာရုံစိုက်နေကြတယ်၊ ကိုယ်ပြ
တော့မယ် ကိုယ့်ကိုလိုက်မပို့နဲ့ ့အတွက်မွေးနေ့ လ
ဆောင်”

နံ့သာဖြူအသားနှင့် လုပ်ထားသည့် ဗူးသေ
သေးလေးတစ်ဘူးကို မေ့လက်ထဲထည့်ပေးပြီး သူ
လိုက်သည်။

“မေ့ မွေးနေ့တိုင်းမှာ ပျော်နိုင်ပါစေ”

မေ့မျက်နှာလေးကို စိုက်ကြည့်ပြီး တိုးတိုးေ
ပြောသည်။ မိုးကောင်းကင်အလယ်မှာတော့ ငွေကြ
ပွင့်ကလေးများ ခြံရံလျက် ဖိုးလနတ်သားက မေ့
ပြုံးကြည့်နေဆဲ။ မြေပြင်ပေါ်က ဖိုးလနတ်သားကေ
အရိပ်အယောင်ပြ၍ ထွက်ခွာသွားပေဦးတော့မည်။

သူထ၍ပြန်မည့်ဆဲဆဲတွင် မင်းသားသီချင်း
နေရာမှ မေတို့ဆီသို့ ပြန်ရောက်လာသည်။

“ဟာ…ကိုကြီးပြန်တော့မလို့လား၊ ဖိတ်စာ
ပဲနဲ့တောင် လာခဲ့ပြီးမှ ချက်ချင်းပြန်တာကေ
သဘာဝမကျဘူး၊ ကျွန်တော်တို့က သီချင်းတွေဆို
ဦးမှာ၊ မေ့ မွေးနေ့ကို ဂုဏ်ပြုရမယ်လေ”

သူ့လက်ကိုဆွဲထားပြီး အတင်းပြန်ထိုင်ခို

တို့က သီချင်းမှ မဆိုတတ်တာ”



“မဆိုတတ်ရင်လဲ ထိုင်နားထောင်ပါဦး၊ ကို ကြီး
မှာ ကားလဲမပါပဲနဲ့ ကျွန်တော်နဲ့အတူတူပြန်ပါ”

“ကားငှားပြန်မှာပေါ့”

မေ့ကို မင်းသားလှမ်းကြည့်ပြီး အကူအညီ
တောင်းသည်။

“မေရေ…မွေးနေ့ရှင်က တားမှဖြစ်မှာ၊ ကူပြော
ပါဦး”

မေနှင့်သူ အကြည့်ချင်းဆုံကြသည်။ မေ့အနေ
နှင့်လည်း သူ့ကို မပြန်စေချင်သေးပါ။ သူက အစိုးရိမ်
လွန်ပြီး ပြန်ချင်နေသည်။

“ဟုတ်သားပဲ၊ မင်းသားနဲ့မှပြန်ပေါ့၊ မေ့
အတွက် သီချင်းတစ်ပုဒ်လောက် ဆိုပေးပါဦး”

သူ့ထံမှ သီချင်းတစ်ပုဒ်လောက်ကိုတော့ မေ
တောင့်တမိသည်။ သို့သော် သူက ဆိုမည်မဟုတ်။

“မေ့အတွက် ရှင့်မှာ ရင်ထဲက သီချင်းတစ်ပုဒ်
လောက် မရှိတော့ဘူးလားဟင်”

“ရှိပါတယ်၊ ကိုယ်အမြဲဆိုနေတဲ့ သီချင်းရှိ
တယ်၊ ဇင်ယော်ကို ကိုယ်စားဆိုခိုင်းလိုက်မယ်”

မင်းသားဘက်သို့ လှည့်၍ ခပ်တိုးတိုးပြော
လိုက်သည်။

“ကျွန်တော သိပ်ကြိုက်တဲ့ သီချင်းပဲ ကျွန်

တော်ဖီလင်နဲ့ဆိုမယ်"

ချိုမိုင်အလှည့်ပြီးသွားသည်နှင့် မင်းသားသီချင်းဆိုရန် ထွက်သွားသည်။ ..းရောင်စုံအောက်တွင် မင်းသား၏အသွင်က နုနုနယ်နယ်နှင့် ကဗျာဆန်နေသည်။ သူဟာ တကယ့်ကို စွဲမက်လောက်တဲ့ မင်းသားပါပဲ။

ဆံပင်ရှည်ရှည်လေးနှင့်မို့ ကလေးငယ်တစ်ယောက်လို နုနယ်နေသည်။ ခပ်ရှည်ရှည်ဆံပင်အချို့က နဖူးပေါ် ကပိုကယိုဝဲကျနေပုံက တစ်မျိုးကြည့်ကောင်းသည်။

"ဒီသီချင်းလေးကတော့ ကျွန်တော့်ရဲ့ကိုကြီးဦးမြင့်မိုရ်က မေ့အတွက် မွေးနေ့လက်ဆောင်သီချင်းပါ၊ ကိုကြီးရဲ့ကိုယ်စား ကျွန်တော်ဇင်ယော်က ခံစားသီဆိုမှာ ဖြစ်ပါတယ်၊ နားဆင်ကြပါ"

သီချင်းကိုတန်းမဆိုပဲ နိဒါန်းတွေပျိုးနေသည့်အတွက် မေ့တစ်ကိုယ်လုံး ထူပူသွားရသည်။ သူ့ သူငယ်ချင်းအားလုံး၏ မျက်လုံးတွေက သူတို့နှစ်ယောက်ဆီသို့ စုပြုံရောက်လာကြသည်။

ကိုကိုကျော်နှင့်ကိုကိုဇော်က မေနှင့်အတူ ယှဉ်ထိုင်နေကြသော သူ့ကိုလှမ်းကြည့်နေသည်။

သူကတော့ မေ့ကို အားတုံ့အားနာနှင့် ထား



ချက်ငုံ့ကြည့်ပြီး ငြိမ်သက်နေသည်။ လှျာရှည်တော်မှုသော မင်းသားကိုသူဖိပြီး အပြစ်တင်နေမိသည်။

"မျက်ဝန်းထဲမှာ...အချစ်ဆုံးမျက်နှာ၊ မှုန်ဝါးလို့သွားပြီ၊ နောက်ထပ်တစ်ခါ၊ ပြန်တွေ့ဖို့ဆိုတာ ဒီဘဝမှာ မသေချာတော့ဘူး၊ ချစ်ဆုံးလေးရာ အစဉ်ပြုံးနေစမ်းပါ၊ ငိုနေပေမယ့်လဲ တို့နှစ်ယောက်ဟာ ဆုံစည်းဖို့ဆိုတာ ဒီတစ်သက်မှာ မရေရာတော့ဘူး"

အလိုက်သဲလိုက်ခံစားသီဆိုနေသည့် မင်းသား၏အမူအရာက သီချင်း၏အရသာကို ပိုပြီးအရှိန်မြင့်စေသည်လားမသိ။ မေ့ရင်ထဲမှာ လှိုက်တက်လာသည်။ သူကော ဘယ်လိုခံစားနေရလေမလဲ၊ မသိမသာငုံ့ကြည့်လိုက်ပြီး တခြားလူတွေ ရိပ်မိမည်စိုး၍ ငြိမ်နေလိုက်ရသည်။

"တွေ့ကြုံဆုံကွဲ လောကရဲ့ဓမ္မတာပဲ၊ ခုမြင် ခုခွဲလောကရဲ့သဘာဝပဲ...ဒါပေမယ့် တစ်ခုတော့ရှိတယ် ချစ်ရယ် တို့နှစ်ယောက်ဝေးရရင် ဒီတစ်သက်ပဲ"

သီချင်းစာသားတွေက မေ့နှလုံးသားဆီသို့ ..င်းထန်စွာရိုက်ခတ်လာသည်။ "တို့နှစ်ယောက်ဆုံ..ည်းဖို့ဆိုတာ ဒီဘဝမှာ မရေရာတော့ဘူး"ဆိုသည့် စာ..းက မေ့ရင်ထဲမှာ ပဲ့တင်ထပ်နေသည်။

ဒါ...ဒါဟာ သူ့ရဲ့ဆုံးဖြတ်ချက်တဲ့လားကွယ်။

တုန်ရီလိုက်မောစွာနှင့် သူ့ကိုမေ လှမ်းကြည့်လိုက်သည်။ သူ့မျက်ဝန်းမှာ ကြေကွဲရိပ်တွေ လွှမ်းနေသည်။ မေ့မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေပြည့်လာသည်။ မထိန်းလိုက်နိုင်မီမှာ လိမ့်ဆင်းကျလာသော မျက်ရည်စက်ကလေးကို ကပျာကယာ လက်ကိုင်ပဝါနှင့် တို့သုတ်လိုက်ရသည်။

မေ့မျက်ရည်စက်ကို မိဖမြင်သွားသည်မို့ မသိမသာမျက်စောင်းထိုးပြသည်။ မကြာခင် မိဖ သူ့အနားရောက်လာသည်။

"မိန်းမ၊ အဖြစ်သည်းမနေနဲ့...လူတွေကြည့်နေတယ်၊ မဂ္ဂဇင်းတိုက်လိုက်နေရဦးမယ်"

ဟု ကပ်ပြော သည်။ လူမိသွားသည့်အတွက် ရှက်ခြင်းနှင့် ကြေကွဲခြင်းတို့ရောပြီး တုန်တုန်ခိုက်ခိုက်ဖြစ်နေသည်။

"ရုပ်ပျက်လိုက်တာ...ရှင်တော့မလွယ်ဘူး"

"တော်ပါတော့ မိဖရယ်...သီချင်းက သိပ်ခံစားရတယ်"

"ဟုတ်ရဲ့လား"

ရယ်ကျဲကျဲနှင့် ခပ်တိုးတိုးစနေသည်။ သည အချိန်မှာ မင်းသားကို ပရိသတ်က သီချင်းထပ်ဆိုတောင်းဆိုနေသည်။ မင်းသားအသွင်က တကယ်



ကလေးငယ်တစ်ယောက်လို မြောက်ကြွနေသည်။ အပျော်လွန်ပြီး သူတစ်ဖက်သားကို ငြိစွန်းစေမည့်စကားတွေပြောနေသည့် မင်းသားကိုကြည့်ပြီး အမြင်ကတ်လာသည်။

"အခု ကျွန်တော် သီဆိုမယ့်သီချင်းလေးကတော့ သက်ဆိုင်သူအတွက် ရည်ရွယ်ပါတယ်၊ နားဆင်ခံစားကြည့်ကြပါ"

သက်ဆိုင်သူအတွက်ဟုပြောပြီး သူ့အကြည့်က ဦးမြင့်မိုရ်ဆီသို့ ရောက်သွားသည်။ ပရိသတ်မျက်လုံးတွေက မေတို့နှစ်ယောက်ဆီသို့ ဝဲကျလာသည်။

"မင်းဘဝအလိုပြည့်မှ တို့ပျော်မယ်၊ မတားရက်ပါပဲနဲ့ နေပါစေ...အရှုံးနဲ့ကံအားကိုးမရတဲ့ငါ...ကိုယ်ဟာ မင်းကိုအရာရာပုံခဲ့တယ်...အလှမ်းဝေးလို့ထွက်ပြေးသွားသူရယ်...ရင်ခုန်သံတွေ ဒီရေအလား...တဖွေ့ဖွေ့တိုးလို့ ကိုယ့်ရင်မှာ...တရေးရေးတွေးပြီး သိပြီလေ၊ ခုတော့ နှောင်းမှမျက်ရည်ဝေ"

သီချင်းအဆုံးမှ မေတို့နှစ်ယောက် မျက်ဝန်းအကြည့်ချင်းဆုံကာ အလိုလိုခံစားနားလည် နိုင်လိုက်ကြသည်။

"အဆုံးအဖြတ်ဟာ ရက်စက်ညင်သာအမုန်း...ရန်းထွက်ရာလမ်းမှ မိုးဖက်တွေ...ခရေပင်အရိပ်မှာ အခါ

ခါကြွေ...အလှမ်းဝေးတဲ့လွမ်းရေး မခက်နိုင်ပြီ"

သီချင်းသံဆုံးသွားသည်နှင့် မေ့ မျှော်လင့်ချက်အားလုံး ဆုံးရှုံးပျက်စီးခဲ့ပြီဆိုတာကို နားလည်လိုက်သည်။ ခွဲခွာခြင်း၏နိမိတ်ပုံ တေးသီချင်းများနှင့် မေ့ကို နှိပ်စက်လိုက်ကြလေပြီ။

"ကိုကြီးအမြဲဆိုနေကျ သီချင်းကို သူ့ကိုယ်စား ဆိုပေးလိုက်တာပါမေ"

သီချင်းဆိုပြီးတော့ အအေးဗူးတစ်ဗူးကို ဖွင့်သောက်ရင်း မင်းသားက ခပ်ကျယ်ကျယ်ပြောလိုက်တော့ မေ့မျက်နှာ မထားတတ်တော့။

မွေးနေ့ပွဲ ပြီးဆုံးသွားသည်။ မင်းသားကို လိုက်ပို့ရင်း သူ့ကိုပါ ခြံဝအထိ လိုက်ပို့ဖြစ်သည်။ သူတို့နှစ်ယောက်ကြားမှာ ပြောစရာစကားတွေ မရှိတော့သလို တိတ်ဆိတ်နေသည်။ မင်းသားတစ်ယောက်သာ စကားတွေ ဖောင်ဖွဲ့ပြောဆိုနေသည်။

"မင်းမွေလိုက်တာ ညည့်သည်တွေ တကယ်ထင်သွားရင် ဒုက္ခပဲ၊ မေ့အတွက် စိတ်ပူတာပါ"

"ကျွန်တော် အပျော်လွန်သွားတယ်ကိုကြီး... မေ့ကို အစလွန်သွားတယ်...ဒီတစ်ခါတော့ ပရိသတ်က ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ရသွားတာပေါ့...ဝတ္ထုဖြစ်သွားသော စာရေးဆရာမပေါ့ မဟုတ်ဘူးလား"



နွမ်းလျလျအပြုံးနှင့် မေ နှုတ်ဆက်လိုက်ရသည်။

"သွားမယ် မေ...မေနဲ့တွေ့ချင်ပါသေးတယ်"

ပြောနေကျ နှုတ်ဆက်စကားကို ကြေကွဲစွာနှင့် ကြားလိုက်ရသည်။ တရွေ့ရွေ့ရှိနေသော ယောကျ်ားတစ်ယောက်ကို စူးနစ်စွာ ချစ်နေမိသော မိမိအပြစ်ကို ကြောက်ရွံ့လာမိသည်။ သည်နှောင်ကြိုးတွေထဲ မေ ဘယ်လိုရုန်းထွက်နိုင်မှာတဲ့လဲကွယ်"

သူကတော့ မေ့ကို ရုန်းထွက်ရန် လမ်းစကို ပြခဲ့လေပြီပဲ။

× × × × ×

"ကိုမြင့်မိုရ်ကာ ညီမလေးနဲ့ ဘယ်လိုပတ်သင် တာလဲ"

စည့်သည်တွေ အားလုံးပြန်သွားတော့ ကိုက် ကျော်နှင့်ကိုကိုမော်က မေ့ကို စစ်ဆေးမေးမြန်းနေကြ သည်။ အစိုးရိမ်လွန်တတ်သော အန်တီစောက တိုး တည်ပြီးသာဖြစ်လိမ့်မည်။

"သူက ဟိုဘက်ခြံရဲ့ပိုင်ရှင်လေ၊ အိမ်နီးနး ချင်းဆိုတော့ ခင်သွားတာပါပဲ…မေ့မှာ အရေးကိစ္စ တိုင်း သူနဲ့ကြုံကြိုက်နေတော့ သူပဲ ကူညီခဲ့တာ၊ ဖေ ကိစ္စတုန်းကလဲ အစအဆုံးကူညီခဲ့တာပဲ"

စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်း ပြန်ပြောလိုက်သည်။

"ကိုကိုတို့နဲ့ တစ်တန်းတည်းပါ။ ကျောင်း ကတည်းက သူက ကူညီတတ်ပါတယ်၊ ကိုကိုတို့ခေ မှာတော့ သူက စူပါစတားပေါ့၊ နောက်တော့ ရတန နဲ့လက်ထပ်သွားတယ်၊ ရတနာဦးကလဲ ချမ်းသာတ ခေတ်ဆန်တယ်၊ အခုတော့ ကွဲသွားပြီလို့ ပြောသံကြ တယ်"

ကိုကိုကျော်က အေးအေးဆေးဆေး ပြော နေပေမယ့် သူနှင့်ပတ်သက်လျှင် မေ မကြားချင် အကြောင်းတွေပါလာပြန်ပြီမို့ စိတ်ဆင်းရဲရသည်။



"ကိုကိုကျော်က သိလှချည်လား"

"သူက မိန်းကလေးတွေကြားမှာ ထင်ရှား တယ်၊ လူသိများတယ်၊ ဝေ့သူငယ်ချင်း မာလာတောင် သူ့ကြောင့် ကြိတ်ပြီးအသဲကွဲခဲ့ဖူးေ ကယ်၊ ဒီပုဂ္ဂိုလ်က မိန်းကလေးကို ချစ်ရိပ်တိမ်တော င်တွေ ပြနေတာ၊ မိန်းကလေးက တကယ်စွဲသွားတာ၊ နေ ာ်ဆုံးကျ တော့ ရတနာဦးနဲ့ လက်ထပ်သွားရော"

ကိုကိုကျော့်စကားတွေက မေ့ကို သွယ်ဝိုက်၍ သတိပေးနေခြင်းများလား၊ ဒါပဲဖြစ်နိုင်သည်ပေါ့။

"သူ့ကို ဘာကြောင့် မိန်းကလေးတွေ ကြိုက် ကြလဲမသိဘူး၊ ပါရမီထူးတဲ့သူပဲ၊ မာလာများ တကယ် သနားစရာကောင်းတယ်၊ ဒီမောင့်အပြောမှာမျောပြီး ချစ်ရေးဆိုမယ့်နေ့ကို စောင့်နေတာ၊ မိန်းကလေးဆို တော့လည်း စပြောရမှာ အခက်သားမဟုတ်လား၊ နောက်ဆုံးတော့ ကိုယ့်သူငယ်ချင်းတစ်ယောက်နဲ့ လက်ထပ်သွားတယ်"

မေ့အဖြစ်ကလည်း မာလာနှင့် တူနေလေပြီ လား။ သူက မေ့ကို တွယ်တာရိပ်တွေ ပြနေပေမယ့် ချစ်ပါသည်ဟု ဖွင့်ဟခဲ့သည်မဟုတ်သေး။ သူ့ဘက်က ဆုတ်သာ တက်သာ အခြေအနေမျိုးမှာ ရပ်တန့်နေ သည်။ မေ့မှာတော့ ရူးမတတ် ခံစားနေရသည်။

ကိုကိုကျော့်ကို အမုန်းမပွားချင်တော့။ သူပြော
ပြ၍ မေ့အတွက် သူ့အနှောင်အဖွဲ့မှ ရုန်းထွက်နိုင်မည့်
အကြောင်းတရားကိုတွေ့ခဲ့ရပြီ။ သူဟာ ချစ်လူဆိုးထက်
ပိုသည့် ချစ်မုဆိုးပေပဲ။

"မေနဲ့ ရင်းရင်းနှီးနှီးတွေ့ရတော့ အံ့သြသွား
တယ်၊ အောင်မြင်တဲ့ စီးပွားရေးသမားဆိုတော့ အချစ်
ကို ဈေးတွက်တွက်မှာပေါ့"

"ကဲ ကိုကိုကျော် သူ့အကြောင်းပြောလို့ ဆုံး
ပြီလား၊ မေ အိပ်ချင်ပြီ"

"အိပ်တော့...အိပ်တော့၊ မေ မသိမှာစိုးလို့ ပြော
ပြတာ၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ပေါင်းတ
ပြဿနာမရှိပါဘူး၊ ဒါပေမယ့် အန္တရယ်တော့များတယ်
အိမ်ထောင်ကျဖူးတဲ့ ယောကျ်ားနဲ့ မပတ်သက်တ
ကောင်းပါတယ် ညီမလေးရယ်"

မျက်ရည်ဝဲချင်နေသည့် သူ့မျက်နှာကို ကိုက
ကျော်မြင်မည်စိုး၍ ခပ်ငုံ့ငုံ့ထားပြီး လှည့်ထွက်ခဲ့
သည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ်လှဲချလိုက်
သည်နှင့် မျက်ရည်တွေ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကြ
ကျလာသည်။

နာကျင်ခြင်းကြောင့်လား၊ ကြေကွဲခြင်းကြော
လား၊ ချစ်ခြင်းကြောင့်လားဆိုတာ မဝေခွဲနိုင်တော့ပါ



သူက ချစ်မုဆိုးဆိုရင် မေက အချစ်ရဲ့သား
ကောင်ပေါ့၊ မုဆိုးရဲ့ပိုက်ကွန်အတွင်း ချွတ်နင်းဝင်
ရောက်ပြီး ဒူးထောက်ခဲ့တဲ့ သားကောင်ရယ်ပါ၊ မုဆိုး
မှာ အပြစ်မရှိပါဘူးလေ။

သူပေးခဲ့သည့် နံ့သာဗူးလေးကို ဖွင့်ကြည့်
လိုက်သည်။ စိန်ပွင့်လေးတွေရံထားသော ပတ္တမြား
လက်စွပ်လေးတစ်ကွင်း၊ ပြီးတော့ ဗူးထဲက စာလေး
တစ်စောင်။

မေ့ရဲ့မွေးနေ့ပွဲကို မလာသင့်မှန်းသိပါတယ်၊
ဒါပေမယ့် ဆန္ဒကိုမလွန်ဆန်နိုင်ခဲ့ဘူး၊ ဒီလက်စွပ်ဟာ
ကိုယ့်မေမေရဲ့အမွေပါ။ လက်ထပ်လက်စွပ်ကို မဝတ်
ရခင်အထိ ကိုယ့်လက်စွပ်လေးကို တစ်ခါတစ်ရံ အမှတ်
တရ ဝတ်မယ်ဆိုရင် ကျေနပ်ပါပြီ။ မေ့ရဲ့သမီးလေး
ရရင်လည်း ကိုယ့်လက်စွပ်ကလေးကို ဆက်ပြီး အမွေ
ပေးနိုင်တာပေါ့။

မေ့ရဲ့ လက်ထပ်လက်စွပ်ပိုင်ရှင်ဟာ သူ မဖြစ်
နိုင်ဘူးဆိုတာ သေချာနေပြီပေါ့။ မေ လက်မထပ်ခင်
အထိ သူ့လက်စွပ်ကလေးကို ဝတ်ထားပေးဖို့ပါပဲလေ။

သူဟာ မေ့အပေါ် ချစ်ခြင်းတွေ ပေးအပ်ခဲ့လေ
သလား။ ကြေကွဲခြင်းတွေ ပေးအပ်ခဲ့လေသလား။ မေ
မသိနိုင်ပါ။ သို့ပေမယ့် သူ့လက်စွပ်ကလေးကိုတော့ မေ

မြတ်မြတ်နိုးနိုး ဝတ်ထားလိုက်မိသည်။

သူဟာ မေ့ရဲ့ချစ်သူဦးဆိုတဲ့ အဓိပ္ပါယ်ပါလား။ မည်သို့ပင်ဖြစ်စေ မေဟာ သူ့ကို မေ့ပစ်နိုင်အောင် ကြိုးစားရပါတော့မည်။ မေ့အချစ်တွေကို တစ်ဦးတစ်ယောက်ဆီသို့ ရွှေ့ပြောင်းရပါတော့မည်။

× × × × ×



မဂ္ဂဇင်းဂျာနယ်အချို့မှာ မေ့ မွေးနေ့သတင်း မထင်မှတ်ပဲ ပါလာခဲ့သည်။ ကိုယ့်သူငယ်ချင်း အသိုင်းအဝိုင်းသာပါသည့် မွေးနေ့ပွဲသတင်းပါလာသည့်အတွက်တော့ အံ့သြမိသည်။ မင်းသားဇင်ယော်ကို ဖိတ်မိပြီဆိုကတည်းက သတင်းကတော့ ပါပေလိမ့်မည်။ ပြီးတော့ ချိုမိုင်ကလည်း အနုပညာလောကမှာ ထင်ရှားသူပေပဲ။

စာရေးဆရာမလေး "မေသံစဉ်"၏ မွေးနေ့ပွဲမှာ မင်းသားဇင်ယော်နှင့်ချိုမိုင်တို့က သီချင်းဆိုပေးသည့် သတင်းမို့ သိပ်တော့ ထိခိုက်စရာမရှိပါ။

"မျက်ဝန်းထဲမှာ အချစ်ဆုံးမျက်နှာ မှုန်ဝါးလို့နေပြီ"

"နောက်တစ်ခါ ပြန်တွေ့ဖို့ဆိုတာ ဒီဘဝမှာ မသေချာတော့ဘူး"

ဆိုသည့် သီချင်းစာသားကို မဂ္ဂဇင်းများမှာ ဖော်ပြထားသည်။ မင်းသားချော ဇင်ယော်၏ ခံစားချက်အဖြစ် ဖော်ပြထားသည့်အချက်ကတော့ မေနှင့် မင်းသားကို ပတ်သက်မှုလေသယောင်ယောင် ရိုးတိုးရိတ်တိတ် ဖြစ်စေသည်။

အရာရာကို စိတ်လျှော့ထားရသည့် အားလျော့အားငယ် အနေအထားမှာတော့ မေ ဒေါသမဖြစ်တော့

ပါ။ ကျေနပ်စွာ လက်ခံလိုက်ရုံပါပဲ။

"မေလားဟင်....မေ့ရဲ့မင်းသားပါ"

သတင်းပါလာပြီးသည့်နောက် မင်းသားထံက ဖုန်းလာသည်။ မေ့ရဲ့မင်းသားဆိုသည့် စကားကို တမင်သုံးပြီး ပလီပလာလုပ်လိုက်မှန်း မေသိသည်မို့ ပြုံးလိုက်မိသည်။

"မေ့ရဲ့မင်းသား မဟုတ်ဘူး၊ ပရိသတ်ချစ်တဲ့ မင်းသားပါ"

"ပရိသတ်ရဲ့မင်းသားဘဝကို ရခဲ့ပြီးပြီ၊ မေ့ရဲ့ မင်းသားဘဝကို မရသေးဘူးလေ"

"ကလေးမဆန်ပါနဲ့ မင်းသားရယ်"

"ဟုတ်ပါပြီ ဆရာမရယ်၊ မဂ္ဂဇင်းထဲမှာ ပါလာတဲ့သတင်းအတွက် မေ့ကို တောင်းပန်မလို့ပါ၊ မေစိတ်ဆိုးနေသလားဟင်"

"ဒါ ဘယ်သူ့လက်ချက်လဲ"

"ကျွန်တော့်လက်ချက်ပဲ၊ ကျွန်တော်ကိုယ်တိုင် သတင်းပို့ပေးတာ. ခက်တာက ဒီသတင်းကို လိုက်ရုတ်သိမ်းဖို့ ကြိုးစားပေးမယ့် လူကလဲမရှိဘူးလေ"

ဦးမြင့်မိုရ်ကို ရည်ရွယ်လိုက်မှန်း သိလိုက်သည်။

"မင်းသားစုတ်ကလေး၊ ကိုယ်တိုင်သတင်းပို့



ရသလား၊ ဒီနေ့စမ်းပါဦး၊ သီချင်းစာသားတွေက ရှင်ပ်ပေးတာလား"

"ဒါပေါ့...မင်းလာရင် သတင်းက ပျင်းခြောက်ခြောက်ကြီး ဖြစ်နေမှာဆိုးလို့ စိုပြေသွားအောင် ဖန်တီးယူရတာ၊ ပရိသတ်က တောင်တွေးမြောက်တွေးပေါ့၊ စိတ်မဆိုးနဲ့နော် ဆရာမ"

သည်မင်းသားကို စိတ်ဆိုး၍ ရမည်မဟုတ်။ သူ့ကို စိတ်ဆိုးမိလျှင် မေပဲပြန်ချော့ရမည်။ သူ့အကြောင်းပါလာသည့်အတွက် ရင်ထဲမှာ ဆောင့်ခုန်သွားသည်။

"ဦးမြင့်မိုရ်မရှိဘူးလား"

"မေ မသိဘူးလား...စင်္ကာပူသွားတယ်၊ သူ့သားလေး 'အာကာဦး' ကို ဆေးသွားကုတာ၊ ဟိုမှာ လည်း သူ့တို့လုပ်ငန်းတွေရှိတယ်"

သူနှင့်ပတ်သက်လာလျှင် အမြဲတမ်းခံစားရမြဲဖြစ်နေသော နာကျင်ခြင်းနှင့်အတူ အသိတရားတစ်ခု လင်းလက်သွားသည်။ မေရေ...နင်ရှုံးလိုက်တာ...သူ့မှာက သားနဲ့မယားနဲ့၊ စီးပွားရေးလုပ်ငန်းနဲ့။

"မေ့ကို ပြောမသွားဘူးလား၊ မေ့မွေးနေ့ပွဲ အပြီးမှာ ထွက်သွားတာပဲ၊ ကလေးရဲ့ရောဂါကြောင့် ဟိုမှာကြာလိမ့်မယ်"

မေ့ကို မပြောချင်၍လား၊ မပြောရက်၍လားဆိုတာ မေ မတွေးချင်တော့ပါ။ ဘွားစရာလည်း မလိုတော့ပါ။

"ဟင့်အင်း...မပြောပါဘူး"

"အဲဒီနေ့က သီချင်းကို ကိုကြီးက ဘာရည်ရွယ်ချက်နဲ့ ဆိုခိုင်းသလဲမသိဘူးနော်၊ ကျွန်တော့်ရင်ထဲမှာလည်း ခံစားနေရတာနဲ့ သီချင်းထဲမှာ မျောပါသွားတယ်"

"မင်းသား အဆိုသိပ်ကောင်းတာပဲ၊ မေတောင်မျက်ရည်ဝဲတယ်"

"တကယ်ပါ မေရယ်၊ ကျွန်တော်ခံစားပြီးတော့ဆိုတာပါ"

"ရှင်က ဘယ်သူ့အတွက် ခံစားနေရတာလဲ"

"မေ မသိဘူးလား၊ မေ့ အတွက်ပေါ့"

မေ အတိုင်းမသိ အံ့သြသွားသည်။

"ဟော့...အဲဒီလိုမနောက်နဲ့၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး"

မင်းသား၏ရယ်သံသဲ့သဲ့ကို ဖုန်းထဲမှကြားနေရသည်။

"တကယ်ပါမေ၊ မေ့ကို ကျွန်တော်ချစ်တယ်"

မျှော်လင့်မထားပဲနှင့် ချစ်ရေးအဆိုခံလိုက်ရ



သည့်အတွက် ပြန်ပြောစရာစကား ရှာမရနိုင်တော့။

"မေ့ကို ကျွန်တော်ချစ်တာ အပြစ်မရှိပါဘူးနော်၊ ကျွန်တော်က မင်းသားဆိုတော့ မေလက်မခံမှာစိုးတယ်၊ ကျွန်တော်ရိုင်းသွားရင် ခွင့်လွှတ်ပါ ဆရာမရယ်"

ဖုန်းခွက်ကို ကိုင်ထားသော မေ့လက်တွေ တုန်နေသည်။ သည်တစ်ယောက်ကတော့ မမျှော်လင့်သောအချိန်မှာ ချစ်စကားတွေဆိုနေသည်။ အခြားတစ်ယောက်ကတော့ နှလုံးသားချင်းနားလည်နေပါလျက်နှင့် ချစ်စကားမဖွင့်ဟခဲ့။

"ကျွန်တော့်ကို စကားပြောပါဦးမေ၊ ကျွန်တော့်ကို စိတ်ဆိုးနေပြီလားဟင်၊ ကျွန်တော်က မင်းသားတစ်ယောက်ပေမယ့် ကျွန်တော့်အချစ်ကတော့ ဟန်ဆောင်မှုကင်းပါတယ်၊ အရိုးခံအချစ်ပါမေ"

မင်းသား၏ ကလေးဆန်ပြီး ဟန်ဆောင်မှုကင်းသည့် ဟန်အမူအရာလေးတွေကို မေနှစ်သက်သည်။ သူနှင့်ရင်းနှီးခဲ့ရခြင်းတွင် သည်အချက်ကအဓိကကျသည်။

ရိုက်ကွင်းပေါ်မှာ သရုပ်ဆော[illegible]နေသည့် အချိန်မှတပါး အခြားအချိန်[illegible]မှာ ဟန်အမူအ[illegible]င်း သည်။ ပကတိရိုးရိုးသား[illegible] နေထိုင်ပြောဆိုတတ်[illegible]သည်။

နာမည်ကျော်မင်းသားဆိုသည့် ဟိတ်ဟန်ကင်းစင်သည်။

"စကားပြောပါဦးမေ၊ ကျွန်တော့်ကို စိတ်ဆိုးနေပြီလားဟင်၊ ယောက်ျားလေးတစ်ယောက်အနေနဲ့ ကိုယ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကို ဖွင့်ဟချစ်ရေးဆိုခွင့်ရှိပါတယ်နော်"

အကျိုးသင့်အကြောင်းသင့် ရှင်းပြနေပုံကရယ်စရာကောင်းသည်။

"ရှိပါတယ်"

"ကျွန်တော့်မေတ္တာကို အလေးထားစဉ်းစားရဲ့လားမေ၊ ယုံကောယုံရဲ့လား မေ"

ကလေးတစ်ယောက် မုန့်တောင်းသလိုလို အဆက်မပြတ် တစာစာပြောနေသည်။ အမှန်ပြောရလျှင် သူ့ထံမှ ချစ်ခွင့်တောင်းလာလိမ့်မည်ဟု မည်သည့်အခါကမျှ မျှော်လင့်မထားခဲ့။

ဦးမြင့်မိုရ်နှင့်မေ ဘ၀ချင်းပေါင်းစပ်ရန် မလွယ်ကူသကဲ့သို့ မင်းသားနှင့်လည်း ဘ၀ချင်းနီးစပ်ရန် မလွယ်ကူတာအမှန်။ သူတို့နှစ်ယောက်သည် မေနှင့် ဘ၀ချင်း ခြားနေသူများပဲဖြစ်သည်။

ယခုတော့ သူက ပွင့်လင်းရဲတင်းစွာ ချစ်ရေးဆိုနေသည်။ အဖြေကိုလည်း ချက်ချင်းတောင်းနေသေး



သည်။ မျှော်လင့်မထားသည့် ဖြစ်ရပ်အတွက် မေ့မှာ အဖြေမရှိသေးပါ။

လက်ရှိအနေအထားအတိုင်း မဖြစ်မနေ အဖြေပေးရလျှင် သူ့ကို မေ မချစ်မိသေးပါ။

"မင်းသားမို့ အထင်သေးတာလား မေ၊ မိန်းကလေးတချို့က မင်းသားဆိုလျှင် လက်မတွဲချင်ကြဘူးလေ၊ အဲဒါ ဟုတ်တယ်မဟုတ်လား မေ၊ မေလဲ ဒီအတိုင်းပဲ စဉ်းစားမှာပဲနော်"

မင်းသားအသံက နွဲ့သည်။ နွဲ့နွဲ့ချွဲချွဲပြောပေမယ့် ရိုးရိုးသားသားနှင့် အပြစ်ကင်းစင်သည်ဟု ထင်သည်။ ဟန်ဆောင်မှုများလွန်းသည်ဟု မေ မထင်ခဲ့မိပါ။ မင်းသားနှင့်ပတ်သက်လာလျှင် ချစ်အပ်သူဟု မသတ်မှတ်ခဲ့ပေမယ့် အပြစ်တော့ မမြင်ခဲ့ပါ။

"ဖြေပါဦး မေရယ်၊ ကျွန်တော်နဲ့စကားမပြောချင်လောက်အောင် ထိတ်လန့်နေပြီလားဟင်"

တဖွတ်ထိုးနိုင်သော်လည်း ငြင်သာပျော့ပြောင်းသော သူ့လေသံက မေ့စိတ်ကို ကြည်နူးစေသည်။

"မင်းသားကို မေ မကြောက်ပါဘူး၊ မင်းသားကိုခင်ပါတယ်၊ ဒါပေမယ့် ချစ်တဲ့အဆင့်အထိတော့ မေ တစ်ခါမှ မစဉ်းစားမိသေးဘူး"

"မေရယ်"

ပန်းလျလျလေသံဖြင့် ခပ်ညည်းညည်းလေး ဆိုသည်။

"တစ်ခါတစ်လေတော့လေ မင်းသားဖြစ်နေတဲ့ ကျွန်တော့်ဘဝကို စိတ်ပျက်မိတယ်၊ မိန်းကလေးတွေက မင်းသားဆိုရင် မယုံကြဘူး၊ မင်းသားရဲ့အချစ်ကို ကြောက်ကြတယ်"

တိုးတိတ်ညင်းလျစွာ မေရယ်လိုက်သည်။

"ကျွန်တော့်အချစ်က ရယ်စရာကောင်းနေသလား မေ"

မေရယ်လိုက်မိခြင်းအပေါ် သူခနဲ့ပြန်သည်။ ခနဲ့တဲ့တဲ့စကားလုံးလေးတွေနှင့် မိန်းကလေးတွေ၏ နှလုံးကို လှုပ်ခတ်စေတတ်သူပေပဲလား။

"နဲနဲတော့ ရယ်စရာကောင်းတယ်"

"ဘာဖြစ်လို့လဲ မေ"

"ချွဲလွန်းလို့"

ဟာဗျာ...မေကလဲ"

ဟုဆိုကာ သူရယ်နေသည်။

"မင်းသားဆိုတော့ ဒီလောက်တော့ရှိမှာပေါ့— အကျင့်ပါနေတာလေ"

"မေသွားစရာရှိသေးတယ်၊ မင်းသားရဲ့အချစ် ဒဏ္ဍာရီကို တစ်ခန်းရပ်လိုက်ပါဦးနော်"



"ဒဏ္ဍာရီ"

သူ ခပ်တိုးတိုး ရေရွတ်လိုက်သံကို ကြားလိုက်ရသည်။

"ဒဏ္ဍာရီလို့တော့ သတ်မှတ်ပါနဲ့မေ၊ ဒဏ္ဍာရီဆိုတာ တကယ်မဟုတ်ဘူးမေ၊ ကျွန်တော်က တကယ်ဖြစ်ချင်တာ"

မင်းသားနှင့် စကားဖြတ်မှဖြစ်တော့မည်။ သူ့စကားလုံးတွေမှာ ကြည်နူးသာယာစွာနှင့် မေ တစ်ယောက်တည်းပြုံးလိုက်မိသည်။

"ဖြည်းဖြည်းပေါ့ မင်းသား...မေ အဖြေပေးမှာပါ"

"ကျွန်တော် မျှော်လင့်ရမှာလား မေ"

"သိပ်တော့ မမျှော်လင့်နဲ့ပေါ့၊ မျှော်လင့်သလိုဖြစ်မလာရင် ပင်ပန်းတယ်၊ ဒါပဲနော်၊ မေသွားစရာရှိလို့ပါ"

"မေကလဲဗျာ၊ ဒီည ကျွန်တော်အိပ်ပျော်မှာမဟုတ်တော့ဘူး၊ ဘာအလုပ်မှ လုပ်လို့ရမှာမဟုတ်ဘူး"

ဟုဆိုကာ ဖုန်းချသွားသည်။ မမျှော်လင့်သည့် ချစ်စကားများကြားမှာ မိန်းမူးရင်း မေငြိမ်သက်နေမိသည်။

ဦးမြင့်မိုရ်ထံမှ မျှော်လင့်ခဲ့သော စကားတို့ကို

မင်းသားထံမှ ကြားရလေပြီ။ နာမည်ကျော်မင်းသား တစ်ယောက်၏ အချစ်ကို လက်ခံရံတဲ့သတ္တိ မေ့မှာရှိရဲ့ လား။ ရှိမည်မထင်ပါ။ ပြီးတော့ မေ့မှာ ဒဏ်ရာပြ ရာ မရှိသည့် အတွင်းကြေဒဏ်ရာကလည်း ရှိနေသေး သည်။

ဦးမြင့်ဓိရ်အပေါ် နာကျင်ရခြင်းနှင့်အတူ ခါးသီးသည်း မုန်းပစ်လိုက်ချင်သည်။ သူ့ကို ချစ် ခဲ့ဖူးသည်ဆိုသော မင်းသားကလည်း သူ့ညီဖြစ်နေပြန် သည်။ မေ စိတ်ညစ်လိုက်တာ။

× × × × ×



"သမီးကို [illegible]ရဦးမယ်၊ မေမေ့သူငယ်ချင်း လင်မယားနဲ့ သူ့သ[illegible]လည်လိမ့်မယ်၊ သူတို့က မန္တလေးမှာနေတာ၊ [illegible]မေနဲ့ကျောင်းနေဖက်သူငယ် ချင်းတွေ၊ ဒီအိမ်မှာတည်းဖို့ မေမေ ဖိ[illegible]ခေါ်ထားတယ်"

မေမေ့သူငယ်ချင်းကျွေးမွေး ပေါသည်။ အိမ်မှာ လာလည်ကြတာလည်း များ[illegible]။ နယ်မှသူငယ်ချင်း တွေ ရန်ကုန်ရောက်လျှင် အိ[illegible]ည်းမှ မေမေကြိုက် သည်။ မရှမနေသွားခေါ်ပြီး အိမ်[illegible]ဟည်းစေသည်မို့ မေ့အတွက်တော့ အထူးအဆန်းမဟုတ်တော့ပါ။

သူငယ်ချင်းတွေ၏ သားသမီးတွေနှင့်လည်း မေ သိကျွမ်းခွင့်ရခဲ့ပါသည်။ သို့ပေမယ့် မေနှင့် ရင်း ရင်းနှီးနှီး မဖြစ်ခဲ့ဖူးပါ။ တစ်ဖက်က တိမ်းညွတ်ဟန်ပြ ပေမယ့် မေက ခပ်စိမ်းစိမ်းနေခဲ့သည့်အတွက် တဖြည်း ဖြည်းဝေကွာသွားတတ်တာ များသည်။

ဖေဖေ၊မေမေတို့နှင့် ပတ်သက်သည့် မိတ်ဆွေ သူငယ်ချင်းများ၏ သားသမီးတို့ကိုဆိုလျှင် အန်တီစော က ကြည်ဖြူသည်။ သူ့တူမ မေနှင့်အဆင်ပြေစေချင် သည်။ မိုးကုတ်က ကျောက်သူဌေး ဒေါ်မူမူ၏ သားနှင့် တုန်းက မေ့ကိုနားချ၍ မရသည့်အတွက် အတန်ကြာမျှ စိတ်ကောက်နေခဲ့သေးသည်။

"မောင်နန္ဒကျော်က သဘော်သား၊ အင်ဂျင်နီ

ယာဘွဲ့ရပြီးသား၊ အန်တီစောတော့ မေသဘောကျပ
စေလို့ ဆုတောင်းနေရတယ်"

မေမေက ရိုးရိုးလေး ပေမယ့် အန်တီစော
ကတော့ သူ့ဆန္ဒတွေကို မမြိုသိပ်နိုင်ပဲ ဖွင့်ပြောသည်
အတွက် မေ မျက်လုံးပြူးရသည်။

"လာပြန်ပြီ ပေါ့ အန်တီစော၊ ဒီလို ရှုပ်ရှု
ယှက်ယှက်တွေ မေ က်ဘူး၊ မေ ဘယ်သူနဲ့မှ မင်
စပ်ချင်ဘူး"

ခါးခါးသီးသီးငြင်းလိုက်သည့်အတွက် အန်
စောမျက်နှာ ညိုးသွားသည်။ အမျက်ဒေါသထွက်
မရှိသော မေမေကမူ အပြုံးမပျက်ပါ။

"သမီးလေးတစ်ယောက်ထဲရှိတာ၊ မေမေတို့
ပူတာပေါ့ကွယ်၊ အစ်ကိုတွေကလဲ ပြန်ကြည့်နိုင်တ
မဟုတ်ဘူး။ သမီးအစ်ကိုတွေကလဲ သမီးအတွက် စိ
ပူကြတယ်၊ သမီးကို သင့်တော်တဲ့သူနဲ့ နေရာချပေး
ကြတယ်။ မေမေ့သူငယ်ချင်း ဒေါ်ကြည်ကြည်ဦးရဲ့ သ
နန္တကျော်ကတော့ သမီးနဲ့သင့်လျော်မယ်လို့ ထင် တာ

အေးအေးဆေးဆေးပြောနေသည့် မေ
စကားတွေက မေ့စိတ်ကို အနှောင့်အယှက်ဖြစ်စေ သည

မေကိုယ်တိုင်က သပွတ်အူလို ရှုပ်ထွေးနေ
သည့်ကြားထဲမှာ သူတို့က မေ့ကို နေရာချထားပေး



နေကြပြန်ပြီ။

ဦးမြင့်မိုရ်၏ မိန်းမတွေနှင့် ပတ်သက်လေ့ရှိ
သည့်စရိုက်ကို ကိုကိုကျော်တို့ ပြောကတည်းက မေ
ရိပ်မိခဲ့ပါသည်။ ဦးမြင့်မိုရ်လိုလူမျိုးနှင့် မေ့ကို မပတ်
သက်စေချင်သည့် သဘောပဲပေါ့။ မွေးနေ့ပွဲတုန်းက
မေ့အနားမှာရှိနေသည့် ဦးမြင့်မိုရ်ကို သဘောကျဟန်
မတူ။

"သမီးမသိပဲနဲ့ မှုမဆုံးဖြတ်ပါနဲ့ မေမေ၊
မေဟာ သက်ရှိလူသားပါ၊ အသည်းနှလုံးနဲ့ မိန်းကလေး
ပါ၊ သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတစ်ခုလို သင့်တော်တဲ့နေရာ
မှာ နေရာချမပေးကြပါနဲ့"

ဒေါသသံမပါအောင် စိတ်ကိုထိန်းပြောရ
သည့်အတွက် အသံတွေတုန်နေသည်။

"မေ့ဘဝအတွက် မေ့စိတ်ကြိုက်ဆုံးဖြတ်ပါရ
စေ မေမေ"

မေမေ့မျက်နှာပေါ်မှ အပြုံးတို့ တဖြည်းဖြည်း
လွင့်ပြယ်သွားသည်။ စိုးရိမ်စိတ်တို့ရောထွေးကာ မျက်
နှာထားတင်းမာလာသယောင် ရှိသည်။

"သမီးစိတ်ကြိုက် ဆုံးဖြတ်လို့မဖြစ်ဘူး၊ တစ်
ဘဝလုံးအတွက် မှားသွားမှာ စိုးရိမ်ရတယ်၊ သမီးရဲ့
ခံစားချက်တွေ များနေသလားလို့ သံသယဖြစ်မိတယ်"

ဦးမြင့်မိုရ်အပေါ် မေ တိမ်းညွတ်နေသည်ဟု သွယ်သွယ်ဝိုက်ဝိုက် စွပ်စွဲလိုက်ခြင်းပင်။

"သမီးမမှားဘူး မေမေ၊ ဘယ်တော့မှလဲ မမှား နိုင်ပါဘူး"

စိတ်မသက်မသာဟန်နှင့် မေမေ သက်ပြင်းဖွဖွ ချသည်။

"သမီးကိုယ်သမီး အထင်ကြီးလွန်းတယ်၊ စာ ရေးဆရာမဆိုတော့ လေစိတ်အကြောင်းကို နားလည် တယ်လို့ထင်နေတာ၊ တကယ်တော့ သမီးအသက်က ငယ်သေးတယ်၊ သမီးကို လမ်းမှားမရောက်အောင် ထိန်းသိမ်းတည့်မတ်ပေးရမှာက မိဘဝတ္တရားပဲ"

"အစ်ကိုတွေကလဲ ညီမလေးအတွက် စိတ်ပူ ကြတယ်လေ"

အန့်တီစောဝင်ပြောသည်။ မေမေခေါင်းညိတ် သည်။ မွေးနေ့ပွဲမြင်ကွင်းအပေါ် အစ်ကိုနှစ်ယောက် ဘဝင်မကျရာမှ ဖြစ်ပေါ်လာသည့် အဖြစ်အပျက်မှန်း သိလိုက်သည်။

အဲဒီနေ့က မေ့အနေနှင့် ဘေးလူတွေရိပ်မိ လောက်အောင် အမူအရာပျက်ယွင်းနေလေသလား။

"သမီးမချစ်ပဲနဲ့ ဘယ်သူ့ကိုမှ လက်မထပ်ဘူး မေမေ၊ ဘယ်သူနဲ့မှလဲ မရင်းနှီးချင်ဘူး မေမေ...ကိုနှ



ကျော်နဲ့ သမီးမပတ်သက်ချင်ဘူး...မေမေတို့ချင်း စကားမလွန်ဖို့ တောင်းပန်ပါရစေ"

ခေါင်းမာသော မေ့စရိုက်ကို သိထားသူပီပီ မေမေစိတ်ပန်းလျှနေသည်။

"ဒေါ်ကြည်ကြည်ဦးနဲ့မေမေက ကျောင်းက တည်းက သိပ်ခင်တဲ့ သူငယ်ချင်းတွေ၊ တစ်ဦးသဘော ကို တစ်ဦးသိပြီးသား၊ သူ့သားလေးကလဲရိုးသားပြီး သင့်တင့်တဲ့အရည်အချင်းတွေရှိတယ် သမီးအတွက် အဆင်ပြေဆုံးဖြစ်မှာပါ"

စိတ်လျှော့ထားသည့်ကြားမှပင် ခပ်ဖြည်းဖြည်း ဆက်ပြောနေသည်။ မေမေ့မျက်ဝန်းတွေကို ရင်ဆိုင်နိုင် သည့်အင်အားမရှိတော့၍ ခေါင်းငုံ့ထားလိုက်သည်။

"သမီးမချစ်တဲ့သူဟာ သမီးအတွက် အဆင် ပြေတဲ့သူ ဘယ်တော့မှ မဖြစ်နိုင်ပါဘူးမေမေ၊ အိမ် ထောင်ရေးကို ချစ်ခြင်းမေတ္တာကို အခြေခံပြီး စဉ်းစား ချင်ပါတယ်"

"တော်တော့သမီး... သမီးရဲ့ဝတ္ထုထဲကစကား တွေကို ပြောမနေနဲ့တော့ မေမေနားမထောင်ချင်ဘူး"

ဘယ်သောအခါမှ မျှော်လင့်မထားခဲ့သော မေမေ့ဒေါသကို ရင်ဆိုင်လိုက်ရသည့်အတွက် 'မေ' အံ့သြထိတ်လန့်သွားသည်။

ဝတ္ထုထဲကစကား... ဝတ္ထုထဲကစကားတွေက ဒီဋ္ဌဓမ္မလောကမှာ မကြားရတော့ဘူးလား... ဝတ္ထုနဲ့ လူ့ဘဝဟာ အတူတူပဲမဟုတ်လား။

တစ်ယောက်တည်း အမေးထုတ်ရင်း စိတ် နောက်ကျိရှုပ်ထွေးလာသည်။ မေရေးတဲ့ဝတ္ထုတွေ အပေါ်မှာတော့ မေဟာ တန်ခိုးရှင်ပါပဲ...မေကိုယ်တိုင် ဘဝမှာတော့ မေဟာတန်ခိုးရှင် မဖြစ်နိုင်တော့ပါလား

မေသာဝတ္ထုထဲမှာလို တန်ခိုးရှင်ဖြစ်ခဲ့လျှ ဦးမြင်းမိုရ်ကို ပကတိအပြစ်ကင်းစင်သူအဖြစ် ဖန်တီး မည်သာ။ မေတစ်တည်းကိုသာ ချစ်ခဲ့ဖူးသောသူတ ယောက်အဖြစ် ဖန်ဆင်းယူနိုင်သည်ပဲ။

ဝတ္ထုနှင့် တကယ့်ဘဝ၏ ကွာခြားမှုကို စာ ဆရာမလေးမေ... ယခုမှ သိခဲ့ရပြီလေ...

မေမေဖန်တီးထားသည့် စာတ်ကွက်ထဲမဝင် အောင်မည်သို့ ကြိုးစားရပါမည်နည်း။ သည်အခို တယ်လီဖုန်းမြည်လာသည်။ မေမေတို့ရှေ့မှ လွ မြောက်ချင်နေသောမေ့အဖို့ တယ်လီဖုန်းခေါ်သံ ထွက်ပေါက်ပေပဲ။

"မေလား... မိဇံပါ... ငါ့အစ်မနစ်ယောက် ချောင်းသာကို သွားကြမလို့၊ မေလိုက်မလား"

ထွက်ပေါက်ကိုတွေ့သွားသော လှောင်အိမ်



ကငှက်ကလေးလို ပျော်ရွှင်သွားသည်။

"ဘယ်နေ့သွားမှာလဲဟင်"

"မနက်ဖြန်ပဲ"

"လိုက်မယ်၊ မေလဲ စာရေးချင်နေတာနဲ့ အတော်ပဲ"

"မမတို့ပြန်သွားရင်လဲ နင်နဲ့ငါနှစ်ယောက်ထဲ ကျန်ခဲ့မယ်၊ နင်စာရေးတာစောင့်ပေးမယ်"

"မေ့ ဝတ္ထုအပ်ဖို့ ရက်ချိန်းနီးနေပြီ... အိမ်မှာ ဆိုရင်စာမရေးဖြစ်ဘူး"

မေ့မှာ အကြောင်းပြချက်ရသွားသည်။ ကိုနန္ဒ ကျော်တို့မိသားစုနှင့် ရှောင်နိုင်မည့်လမ်းကို ရှာဖွေတွေ့ ရှိသွားပြီ။ မိဇံမှာ အဖော်မရှိ၍ မေ့ကိုထည့်လိုက်ရန် မေမေ့ကိုလာပြောဖို့မိဇံနှင့် စာတ်တိုက်ထားလိုက်သည်။

မိဇံကို ချစ်လည်းချစ်၊ ယုံလည်းယုံသော မေမေက လိုက်လျောပေလိမ့်မည်။

× × × × ×

သူ့ဧည့်သည်တွေကို ရှောင်ရှားသွားသည့် အတွက် မေမေမျက်နှာမရွှင်ပြသလို အန်တီစောမျက်နှာလည်း ညိုလှသည်။ ဖေဖေကတော့ ဘယ်သူ့ကိုမှ အတင်းအကြပ်ချုပ်ကိုင်လေ့မရှိသူမို့ ဘာတစ်ခွန်းမှ ဝင်မပြော။

မေသည်ခပ်ကုပ်ကုပ်ကလေးနေပြီး မသိမသာ အိမ်ကထွက်ခဲ့ရသည်။ မိဇံကိုယ်တိုင် လာခေါ်သည့် အတွက် မေမေမငြင်းပေမယ့် မကျေနပ်မှန်းသိသာ သည်။ တစ်အိမ်သားလုံးက မေ့အပေါ်သွေးအေးတိုက်ပွဲ ဆင်နေကြသည်။ စိုးအေးကားပေါ်ရောက်မှ မိဇံနှင့် စကားပြောဖြစ်သည်။

"ပြောပါဦးမေ... ရှင့်အရှုပ်တော်ပုံတွေကို"

ပန်းလျှစ္စာသက်ပြင်းရှိုက်လိုက်ပြီး...

"မေ့ကို မင်းသားကချစ်ရေးဆိုတယ်"

ခပ်တိုးတိုးလေးပြောလိုက်သည်။ ရုတ်တရက် တော့ မိဇံအံ့သြလွန်း၍ နှုတ်ခမ်းလေးဟသွားသည်၊ အတန်ကြာမှ ပြုံးရောင်သန်းလာကာ

"ကောင်းတာပေါ့... ဒါလေးများ စိတ်ညစ်စရာ မှတ်လို့၊ ပျော်စရာတောင်ကောင်းသေးတယ်"

ဟုပြန်ပြောသည်။

"နေပါဦး... ဦးမြင့်မိုရ်ကကော ချစ်ရေးမဆို



ဘူးလား"

အရှိုက်ကိုထိသွားသလို မေ့ရင်ထဲမှာ အောင့် သွားသည်။

"ဟင့်အင်း၊ မဆိုပါဘူး... သူက မိန်းမနဲ့ ကလေးနဲ့ဟဲ့ ငါ့ကိုဘာဖြစ်လို့ ချစ်ရေးဆိုရမှာလဲ"

မလုံမလဲနှင့် မေပြန်ပြောလိုက်သည်။

"မသိပါဘူး... သူ့ကိုကြည့်ရတာ မေ့ကိုချစ်နေ သလိုပဲ၊ ချစ်လဲချစ်နေမှာပါ အဲဒါရှင်မသိဘူးလား"

မေ့ရင်တွေ တဖျတ်ဖျတ်လှုပ်ခပ်သွားသည်။ စိတ်ညစ်ညူးလွန်း၍ ကားဆိုဖါကိုမှီကာ မျက်လုံးမှိတ် ထားလိုက်သည်။

"မသိဘူး"

"ရှင်ဟန်ဆောင်နေတာ၊ အေးလေ... မဖြစ်နိုင် တော့လဲ ဟန်ဆောင်ရတော့တာပေါ့နော်"

မိဇံ၏ စာနာသောစကားလုံးများက မေ့ကိုပိုပြီး ကြေကွဲစေသည်။ မှိတ်ထားသောမျက်ဝန်းအခပ်မှာ စိုစွတ်လာသည်မို့ မျက်လုံးကိုမဖွင့်ရဲ။

"ရှင့်အိမ်နဲ့ ဘာပြဿနာဖြစ်လာတာလဲ"

"မွေးနေ့ပွဲက ပြဿနာပေါ့မိဇံ... မင်းသားက သီချင်းတွေဘာတွေ သူ့ကိုယ်စားဆို[illegible]တော့ အစ်ကို တော်တွေက သံ[illegible]ဝင်သွားတာပေါ့... ဦးမြင့်မိုရ်ရဲ့

အချစ်သမိုင်းကြောင်းကို သိထားတော့ ကျုပ်နဲ့ငြိမှာစိုးရိမ်မှာပေါ့လေ"

"ဒါပေါ့... ကျုပ်ဆိုရင်လဲ စိတ်ပူမှာပဲ၊ ဆက်ပြောပါဦး"

"ကျုပ်မေမေရဲ့ သူငယ်ချင်းသားနဲ့ နေရာချထားပေးဖို့ အကြံပြုကြတယ်... ခတ်သိနှမ်းဖတ်ချဉ်ပေါ့အေ... သူတို့မိသားစုရောက်လာတော့မှာမို့ ကျုပ်ရှောင်ထွက်လာတာ"

"ဩော်... ဒါကြောင့်ကိုး၊ အန်တီကသိပ်လိုက်လျောချင်ပုံမရဘူး၊ ကျုပ်ကိုချစ်လွန်းလို့သာ ခွင့်ပြုလိုက်ရတာ"

မျက်ရည်စတွေကို တို့သုတ်လိုက်ပြီးမှ မျက်လုံးကိုပြန်ဖွင့်သည်။ အပြင်ဘက်မှာ ရွှေရောင်ဝင်းနေသည့် စပါးခင်းတို့သည် မိုးပြာရောင်ကောင်းကင်အောက်တွင် ယိမ်းနွဲ့နေသည်။ ဗျိုင်းဖြူဖြူတစ်အုပ်က စပါးခင်းများပေါ်မှဖြတ်၍ ပျံသန်းသွားသည်။

"ရှင်က ကျုပ်ရဲ့ကျေးဇူးရှင်ပါပဲ"

မိဖကို မေ ဝန်ခံလိုက်ရသည်။ မိဖသာမကယ်လျှင် ယခုအချိန်ဆိုလျှင် သူမရင်းနှီးသောသူကိုသွား၍ ကြိုရဦးမည်။ ညှိခံကျွေးမွေးရဦးမည်။ အလိုက်အထိုက် ဆက်ဆံရဦးမည်။



နှစ်ဖက်သောမိဘတို့၏ အရိပ်တကြည့်ကြည့်နှင့် အကဲခတ်မှုအောက်တွင် စိတ်ကျဉ်းကြပ်စွာ လှုပ်ရှားရဦးမည်။ ပင်ပန်းလိုက်မည်ဖြစ်ခြင်း။

မေကိုယ်တိုင်ကလည်း သည်အချိန်မှာ စိတ်လေလွင့်နေသည်။ သူ့စိတ်တွေ ဆောက်တည်ရာမရလောက်အောင် လွင့်ပါးနေသည်။

"မင်းသားရဲ့ ကိစ္စကိုကော ရှင်ဘယ်လိုစဉ်းစားသလဲ"

"ရှင်းနေတာပဲ... သူ့ကိုခင်တယ်... ဒါပေမယ့် မချစ်ဘူး ပြောရမှာလဲအားနာတယ်"

ကားအပြင်ဘက်မှ ရွှေဝါရောင်လယ်ကွင်းတွေကို လှမ်းကြည့်ရင်း ဖြည်းဖြည်းဆေးဆေးဖြေလိုက်သည်။

"ဦးမြင့်မိုရ်နဲ့ ပတ်သက်လို့ကော မင်းဘယ်လိုစဉ်းစားသလဲ"

မေရင်ထဲမှာ ဆတ်ကနဲတုန်သွားသည်။ သူနှင့်ပတ်သက်လျှင် မေမှာလျှို့ဝှက်ချက်တွေ ဖုံးဖိဟန်ဆောင်မှုတွေ များလွန်းရသည်နှင့်အမျှ တုန်လှုပ်ရခြင်းတွေကလည်း များလွန်းလှပါဘိခြင်း။ မေမျက်နှာပျက်သွားသည်ကို မိဖရိပ်မိမှာပါပဲ။

"စဉ်းစားစရာအကြောင်းမှမရှိတာ၊ သူကကိုယ့်

ချစ်သူမှမဟုတ်တာ... သူကကိုယ့်ဘဝနဲ့အဝေးဆုံးမှာ ရှိနေတဲ့လူတစ်ယောက်ပါ"

နောက်ဆုံးစကားလုံးတွေက တိုးတိတ်စွာနှင့် တိမ်ဝင်သွားသည်။ မိဇံမသိအောင် သက်ပြင်းဖွဖွလေး ချလိုက်မိသည်။

"ဟုတ်တယ်၊ သူ့အကြောင်းစဉ်းစားစရာ မလိုဘူး၊ ဒါပေမယ့် ကိုယ်သိချင်တာက သူနဲ့ပတ်သက်လို့ မင်းဘယ်လိုခံစားရသလဲဆိုတာပဲ"

အပြင်ဘက်သို့ ငေးကြည့်နေရာမှ မိဇံဘက်သို့ ဆက်ကနဲ လှည့်ကြည့်မိလိုက်သည်။ ရှက်ရိပ်ပြေးနေသော မလုံမလဲမျက်ဝန်းများကို မိဇံရိပ်မိသွားလေပြီလား မသိ။

"ကိုယ်ဘယ်လိုခံစားနိုင်မှာလဲ... သူ့အတွက် ခံစားနေရင် ကိုယ်ရှုံးသွားမှာပေါ့"

တိတ်တိတ်ကလေးရှုံးနေရခြင်းကို မေပဲသိသည်။ မာနမင်းသမီးပီပီ ကိုယ့်အရှုံးကို ဝန်မခံချင်ပါ။

"ရှင့်စိတ်တွေလေနေတာ သူ့ကြောင့်လို့ ထင်တယ်"

နှိုက်နှိုက်ချွတ်ချွတ်ပြောနေသော မိဇံကို စိတ်တိုသွားမိသည်။ စိတ်တို၍လည်းမဖြစ်၊ သူနှင့်မိဇံက တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိအစင်း



သိ၊ အရင်းနှီးဆုံးသူငယ်ချင်းတွေ။

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ အဓိပ္ပာယ် မရှိတာတွေကို မတွေးချင်ဘူး... မခံစားချင်ဘူး"

ခပ်ဆတ်ဆတ်ကလေး ပြန်ပြောလိုက်သည်၊ သူ့ကိုကြည့်ပြီး မိဇံကြင်နာစွာပြုံးလိုက်သည်။

"မေကမာနသိပ်ကြီးတာပဲ... ဒါပေမယ့် ဦးမြင့်မိုရ်နဲ့ပတ်သက်တဲ့ ခံစားချက်တွေ အဓိပ္ပာယ်ရှိနေလို့သာ မင်းအိမ်ကသိပ်စိတ်ပူနေတာပေါ့... မဟုတ်ဘူးလား"

အမှန်တရားဖြစ်ပေမယ့် မေဝန်မခံချင်ပါ။ ကိုယ်နှင့်မည်သို့မျှမပတ်သက်သည့် ယောက်ျားတစ်ယောက်ကိုအဓိပ္ပာယ်ရှိစွာ ချစ်နေရသည်ဆိုသော အဖြစ်သည်မှန်နေပေမယ့် လူသိမခံနိုင်ပါ။ မေ့မှာ ကြီးကျယ်သောမာနတရားတွေ ရှိနေပါသေးသည်။

"အိမ်က အစိုးရိမ်လွန်နေတာပါကွာ၊ မေကဒီလောက်မျော့ညံ့ပါ့မလား"

"ကောင်းပါတယ်... မပျော့ညံ့ပါစေနဲ့လို့ ဆုတောင်းပါတယ်၊ မေကသိပ်ဝတ္ထုဆန်တာပဲ"

မေယဲ့ယဲ့လေးပြုံးလိုက်နိုင်သည်။ ဝတ္ထုထဲက ဇာတ်ဆောင်တွေကို ကြေကွဲခံစားစေရခြင်းက လွယ်ကူသော်လည်း ကိုယ်တိုင်ခံစားရခြင်းက ပင်ပမ်းလှပါ

ဘိခြင်း။

"ဝတ္ထုနဲ့လူဟာ အတူတူပါပဲ၊ လူ့လောက အဖြစ်အပျက်ကိုအခြေခံပြီး ဝတ္ထုကိုဖန်တီးတာပါ"

ကားမှန်ကိုကျော်၍ ကြည့်လိုက်သောအခါ ရေခမ်းစပြုနေသော ချောင်းများထဲတွင် ခရမ်းရောင်ဗေဒါပွင့်များသည် အစိမ်းရောင်အရွက်များခြံရံလျက် မင်းမူစိုးမိုးနေသည်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများထဲမှ ဓာတ်လိုက်မဗေဒါအစစ်ကို တွေ့လိုက်ရသည်။ ဗေဒါပန်း၏မာနက မေ့ရင်ကို ရိုက်ခတ်လာသည်မို့ မာနတရားတို့ ကိန်းအောင်းလာသလို ခံစားလိုက်ရသည်။

နံနက်ခင်း၏ နေခြည်နုနုအောက်တွင် ချောင်းသာကမ်းခြေသည် ရှုမခန်းအောင်သာယာလှသည်။ ဝင်းလဲ့လဲ့နေခြည်အောက်တွင် သဲပွင့်ကလေးတွေက တဖျပ်ဖျပ်တောက်ပနေသည်။ တရွေ့ရွေ့ တလှုပ်လှုပ်နှင့် သဲပြင်ပေါ်၌ရွေ့လျားနေသော ခရုလေးတွေကို တွေ့ရသည်။ ပင်လယ်ကိုခွာ၍ ကမ်းခြေကိုခြေဆန့်ခိုတွယ်လာသော ခရုလေးတို့၏ ရှင်သန်မှုသည် မရေမရာပါ။

ကောင်းကင်ပြာပြာနှင့် စိမ်းပြာရောင်ပင်လယ်ပြင်သည် အရောင်ချင်းရောစပ်ကာ လှပသောပန်းချီ



ကားတစ်ချပ်အသွင်ကို ဆောင်နေသည်။ တဝုန်းဝုန်းအော်မြည်ရိုက်ခတ်ကာ ကမ်းခြေဆီသို့ အပြေးအလွှားလာနေသည့် လှိုင်းလုံးကြီးများကို ပင်လယ်၏အလှဟု သတ်မှတ်ရလေမလား။

လှိုင်း၏လှုပ်ခတ်ခြင်းနှင့် ကမ်းခြေ၏တည်ငြိမ်ခြင်းတို့ အားပြိုင်အနိုင်လုပွဲကို ငေးမောကြည့်ရှုနေမိသည်။

မိခံမနိုးမီ မေတစ်ယောက်တည်း ပင်လယ်ကမ်းစပ်ဆီသို့ လျှောက်လာခဲ့သည်။

"ဆရာမ"

နောက်မှအသံကြောင့် မေဆတ်ခနဲလှည့်ကြည့်လိုက်သည်။ အံ့ဩရလွန်း၍ ရုတ်တရက်ပြောစရာစကား ရှာမရ။

ပင်လယ်လေကြောင့် ဆံပင်ရှည်တွေက နဖူးပေါ်ဝဲကျနေသည်။ နှုတ်ခမ်းလန်းဆန်း၍ ကလေးဆန်သောသူ့အသွင်အတိုင်း မင်းသားက နံနက်ခင်းနေခြည်အောက်တွင် မိုးပေါ်ကကျလာသည့် မင်းသားလေးတစ်ပါးလို လှပနေသည်။

"အံ့ဩစရာပဲ၊ ပင်လယ်တစ္ဆေလား၊ နေနတ်သားလား"

မင်းသားလိုက်လှဲကြည်နူးစွာ ပြုံးလိုက်သည်။

"ပျော်သွားတယ်၊ အရမ်းကိုပျော်သွားတာ... မမျှော်လင့်ပဲ ပင်လယ်ကဝေမလေးကို တွေ့လိုက်ရတာ ကိုး"

သူ့အသံက အင်္ဂါပြည့်သော ကလေးငယ်တစ်ယောက်လို မြူးကြွနေသည်။ မေ့ကို ငေးငေးမောမော ကြည့်ပြီး...

"မေက သိပ်လှတာပဲ၊ ပင်လယ်နဲ့သိပ်လိုက်တာပဲ"

မေရယ်နေရာမှ မျက်မှောင်ကုတ်လိုက်မိ သည်

"မင်းသားစုတ်ကလေးကတော့ ပြောပြီ.... ပင် လယ်နဲ့ဘယ်လိုလိုက်မှာလဲ"

"ဘယ်လိုပြောမလဲဗျာ...ကျွန်တော်က ပန်းချီ ဆရာတော့မဟုတ်ဘူး...ကျွန်တော့်အမြင်မှာတော့ စိမ်း ပြာရောင်ပင်လယ်ပြင်ကြီးနဲ့ မေ့အလှက သိပ်လိုက်နေ တယ်၊ နက်ပြာနဲ့စိမ်းပြာရောင် အပွင့်တွေရောထားတ မေ့ဝတ်စုံနဲ့ ပင်လယ်ကအရောင်က မလိုက်ဘူးလား ပင်လယ်လေကြောင့် လွင့်မြောနေတဲ့ ဖေ့ဆံပင်ရှည်ရှည် တွေ...မေ့မျက်ဝန်းတွေက အဝေးဆုံးတစ်နေရာကို လွ မျှောနေသလိုပဲ"

သူ့စကားတွေကြောင့် မေရယ်လိုက်မိသည်၊

"ကျွန်တော့်ကို မင်းသားရူးလေး...တောင်ပြေ



မြောက်ပြောနဲ့ဆိုပြီ ရယ်တာလားမေ"

ရုတ်တရက် မျက်နှာပျက်သွားပြီး ပြန်မေးနေ သည်။

"နိုး...နိုး...မဟုတ်ဘူး... နားထောင်ကောင်းလို့ ရယ်တာ"

"ဟာဗျာ...မေကနောက်တယ်"

"ဆက်ပြောပါဦး"

"ကျွန်တော့်စကားတွေကို မရယ်ရဘူးနော်"

"ပင်လယ်လှိုင်းတွေကြားထဲမှာ တရိပ်ရိပ်လွင့် မျောပါနေတဲ့ ပင်လယ်နတ်သမီးလေးနဲ့တူတယ်...ပုံပြင် တွေထဲက ရေသူမလေးလဲ ဖြစ်နိုင်တယ်"

"ရေသူမတော့ မဖြစ်ရပါစေနဲ့၊ ရေသူမဇာတ် လမ်းတွေက သိပ်ဆွေးရတာ...နေပါဦး...ပင်လယ်နတ် သမီးလို့ပြောလိုက်၊ ပင်လယ်ကဝေမလို့ပြောလိုက်နဲ့... ဘယ်လိုသဘောလဲ"

ပင်လယ်ကမ်းစပ်တလျှောက်ကို မေဆက် လျှောက်လာသည်နှင့် မေနှင့်ယှဉ်ပြီး သူဆက်လျှောက် လာသည်။ မေ့ကိုငုံ့ကြည့်ကာ စကားပြောလာသော သူ့မျက်နှာကို မေကတော့ မော့ကြည့်ရသည်။

အမှတ်မထင် ဦးမြင့်မိုရ်နှင့် ပထမဆုံးစတွေ့ သည့် ပိတောက်ပွင့်သောနေ့ကို အမှတ်ရလိုက်မိသည်။

ဦးမြင့်မိုရ်ကို မော့၍ကြည့်ကာ လှမ်းလျှောက်ရစဉ်က မေရင်ခုန်ခဲ့ဖူးသည်ပဲ။ ကြည်နူးသာယာခဲ့ဖူးသည်ပဲ။

"ဟော...မေ့အတွေးတွေက ဘယ်ရောက်သွား တာလဲ၊ တစ်နေရာရာကို လွင့်မျောသွားသလိုပဲ...ပင် လယ်လှိုင်းတွေစီးပြီး အဝေးဆုံးကိုလိုက်သွားတာ မဟုတ်ဘူးလား"

မေ့ကို အမြဲမပြတ်အကဲခတ်နေသော သူ့ အဖြစ်ကိုတွေးပြီး ပြုံးလိုက်ရသည်။ မေ့နှလုံးသားက ထွင်း ဖောက်ပြီး သိနိုင်စွမ်းတွေရှိနေပါလား။

"မဟုတ်ပါဘူး...ရှင့်ကိုယ်ရှင် အကြားအမြင် တဲ့ ပုဂ္ဂိုလ်လို့ မထင်စမ်းပါနဲ့"

သူ့မျက်နှာလေး ညှိုးညှိုးနွမ်းနွမ်းဖြစ်သွား သည်။

"ကျွန်တော်ကတော့ မေ့စိတ်ကိုသိနေတယ်လို့ ထင်တာပဲ...မေမယုံရင်တော့ ကျွန်တော့်ကံပါပဲ"

လေထဲမှာ တလွင့်လွင့်မျောနေသည့် ဆံပင် တွေကိုလိုက်သိမ်းရင်း သူ့ကိုဆက်ပြောခိုင်းမိသည်။

"ပင်လယ်နတ်သမီးဆိုတာ လှလို့တင်စားတာ ပင်လယ်ကဝေဆိုတာကတော့ ပြစားတတ်လို့ တင်စား တာ"

မေ ဟက်ခနဲရယ်လိုက်သည်။



"ရှင့်ကို ကျွန်မက ဘာများပြစားမိလို့လဲ"

"မေ့ကို မြင်ဖူးတဲ့အချိန်ကစပြီး မေ့အကြောင်း ပဲ အမြဲတွေးနေမိတယ်...မေ့ကိုပဲ တမ်းတနေမိတယ်၊ မေ့ကိုပဲ ကိုးကွယ်ချင်နေတယ်၊ အဲဒါ မေပြစားလိုက် တာ မဟုတ်လား"

သူ့ဘာသာသူပြောပြီး ရယ်ေ သည်။ မေက လှမ်းလျှောက်ရာမှ ရပ်လိုက်ပြီး ပင်လယ်ကမ်းစပ်မှာ ထိုင်ချလိုက်သည်။ ခြေကိုဆန့်ထားလိုက်ပြီး လှိုင်းက လေးတွေ၏ရိုက်ခတ်မှုကို ခံစားကြည့်နေသည်။

မင်းသားက သူ့နံဘေးမှာ ကပ်ထိုင်လိုက် သည်။

"မေ့နားမှာ သိပ်ကပ်မထိုင်နဲ့...သူများတွေက ရပ်ရှင်ရိုက်နေတယ်လို့ ထင်နေဦးမယ်"

သူ့နဖူးကိုသူပုတ်ပြီး စိတ်မသက်မသာဟန်နှင့် ငြိမ်နေသည်။

"မေနှင့်တွေ့တော့မှ ကျွန်တော့်ဘဝကို စိတ်နာ ရမှန်းသိလာတယ်...မင်းသားဖြစ်ရတဲ့ဒုက္ခကို ခံစားမိ လာတယ်...၊ ကိုယ်ချစ်သူတဲ့သူကို ယုံအောင်ပြောဖို့ခက် တယ်...သရုပ်ဆောင်ပြနေတယ်လို့ပဲ ထင်နေတယ်၊ ပြီးတော့ မလွတ်လပ်ဘူး၊ ရုပ်ရှင်ရိုက်နေတယ်လို့ ထင် မှာစိုးပြီး အနှင်ခံရတယ်၊ မိန်းကလေးတွေက မင်းသား

တစ်ယောက်ရဲ့အချစ်ကို ယုံကြည်ဖို့ အတော်ဝန်လေးကြတယ်မနော်၊ ဘဝလက်တွဲဖော်အဖြစ် လက်ခံဖို့ဆိုတာတော့ အဝေးသားပဲ"

မျက်နှာထားညိုညိုနှင့် ဆွေးဆွေးမြွေမြွေပြောနေသည်။ သည်လိုဆိုတော့လည်း သူ့ကို သနားရတော့မလိုလို။

"ကျွန်တော့်ဘဝက ဆိုးပါတယ်၊ အစကဆိုးမှန်းမသိခဲ့ဘူး၊ ပရိသတ်ရဲ့စိတ်ဝင်စားမှုခံရတဲ့ဘဝမှာပျော်မွေ့နေတာ"

"မိန်းကလေးတွေကလဲ စိတ်ဝင်စားကြပါတယ်၊ မဟုတ်ဘူးလား"

မေ ဝင်ထောက်ပေးလိုက်သည်။ သူ့မျက်ဝန်းတွေ ဖျတ်ခနဲ လင်းလက်တောက်ပသွားသည်။

"ကျွန်တော့်ကို မေစိတ်ဝင်စားသလား"

လျင်မြန်လွန်းသော သူ့အမေးကြောင့် မေအဖြေရခက်သွားသည်။

"ပြောလေ...မေ"

"စိတ်ဝင်စားပါတယ်"

သက်ပြင်းမောတစ်ချက်ရှိုက်လိုက်ပြီး မင်းသားပြုံးလိုက်သည်။

"တော်သေးတာပေါ့"



မိဖုံလိုက်ရှာနေမည်စိုးသည့်အတွက် ထိုင်ရာမှထလိုက်သည်။

"ပြန်လိုက်ဦးမယ်၊ သူငယ်ချင်းလိုက်ရှာနေလိမ့်မယ်၊ မနက်စောစော ပင်လယ်ပြင်ရဲ့အလှကို ခံစားချင်လို့ သူမနိုးခင် ထွက်လာခဲ့တာ"

သူလည်း မေနှင့်အတူ ပြန်လှည့်လာခဲ့သည်။

"မေနှင့်အတူတူ ဘယ်သူတွေပါသေးလဲဟင်"

"မေ့သူငယ်ချင်းမိဖုံရယ်၊ သူ့အစ်မနစ်ယောက်ရယ်"

"ဝတ္ထုရေးဖို့လာတာလား"

မေ ခေါင်းယမ်းပြလိုက်သည်။

"မဟုတ်ပါဘူး၊ တကယ်လို့ကြာကြာနေဖြစ်ရင်တော့ ရေးချင်ရေးဖြစ်မှာပေါ့...စိတ်လေလို့ထွက်လာတာ"

သူ့မျက်နှာပေါ်မှာ အံ့ဩရိပ်ပြေးသွားသည်။

"ကျွန်တော့်အကြောင်းလဲ မေးပါဦးမေ၊ ကျွန်တော် ဘယ်သူနဲ့လာတာလဲ၊ ဘာလာလုပ်တာလဲပေါ့"

ကလေးဆန်သော သူ့အပြောက ပြုံးစရာလည်းကောင်း၊ သနားစရာလည်းကောင်းသည်။

"ရုပ်ရှင်ရိုက်တဲ့အဖွဲ့နဲ့ ရုပ်ရှင်ရိုက်ဖို့လာတာပဲ

မဟုတ်လား"

မေ့စကားအဆုံးမှာ ဖြည်းလေးစွာခေါင်းခါပြသည်။

"မေ့အနေနဲ့ ဒီအတိုင်းပဲကင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်...ရုပ်ရှင်ရိုက်မယ့် လူတွေကြားထဲက ထွက်ပြေးပြီးရှောင်ပုန်းလာခဲ့တာ"

"ဘာဖြစ်လို့"

"စိတ်လေလို့"

ဟုပြန်ဖြေရင်း မေ့ကိုစူးနစ်စွာကြည့်နေသည်

"မေပြောသလို လိုက်မပြောနဲ့"

"အမှန်ပြောတာပါ မေ...မေ့ဆီကိုဖုန်းဆက်ပြီးကတည်းက စိတ်လေနေခဲ့တာ...ဖွင့်မပြောခင်ကတော့ မျှော်လင့်ချက်ရှိသလိုပဲ...ဖွင့်ပြောပြီးတော့ အရမ်းအားငယ်မိတယ်"

ပြောနေသည့်စကားကိုရပ်ပြီး မေ့မျက်နှာကိုအကဲခတ်သည်။ မပီပြင်သောအတွေးတို့ဖြင့် တွေတွေဝေဝေဖြစ်နေသည့် မေ့ကိုကြည့်ပြီး အားရဟန်မတူ၊ ပို၍စိတ်မောသွားပုံရသည်။

"ကျွန်တော့်ဘဝနဲ့ မေ့ဘဝရဲ့ကွာခြားချက်တွေကို နားလည်လာပြီး ပိုကြောက်လာတယ်...လူတွေကြားထဲမှာလည်း မနေချင်ဘူး၊ သရုပ်ဆောင်လည်း



မလုပ်ချင်ဘူး၊ သရုပ်ဆောင်လို့လဲ ပီပြင်မှာမဟုတ်ဘူး၊ ဒါကြောင့် တစ်ယောက်တည်း ထွက်ပြေးလာခဲ့တာ"

သူ့စကားကို မတုံ့ပြန်နိုင်မီမှာပင် မေ့ကိုလိုက်ရှာနေသည့် မိဖုံနှင့်တွေ့သည်။ မင်းသားနှင့်တွဲလျက်တွေ့သော် မိဖုံအံ့ဩနေပုံရသည်။

"လမ်းလျှောက်ထွက်ရင်း မင်းသားနဲ့တွေ့နေတာ"

မိဖုံကို ဆီးပြောလိုက်သည်။

"ရုပ်ရှင်လာရိုက်တာလားဟင်"

"မဟုတ်ပါဘူး...စိတ်လေလို့ထွက်လာခဲ့တာပါ"

သူ့အဖြေစကားအဆုံးမှာ မိဖုံခစ်ခနဲရယ်လိုက်သည့်အတွက် သူရှက်အန်းအန်းဖြစ်သွားသည်။

"စိတ်လေတဲ့သူနှစ်ယောက် လာဆုံနေလို့ရယ်မိတာပါ"

သည်တော့မှ မင်းသား ရယ်ရယ်ပြုံးပြုံးဖြစ်လာသည်။

"ထမင်းစားချိန်ကြရင် မေတို့နဲ့ပြန်ဆုံမယ်...ကျွန်တော်တစ်ယောက်တည်းပါ၊ ကျွန်တော် ထမင်းကျွေးပါရစေ"

မေနှင့်မိဖုံ တစ်ယောက်မျက်နှာတစ်ယောက်

လှမ်းကြည့်လိုက်ကြသည်။ မိဖဲက ဦးဆောင်၍စပြော သည်။ သည်လိုနေရာမျိုးမှာ မိဖဲကလူတတ်ကြီးလုပ် တတ်သည်။

"ကောင်းတာပေါ့…မိဖဲတို့ဘန်ဂလို ပြထားမယ် လာ.ခေါ်လိုက်လေ"

ကျေနပ်စွာပြုံးပြီး…

"ကောင်းပါပြီခင်ဗျာ"

ဟု ခပ်ငေါ့ငေါ့လေးပြောသည်။

မေ၏လေလွင့်ဆွေးမြေ့အုံ့ဆဲဆဲ နံနက်ခင်း ကလေးသည် မင်းသားကြောင့် ကြည်နူးစရာလေး ဖြစ် သွားရတာတော့အမှန်။

ကလေးဆန်သော သူ့စကားလေးများကို မေ့ နားထဲမှာထပ်တလဲလဲ ကြားယောင်နေမိတိုင်းလည်း ကြည်နူးပျော်ရွှင်နေမိသည်။

မင်းစကားတွေမှာ ညွတ်နူးတိမ်းမူးနေပြီလား မသိဘူး မင်းသားရယ်။

× × × × ×



"ကျွန်တော် မင်းသားနဲ့မတူပါဘူးနော်"

စပို့ရှပ်အဖြူရောင်၊ ဂျင်းဘောင်းဘီအပြာနှင့် သူ့ကိုယ်သူငုံ့ကြည့်ပြီးပြောတော့ မေတို့နှစ်ယောက်လုံး ပြုံးကြရသည်။ ဆံပင်ကိုပင် ဖြီးမထားသည့်အတွက် ကပိုကယိုဖြစ်နေသည်။

မေ့အစ်မနှစ်ယောက် ပြန်သွားပြီးနောက် မင်းသားက မေတို့နှစ်ယောက်နှင့် တတွဲတွဲဖြစ်နေ သည်။ သူ့ကိုလူတွေမမှတ်မိအောင် အတတ်နိုင်ဆုံး ရှိုး မထုတ်မိအောင် ကြိုးစားသည်။ တစ်ခါတစ်ရံ ရှပ်အင်္ကျီ ချည်ပုဆိုးနှင့် ရိုးရိုးလေးဝတ်ဆင်ထားပုံကိုကြည့်ပြီး ပြုံး မိကြသည်။

"ကျွန်တော့်ကို လူတွေသိပ်မမှတ်မိကြဘူးနော်"

"မှတ်မိမှာပါ၊ မင်းသားသတိမထားလို့ ဖြစ်ပါ လိမ့်မယ်"

မေဝင်ပြောလိုက်သည်။

"ခပ်ဝေးဝေးကနေ တိုးတိုး…တိုးတိုးနဲ့ပြော သွားကြတယ်လေ"

မိဖဲထပ်ပြောပြန်သည်။ မေတို့နှင့်အတူသွား သည့်အခါတိုင်း လူတွေက မင်းသားကိုမှတ်မိကြသည်။ သူ့ကိုယ်သူ မင်းသားဆိုသည့်အသိကို မေ့လျော့ထားသူ ပီပီ မင်းသားကသာ သတိမမူမိခြင်းဖြစ်သည်။

မေ့မျက်နှာကိုကြည့်ပြီး စကားပြောနေရလျှင် တစ်လောကလုံးကို မေ့လျော့နေသည်ဟု မိစံမှတ်ချက် ချသည်။

"ကျွန်တော်ကတော့ မသိဘူး...မေတို့နှစ်ယောက်နဲ့စကားပြောရင်း အားလုံးကိုမေ့ထားတာ၊ ကျွန်တော့်ကိုကျွန်တော်လည်း မင်းသားလို့မထင်တော့ဘူး၊ အဲဒါ အရမ်းလွတ်လပ်တယ်"

သူ၏ရိုးသားသော အပြောလေးများက နှစ်လိုဖွယ်ဖြစ်သည်ဟု မေထင်မှတ်လာသည်။ ကလေးဆန်၍ ရိုးသားအပြစ်စင်သော အပြောအဆိုကို မေနှစ်ခြိုက်သည်။ မေကိုယ်တိုင်လည်း မင်းသားဆိုသည့်အသိကို မေ့လျော့စပြုလာသည်။

သူ့ကိုငြိတွယ်လာအောင် မင်းသားက ဖွဲ့ဆောင်စပြုနေပြီ။ မင်းသားနှင့် နီးနီးကပ်ကပ်နေရသည့် ရက်ပိုင်းအတွင်းမှာ သူ၏တိတ်တခိုးရင်ကွဲနာသည် သက်သာသလိုရှိလာသည်။ အဝေးတစ်နေရာကို လွင့်မျောနေတတ်သော သူ့စိတ်ကိုလည်း ပြန်၍ဖမ်းယူနိုင်လာသည်။

ငြိတွယ်စရာကောင်းသော သံယောဇဉ်စကားလေးများက မေ့ရင်ထဲက သောကကို မေ့လျော့စေသည်၊ သူနှင့် တွေ့နေရသည့်အချိန်တွေကို တန်ဖိုးထားတတ်လာသည်။



"မပြန်ခင်တော့ ကျွန်တော့်ကိုအဖြေပေး ပါမေ.. ကျွန်တော့်ဘဝထဲကို ရဲရဲဝင်ခဲ့စမ်းပါမေရယ်၊ မေ့ဘဝနဲ့ ညှိနှိုင်းယူပါရစေ"

မိစံအလစ်မှာ မကြာခဏကပ်၍ပြောတတ်သော သူ့စကားများသည် ချိုမြိန်သယောင်ရှိလာသည်။ မေ့အတွက် သတ္တိအင်အားတွေ ဖြစ်စေသလိုလို။

လပြည့်ည၏ အလင်းရိပ်အောက်မှာ ပင်လယ်ပြင်သည် စိမ်းပြာရောင်အဆင်းနှင့် လှိုင်းလုံးများက မာန်ဟုန်ပြင်းလှသည်။ လနတ်သမီး၏ ဆံခြည်မျှင်များက ပင်လယ်ပြင်ပေါ်သို့ ဖြာကျနေသည်ဟု မေထင်မိသည်။

ပင်လယ်၏လှုပ်ခတ်ခြင်းနှင့် လရောင်၏အေးမြခြင်းတို့ အားပြိုင်အနိုင်လုနေသည်။ ခရုလေးများက တရွေ့ရွေ့နှင့် ပင်လယ်ကိုခွာ၍ လောကသစ်ကမ်းသာယာကို ရှာဖွေနေကြသည်။

မေက မိစံပခုံးကိုမှီပြီး လရောင်ဖြန့်လွှမ်းသော ပင်လယ်ပြင်ကို ငေးကြည့်နေသည်။ မင်းသားက ဂီတာနှင့်သီချင်းတစ်ပုဒ်ကို ဆိုနေသည်။

"စိမ်းလဲ့လဲ့ညရိပ်သန်း အချစ်နှက်ခမ်းအနမ်းတွေ ဖူးပွင့်ဖို့လေ...မျှော်သူကို သံသယကြိုးရစ်နှောင်လွှမ်း ရစ်နေတုန်း... ဂုဏ်ကူလှည့်ဦး...ကြင်နာမယ့်

အသည်းရှိတဲ့ အရပ်ညွှန်မယ်ဆို...ဝါဆိုပန်းပွင့်ဝေ... ပုန်းညက်အန္တမ်းရဲ့အလွန် ကြေ့ဉ်မို့၊ သိပ်ဟ်ရာသီ ဝါခေါင်မိုးနဲ့လှမ်းလာခဲ့တော့ ခတ္တာရယ်"

ပင်လယ်ပြာပြာကိုငေးမောရင်း ဆွေးဆွေးမြေ့မြေ့သီဆိုလိုက်သော မင်းသား၏အသံက တိတ်ဆိတ်သောလပြည့်ညကို ဖြန့်လွှမ်းသွားသည်။ တိတ်ဆိတ်သောလပြည့်ညနှင့် လိုက်ဖက်လွန်းသောကြောင့် မေရောမိဇ်ပါ သီချင်းစာသားတွင် မျောပါသွားကြသည်။ သီချင်းစာသားတွေက ရင်ထဲကိုစူးဝင်သွားကြသည်။

"နှောင်းခက်ခက်ဆူး အချစ်ရိပ်ဦး စွန့်သည့်မြား အသည်းမှာ စူးနစ်ခဲ့လို့...ဒီဒဏ်ကိုရင်မှာ ထွေးမွေ့ပိုက်ထွေးထားနေတုန်း၊ သရဝဏ်ကူပါဦး၊ အရင်လူဖျက်စီးခဲ့တဲ့ အချစ်ရမ္မက်ဆိုး၊ ဝါဆိုပန်းပွင့်ဝေ ပုန်းညက်အန္တမ်းရဲ့အလွန် ကြွေပြီမို့...သိပ်ဟ်ရာသီ ဝါခေါင်မိုးနဲ့လှမ်းလာခဲ့တော့ ခတ္တာရယ်"

အဆိုပိုင်နိုင်သည်၊ စာသားကလည်း စူးရှလေးနက်လွန်းသည်မို့ မေ့ရင်ထဲမှာထိခိုက်ခံစားရသည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေစိုစွတ်စပြုလာသည်။

"ဆွေးဆွေးမြေ့မြေ့နဲ့ မောင့်ကိုယ်စား မလွှမ်းချင်ဘူး၊ အသက်ရယ် မင်းဆုံးဖြတ်တော့၊ ယုံမယ်နော်... ဒီတစ်ခါ မင်းသစ္စာမြဲရစေမယ်၊ သရဝဏ်ကူပါဦး။ ဒီ



အရင်ကြေကွဲခဲ့ရတဲ့ အတိတ်ရမ္မက်ဆိုး...ဝါဆိုပန်းပွင့်ဝေ ပုန်းညက်အန္တမ်းရဲ့အလွန် ကြွေပြီမို့ သိပ်ဟ်ရာသီ ဝါခေါင်မိုးနဲ့လှမ်းလာခဲ့တော့ ခတ္တာရယ်"

သီချင်းဆုံးသွားတော့ မင်းသားက မေ့ကိုလှမ်းကြည့်သည်။ မေ့ပါးပြင်ပေါ်မှ မျက်ရည်စတွေကိုမြင်သွားသည်။

"အို...မေငိုနေတယ်ဟုတ်လား... ဘာဖြစ်လို့လဲ မေရယ်၊ ဒီသီချင်းက မေနဲ့ပတ်သက်လို့လားဟင်"

"မပတ်သက်ပါဘူး၊ သီချင်းက သိပ်ကြေကွဲရာကောင်းတယ်"

သူခေတ္တမျှငြိမ်ပြီး တွေတွေလေးစဉ်းစားနေသည်။

"ယောကျ်ားဆိုတော့ မျက်ရည်မကျဘူး...ဒါပေမယ့် ဒီသီချင်းကို ညတိုင်းဆိုပြီး ရင်ထဲကငိုနေတဲ့ သူတစ်ယောက်ရှိတယ် ခံစားချက်ချင်းတူလိုက်တာ"

"ဘယ်သူလဲဟင်"

"ကိုကြီး...ကိုကြီးမြင့်မိုရ်လေ"

"အို"

အလန့်တကြားရေရွတ်လိုက်မိသည်။ သူ... နဲ့မေဟာ ခံစားချက်ခြင်းတူနေပါလား။ မင်းသားရေ့ ရုပ်ပျက်ဆင်းပျက်မဖြစ်အောင် ဟန်ဆောင်ထိန်း

ထားပေမယ့် မျက်ရည်တွေက ပါးပြင်ပေါ်သို့ တစ်ပေါက်ချင်းကြွေကျလာသည်။ မျက်ရည်တို့ဖြင့် စိုလက်တောက်ပနေသော မေ့ကို ငေးငေးမောမောကြည့်နေသည်။

"ကိုကြီး အမြဲဆိုနေကျသီချင်းမို့ ကျွန်တော့်ရင်ထဲစွဲနေတာ...ဒီသီချင်းဟာ ကျွန်တော့်ကိုလည်း ခံစားစေပါတယ်"

"ကဲ...ဒါဆို မင်းသားလဲငိုလိုက်...မိဖုလဲငိုမယ်"

ရယ်ရယ်မောမောနှင့် မိဖုဝင်ပြောလိုက်သည့်အတွက် အကြပ်အတည်းမှ မေလွတ်မြောက်သွားသည်။

"မင်းသားက အဆိုသိပ်ကောင်းတော့ မေ ငိုချင်တာပေါ့"

မေဆင်ခြင်အပေးကောင်းသည့်အတွက် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။ ဘန်ဂလိုသို့အပြန်လမ်းမှာ ခတ္တာသီချင်းတစ်ပိုဒ်ကို ထပ်တလဲလဲဆိုနေသည်။

"ဆွေးဆွေးမြေ့မြေ့နဲ့ မောင့်ကိုယ်စားမလွမ်းချင်ဘူး...အသက်ရယ် မင်းဆုံးဖြတ်တော့..ယုံမယ်နော်ဒီတစ်ခါမင်း သစ္စာမြဲရစေမယ်"

သူ့သီချင်းသံနှင့်အတူ သူ့ခံစားချက်တွေက မေ့နှလုံးအိမ်ဆီသို့ စီးဆင်းစိမ့်ဝင်သွားသည်။

× × × × ×



"သမီးဟာ သိပ်ဘဝင်မြင့်လွန်းတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတယ်...မိဘစကားကိုအလေးမထားဘူး၊ အခုတော့ကောင်းကြသေးရဲ့လား...မကြာခင်ဂျာနယ်ထဲမှာ ပါလာတော့မယ်"

အေးအေးဆေးဆေးနေတတ်သော မေမေ့နှုတ်မှ အပြစ်တင်စကားတွေကို ပြတ်သားစွာကြားရသည်။ မေမေ့ကို နှုတ်တုံ့ပြန်နိုင်သည့် စွမ်းအားမရှိပါ။

ကိုကိုမော်သူငယ်ချင်းတစ်ယောက်ဆီက မေ့သတင်းကြားခဲ့ရသည်ဆိုကာ ကိုကိုမော်အကြောင်းကြားသည်။ ချောင်းသာကမ်းခြေမှ မင်းသားနှင့်မေတို့၏ ဓာတ်ပုံနှင့်သတင်း နေခြည်ဦးဂျာနယ်တွင် ပါလာမည်တဲ့။

အန်တီစော၏ ဆူပူကြိမ်းမောင်းသံတို့ ပွက်လောညံသွားပြီးနောက် မေမေ့စကားသံတွေကို ကြားရတော့သည်။

"မိဘရဲ့အစီအစဉ်ကိုကျတော့ ဖွတ်ဖျက် တယ်..လူကြီးတွေမှာ ကြည်ကြည်ဦးတို့ကို မျက်နှာပူလိုက်ရတာ...သူကတော့ ချောင်းသာမှာ မင်းသားနဲ့ သွားတွဲနေတယ်၊ အခုဘယ်လိုလုပ်ကြမလဲ"

"ဘယ်ဂျာနယ်မှာ ပါမယ်ပြောတာလဲ မေမေ"

"ညည်းအစ်ကိုပြောတော့ နေခြည်ဦးဂျာနယ်

တဲ့"

မေ့စိတ်ထဲမှာ မခံရပ်နိုင်အောင် ဒေါသထွက်ရသည်။ သည်ဂျာနယ်တိုက်ပဲ ဖြစ်နေပြီပေါ့။

မိဇ်ကိုခေါ်ပြီး ဂျာနယ်တိုက်လိုက်သွားရန် စီစဉ်သည်။

"ကိုကိုမော့်သူငယ်ချင်းက အဲဒီဂျာနယ်တိုက်က အယ်ဒီတာ့ဆီမှာ သတင်းထည့်ဖို့လုပ်ထားတဲ့ ဓာတ်ပုံ ကိုတွေ့တာတဲ့"

အန်တီစောဝင်ပြောသည်။ မေမေက သူ့ကို ဒေါသမျက်ဝန်းများနဲ့ကြည့်ပြီး...

"ကြည်ကြည်ဦးနဲ့တိုင်ပင်ပြီး မောင်နန္ဒကျော်နဲ့ကိစ္စကို အမြန်စီစဉ်မှဖြစ်မယ်"

"မဖြစ်နိုင်ပါဘူး မေမေ"

"မဖြစ်နိုင်ဘူး ဟုတ်လား...ဇင်ယော်လို မင်းသားတစ်ယောက်နဲ့ကျတော့ ဖြစ်နိုင်သလား... သဘာဝချင်းမတူပဲနဲ့ ဘယ်လိုပေါင်းစပ်နိုင်မှာလဲ...ဒီ တစ်ခါတော့ သမီးဆန္ဒအတိုင်း လိုက်လျောလို့မဖြစ်ဘူး"

မေမေ့ကို တုံ့ပြန်ပြောဆိုမနေတော့ပဲ မိဇ်ကို ရှာရန်ထွက်ခဲ့သည်။ မိဇ်အိမ်မှာအသင့်မရှိသည့်အတွက် မေစိတ်ညစ်ရပြန်သည်။ မင်းသားကလည်း မနေ့က ကားရိုက်ထွက်သွားမည်ဟုဆိုကာ ဖုန်းနှင့်နှုတ်ဆက်



သွားသည်။

စိတ်ညစ်ညစ်နှင့် မဂ္ဂဇင်းတိုက်ဆီသို့ ဦးတည်မောင်းလာခဲ့သည်။ သူ့ဂျာနယ်သတင်းထူး၊ သတင်းဦးဖို့ကိုသာ အလေးထားသော အယ်ဒီတာကြီးနှင့် တွေ့ရဦးမည်။ ဒေါသထွက်နေသောသူနှင့် ထိုအယ်ဒီတာကြီး အကြီးအကျယ်စကားများကြရပေဦးမည်။ စိတ်ညစ်လိုက်ပါဘိတော့။

ဂျာနယ်တိုက်ရှေ့မှာ ကားရပ်မည်ကြံလိုက်တော့ တိုက်ရှေ့တည့်တည့်မှာ ကားတစ်စီးက နေရာယူထားပြီးဖြစ်နေသည်။ ကားနံပါတ်ကို အမှတ်မဲ့ကြည့်လိုက်မိသည်နှင့် မေထခုန်မတတ် ဝမ်းသာသွားသည်။ ဒါ...ဒါ...ဦးမြင့်မိုရ်ရဲ့ကားပဲ။

သူ့ကားရှေ့မှာရပ်ထားလိုက်ပြီး ကားထဲမှ စောင့်ကြည့်နေလိုက်သည်။ စိတ်ညစ်သည့်ကြားမှပင် ရယ်လည်းရယ်ချင်နေသည်။ မင်းသားနှင့်မတူအောင် နေပြနိုင်သည်ဆိုကာ ပေါ့ပါးလွတ်လပ်နေသည့် မင်းသားနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ သွားလာခဲ့ကြသည်။ ယခုတော့ မဂ္ဂဇင်းဂျာနယ်တို့၏ စက်ကွင်းမှ မလွတ်နိုင်ပါလား။

အင်း...တကယ်တော့ မင်းသားဆိုတာ မင်းသားပါပဲလေ။

ကိုနန္ဒကျော်နဲ့ လက်ထပ်ရမတတ်ဖြစ်နေသော အနီးကပ်ပြဿနာကို စဉ်းစားလိုက်တော့ ထွက်ပြေးချင်စိတ်ပေါက်မိသည်။ အချစ်စစ်အချစ်မှန်ကို လက်ကိုင်ထားခံစားရေးဖွဲ့နေသည့် စာရေးဆရာမဖြစ်ပါလျက် အချစ်မဲ့အိမ်ထောင်ရေး၏ သားကောင်တော့ အဖြစ်မခံနိုင်။

မိဘဆွေမျိုးအားလုံးနှင့် မေ့တစ်ယောက်တည်းရင်ဆိုင်ရမည့် ဘဝပြဿနာပါလား။

မင်းသား...မင်းသား... သည်မင်းသားကြောင့် ငါပြဿနာတက်နေပြီ။

စိတ်ထဲမှတင်းကြပ်လာသည့်အတွက် မျက်လုံးကို ခေတ္တမျှမှိတ်ထားလိုက်မိသည်။

"မေ"

သူ့အသံက မေ့ကိုရင်ခုန်စေသည်။ ချက်ချင်းပင် မျက်လုံးဖွင့်ကြည့်လိုက်သည်။ မေ မကြာခဏ တမ်းတခဲ့ရသော သူ့အကြည့်နွေးနွေးနှင့် ရင်ဆိုင်ရသည်။

"ရှင်ဘယ်ထွက်ပြေးဦးမလို့လဲ....ရှင့်ကို မေ စောင့်နေတာ"

"ဂျာနယ်ထဲက သတင်းကိစ္စကို ပြောခိုင်းမလို့လား"



မေဖြစ်ရပ်တိုင်းမှာ ကြိုတင်၍သိနေနိုင်လွန်းသော သူ့ကိုအံ့သြရပါသည်။

"သိလှချည်လား"

"မေ့ကို အသိဆုံးကကျွန်တော်ပါ"

ကြည်နူးစွာပြုံးရင်း မေခေါင်းဆတ်ပြသည်။

"အယ်ဒီတာနဲ့ ဝင်တွေ့ပြီးပြီ...ဟောဒီမှာ မေ့ဓာတ်ပုံ"

စာအိတ်နှင့်ထည့်ထားသော ဓာတ်ပုံနှစ်ပုံကို ကမ်းပေးသည်။ ချောင်းသာကမ်းခြေမှာ အတူတွဲပြီး လမ်းလျှောက်လာသည့်ပုံ၊ ကမ်းစပ်မှာထိုင်နေသည့်ပုံ။

သူကတော့ မေတို့ပြန်လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။

"ဒီပုံတွေ ဂျာနယ်ထဲမှာပါတော့မယ်ဆိုတာ ရှင်ဘယ်လိုသိတာလဲဟင်"

"အယ်ဒီတာက သူငယ်ချင်းလေ၊ သတင်းအယ်ဒီတာကလာပို့တော့ မေ့တို့ပုံတွေဖြစ်နေတာနဲ့ ထည့်ဖို့ဆန္ဒရှိမရှိ ကိုယ့်ကိုလှမ်းမေးတာ၊ ဒါနဲ့ကိုယ်ချက်ချင်းလိုက်လာပြီး ဓာတ်ပုံတွေပြန်တောင်းလာတာ"

သည်တော့မှ မေသက်ပြင်းချနိုင်သည်။

"တော်သေးတာပေါ့၊ မေဒုက္ခတွေ့တိုင်း ရှင်အမြဲတမ်းသိနေတယ်နော်...အမြဲတမ်းကူညီခဲ့တယ်နော်...

အဲဒါဘာဖြစ်တာလဲဟင်"

ထူးခြားသော သူ့အပြုံးကို မေ သတိထားလိုက်မိသည်။ သည်တစ်ကြိမ်သူ့အပြုံးက ကြေကြေကွဲကွဲ နွမ်းနွမ်းလျလျရှိလှသည်။

"ကျွန်တော့်ကိုယ်ကျွန်တော်လဲ ဒီမေးခွန်းကိုပဲ မေးကြည့်နေမိတာပဲ....ဗုဒ္ဓဘုရားတော်နဲ့ ဖြေရမယ်ဆိုရင်တော့ မေ့ရဲ့ဝဋ်ကြွေးရှိလို့ပေါ့"

"ရှင့်ကို မေသိပ်ပြီးကျေးဇူးတင်ပါတယ်...ရှင့်ကိုမေ ဘယ်တော့မှမေ့လို့ရမှာ မဟုတ်ဘူး"

"ကျွန်တော်လည်း မေ့လိုပါပဲ...ဘယ်တော့မှမေ့လို့ရမှာ မဟုတ်ပါဘူး"

ယခင်ကလို တက်ကြွလန်းရွှင်မှုမရှိသော သူ့အသွင်ကြောင့် မေပါစိတ်မကောင်းဖြစ်မိသည်။

"ကျွန်တော်နဲ့ တစ်ခုခုလိုက်စားပါလား မေ ဒါမှမဟုတ်ရင် မေ့ကားကိုထားခဲ့မယ်၊ ကျွန်တော့်ကားနဲ့မေလိုက်ခဲ့ပါ မြို့ပြင်ကို ကားမောင်းသွားရအောင်"

မိသားစုတွေနှင့် ရှင်းမရလောက်အောင် ပြဿနာရှုပ်ထွေးနေရသည့်အချိန်တွင် နောက်ထပ်ပြဿနာတစ်ခုခု မဖြစ်ဖို့အရေးကြီးနေသည်။ သည်အချိန်မှာ ယောကျ်ားတစ်ယောက်နှင့် ကားအတူတူစီးပြီး အလည်အပတ်သွားရန် မသင့်ကြောင်း မေသိပါသည်။ တစ်



ဖက်ကလည်း ထိုအရှုပ်အထွေးများကြားမှ ခေတ္တလောက်လွတ်မြောက်သွားချင်သည်။ မေကိုယ်တိုင်လည်း သူနှင့်စကားတွေ ပြောချင်ပါသေးသည်။

"သိပ်စဉ်းစားနေရသလား မေ၊ မေ့အတွက် အခက်အခဲရှိနေသလားဟင်"

"အခက်အခဲမရှိပါဘူး..မေလိုက်ခဲ့ပါ့မယ်"

သူ့မျက်ဝန်းတွေ ဖျတ်ခနဲအရောင်တောက်လာသည်။ သူ့နံဘေးမှာ မေဝင်ထိုင်လိုက်မိသည်။ သူ့ကားမောင်းထွက်လာသည်နှင့် မေ့စိတ်တွေ ခေတ္တမျှလွတ်လပ်ပျော်ရွှင်သွားသည်။ အလိုလို နွေးထွေးလုံခြုံသွားသလိုလို...အားကိုးမှီတွယ်ရာ တစ်ခုခုကို ရသွားသလိုလို။

"မေ့ကို မေးစရာရှိလို့"

မေနှုတ်ခမ်းလေး ဟသွားသည်။ သူ့စကားက အထူးအဆန်းပါလား။

"ဇင်ယော်ကို မေချစ်သလား"

မေအဖြေရခက်သွားသည်။

"သူ့ကို မေလက်ခံလိုက်ပြီလား"

မေ မဖြေနိုင်သေးခင်မှာပင် ထပ်ဆင့်၍ မေးခွန်းထုတ်နေပြန်သည်။

"သူ့စိတ်ကို မေနားလည်ရဲ့လား"

သူမေးသမျှမေးခွန်းတွေသည် မေ့အနေနှင့် ကိုယ့်ကိုယ်ကို အမေးထုတ်ဆန်းစစ်ကြည့်ရမည့် မေးခွန်းများဖြစ်နေသည်။ ထိုမေးခွန်းတွေ၏အဖြေကို မစဉ်းစားပဲ တဒင်္ဂကြည်နူးပျော်ရွှင်မှုကိုသာ အလေးထားခဲ့သည်။

"မေတို့နှစ်ယောက် ညှိနှိုင်းပြီးပြီလား"

သူ့မေးခွန်းတွေအတွက် ရေရာသေချာသော အဖြေ မေ့မှာမရှိ။ မေ့ကိုယ်မေလည်း မသေချာ။ ကြောက်ရွံ့အားငယ်သော မျက်ဝန်းများဖြင့် သူ့ကိုပြန်ကြည့်နေမိသည်။

"ဒီမေးခွန်းတွေအတွက် မဖြေနိုင်သေးဘူး"

"အို"

မေ့စကားအဆုံးမှာ သူကအလန့်တကြား ရေရွတ်လိုက်သည်။ စိတ်ညစ်ညူးမှုများနှင့်အတူ မေစိတ်တိုလာသည်။

"မေ့မှာ ပြတ်သားတဲ့အဖြေတွေ ရှိပြီးသားလို့ ကျွန်တော်ထင်ခဲ့တာ၊ ဘာတစ်ခုမှလဲ မဖြေနိုင်ဘူး"

"ရှင်ကဘာဖြစ်လို့ ဒီမေးခွန်းတွေ လာမေးနေရတာလဲ၊ ရှင်နဲ့ဆိုင်လို့လား"

ဒေါသစိတ်နှင့် ရှက်စိတ်ရောကာ မေဘုပြောပစ်လိုက်မိသည်။ သူက ခပ်ဖျော့ဖျော့ပြုံးလိုက်သည်။



"မင်းသားတစ်ယောက်ရဲ့ဘဝကို နားလည်ရဲ့လား၊ သူ့ဘဝထဲကို ကိုးဝင်ရဲတဲ့သတ္တိရှိရဲ့လား၊ ဒါတွေကိုဆန်းစစ်ပါဦး...သူ့ရဲ့အောင်မြင်ကျော်ကြားမှုဒဏ်ကို မေခံနိုင်ရဲ့လား"

"အဲဒါမေ့ကိစ္စပါ...ရှင့်အပူမဟုတ်ပါဘူး"

အခြောက်တိုက်ဘုတောကာ ဒေါသခက်ထန်နေသော မေ့ကိုကြည့်ပြီး သူသက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"မေ့အပူတွေဟာ ကျုပ်အပူဖြစ်ခဲ့ပေါင်းများပြီ"

သည်တော့မှ သူ့ကိုမေအားနာသွားရသည်။ မေ့ဒုက္ခတိုင်းမှာ သူပါဝင်ခဲ့ရတာ အမှန်ပါပဲ။

"ဆောရီးပဲ...မေ စိတ်ညစ်နေလို့ပါ"

"အို...ဟုတ်လား၊ မေစိတ်ညစ်နေသလား"

အံ့သြဟန်နှင့် ပြန်ပြောရသည်။ မေ့စိတ်ကို စူးစမ်းလိုသည့်အတွက် မေ့မျက်နှာပေါ်မှာ အဖြေရှာနေသည်။

"ရှင်က မေ့ခံစားမှုကိုမှ စိတ်မဝင်စားတာ... ဘယ်သိနိုင်မလဲ"

သူ့မျက်နှာတွေခနဲ ဖြစ်သွားသည်။ မေ့ကို ငေးငေးမောမောကြည့်နေသည်။

"မေ့ခံစားမှုကို ကျွန်တော်စိတ်ဝင်စားဖို့ လို

သေးသလားမေ"

ဆန်းကြယ်သော သူ့စကားကြောင့် မေ့စိတ်ထဲမှာ ဝမ်းနည်းသွားသည်။ နေရာတိုင်းမှာ မေ့ခံစားမှုတွေကို စိတ်ဝင်စားနေကြဖြစ်ပါလျက် ယခုတစ်ကြိမ်မှာတော့ သူ့စကားတွေက သူစိမ်းဆန်လှသည်။

"မေ့ခံစားမှုကို ရှင်အမြဲတိုင်း စိတ်ဝင်စားခဲ့တာမဟုတ်လား"

သူ့မျက်နှာပေါ်မှာ မချိပြုံးကို တွေ့လိုက်ရသည်။

"အမှန်ပါပဲ...ဒါကြောင့်လဲ ခုချိန်မှာ အယ်ဒီတာ့ ဆီရောက်နေတာပေါ့.....ဒါပေမယ့် အခုချိန်မှာ ကျွန်တော်မလိုအပ်တော့ဘူးလို့ ထင်တယ်"

"စကားအဆန်းတွေပဲ"

နားမလည်စွာနှင့် ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ကျွန်တော့်ညီရဲ့ ချစ်သူတစ်ယောက်ရဲ့ခံစားမှုကို ကျွန်တော့်အနေနဲ့ စိတ်ဝင်စားနေဖို့ မသင့်တော်ဘူးလေ"

သူ့ပင်ကိုယ်ဟန်အတိုင်း တည်တည်ငြိမ်ငြိမ်ပြောသော်လည်း ကြေကွဲရိပ်လွှမ်းနေသည်။ မေနှင့်မင်းသားအကြောင်းကို သူသိနေနှင့်ပြီပဲ။ မေ့ဘက်က



လည်း မင်းသားနှင့်ပတ်သက်လာလျှင် မပြတ်မသားပိုးတဝါးဖြစ်နေဆဲ။

မင်းသား၏အချစ်ကို လုံးဝဥဿုံလက်ခံလိုက်ခြင်းမဟုတ်သော်လည်း ပြင်းပြင်းထန်ထန် မငြင်းဆန်တော့သည့် အဆင့်သို့ရောက်နေတာတော့ အမှန်။ မေ့စိတ်ကို နားလည်အောင် ကြိုးစားပါရစေဦးဟု ဆိုထားဆဲ။

"ကျွန်တော်မေးတဲ့ မေးခွန်းတွေကို ဖြေပါဦးမေ၊ ဇင်ယော်ရဲ့စိတ်ကို နားလည်ရဲ့လားဟင်...သူ့ဘဝထဲကို တိုးဝင်ရဲတဲ့သတ္တိရှိလား မေ၊ ချစ်သူနဲ့ပတ်သက်ရင် ခွင့်လွှတ်နိုင်တဲ့သတ္တိရှိရဲ့လားဟင်"

မပီပြင်မပြတ်သားသေးသော မေ့အဖို့ သူ့အမေးတွေက စိတ်ကိုညစ်ညူးစေသည်။ မေ မဖြေချင်သော မေးခွန်းများကို လာမေးနေသူက ဦးမြင့်မိုရ်ဖြစ်နေခြင်းက ပိုပြီးနာကျင်စေသည်။

မင်းသား၏ချစ်သူအဖြစ် မေ့ကိုသတ်မှတ်လိုက်ခြင်းကလည်း မေ့ကိုခံရခက်စေသည်။ သူ့ဘက်ကစိမ်းကားသည်ဟု မေမြင်သည်။ မေ့အတွက် သူ့မှာဝန်တိုစိတ်မရှိတော့ဘူးတဲ့လား၊ နမြောတွန့်တိုစိတ် မရှိတော့ဘူးတဲ့လား။

"ဖြေပါဦးမေ"

ခပ်ဖျော့ဖျော့လေသံနှင့်ဆိုသည်။

"ဒီမေးခွန်းတွေကို ဘာ ဖြစ်လို့မေးချင်ရတာလဲ ဟင်၊ မေ မဖြေချင်သေးဘူး၊ ဒီလောက်အထိ နက်နက်ရှိုင်းရှိုင်း တွေးမထားသေးဘူး"

"အို"

မေ့ကို နားမလည်နိုင်ဟန်နှင့် ရေရွတ်သည်။

"ဇင်ယော်နဲ့မေဟာ ချစ်သူတွေဖြစ်နေပြီလေ၊ ဒီအချက်တွေကို တွေးရတော့မှာပေါ့...မေက ရုပ်ရှင်ထဲကချစ်သူတွေလို့ ထင်နေသလား...ဒါမှမဟုတ် ဝတ္ထုထဲက ချစ်သူတွေလား"

ဖြည်းလေးစွာ မေခေါင်းညိတ်ပြလိုက်မိသည်။ ဟုတ်ပါသည်။ အိပ်မက်လိုလို...ရုပ်ရှင်လိုလို...မေ့စိတ်ထဲမှာ ဇဝေဇဝါ။

"အိပ်မက်လား...ဝတ္ထုလား...ရုပ်ရှင်လားဆိုတာ ဇဝေဇဝါဖြစ်နေတယ်"

သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး-

"ဘာတွေဖြစ်နေတာလဲမေ....မေဟာ ဒီလိုတွေဝေနေတတ်တဲ့ မိန်းကလေးမဟုတ်ပါဘူး...ပွင့်ပွင့်လင်းလင်း ပြောစမ်းပါမေ"

"သူက မေ့ကိုချစ်ရေးဆိုတယ်...မေ့ဘက်ကလဲ သူ့ကို သဘောကျမိသလိုလိုပါပဲ၊ ဒီထက်ပိုပြီး မေ



မတွေးရသေးဘူး၊ မေ့ဘက်က ဒီလောက်ပါပဲ"

စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားပြီး ဖြေလိုက်သည်။ မင်းသားနှင့်ချစ်ခဲ့သည့် အကြောင်းတွေကို သူ့ရှေ့မှာရင်ဆိုင်ဖြေကြားရခြင်းက မေ့အတွက် အတိုင်းအဆမရှိ စိတ်ထိခိုက်လှုပ်ရှားရပါသည်။

"မေ့ကို ကျွန်တော်နားမလည်တော့ဘူး"

"မေ့စိတ်တွေက လွင့်နေတာ...လွင့်မျောနေတဲ့စိတ်တွေဟာ တစ်နေရာရာမှာတော့ဝင်ပြီး ဟိုးမိငြိမိတော့တာပါပဲ၊ မေကိုယ်တိုင်တောင် ရှင်းရှင်းလင်းလင်းမသိနိုင်တဲ့ကိစ္စကို ရှင်နားလည်အောင် ရှင်းမပြနိုင်ဘူး"

"မေရယ်"

ခပ်တိုးတိုးလေး ညည်းလိုက်သည်။

"မေ့စိတ်တွေ ဘာဖြစ်လို့လွင့်နေရတာလဲ"

"ကောင်းကင်မှာရှိတဲ့တိမ်တွေ ဘာဖြစ်လို့လွင့်မျောနေရတာလဲ....မှီတွယ်ရာမရှိလို့ပေါ့...ဦးတည်နားခိုရာမရှိလို့ပေါ့၊ အဆုံးမဲ့တဲ့ကောင်းကင်ပြင်မှာ လွင့်ချင်တိုင်း မျောချင်တိုင်းမျောနေတာလေ"

မေ့ဆံပင်ရှည်တွေက လေထဲမှာ တဖျတ်ဖျတ်နှင့်လွင့်နေသည်။

"ကောင်းကင်ဟာ သူ့အတွက်မှီတွယ်ရာပေါ့၊ မဟုတ်ဘူးလား....အတိုင်းအဆမရှိတဲ့ ကျယ်ပြန့်တဲ့

ကောင်းကင်ဟာ သူ့အတွက် မိုးတွယ်ခိုနားရာပဲလေ"

သူ့စကားကမေ့ကို လေးနက်သောအတွေးကို ဖြစ်စေသည်။ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်ဖွင့်ဆို ကြည့်နေမိသည်။

"ကောင်းကင်ဟာ သူ့အတွက်မိုးတွယ်ရာဆိုတာ မိုးတိမ်ကသိချင်မှသိမှာ...လမင်းနဲ့ငွေကြယ်ပွင့်တွေအတွက်လို့ ထင်ချင်ထင်နေမှာလေ"

မေ့စကားတွေ၏ အတိမ်အနက်ကို သူနားလည်လိုက်ဟန်ရှိသည်။ သူ့မျက်ဝန်းထဲမှာ အတွေးရိပ်တွေသန်းနေသည်။ မည်ကဲ့သို့ အဓိပ္ပာယ်ရှာဖွေတွေ့ရှိသွားသည်မသိ။ သူငြိမ်သက်နေသည်။

"ကျွန်တော်မေးတဲ့စကားတွေကို ဖြေနိုင်အောင်ကြိုးစားပါဦးမေ...ဇင်ယော်က တကယ်ခံစားတတ်ပါတယ်၊ သူ့ဘက်က မေ့ကို သိပ်အလေးအနက်ထားပါတယ်၊ မေ့ဘက်က တုံ့ပြန်မှုကိုလည်း အပြည့်အဝမျှော်လင့်နေပါတယ်၊ သူ့ရဲ့အချစ်စိတ်ကူးတွေက မိုးကောင်းကင်တမျှပါပဲ"

သူ့အပေါ်အချိန်ကြာမြင့်စွာ တိတ်တခိုးချစ်ခင်မြတ်နိုး တွယ်တာခဲ့ရသမျှအတွက် နှမြောမိသည်။ သူလည်းမေ့အပေါ် တွယ်တာမှု ရှိလိမ့်မည်ဟုထင်ခဲ့သည်။ ယခုတော့ သူကမေ့အပေါ် သူစိမ်းပြင်ပြင်ပါလား။



မေ့အတွက် နှမြောတသစိတ် နည်းနည်းလေးမှမရှိတော့ဘူးတဲ့လား၊ မင်းသား၏အချစ်အတွက် ရှေ့နေလိုက်ပေးနေသည်။ မေနှင့်သူ့ညီကို အောင်သွယ်လုပ်၍ ပေါင်းကူးဆက်စပ်ပေးနေပြန်သည်။

နှာကျင်လှုပ်ရှားမှုဖြင့် မေ့မျက်နှာတင်းသွားသည်။

"အဲဒါက မေတို့နှစ်ယောက်ရဲ့ကိစ္စပါ...ရှင်နဲ့"

"ကျွန်တော်နဲ့မဆိုင်ဘူးလို့ ဆိုချင်တာလား"

တုန်တုန်လှုပ်လှုပ်နှင့် ခေါင်းညိတ်ပြလိုက်သည်။ သူနှင့်မင်းသား၏ အချစ်ရေးကိစ္စမှာ ဖြစ်မြောက်အောင် တွန်းအားပေးနေသည့်အတွက် အခံရခက်လှသည်။

သူ့အပေါ် မေ့အနေနှင့် တွယ်တာခဲ့မိခြင်း သည်ရှုးသွပ်မိုက်မဲမှုများပဲပေါ့။ သူကတော့ မေ့ကို နွယ်တစ်ပင်မြက်တစ်ပင်ခန့်မျှပင် သံယောဇဉ်မရှိခဲ့ပါလား ဝမ်းနည်းခြင်း၊ နာောင်တရခြင်းတို့ဖြင့် ရင်ထဲမှာတင်းကြပ်နေသည်။

"ကျွန်တော်နဲ့ဆိုင်တယ်မေ၊ ဇင်ယော်ဟာ ကျွန်တော့်ညီပါ၊ ဇင်ယော်က မေနဲ့သူ ချစ်နေကြပြီတဲ့ [illegible]တွေဆီမှာ ကျွန်တော့်ကို တောင်းရမ်းပေးပါတဲ့၊ ဒါ[illegible]ကြောင့် မေ့ကိုမေးရတာပေါ့"

သူ့စကားတွေက မေ့နှလုံးအိမ်ဆီသို့ ပူလောင်စွာ စီးဆင်းသွားသည်။

"ရှင်ကသူ့အတွက် မေ့ကိုတောင်းရမ်းပေးမယ်လို့ ဟုတ်လား"

မေလှောင်ရယ် ရယ်ပစ်လိုက်မိပေမယ့် ရင်ထဲမှာတော့ငိုနေပါသည်။

"ဟုတ်ပါတယ်...ဇင်ယော်မှာမိဘမရှိဘူး.... ကျွန်တော်က တာဝန်အရှိဆုံးပါ၊ ဒါကြောင့် မေ့ဆန္ဒကို နောက်ဆုံးအနေနဲ့မေးတာပါ"

တည်ငြိမ်အောင် ကြိုးစားထားသော်လည်း ယခင်ကလို ရွှင်လန်းတက်ကြွမှုရှိတာတော့ အမှန်။

"မေ့ရဲ့စိတ်ထဲမှာ ပြတ်သားစေချင်တယ်... မေ့စိတ်ကိုမလှည့်စားစေချင်ဘူး"

"မေကြိုးစားနေတုန်းပါပဲ...မေဆုံးဖြတ်ပါ့မယ်"

ခေတ္တမျှသူငိုင်ကျသွားသည်။ မေ့ကိုမကြည့်ပဲ အဝေးဟာစနေရာသို့ လှမ်းမျှော်ကြည့်နေသည်။ အတန်ကြာမှ

"မေဆုံးဖြတ်ပြီးရင် ကျွန်တော်သိပါရစေ"

"ရှင်လာတောင်းမလို့လား"

ခပ်ထေ့ထေ့အပြုံးနှင့် မေးလိုက်ရပေမယ့် မျက်ရည်တွေက ဝဲစပြုနေသည်။



"ဘဝပေးတာဝန်အရပေါ့ မေ"

သူ့လေသံထဲမှာ 'တုန်ခါမှုတွေပါနေပြီး တိုးတိတ်လွန်းလှသည်။ သူ့အမူအရာပျက်ယွင်းနေသလို မေ့ဘက်ကလည်း အမူအရာပျက်ယွင်းနေပါသည်။

"ဒါဆိုရင် မေ့အတွက် ရှင်မပူရတော့ဘူးပေါ့နော်၊ ရှင့်ကို မေက မကြာခဏဒုက္ခပေးတတ်တယ် လေ"

မေ့မျက်နှာလေးကို စူးစူးနစ်နစ်ကြည့်ပြီး...

"မေနဲ့ဇင်ယော် လက်ထပ်ပြီးရင်လဲ မေ့ကို ပစ်မထားပါဘူး၊ မေနဲ့မနီးမဝေးမှာ ရှိနေမှာပါ...မေ့ဒုက္ခတွေကို မျှဝေခံစားပေးမှာပါ...ချစ်ခြင်းရဲ့အနှစ်သာရ ဟာ ထာဝရပေးဆပ်ခြင်းပါပဲမေ"

"အို...ရှင်ကမေ့ကို"

ယှဲ့ယှဲ့မျှသူပြုံးလိုက်သည်။

"ဟုတ်တယ်၊ မေ့ကိုကျွန်တော်ချစ်တယ်.... တွေ့တဲ့နေ့ကစပြီး ချစ်ခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်ဘဝက မေ့လိုသန့်စင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ မတန်ပါဘူး၊ ညီလေးကတော့ ရိုးသားအပြစ်စင်သူပါ၊ ဒါတွေကို မေ့လိုက်ပါတော့မေ၊ မေ့ဘဝအတွက် မနီးမဝေးတစ်နေရာကနေ အမြဲစောင့်ကြည့်နေမှာပါ၊ ညီလေးရဲ့ဇနီးဆိုတဲ့မေ့ကို ကူညီနိုင်တဲ့အခွင့်အရေး ပိုပြီးရှိတဲ့အတွက် ကျေနပ်ရမှာပါ"

မေမျှော်လင့်တောင့်တခဲ့သမျှစကားကို သူ့ထံမှကြားလိုက်ရသည့်မို့ ရင်ခုန်လှုပ်ရှားရလွန်း၍ သူ့ကိုပြန်ပြောစရာစကားရှာမရတော့။ မေ့နှလုံးသားသည် အချစ်သွေးတို့ဖြင့် နွေးထွေးလာသည်။

"တစ်သက်လုံး ဖွင့်မပြောဖို့ ဆုံးဖြတ်ထားခဲ့ပေမယ့် အခုတော့မေသိသွားပြီ...ဒါပေမယ့် မေစိတ်မဆင်းရဲပါနဲ့၊ မေ့ဆီက ကျွန်တော် ဘာတစ်ခုမှတောင်းဆိုပါဘူး၊ တောင်းဆိုပိုင်ခွင့်လည်းမရှိဘူး တောင်းဆိုနိုင်တဲ့ အရည်အချင်းလည်းမရှိဘူး"

မေထာဝရတမ်းတမျှော်လင့်ခဲ့ရသည့် သူ့အချစ်ကိုရလိုက်သောကြောင့် ကြည်နူးရပါသည် အတိုင်းမသိကြည်နူးရခြင်းပါ။ သို့ပေမယ့် သူ့အချစ်ကသည်တွင်ပင် ဇာတ်သိမ်းသွားခဲ့ပြီ။ ရှေ့သို့တိုး၍ နူးရှုးမိုက်မိုက်ချစ်ခွင့်မရလိုက်ပါ။ မေ့ကိုဆက်၍ အချစ်နှင့်ရှူးသွပ်မိုက်မဲခွင့်မပေးပါ။

သူ့အချစ်ကို လက်ဆင့်မကမ်းတော့သည့် အနေအထားမှာ မေဘာများတတ်နိုင်ဦးမှာလဲ...မေကမိန်းမသားဖြစ်သည်လေ။

"နည်းနည်းမှောင်စပျိုးနေပြီ၊ မေ့ကို ကျွန်တော်ပြန်ပို့မယ်နော်"

သူ့အနားမှာ မေရှိနေချင်သေးသော်လည်း



မာနစိတ်ဖြင့်တင်းခံကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...မေမေတို့က မင်းသားကိစ္စနဲ့ ပတ်သက်ပြီး အမြင်မကြည်လင်ကြဘူး....မေ့ကိုလက်ထပ်ပေးချင်နေတယ်...တကယ်တော့"

မေဆက်မပြောချင်၍ စကားရပ်ထားလိုက်သည်။

"တကယ်တော့ ကျွန်တော့်ပယောဂလည်းပါမှာပါ၊ မွေးနေ့ပွဲကို ကျွန်တော်လာခဲ့မိတာမှားပါတယ်"

"ထားပါတော့၊ မေကတော့ ရှင့်ကိုအပြစ်မမြင်ပါဘူး...မေမေတို့သဘောတူတဲ့သူကို မေ လက်မထပ်နိုင်ဘူး...မေ ဘာလုပ်ရမလဲမသိဘူး"

မေ့အခြေအနေကို ကောင်းစွာနားလည်သွားဟန်တူသည့် အကြင်နာမျက်ဝန်းများနှင့် မေ့ကိုလှမ်းငေးထားလိုက်သည်။

"မေ စားမေးပွဲနီးနေပြီ...ခေါင်းအေးအေးထားပြီး မေစာကြည့်ပါ...စာမေးပွဲပြီးတော့မှ ဆုံးဖြတ်ပါ၊ ဆုံးဖြတ်ပြီးရင် ဖုန်းဆက်လိုက်ပါ"

မေ မဲ့ပြုံးလေးပြုံးလိုက်သည်။

"မေ့ကို လာတောင်းဦးမလို့လား"

ခပ်ဆတ်ဆတ်လေးမေးပြီး နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်သည်။ နူးညံ့နွေးထွေးသော အကြင်

နာအပြုံးဖြင့် မေ့ကိုနှစ်သိမ့်လိုက်သည်။

"မေကိုယ်တိုင်က ရွေးချယ်တယ်ဆိုရင်ပေါ့"

သူ့ကိုအဖြေမပေးတော့ပဲ ခေါင်းငုံ့ထား လိုက်သည်။ သူ့အိမ်ရှေ့မှာ ကားရပ်လိုက်သည်။

"ဒီမှာပဲ ရပ်လိုက်တော့မယ်နော်၊ မေတို့အိမ်ရှေ့မှာ ကားမရပ်ချင်ဘူး၊ မေ့ကိုဝိုင်းဆူကြဦးမယ်"

နားလည်စွာနှင့် မေခေါင်းညိတ်လိုက်သည်။ ချက်ချင်းအိမ်ဆီသို့ ဆက်မလျှောက်သေးပဲ ကားနားမှာဆက်ရပ်နေမိသည်။ ဘူ့ထံမှကြားနေကျစကားကို ကြားချင်နေသေးသည်။ သူ့မှာပြောနိုင်သည့် အခြေအနေမှ ရှိပါသေးသလား။

"သွားမယ်မေ၊ စိတ်အေးအေးနဲ့စာကြည့်နော်... မေ့ကို ကျွန်တော်တွေ့ချင်ပါသေးတယ်"

ကြိုးစား၍ပြုံးကာပြောပေမယ့် အသံကတိုးဖျော့လွန်းလှပါသည်။ မျက်ရည်ဝေ့ဝဲနှင့်ကြေကွဲစွာ ပြုံးပြလိုက်သည်။ အိမ်ဘက်ဆီသို့လျှောက်လာရင်း ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ မိုးကောင်းကင်ထက်၌ ငွေလမင်းနှင့်ငွေကြယ်ပွင့်တို့က စိုးမိုးမင်းမူနေသည်။ မိုးတိမ်တို့ကမူ ကောင်းကင်၏ချစ်ခြင်းကို မေ့လျော့စွာနှင့် အတည်ငြိမ်မဲ့စွာလွင့်မျောနေသည်။

ဝေးကွာခြင်းဝေဒနာကို ရင့်သည်းစွာခံစား



လိုက်ရပြန်သည်။ ဝေ့ဝဲနေသော တိတ်တခိုးမျက်ရည်တို့ကို ချစ်သောသူအတွက် လွတ်လပ်စွာပါးပြင်ပေါ် သို့ ကြွေလွင့်စေလိုက်သည်။

မေ့ပါးပြင်သည် ချစ်ခြင်းမျက်ရည်ပွင့်တို့ဖြင့် စိုလက်နေပါသည်။ မိန်းမသားတို့၏ ပါးပြင်မည်သည် အချစ်၏မျက်ရည်များဖြင့် ရွှန်းစိုတော့မည် မြဲမဟုတ်ပါလား။

× × × × ×

သူ၏ချစ်ခြင်းဖြင့် မေသည်ရွှေးတွေးစွာအိပ်ပျော်သွားခဲ့သည်။ ဆွေးမြေ့ကြေကွဲစွာ ငိုရှိုက်ရခြင်းကိုပင် အချစ်၏ဆုလာဒ်အဖြစ် အမြတ်တနိုးတွယ်တာခဲ့မိသည်။

ရွှေရောင်ဝင်းအိနေသော နေခြည်နုနုတို့ ပြတင်းတံခါးကိုကျော်၍ မေ့အိပ်ယာဆီသို့ လွှမ်းမိုးဖြန့်ကျက်ထားသည့် နံနက်ခင်းတွင် အချစ်၏မွှေ့ပျော်ခြင်းနှင့်အတူ မေနိုးလာသည်။

"မေ့ကို ကျွန်တော်ချစ်တယ်"

ဆိုသည့်စကားက မေ့အသိထဲသို့ အဦးဆုံးတိုးဝင်လာသည်။ ကြည်နူးစွာပြုံးလိုက်မိသည်။ ပြီးတော့ ဝေးကွာခြင်းနှင့်နှုတ်ဆက်ခြင်းတို့ကို အမှတ်ရကာ ကြေကွဲစိတ်ဖြင့် မျက်ရည်ဝဲလာသည်။

မည်သို့ပင်ကြေကွဲရသည်ဖြစ်စေ၊ သူ့အချစ်ကြောင့် မေ့ဘဝသည် အဓိပ္ပာယ်ရှိနေသည်။ မေ့ဘဝတွင်ချစ်ခဲ့ရသော ချစ်သူရှိသည်။ ထိုချစ်သူ၏အချစ်ကို မေသိခဲ့ရသည်။ သည်မျှနှင့်ကျေနပ်ရပါတော့မည်။ သည့်ထက်မေဆက်၍ မတွေးရဲပါ။

မေမေ၊ အန်တီစောနှင့်ကိုကိုတို့က ကိုနန္ဒကျော်နှင့်နားချကြသည်။ အမြန်ဆုံးစေ့စပ်ကြောင်းလမ်းပေးရန် စီစဉ်နေကြသည်။ ဦးမြင့်မိုရ်စကားအတိုင်း စာမေး



ပွဲကိုးအကြောင်းပြ၍ အားလုံးကို ဆိုင်းငံ့ထားစေသည်။

"စာမေးပွဲပြီးမှ သမီးဆုံးဖြတ်မယ်မေမေ၊ သမီးစာမေးပွဲကိုတော့ ဖြေပါရစေဦး၊ သမီးကိုစိတ်အနှောင့်အယှက် မပေးပါနဲ့"

မေမေတို့ကိုတောင်းပန်ပြီး အခန်းတံခါးပိတ် ၍စာကြည့်နေခဲ့သည်။ ပြဿနာတွေရှုပ်ထွေးလွန်းသည့်အတွက် စာထဲမှာ စိတ်မဝင်စားနိုင်။

"မေလားဟင်...ကျွန်တော်က မန္တလေးကပြန်ရောက်တယ်၊ မေနဲ့တွေ့ချင်တယ်...မေ့ကိုသိပ်လွမ်းတယ်"

မင်းသားအသံခပ်နွဲ့နွဲ့ကို ကြားလိုက်ရသည်နှင့် မေရင်တုန်သွားသည်။ အကြပ်အတည်းတခုနှင့် ရင်ဆိုင်ရဦးမည်ဆိုတာ အလိုလိုသိနေသည်။

"ရွှေအင်းယားကို လာခဲ့ပါလားမေ၊ အဲဒီက ကျွန်တော်စောင့်နေမယ်၊ မေနဲ့အတူတူ ထမင်းစားမယ်၊ စကားပြောမယ် မေ့အသံကို မကြားရတာကြာပြီ"

သူ့အသံကိုကြားလိုက်ရသည်နှင့် ချောင်းသာ၏လသာညကို သတိရလိုက်သည်။ ကြည်နူးတမ်းတဖွယ် လပြည့်ညကလေးပေပဲ။

"မဖြစ်ဘူးမင်းသား....မေလာလို့မဖြစ်ဘူး...အခုအချိန်မှာ လူမြင်ကွင်းမှာ ဘယ်သူနဲ့မှ တူတူမရှိချင်

ဘူး...မေ့မှာ ပြဿနာတွေ ဝိုင်းဝိုင်းလည်နေတယ်"

မဂ္ဂဇင်းထဲမှာ ပါလာသဲဆဲအောင်ပုံသတင်းနှင့် မေမေတို့သဘောထားကို အကျဉ်းချုပ်ပြောပြလိုက်သည်။

"မေနဲ့ကျွန်တော်ရဲ့သတင်းပါလဲ မှုစရာမလိုပါဘူး....မကြာခင် မေနဲ့ကျွန်တော် ချစ်သူတွေအဖြစ် ကြေငြာတော့မှာပဲ ဒါတွေကို မှုမနေပါနဲ့မေရယ်....အနုပညာသမားတစ်ယောက်နဲ့ လက်တွဲဖော်ဖြစ်လာရင် စာနယ်ဇင်းစာမျက်နှာတွေပေါ်မှာ မကြာခဏပါလာမှာပဲ"

မင်းသား၏အားနည်းချက်ကို မေရှာဖွေတွေ့ရှိလိုက်သည်။ တစ်ဖက်လူ၏ အခက်အခဲကို အလေးမထားတတ်။ သူ့အတွက်ကိုသာ ရှေ့တန်းတင်တတ်သည်။ ယခုလည်း မေ့အခက်အခဲကို နည်းနည်းမျှ မစဉ်းစား၊ သူ့ဆန္ဒကိုသာ ဖွင့်တိုးပြောနေသည်။

"မေစဉ်းစားနေတုန်းပဲ မင်းသား...မေ မဆုံးဖြတ်ရသေးပါဘူး"

"ဟာဗျာမေရယ်.....စိမ်းရက်လိုက်တာ... ကျွန်တော်ကဖြင့် ကိုကြီးကိုတောင် တောင်းခိုင်းထားပြီးပြီ"

"သူ ပြောပါတယ်...မေတို့နှစ်ယောက်ရဲ့



ပြဿနာက ဒီလောက်အထိမလွယ်သေးပါဘူး...မေ့အသိုင်းအဝိုင်းကို ဆန့်ကျင်နိုင်ဖို့ အင်အားတွေလိုနေပါသေးတယ်"

"ကျွန်တော်က မေနဲ့လက်ထပ်ဖို့ကိစ္စကို ဆွေးနွေးချင်တယ်....ကျွန်တော်က မကြာခင်ခရီးထွက်ရဦးမှာ ကြာမယ်"

စိတ်ထဲမှာ တင်းကြပ်နေသည့်အတွက် သူ၏ ကလေးဆန်မှုတို့ကို ထာဝစဉ်နှစ်ခြိုက်သဘောကျခဲ့ပါလျက် ယခုအချိန်မှာတော့ ငြီးငွေ့စိတ်ပျက်မိသည်။

"မေ့မှာ စာမေးပွဲဖြေရဦးမယ်...စာမေးပွဲမပြီးမချင်း မေဘာမှ မဆုံးဖြတ်ပါရစေနဲ့"

"စိတ်လေတယ်မေရယ်...မေ့ကြောင့်ခက်တယ်...ကျွန်တော်ဘာလုပ်ရမှန်း မသိတော့ဘူး"

သူ့ထုံးစံအတိုင်း ညည်းညည်းညူညူနှင့် နွဲ့ဆိုးဆိုးပေဦးမည်။

"မေစာကြည့်တော့နော်၊ စာမေးပွဲပြီးမှတွေ့မယ်"

စကားဖြတ်၍ ဖွတ်အတင်းဖုန်းချလိုက်ရသည်။ ဖုန်းကမကြာခဏမြည်လာပေမယ့် မကိုင်ပဲနေလိုက်သည်။ ည(၁၂)နာရီလောက်မှာလည်း ထဆက်ချင်ဆက်သည်။ မတတ်နိုင်၊ တယ်လီဖုန်းကို မကိုင်ပဲ

နေလိုက်သည်။

တစ်လခန့်အိမ်ထဲက အိမ်ပြင်မထွက်၊ ဖုန်းမကိုင်ပဲ သူ့စိတ်ကိုအကျဉ်းချထားလိုက်သည်။ မိဖနှင့်ပင်ဖုန်းမပြောမိအောင်နေသည်။ မနေနိုင်သည့်အဆုံး မှာ မိဖအိမ်သို့လိုက်လာသည်။

"ကျုပ်ကရှင့်ကို ချစ်ရေးဆိုနေတဲ့သူမို့ အဆက်ဖြတ်ထားတာလား"

မိဖမကျေမနပ်နှင့်ပြောသည်။

"ရှင်တို့နဲ့တိုင်ပင်မိရင် ကျုပ်စိတ်တွေ တွေဝေသွားနိုင်တယ်၊ ယိမ်းယိုင်သွားနိုင်တယ်...ဒါကြောင့် ဘယ်သူ့စကားမှနားမထောင်တာ"

"မိန်းမ...သူ့အကျိုးအတွက်လဲ အကြံပေးရသေးတယ်၊ သူကပဲ အပြစ်တင်ရသေးတယ်"

မိဖနှုတ်ခမ်းစူပြီးဆိုတော့ မေတင်းမနေနိုင်တော့၊ မိဖကို ချော့ရတော့သည်။

"စာမေးပွဲဖြေချင်စိတ် မရှိမှာစိုးလို့ပါ၊ စာမေးပွဲပြီးတာနဲ့ ရှင့်ဆီက အကြံကောင်းရတော့မှာပါ"

"ကျုပ်ကတော့ ရှင့်ကို မင်းသားနဲ့သဘောမတူဘူး"

မင်းသားနှင့်ရင်းရင်းနှီးနှီးရှိခဲ့ဖူးပါလျက် မိဖနှုတ်ခမ်းများမှ မနှစ်ခြိုက်သည့် စကားကြားရတော့



တွေးစရာဖြစ်ရသည်။

"သူကလေးဆန်ရုံတင်မကဘူး အတ္တကြီးတယ်၊ တော်ပြီ မေစိတ်ညစ်သွားဦးမယ်...စာမေးပွဲပြီးမှပြောမယ်"

ကိုယ့်မင်းသားကို ဝေဖန်တော့လည်း မေ့စိတ်ထဲမှာ မခံချင်သလိုလိုဖြစ်ရသည်။ မင်းသား၏အတ္တအကြောင်းကို မေကိုယ်တိုင်လည်း သိသလိုလိုရှိပါသည်။

"ဒီတစ်လအတွင်းမှာတော့ ကိုယ်ဘယ်သူ့အကြောင်းမှ မစဉ်းစားဘူး"

စာမေးပွဲပြီးချိန်မှာ မေရင်ဆိုင်ရမည့် ပြဿနာတို့ကို မတွေးရဲပါ။

× × × × ×

စာမေးပွဲဖြေခါနီး တစ်ပတ်အလိုမှာ မမျှော်လင့်ပဲ မိဖဲတို့ကုမ္ပဏီသို့ မရောက် သွားခဲ့သည်။ ဖေဖေအတွက် ဆေးဝယ်ရင်း လမ်းကြုံ၍ဝင်ခဲ့မိခြင်းပင်။

"ဟော...မေပါလား၊ ဂုအောင်းနေရာက ထွက်လာပြီပေါ့လေ"

ပြုံးစစမျက်နှာလေးနှင့် မိဖဲလှမ်းနှုတ်ဆက်သည်။

"ဆေးလာဝယ်တာ...ဂုအောင်းရတော့လဲ စိတ်ညစ်တာပဲ"

"ကားတစ်စီးနဲ့ တစ်မြို့လုံးလှည့်နေတဲ့သူဆိုတော့ ဒီလောက်တော့ရှိမှာပေါ့"

မိဖဲတို့ဖေဖေ၏ အလုပ်ခန်းအတွင်းမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။ သူ့ကိုမြင်လိုက်ရုံနှင့် မေရင်ထဲမှာဆောင့်ခုန်သွားသည်။ သူနှင့်မရင်းနှီးပေမယ့် မြင်ဖူးနေပါသည်။ သူက ဦးမြင့်မိုရ်၏ဇနီး ရတနာဦးပေပဲ...

"မေနဲ့မိတ်ဆက်ပေးရဦးမယ်...ရတနာဦးလေ... ရတနာဦးကုမ္ပဏီပိုင်ရှင်ပေါ့...စာရေးဆရာမမေသံစဉ်ပါ"

မိဖဲ၏မိတ်ဆက်ပေးခြင်းကို အားငယ်တုန်လှုပ်စွာနှင့်လက်ခံကာ ကြိုးစား၍ပြုံးပြလိုက်သည်။ ရတနာ



ဦးဆိုသည့်အမည်က မေ့ကို ထာဝရချောက်လှန့်နေခဲ့သည်ပဲ။ သူ...သူဟာ ဦးမြင့်မိုရ်ရဲ့ဇနီး...လက်ထပ်ခြင်းကွဲကွာခြင်းတွေကို ထည့်မစဉ်းစားနိုင်။ ဦးမြင့်မိုရ်၏ဇနီးဖြစ်ခဲ့ခြင်းက မေ့ကို တုန်လှုပ်စေသည်။

အံ့သြစရာကောင်းသည့်အဖြစ်ကို ကြုံလိုက်ရသည်။ မေ့ဘက်က နာကျင်မှုများနှင့် အနိုင်နိုင်ပြုံးလိုက်ရပေမယ့် ရတနာဦးကတော့ မေ့အမည်ကို ကြားလိုက်ရုံနှင့် အားရဝမ်းသာဖြစ်သွားသည်။

"မေ့ကိုသိနေပါတယ်...မေ့အကြောင်းတွေကိုကြီးဆီက အမြဲကြားနေရတယ်...ဦးမြင့်မိုရ်လေ"

အံ့သြခြင်းများစွာနှင့် မေရောယောင်ခေါင်းညိတ်ပြလိုက်ရသည်။

"တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တယ်.... မေ့ကိုရတနာလိုက်ရှာမလို့ပါ...မေ့ကို ပြောစရာလေးတွေရှိလို့...အရေးကြီးတဲ့ကိစ္စပါမေရယ်"

မေပို၍ ထိတ်ထိတ်ပြာပြာဖြစ်သွားရသည်။ သူ့ယောက်ျားနှင့်မေ့ကိစ္စကို ပြောတော့မှာလား။ ရှက်ရွံ့အားငယ်ခြင်းတို့ဖြင့် မျက်နှာမထားတတ်တော့။

"ဒီမှာစကားပြောလို့ရမလားဟင်..."

"မိဖဲရဲ့အလုပ်ခန်းထဲမှာ ဝင်ပြောပါ၊ မိဖဲအပြင်ခဏသွားလိုက်ဦးမ[illegible] သိပ်မကြာပါဘူး"

တရားသူကြီးရှေ့မှောက် ရောက်နေသည့် တရားခံတစ်ယောက်လို ကြေ ်ရွံ့တုန်လှုပ်နေမိပေမယ့် မေဟန်ဆောင်ထားလိုက်သည်။ ရှုပ်ထွေးသော ယောကျ်ားတစ်ယောက်နှင့် ရင်းနှီးပတ်သက်မိခြင်း၏ ရလာဒ်ကို မေနားလည်လိုက်ပါပြီ။

"ကိုကြီးက မေ့အကြောင်းအမြဲပြောတာ ရတနာထင်တယ်...သူ...သူ...မေ့ကိုသိပ်ချစ်တယ်"

အထိတ်တလန့် ရေရွတ်လိုက်မိသည်။ ရတ နာဦးကတော့ အပြုံးမပျက်ပါ။

"မေ့ရဲ့သဘောထားကို ရတနာမသိပါဘူ အမှားပါရင် ရတနာကိုခွင့်လွှတ်ပါ...ကိုကြီးကို သနား လွန်းလို့ အဖြစ်မှန်ကို ရတနာရှင်းပြပါရစေ"

ရတနာဦး၏စကားတွေက မေ့နားကိုပင် မယ ချင်လောက်အောင်ဖြစ်စေသည်။

"ကိုကြီးနဲ့ရတနာလက်ထပ်ခဲ့ဖူးပါတယ်၊ ကွ ရှင်းခဲ့ပါတယ် ဒါတွေအားလုံးမှန်ပါတယ်...ဒါပေမ ရတနာ့ရဲ့သားလေးဟာ ကိုကြီးရဲ့ကလေးမဟုတ်ပါဘူ နှစ်ဦးသဘောတူ လက်မှတ်ထိုးလက်ထပ်ပြီး သဘေ လိုက်သွားတဲ့ ရတနာရဲ့ချစ်သူ သေသွားခဲ့တယ်... အချိန်မှာ ရတနာ့မှာ ကိုယ်ဝန်ရှိနေပါပြီ၊ ကိုကြီးဟ ရတနာရဲ့အရှက်ကို ဖုံးကွယ်တဲ့အနေနဲ့ ရတနာ



လက်ထပ်ခဲ့တာပါ...ရတနာနဲ့ကိုကြီးဟာ ငယ်ငယ်လေးကတည်းက အိမ်နီးနားချင်းတွေ...မောင်နှမလိုနေလာခဲ့ကြတာ"

"ဒါတွေကို မေမသိပါဘူး...သူ့ကို ရတနာရဲ့ယောကျ်ားအဖြစ်နဲ့ပဲ နားလည်ထားခဲ့တာ"

"ဒီ့ထက်ပိုပြောရရင် ရတနာတို့နှစ်ယောက်က ဟန်ဆောင်လင်မယားတွေပါ...သူက သားအပေါ် သံယောဇဉ်သိပ်ကြီးတယ်၊ သားကလည်း သူ့အပေါ် သံယောဇဉ်သိပ်ကြီးတယ်"

ရတနာ့အသံတိမ်ဝင်သွားပြီး မျက်ရည်တွေစီးကျလာသည်ကို အံ့သြစွာတွေ့ရပြန်သည်။

"သားသံယောဇဉ်နဲ့ ကွာရှင်းပြီးပေမယ့် ရတနာတို့ ပတ်သက်မှုရှိနေကြတာပါ...သူကလည်း သားကို စွန့်ခွာမသွားရက်ဘူး...အခုတော့ သား...သား ဆုံးသွားပါပြီ"

"အို..."

ရတနာသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ တသိမ့်သိမ့်နှင့်ရှိုက်နေသည်။

"သားလေး သွေးကင်ဆာနဲ့ဆုံးသွားပါပြီ.... သားလေးကို စင်္ကာပူမှာ သွားဆေးကုတော့လည်း ကိုကြီးပါလိုက်ခဲ့ရတယ်၊ သားလေးဆုံးသွားပြီဆိုတော့

သူ့ဘဝပျောက်လပ်သွားပါပြီမေရယ် မေ့အနေနဲ့ ကိုကြီးကိုခွင့်လွှတ်ပေးပါလားဟင်၊ သူတကယ်ချစ်ခဲ့တာဟာမေပါ"

ရတနာဦးနှင့်အပူ မေပါရောပြီး မျက်ရည်ကျလာသည်။

"မေဟာ ကြင်နာတတ်မှာပါ၊ နားလည်ခံစားတတ်မှာပါ ကိုကြီးရဲ့အဖြစ်မှန်ကို သိရပြီးတဲ့နောက် ကိုကြီးကို နားလည်ပေးပါနော်"

ရတနာ၏လေသံနှင့် စကားလုံးတွေကို ကြားရုံနှင့် ဦးမြင့်မိုရ်အပေါ် ချစ်ခင်လေးစားမှုအတိုင်းအတာကို ခန့်မှန်းနိုင်သည်။

"သူဟာ အနစ်နာခံတတ်တဲ့ လူကောင်းတစ်ယောက်ပါ"

"သူ့အနေနဲ့ မေ့ကိုတစ်ခါမှ ရှင်းမပြခဲ့ဖူးပါဘူး"

"သူက ဘယ်သူ့ကိုမှ ရှင်းပြမှာမဟုတ်ဘူး... မရှင်းလင်းတဲ့သူ့ဘဝနဲ့ မေ့ကို မပတ်သက်စေချင်ဘူးလေ...သားလေးအားငယ်မှာစိုးလို့ သားလေးရဲ့အဖေအဖြစ်ကလဲ ရှန်းထွက်မသွားချင်ဘူး။ သူ့ခမျာ အရမ်းသနားစရာ ကောင်းပါတယ်မေရယ်"

ရတနာဦးအပိုင်းက ရှင်းသွားပေမယ့် မီးဇာ



နောက် တကောက်ကောက်လိုက်နေသည့်ကိစ္စက ရှိသေးသည်။ သည်ကိစ္စကိုတော့ ရတနာဦးအနေနှင့် မည်သို့နားလည်ထားသည်မသိ။

"မီးဇာနဲ့လဲ တွဲနေတယ်သေးတယ်နော်.... အခုတော့မသိဘူးလေ"

ရင်ထဲမှပြဿနာကို ရင်ဖွင့်မေးမြန်းလိုက်သည်။

"မီးဇာက ကိုကြီးတို့အိမ်အနောက်မှာနေရတာ...သူ့အမေကြီးက မုဆိုးမ...ကိုကြီးတို့ကပဲ ကြည့်ရှုထောက်ပံ့ရတာ မီးဇာကရုပ်ကလေးကလဲချော၊ မော်ဒယ်လုပ်ဖို့လဲ ဝါသနာပါတယ်ဆိုတော့ ကိုကြီးကအဆက် အသွယ်ရှာပြီး မြေတောင်မြှောက်ပေးရတာ၊ ပြီးတော့ သူ့ကို လိုက်စောင့်ရှောက်ပေးသေးတယ်။ အခုနောက်ပိုင်းမှာတော့ မီးဇာအောင်မြင်သွားပြီဆို တော့ မီးဇာနောက်ကိုမလိုက်တော့ဘူး...အဲဒါယုံပါမေ"

သူ့အရှုံးအမှူးတိတ်တခိုးစွဲလန်းခဲ့သော သည်ယောက်ျား၏ ဘဝအမည်းစက်တို့ ကင်းစင်သွားခြင်းအတွက် မေ့စိတ်နှလုံးချမ်းမြေ့ရပါသည်။ သည်ဘဝမှာဆုံစည်းခွင့်မရသည့်တိုင် သူ့ကိုချစ်မိခြင်းအတွက် နောင်တရစရာမလိုတော့ပါ။

"ကိုကြီးအတွက် စဉ်းစားပေးပါမေ"

"သူ့ညီမင်းသားကကော"

မသိဟန်ဆောင်၍ မေမ စူးစမ်းလိုက်သည်။

"သူကတော့ ကလေးဆန်တယ်…တစ်ယောက်ယောက်ကို အားကိုးမှီတယ်နေရမှဖြစ်တာ"

မေနှင့်ရတနာဦး အမြင်ချင်းတူသည်ဟု ဆိုနိုင်သည်။

"ရတနာ့တာဝန်ကျေပါပြီနော်… ကျန်တဲ့အပိုင်းကတော့ သူ့ကံပေါ့နော်"

မေခေါင်းညိတ်လိုက်သည်။ မျက်ရည်စများ ကိုသုတ်ပစ်လိုက်ပြီး မေ့ကို နှုတ်ဆက်ထွက်ခွာသွား သည်။

တစ်လောကလုံးနှင့် မေတစ်ယောက်တည်းပဲ ရှိပါစေ၊ သူ့ဘက်က ရပ်တည်ရဲသည့် သတ္တိတွေရှိနေပါပြီ။

× × × × ×



"ဟောဒီမှာကြည့်ပါဦး မေရေ၊ မိဘမောင်နှမတွေ စကားနားမထောင်ချင်ဘူး၊ မင်းသားနဲ့တွဲလိုက်ရတာ၊ ကံသီပေလို့ အရှက်မကွဲတာပေါ့"

စားမေးပွဲဖြေရန်အတွက် ပြင်ဆင်ပြီး အောက်ယပ်သို့ဆင်းလာသည်နှင့် ဂျာနယ်တစ်စောင်ကို ထိုးပေးပြီး အန်တီစောပြောသည်။ ကမန်းကတန်းလှမ်းကြည့်လိုက်တော့ မင်းသား၏ပုံနှင့်တွဲလျက် အမျိုးသမီးတစ်ယောက်၏ပုံကို တွေ့ရသည်။ မင်းသား၏ပုံကပြယ်ရယ်ပြုံးပြုံး မြူးမြူးကြွကြွရှိသည်။

"မင်းသားဇင်ယော်၏ဘဝခရီးဖော် ဒေါက်တာနင်းဆီဖြူ"ဆိုသော စာလုံးမည်းများအောက်တွင် မင်းသားဇင်ယော်အနေနှင့် ဘဝလက်တွဲဖော်ဆရာဝန်မလေးကို တွေ့ပြီဖြစ်ကြောင်း၊ တောင်ကြီးတွင်ရုပ်ရှင်ရိုက်ရင်း နေမကောင်းဖြစ်ရာမှ ဆရာဝန်မလေးနှင့် ဆုံတွေ့ခဲ့ကြောင်း စေ့စပ်ကြောင်းလမ်းပွဲကို တောင်ကြီး၌ကျင်းပပြီးဖြစ်ကြောင်းနှင့် မကြာမီလက်ထပ်တော့မည့်အကြောင်းများ ပါဝင်သည်။

မခံချင်စိတ်နှင့် မေ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ လှည့်စားခံရခြင်းအတွက် နာကျည်းခံပြင်းမိသည်။ သူ့ကိုမျက်ခြေမပြတ်ကြည့်နေ

သည့် အန်တီစောရှေ့မှာ ထိုဂျာနယ်ကို စားပွဲပေါ်သ ပစ်တင်လိုက်ပြီး မည်သို့မှ မထိနိုက်ဟန်နှင့် ခပ်ကြေ ကြော့လေး ဣန္ဒြေမပျက် ဆက်လျှောက်လာခဲ့သည်

ပေါင်မုန့်၊ ကြက်ဥကြော်နှင့် ကော်ဖီကို မည်စိတ်ကူးထားသော်လည်း စားချင်စိတ်မရှိတေ သည့်အတွက် ထွက်လာခဲ့သည်။ စားပွဲခုံထိုင်လို သည်နှင့် ဆက်၍ဆူပူနေမည့် အန်တီစောကို ရှေ ချင်တာလည်းပါသည်။

"ပေါင်မုန့်နဲ့ကြက်ဥကြော် စားသွားဦးလေ ဒီမှာ ကော်ဖီဖျော်ထားပြီးပြီ"

အန်တီစောလိုက်ခေါ်ပြီး ပြောသော်လ ခေါင်းခါပြီး ကားမောင်းထွက်လာခဲ့သည်။ ဖြေ စာမေးပွဲအတွက် စာတွေအားလုံး ဘယ်ဆီရောက် မှန်းမသိ၊ တစ်ခါမျှ လှည့်စားမခံရဖူးပါပဲလျက် အ စားခံလိုက်ရသည့်အတွက် အရှက်ကြီးရှက်မိသည် သည်းနာကျည်းမှု ဝေဒနာကိုလည်း အပြင်းအထန် နေရသည်။

အန်တီစောနယ်...ခက်လိုက်တာ...စာ ဖြေပြီးမှ ပြောပါတော့လား...စာမေးပွဲဖြေခါနီးဆ စိတ်အနှောင့်အယှက်ဖြစ်မှာကို မစိုးရိမ်တော့ လား။



မင်းသား...မေ့ကို သက်သက်အရှက်ခွဲတာ... တော်သေးသည်။ ဂျာနယ်ထဲပါလာမည့်သတင်းကို အချိန်မီရုပ်သိမ်းနိုင်ခဲ့၍ တော်ပေသေးသည်။ ယခု လည်း မေ့မိသားစုအဝန်းအဝိုင်းကတော့ မေ့ကိုကဲ့ရဲ့ စကားဆိုကြတော့မည်။ မိဇံက မေ့ကို သနားကြင်နာစွာနှင့် အပြစ်တင်ခြင်း၊ နှစ်သိမ့်ခြင်းတို့ကို ပြုပေဦးတော့မည်။ သူရှက်ရမည့် အခြားသူတစ်ယောက်က ဦးမြင့်မိုရ်...ဦးမြင့်မိုရ်ကိုတော့ မေအရှက်ဆုံးပါပဲ။

မာနစိတ်နှင့် မုန်းတီးနာကျည်းစိတ်တို့ဖြင့် နှုတ်ခမ်းကိုဖိကိုက်လိုက်မိသည်။

ဒုက္ခပဲ...ဖြေရမည့်စာတွေ အားလုံးပျောက်ကုန် ပြီ...မေဘာလုပ်ရမလဲ...

"ဒုန်း"ဆိုသောအသံနှင့်အတူ မေ့ကိုယ်သည် ရှေ့သို့စိုက်ကျသွားသည်။ မေ့ခေါင်းနှင့် နှုတ်ခမ်းဆီမှ နာကျင်သွားသည်။ ကားကိုစက်ရပ်လိုက်ချိန်မှာတော့ နောက်ကားက မေ့ကို ဝင်တိုက်လိုက်မှန်း သိလိုက်ရသည်။

ကယောင်ကတမ်းနှင့် ကားထဲမှထွက်လိုက်သည်။ မေ့ကိုအရှိန်နှင့်ဝင်တိုက်သည့် နောက်မှ တက္ကစီတစ်စီးကိုတွေ့ရသည်။ မေ့ကားနောက်ပိုင်းတစ်ခုလုံး ပိန်ရှုံ့ချိုင့်ဝင်သွားသည်။ နောက်ကား၏ ခေါင်းပိုင်း

လည်းပျက်စီးနေပြီ။

ကားနှစ်စင်းတိုက်မိပြီဆိုဟော့ လူတွေဝိုင်းလာသည်။ မေ ဘာလုပ်ရမှန်းမသိ

"ရှင်ဝင်တိုက်ပဟာ ကျွန်မကားရဲ့ အခြေအနေလဲ ကြည့်ပါဦး"

"ကျွန်တော်...ကျွန်တော် အိမ်က ကျွန်တော့်မိန်းမရောဂါအကြောင်းတွေးလာရင်း ဝင်တိုက်လိုက်မိတာ"

ဒရိုင်ဘာက အထစ်ထစ်အငေါ့ငေါ့နှင့် ပြောသည်။

"ကျွန်တော့်မိန်းမ ကင်ဆာရောဂါဖြစ်နေတာ မနေ့ကမှ သိရတာ"

သူ့ကိုကြည့်ပြီး မေရင်ထဲ ကရုဏာဒိုင်သွားသည်။ ဘာဆက်ပြောရမှန်းမသိတော့။ နှုတ်ခမ်းက စပ်ဖျဉ်းဖျဉ်းရှိသည်နှင့် စမ်းကြည့်တော့ သွေးတွေပါလာသည်။ မေ အလွန်အမင်း ထိတ်လန့်သွားရသည်။

"ကျွန်မကားပျက်သွားတာ ရစရာမရှိတော့ဘူး၊ ရှင်ဘာလုပ်ပေးမှာလဲ"

"ကျွန်တော့်မှာငွေမရှိပါဘူး၊ ကျွန်တော်ဘာမှ လုပ်မပေးနိုင်ဘူး၊ ကျွန်တော်မောင်းတဲ့ကားပိုင်ရှင်နဲ့ ဆက်သွယ်မှဖြစ်မယ်"



သူ့ကိုဒေါသဖြစ်လွန်း၍ တဆတ်ဆတ်တုန်ခါနေသည်။

"ရှင်...ရှင်...ရှင့်ကိုကျွန်မ ဘာလုပ်ရမလဲ"

"ညီမကြိုက်တဲ့အတိုင်းပဲလုပ်ပါ...ကျွန်တော် ဘာမှမတတ်နိုင်တာအမှန်ပဲ"

ထိုအခိုက် ဝိုင်းကြည့်သည့်လူတွေများလာပြီး ရဲတွေရောက်လာသည်။ ဖြစ်ပျက်ပုံကို မေကရဲတွေကို ရှင်းပြလိုက်သည်။

"ဟာ...မေ...မေပါလား"

အသံနှင့်အတူ မေ့ရှေ့သို့သူရောက်လာသည်။ ထိုင်ဒိုမိမတတ်ဖြစ်နေစဉ်မှာ ဖိုးလနတ်သားနှင့်တွေ့လိုက်ရသည့်အတွက် ထခုန်မတတ် ဝမ်းသာသွားမိသည်။

"မေကားတိုက်ခံရလို့"

"မြင်တယ်လေ၊ မေနှုတ်ခမ်းနဲ့နဖူးမှာ သွေးတွေနဲ့...ဆေးခန်းသွားမှဖြစ်မယ်"

သူပြောမှ နဖူးနာနေမှန်း သတိမူမိသည်။

"ဟင့်အင်း...မဖြစ်ဘူး...မေ့ကားကို ဒီအတိုင်းထားခဲ့လို့ ဘယ်ဖြစ်မလဲ"

"ဒါတွေ တို့သိတယ်...မေ့ကို ဆေးခန်းအရင်ခေါ်သွားပြီး ချုပ်ရမယ်၊ ပြီးမှ ဒီကိစ္စကို စကားပြောရ

မယ်”

ဒရိုင်ဘာထံမှ ကားပိုင်ရှင်၏လိပ်စာနှင့် ဖုန်းနံပါတ်ကိုတောင်းယူနေသည်။

“မေ စာမေးပွဲဖြေရဦးမယ်”

နာရီကိုကြည့်လိုက်တော့ မိနစ်လေးဆယ်ပဲကျန်တော့သည်။ စာမေးပွဲကို သတိရတော့ မေပျာလောင်ခတ်သွားသည်။

“မေ ဖြေမှဖြစ်မယ်”

မေ၏စိတ်အားထက်သန်မှုကို မလွန်ဆန်နိုင် ၍ သူခေါင်းညိတ်သည်။

“ဖြေရမယ်...ကျွန်တော့်ကားပေါ်တက်၊ ဆေးခန်းအရင်သွားမယ်....အချိန်မီအောင်ပို့ပေးမယ်”

“မမီဘူးထင်တယ်....ဆေးခန်းနောက်မှသွားမယ်”

“မဖြစ်ဘူးမေ...စာမေးပွဲခန်းထဲကို အမီပို့ပေးပါ့မယ်”

သူအတန်တန်အာမခံနေသည့်အတွက် မေ့ကားကို စိတ်မသက်မသာနှင့် တစ်ချက်ကြည့်ပြီး သူ့ကားပေါ်တက်လိုက်ရသည်။ သူက လက်ကိုင်ပဝါနှင့် မေ့နဖူးနှင့်နှုတ်ခမ်းပေါ်မှ သွေးတွေကို တို့သုတ်ပေးသည်။



“အား...နာတယ်”

မျက်စိကိုစုံမှိတ်၍ ညည်းလိုက်တော့ မေ့လက်ကလေးကိုတင်းတင်းဆုပ်၍ နှစ်သိမ့်သည်။

“အချိန်မမီတော့ဘူးထင်တယ်...စာမေးပွဲကအရေးကြီးတယ်”

“စိတ်ချပါမေ...အနီးဆုံးဆေးခန်းကိုရှာပါ့မယ်”

“ခေါင်းတွေ မူးရိပ်မူးရိပ်နဲ့”

ဆေးခန်းရောက်တော့ မေ့လက်မောင်းကိုဖေးမကိုင်တွဲပြီးခေါ်လာသည်။ ဆရာဝန်က သွက်လက်စွာနှင့် မေ့နဖူးကိုချုပ်သည်။ နာကျင်မှုကြောင့် မေတွန့်ရှုံ့သွားတိုင်း မေ့လက်ကလေးကို ဆုပ်ညှစ်ထားသည်။

“နှုတ်ခမ်းကတော့ မကွဲပါဘူး၊ ချုပ်စရာမလိုပါဘူး”

“တော်သေးတာပေါ့၊ ချုပ်ရရင် အရုပ်ဆိုးသွားမှာ”

ဟုပြောကာ မေစိတ်သက်သာသွားသည်။ နဖူးနှင့်နှုတ်ခမ်းတွေမှာ ဒဏ်ရာတွေနှင့် မေ့အသွင်ကိုကြည့်ပြီး သူစိတ်မသက်မသာဖြစ်နေသည်။

မေကတော့ နာရီတကြည့်ကြည့်နှင့် ကြောင့်

ကြနေသည်။ စာမေးပွဲဖြေရန် ဆယ်မိနစ်အလိုမှာ ဒဏ်ရာတွေချုပ်ပြီးသွားသည်။

"မေရယ်၊ စာမေးပွဲဖြေလို့ဖြစ်ပါ့မလား... ကိုယ်အိမ်ကို ပြန်ပို့ပေးမယ်လေ"

"မဖြစ်ဘူး...ဒီလိုအသေးအဖွဲ့ ကိစ္စအတွက်နဲ့ မေ့ရဲ့စာမေးပွဲကို အပျက်မခံနိုင်ဘူး"

မေ့ကိုကြင်နာစွာ ငေးကြည့်နေသည်။

"မေဟာ သံမဏိတုံးမလေးပဲ"

အနာနာသည့်ကြားမှ မာနနှင့်အရောင်တင်လိုက်သည်။ မျက်လုံးလေးကိုဝင့်၍ ခေါင်းကလေးကို မော့ထားလိုက်သည်။

သူကားမောင်းသည်မှာ မြန်လွန်းသည့်အတွက် မေအသည်းတထိတ်ထိတ်ဖြစ်ရသည်။

"မေကြောက်နေသလား၊ မကြောက်ပါနဲ့မေရယ်....မေ့အနားမှာ ကျွန်တော်ရှိပါတယ်"

မေ့ကိုပြည့်မကြည့်ပဲ ပြောသည်။ မေ့ပခုံးကို တစ်ချက်လောက်မှိတ်ထားလိုက်ပြီ....

"မေ မကြောက်ပါဘူး...မေ့အနားမှာရှင်ရှိနေတာပဲ"

မေ ခေါင်းကိုတစ်ချက်လေး ငြိမ့်ပြလိုက်သည်။

"နေဦးမေ...ကျွန်တော် စာမေးပွဲခန်းအထိ



လိုက်ပို့မယ်"

မေ့လက်ကိုတွဲပြီး စာမေးပွဲခန်းအထိလိုက်လာသည်။

"မေ့ရဲ့ကားဆီ ကျွန်တော်ပြန်သွားမယ်"

သူ့စကားကို မယုံကြည်နိုင်သည့်အတွက် အားငယ်စွာပြန်ကြည့်မိသည်။ သည်တစ်ကြိမ်မှာလည်း ယခင်အကြိမ်များကကဲ့သို့ပင် သူပျောက်သွားဦးမည်လား။ သည်တစ်ခါတော့ မာနမထားနိုင်လောက်အောင် မေအားငယ်နေမိသည်။ မေ့မျက်နှာငွမ်းလျလျကိုကြည့်ပြီး မေ့ခံစားချက်ကို နားလည်သွားဟန်ရှိသည်။

"ကျွန်တော်ပြန်လာခဲ့မယ်မေ....မေ့ကို လာစောင့်မှာပါ"

မေ့ကိုနှင်သိမ့်ပြီး မေအခန်းထဲဝင်သွားသည့်အထိ စောင့်ကြည့်နေသည်။

စာမေးပွဲမေးခွန်းကို မြင်လိုက်သည်နှင့် စာမေးပွဲခန်းပြင်ပတွင် ဖြစ်ပျက်ခဲ့သော ကိစ္စများအားလုံး မေ့ပျောက်သွားသည်။ သို့ပေမယ့် ခေါင်းထဲက မူးနောက်နောက်ရှိလာသည်။ သို့ပေမယ့် စိတ်ကိုတင်းထားလိုက်ပြီး ရှူဆေးဗူးလေးကို ထုတ်ရှူလိုက်ရသည်။

စိတ်ကိုတည်ငြိမ်အောင်ထားပြီး မေးခွန်းကို အာရုံစိုက်ဖတ်လိုက်သည်။ မေ့ ပင်ကိုယ်အရည်အသွေး

အတိုင်း စာမေးပွဲကို အဆင်ပြေအောင်ဖြေနိုင်ခဲ့သည်။

စာမေးပွဲခန်းစောင့်သည့် ဆရာ၊ဆရာမတွေက ဒဏ်ရာဒဏ်ချက်တွေနှင့် မေ့ကို မကြာခဏအကဲခတ်နေကြသည်။ မေကတော့ အချိန်မီပြီးအောင် ကြိုးစားဖြေနေရ၍ ဒဏ်ရာတွေကိုပင် မေ့လျော့နေမိသည်။

သုံးနာရီတိတိကုန်ဆုံးသွားသည်နှင့် မေလည်း အားလုံးဖြေဆို၍ ပြီးသွားသည်။ အဖြေလွှာစာရွက်ကို ဆရာမလက်ထဲသို့အပ်ပြီး အခန်းပြင်ထွက်လာသည်နှင့် ဦးခေါင်းနှင့်နှုတ်ခမ်းဒဏ်ရာတွေက တဆစ်ဆစ်နာကျင်ကိုက်ခဲနေသည်။ ရင်ဘတ်ထဲက ခပ်အောင့်အောင့်ဖြစ်နေသည်။ အစာမရှိ၍ ရင်တွေတလှပ်လှပ်တုန်နေသည်။

ဘာတွေပဲဖြစ်နေပါစေ၊ မေဘာကိုမျှဂရုမစိုက်အလေးမထားနိုင်ပါ။ စာမေးပွဲခန်းအပြင်ဘက်သို့ရောက်အောင် အတင်းတိုးထွက်လာခဲ့သည်။ သူ့ကားစောင့်နေမည့်နေရာကို အပြေးလိုက်ရှာနေမိသည်။

"မေ...မေ...ဒဏ်ရာတွေနဲ့ပါလား၊ ဘာဖြစ်တာလဲဟင်"

သူငယ်ချင်းတွေနောက်မှ လိုက်မေးပေမယ့် သေသေချာချာမပြောနိုင်။

"ကားအက်ဆီးဒင့်ဖြစ်လို့"



ဟုခပ်မြန်မြန်ပြောပြီး သူ့ကားကိုလိုက်ရှာနေမိသည်။

သူ့ကားကိုရှာမတွေ့တော့မှ မေ့ကိုယ်ရောစိတ်ပါ မခံမရပ်နိုင်အောင် နာကျင်လာသည်။ ကိုယ်တွေလက်တွေနာကျင်လာသည်။ ခေါင်းကဒဏ်ရာက နာလာသည့်အပြင် ခေါင်းကိုက်လာသည်။

စိတ်ပျက်နွမ်းလျစွာနှင့် သစ်ပုတ်ပင်အောက်မှာရပ်နေမိသည်။ တကယ်ပါပဲ...သူဟာ ကလေးအငိုတိတ်အောင် အရိပ်အယောင်ပြတဲ့ ဖိုးလနတ်သားပါပဲ။

မေ့ကို အငိုတိတ်စေပြီးတော့ ပျောက်သွားပြန်ပြီပေါ့ အဖြစ်အပျက်တွေအားလုံးအတွက် ငိုပစ်လိုက်ချင်သည်။

မင်းသား၏လှည့်စားခြင်းအတွက် ခါးသည်းနာကျည်းသလိုလိုရှိသည်။ ကားတိုက်ခံရသည့်အတွက် စိတ်ညစ်သည်။ သို့ပေမယ့် မမျှော်လင့်ပဲ သူရောက်လာ၍ အရာရာမေ့လျော့ထားကာ စာမေးပွဲကို ဖြေနိုင်ခဲ့သည်။

မေ့အနားမှာသူမရှိတော့။ ယခင်အတိုင်းမေ့ကိုထားခဲ့ပြီး ပျောက်ကွယ်သွားပြန်ပြီဆိုတော့ စိတ်ကိုတင်းမထားနိုင်တော့ မျက်ဝန်းအစုံမှာ မျက်ရည်တွေပြည့်လာသည်။

သည်အခိုက်သူ့ရှေ့နားမှာ ထိုးဆိုက်လာသည့် ဦးမြင်းမိုရ်ကားကို တွေ့လိုက်ရ ည်။ ဝမ်းသာရလွန်း၍ မျက်ရည်တို့ပါးပြင်ပေါ်သို့ ဒလဟောခုန်ဆင်းလာသည်။ သို့ပေမယ့် မေငိုနေမိသည်ကို သတိမထားနိုင်။

သူ့ကိုလိုက်ရှာနေသည့် သူ့ဆီသို့ပြေးသွားမိသည်။ သူကမေ့လက်ကလေးကိုလှမ်းပြီး ဆုပ်ကိုင်ထားလိုက်သည်။

"မေ ဖြေနိုင်ရဲ့လား၊ နေလို့ရရဲ့လားဟင်"

မေ ခေါင်းညိတ်ပြလိုက်သည်။

"အို...မေငိုနေတာလား၊ ဘာဖြစ်လို့လဲမေရယ်၊ အနာကနာလို့လားဟင်"

"ဟင့်အင်း...မေ မငိုပါဘူး"

"မေရှက်နေပြန်ပြီ...ပါးပြင်မှာမျက်ရည်တွေ ရွဲလို့"

သည်တော့မှ ငိုမိနေသည့်အဖြစ်ကို သတိရလိုက်သည်။ သူက မေ့မျက်ရည်ကို သုတ်ပေးလိုက်သည်။

"တစ်ခုခုစားမလားဟင်"

"ဟင့်အင်း...မေဘာမှမစားချင်ဘူး"

ပြောပြောဆိုဆို ကားထဲဝင်ထိုင်လိုက်သည်။

"မေ ဘာဖြစ်လို့လဲဟင် ပြောပါဦး ဇင်ယော်



ကြောင့်မဟုတ်လားမေ၊ အဲဒီကိစ္စကို ကျွန်တော်လဲ ဘာမှမသိလိုက်ရဘူး မေ့ကိုသိပ်အားနာတယ်"

သူ့ကိုမေ စူးစူးနစ်နစ်ကြည့်လိုက်သည်။

"ဇင်ယော့်အတွက် မေခံစားရမှာပဲ....ဒါအမှန်ပဲ...ဒီကြားထဲမှာ ကားတိုက်မှုက ဖြစ်ရသေးတယ်"

သူ့အကြင်နာမျက်ဝန်းများအောက်မှာ မေရင်တွေခုန်နေသည်။

"မေ မချစ်တဲ့ယောကျ်ားတစ်ယောက်အတွက် မျက်ရည်ကျလေ့မရှိပါဘူး"

စိတ်ကိုထိန်းပြီး တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်သည်။

"ဒါဖြင့် မေချစ်တဲ့ယောကျ်ားအတွက် မျက်ရည်ကျတာပေါ့နော်"

"ဟုတ်တယ်...ရှင့်ကို ကျွန်မရှာမတွေ့လို့"

မေ့လက်ကလေးကို ဆုပ်ညှစ်ပြီး ကြည်နူးစွာ ပြုံးလိုက်သည်။

"ကျွန်တော်ထင်သားပဲ... ကျွန်တော့်ကိုမတွေ့ရင် မေငိုနေမှာကိုပေါ့...ကားပိုင်ရှင်နဲ့တွေ့ပြီး လျော်ကြေးကိစ္စဆွေးနွေး၊ ကားကို ဘော်ဒီရုံကိုပို့နဲ့ အချိန်မနည်းလုလုပ်ရတယ်၊ မေငိုနေမှာစိုးလို့ မိုင်ကုန်မောင်းလာခဲ့တာ"

သူ့စကားတွေက မေ့ရင်ထဲသို့ နွေးထွေးငြိမ့်ညောင်းစွာ စီးဝင်သွားသည်။ နွမ်းလျခွေနုံးနေရာမှ အင်အားသစ်တို့ဖြစ်ထွန်းလာသည်။ ကြည်နူးခြင်း နှင့်အတူ ရှက်ရွံ့စွာပြုံးနေမိသည်။

"ရှင်မရှိရင် မေငိုနေလိမ့်မယ်လို့ အရင်က မတွေးခဲ့ဖူးဘူးလား"

"ဒီလောက်ထိတော့ မတွေးရဲပါဘူး...ဒါပေမယ့် မေ့ကို ဘယ်လိုအကြောင်းနဲ့မှ မငိုစေချင်ဘူး"

"မေငိုခဲ့ပါတယ်...မေ လေလွင့်ခဲ့ပါတယ်၊ လေလွင့်ရင်းနဲ့တစ်စုံတစ်ယောက်နဲ့ ငြိလုမတတ်ဖြစ်ခဲ့ပါတယ်"

"မေရယ်"

နူးညံ့ကြင်နာစွာဖြင့် ဆိုညည်းသည်။

"ရတနာဦးနဲ့ မေတွေ့ပြီးပါပြီ"

"ကျွန်တော့်ဘဝဟာ ရှင်းသွားပါပြီမေ၊ သားဆုံးသွားပြီလေ"

ရတနာဦးလိုပင် သူ့အသံတိမ်ဝင်သွားသည်။ ကြေကွဲရိပ်လွှမ်းသော မျက်ဝန်းများဖြင့် အဝေးကိုငေးမျှော်ကြည့်နေသည်။

"ဒီနေ့အဖို့ ရှင်သာမရှိရင် မေ ရပ်တည်နိုင်မှာမဟုတ်ဘူး"



"နောက်နေ့ရော မေ"

သူပြုံး၍မေးသည်။

"ရှင်ရှိမှဖြစ်မှာ"

ကြည်နူးရိပ်အပြုံးချင်းဖလှယ်ကြ ဒိဝေဒ်လည်းရှက်စိတ်ဖြင့် မေ့အသံတိုးတိတ်နေသည်။

"ဇင်ယော့်သတင်းသိသိချင်း လိုက်လာတာ...မေ့ကိုနှစ်သိမ့်ချင်လို့ပါ....ဇင်ယော့်အတွက် မေငိုနေမှာစိုးလို့ ဖုန်းဆက်တော့ မေ ကျောင်းသွားပြီလို့ အိမ်ကပြောလို့ ကျောင်းဘက်လိုက်လာခဲ့တာ"

မိမိဘဝတွင် အရိပ်လိုလိုက်ပါနေသည့် ချစ်သူရှိနေပြီမို့ မေ အနိုင်းမဲ့ပျော်ရွှင်နေမိသည်။

"နှစ်သိမ့်စရာမလိုတော့ပါဘူး...လှည့်စားခံရတဲ့အတွက် နာကျည်းခံပြင်းခဲ့မိတယ်...အဲဒီခံပြင်းမှုကလည်း ကားတိုက်ခံရတာနဲ့ ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

ယခုအချိန်မှာတော့ မေသည် မိမိ၏စိတ်ခံစားချက်ကို ကောင်းစွာနားလည်ခဲ့ပါပြီ။ လိမ်ညာ၍ ခံစားနေစရာမလိုတော့ပါ။

"ဇင်ယော့်ကိုခွင့်လွှတ်ပါ မေ၊ ကျွန်တော်သိရသလောက်တော့ ဇင်ယော်က စိတ်အားငယ်တတ်တယ် မှိုတွယ်အားကိုးချင်တယ်၊ ငယ်ငယ်ထဲက မိဘမရှိတော့

မိုတွယ်ရမယ့်သူကို ရှာတယ်၊ တောင်ကြီးမှာကားရိုက်ရင်း နေမကောင်းလို့ အကြာကြီးအနားယူရတဲ့အချိန်မှာ သူ့ကိုဂရုတစိုက်ဆေးကုပေးတဲ့ ဆရာဝန်မလေးနဲ့တွေ့ပြီး မိုတွယ်ချင်တဲ့စိတ်ဖြစ်သွားတာပဲ"

သူရှင်းပြသမျှကို မေ့အနေနှင့် တည်ငြိမ်အေးဆေးစွာ နားထောင်နိုင်သည့်စွမ်းအားတွေ ရှိနေပါသည်။

"မေ့ကိုလည်း သူကကိုးကွယ်ချင်ခဲ့တာပဲ၊ မိုတွယ်ချင်တဲ့သဘောပေါ့လေ"

"မေ့မှာ သူများမိုတွယ်လောက်တဲ့ စွမ်းအားမှမရှိတာ၊ မေနဲ့မင်းသားဟာ ဘယ်လိုမှအဆင်မပြေနိုင်ပါဘူး၊ မေကသာမိုတွယ်ချင်တာ"

"မိုတွယ်ချင်တာဟာ မိန်းမသားသဘာဝပါပဲ"

"မေ့ကို မိုတွယ်ခွင့်ပေးမှာလားဟင်"

ရှက်ရိပ်ခပ်ပြေးပြေး မျက်ဝန်းများဖြင့် မော့ကြည့်ရင်း တိုးတိုးလေးမေးလိုက်သည်။

"မေ့ကို ကျွန်တော်တောင်းရမ်းဖို့လာခဲ့တာပဲ... မေဆုံးဖြတ်ပြီးရင် လာတောင်းမယ်လို့ ပြောထားဖူးတယ်နော်"

မေ နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူ့ညီဇင်ပေ အတွက် လာတောင်းမည်ဟု ပြောခဲ့ခြင်းပဲ။

"မင်းသားအတွက်လား၊ ဖြစ်မှမဖြစ်နိုင်တော့တာ...သူကလက်တွဲဖော်ရသွားပြီပဲ"

"မဟုတ်ပါဘူး ကျွန်တော့်အတွက်ပါ"

သူ၏အချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများအောက်တွင် မေမှာ ရှိုးတိုးရှန့်တန့်၊ ရှက်ကိုးရှက်ကန်းနှင့်။

"မိုတွယ်တတ်လွန်းတဲ့ မေ့ကို စိတ်မပျက်သေးဘူးဆိုရင်တော့ လာတောင်းလှည့်ပါ"

ရင်ခုန်လှိုက်မောစွာနှင့် ကယောင်ကတမ်းပြန်ပြောလိုက်သည်။

"စိတ်မပျက်ပါဘူး.... မိုတွယ်ခွင့်ပေးတတ်တာက ကျွန်တော့်စရိုက်ပါ"

တရိပ်ရိပ်ပြေးနေသောကားပေါ်တွင် ကားဆိုဖာကို ခပ်လျောလျောလေးမှီထိုင်ပြီး မျက်လုံးလေးကိုမှိတ်ကာ သူ့နံဘေးမှာ လိုက်ပါလာရခိုက်မှာ မေ့အဖို့နာကျင်မှုအားလုံး ပျက်ပြယ်သွားပြီဖြစ်သည်။ မေ့ခံစားမှုတို့သည် လေလွင့်ပျက်စီးခြင်းမရှိတော့။

သူနှင့်သာဆိုလျှင် အရာရာကိုရင်ဆိုင်ရဲသည့်သတ္တိအင်အားတွေ ရှိနေပါသည်။ သို့ပေမယ့် မေ တစ်ခုပဲကြောက်မိသည်မို့ မျက်လုံးကိုဖွင့်၍ သူ့ကိုလှမ်း

ပြောလိုက်ရသည်။

"မေ့ကိုတွေ့ချင်ပါသေးတယ်လို့ မပြောရဘူး နော်"

သူကမေ့ကို ညှို့သက်နွေးထွေးသောအပြုံးနှင့် အငိုတိတ်အောင် နှစ်သိမ့်လိုက်ပါသည်။ ။

မိုမို (အေးတက္ကသိုလ်)